
# ဖိနပ်ဟောင်းရဖို့
# သေနတ်ပြောင်းဝသို့
# ပြန်မရောက်စေချင်
# နှင့် . . . စာစုများ



ပထမအကြိမ်
၂၀၁၆ ခု၊ စက်တင်ဘာ

◆

အုပ်ရေ
၃၀၀၀

◆

တန်ဖိုး
၂၅၀၀ ကျပ်

◆

မျက်နှာဖုံးဒီဇိုင်း
ချစ်ကြည်

◆

အတွင်းဒီဇိုင်း
ဒွန်နှင်း

◆

အတွင်းဖလင်
EAGLE

◆

ထုတ်ဝေသူ
ဒေါ်ခင်မျိုးမြတ် (၀၀၆၅၀)၊ နန်းဒေဝီစာပေ
အမှတ်-၂၀၀၊ ၃၆ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးမျိုးညွန့် (၀၀၄၃၀) စာပေလောကပုံနှိပ်တိုက်
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မင်းကိုနိုင်　　　　　　　　　　　　　　　　　　၀၀၀.၈၄
ဖိနပ်အဟောင်းကို ရဖို့အတွက် သေနတ်ပြောင်းဝရှေ့နှင့် စာစုများ
နန်းဒေဝီစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
၁၉၂ စာ၊ ၁၃.၁ × ၂၀.၄ စင်တီမီတာ။

# ဖိနပ်ဟောင်းရဖို့
# သေနတ်ပြောင်းဝသို့
# ပြန်မရောက်စေချင်



# မာတိကာ


၁။ ယုံကြည်မှုအကြောင်း ........ ၁၁
၂။ ကလေးတွေအတွက် အတွေး ........ ၁၅
၃။ အမှီအခိုကင်းသော ကလေးများ ........ ၂၀
၄။ တီးတိန်လမ်း ........ ၂၇
၅။ လူ့ဘဝသက်တမ်းတိုးမှာ အထက်ပန်းညီရွှာရဲ့ စိတ်မျိုးနဲ့ ........ ၃၁
၆။ ဉာဏ်ပညာ ကမ်းဆီပို့မည့် ဖောင်တော်ဦး ........ ၃၉
၇။ ရိုးမပေါ်ရောက် ဦးထုပ်ခမောက် ........ ၄၉
၈။ ရိုးပေါ်ရွှင်း ........ ၅၃
၉။ ဖိနပ်အဟောင်းကိုရဖို့အတွက် သေနတ်ပြောင်းဝရှေ့
သူတို့ကိုနောက်တစ်ခါ ပြန်မရောက်စေချင်တော့ပါဘူး ........ ၅၉
၁၀။ မြောင်းထဲနှင့် စင်မြင့်၊ နေရာနှင့် ကျင့်စဉ် ........ ၆၃
၁၁။ လူငယ်တွေ စွမ်းနိုင်တယ် ........ ၆၉
၁၂။ တန်ဖိုးများ ........ ၇၃
၁၃။ စာအုပ်နဲ့ စမတ်ဖုန်း ........ ၇၉
၁၄။ လုလင် လုံမ ဘာ ရွေးကြမယ် ........ ၈၃
၁၅။ ရေ ကော်မတီ၊ မီး ကော်မတီ ........ ၈၇
၁၆။ ကောင်းကင်သစ်ကို တောင်းဆိုခြင်း ........ ၉၃
၁၇။ ပန်းကလေးတွေရဲ့ ပို့ချချက် ........ ၉၉
၁၈။ ဇီဝဗိုး ငှက်ကလေးများရဲ့ အားနာခြင်း ........ ၁၀၃
၁၉။ တောင်ထိပ်က တေးသံ ........ ၁၀၉
၂၀။ ဆီးသီးသည်၊ ချင်ပန်ဇီနှင့် လကမ္ဘာခရီး ........ ၁၁၅
၂၁။ သမီးလည်း ကူညီပါရစေ ........ ၁၂၁
၂၂။ ဝါးတားဂိတ်များကို ဖြတ်ကျော်ခြင်း ........ ၁၂၅
၂၃။ သိုင်းသမားနှင့် အတွင်းအား ........ ၁၃၁
၂၄။ အရိုးနှင့်ငါ။ အမှားနှင့်လူ ........ ၁၃၇
၂၅။ အောင်စာရင်းထွက်ပြီး နောက်တစ်နေ့ ........ ၁၄၁
၂၆။ မိသားစုသီချင်း ........ ၁၄၅
၂၇။ သမိုင်းကို ငြင်းဆန်ကြသူများ ........ ၁၅၁
၂၈။ ပြိုင်ဘက်အစစ်က ........ ၁၅၇
၂၉။ ကြေးမုံခင် ပျောက်ဆုံးခြင်း ........ ၁၆၃
၃၀။ ငယ်ချစ်ဆွေနှင့် နွေညများ ........ ၁၆၇
၃၁။ တယောကြိုးညှိခြင်း ........ ၁၇၁
၃၂။ တို့ဘိုးဘွားတွေရဲ့ ပုံတူ ........ ၁၇၇
၃၃။ အလံတစ်လက် ထူလွှင့်ခြင်း ........ ၁၈၃
၃၄။ ပုဂံလက်ရုံးများ။ ပုဂံနှလုံးသား ........ ၁၈၉

# အမှတ်တရ စာတစ်ပုံ

ခရီးတစ်ခုကို အတူသွားခဲ့သူချင်းအတူတူ တချို့က တွေ့မြင်ခဲ့သမျှ နားထောင်မဝအောင် ပြန်ပြောနိုင်သည်။ ဟုတ်လား - ဩ - တကယ်၊ စသဖြင့် အာမေဋိတ်တွေရအောင် စွမ်း၏။ ငါလည်း အတူသွားခဲ့တာပဲ သူ့ကို သတိမထားမိဘူး။ မှတ်မိတောင် ပြန်မပြောတတ်ပါဘူးဟု အားကျလောက်အောင် ပြောတတ်သူများ ရှိသည်။

ရုပ်ရှင်တစ်ကား အတူကြည့်သူများလည်း ထိုနည်းတူ။ ထိုထက်ပိုသည်မှာ ရုပ်ရှင်၏ အားနည်းချက်များကိုလည်း ထောက်ပြ အားသာချက်များကိုလည်း ရွေးထုတ်ပြတတ် သူများ။ ထိုထက် ထပ်ပိုသူတွေကတော့ ငါသာဆို ဘယ်နေရာ ဘယ်ဇာတ်ဝင်ခန်းကို ဘယ်လို သရုပ်ဖော်လိုက်မှာ၊ ဂီတနောက်ခံကို ဘယ်လိုသုံးပြီး ကင်မရာကို ဘယ်က စယူမှာ စသဖြင့် စိတ်ကူး ဒါရိုက်တာ ဝင်လုပ်နိုင်သူများပင်။

စာရေးခြင်းတွင်လည်း ထိုနည်းနှင်နှင်ဟု ကျွန်တော် ထင်ပါ၏။ ခရီးတွေ သွားကြ သည်။ စာတွေဖတ်ကြသည်။ ပြီးတော့ ပြန်ပြောပြဖို့ ကြိုးစားရင်း စာရေးခြင်း ဟူသော နည်းကို သုံးကြရာ ကိုယ်ပိုင်ဟန်တွေ၊ အတုယူထားသည့်နည်းတွေပါ ထည့်သုံးကြပါတော့သည်။ ဖတ်ထားသမျှ စာအုပ်တွေသာမက၊ လူပုဂ္ဂိုလ်တွေ၊ လူ့အဖွဲ့အစည်းတွေ ခေတ်တွေကိုပါ ဖတ်ရှုမိပြီး ပြန်ရေးကြခြင်းလည်း အကျုံးဝင်ပါသည်။

ဒီနေရာမှာ စုပ်ယူနိုင်စွမ်းနှင့် ပြန်မျှဝေနိုင်စွမ်း နှစ်မျိုး တွေ့ရပါသည်။ အချို့ သူများမှာ စာရေးလေ့မရှိ ပြန်မျှဝေမှုအလေ့ နည်းလှသော်လည်း သူထံသွားမေးလျှင် အတူဖြတ်သန်း ခဲ့သူချင်းအတူ အများစု မေ့နေသည့် အချက်ကလေးများ။ သူက မှတ်မိနေတတ်ပါ၏။ စာတစ်ပုဒ်အတွက် အလွန်လှသည့်အတွက်၊ ဖမ်းစားနိုင်သည့် အချက်များပင် ဖြစ်နေတတ်ပါသည်။

ကျွန်တော်သည် ခရီးသွားဆောင်းပါး ရသအက်ဆေးနှင့် အတွေးအမြင်စာများကို ခုံမင်ပါ၏။ သို့နှင့် အခွင့်ရသ၍ ဖတ်မိတိုင်း အားကျလေ့ရှိပါသည်။ ငါကြုံခဲ့တာတဲ့ဟို အကြောင်းလေး ပြန်ပြောပြချင်လိုက်တာ ဒါလေးတော့ ဖောက်သည်ချလိုက်ချင်သား စသဖြင့် မရိုးမရွ ခံစားရလေ့ရှိပါ၏။ သို့သော် ပျင်းရိခြင်း အားကောင်းသူတို့ ဓလေ့အတိုင်း မအားလပ်ဟု ဆိုင်းဘုတ်တင်ပြီး သက်သာသလို နေခဲ့သည်များ၍ ဘာမျှ အဖတ်မတင် ခဲ့ပါ။

စိတ်ထဲ ကြံစည်နေရုံဖြင့် ဘာအကောင်အထည်မှ မဖြစ်လာမှန်း လက်ခံ ဝန်ခံရသော အချိန်တွင်၊ ဝစီကံ မနောကံများဖြင့် အားထုတ်ကြည့်ပါတော့သည်။ စိတ်ထဲ လွယ်သည် ထင်သမျှ လက်တွေ့ ဖန်တီးသည့်အခါ ခက်လှကြောင်း ထပ်ဆင့် ဝန်ခံရပါတော့သည်။

(ဂျာနယ်စာစောင်ထဲ ထည့်နိုင်သည့် အရွယ်အစား) စာတစ်ပုဒ်ရဖို့ ကျွန်တော် အတွက် သက်သာမှု မရှိပါ။ ရေးလိုက် ဖျက်လိုက် ခေါင်းယမ်းလိုက်၊ ကိုယ့်ဟာကိုယ်တောင် မကြိုက်မှ ဘယ်သူဖတ်ချင် မှာလဲဟု တစ်ကိုယ်တည်း မာန်မဲရပေါင်းလည်း မနည်းပါ။ အပျက်ပုံ စာရွက်တွေ ချာလည်ပိုင်းပြီးမှ စာမူတစ်စောင် ခပ်ကုပ်ကုပ် ထွက်လာရသည်မျိုး များပါသည်။

ဆိုလိုချင်သည်က ယခု စုပေါင်းချုပ်ထားသည့် စာအုပ်မှ စာမူများမှာ စာဖတ်သူ မှတ်ချက်တွင် သင့်သည်လျော်သည် ခဏထားဦး။ ဖန်တီးသူဘက်က အချိန်တိုအတွင်း ဟောတစ်ပုဒ် ဟောတစ်ပုဒ် ထုတ်ခဲ့သည်မဟုတ်၍ စာများ အက်ဆေးများမှာ အဆက် အစပ် ကောင်းလှမည် မဟုတ်ပါ။ အကြောင်းအရာချင်းလည်း အချိတ်အဆက် လွဲနေနိုင် ပါသည်။ အလေးအပေါ့ ရသာများလည်း အတွဲအဖက် ညီလှမည် မထင်ပါ။

ဒါဖြင့် ဘာကြောင့် စုထုတ်ပေးလဲ၊ မေးစရာ ရှိပါသည်။

မွေးခဲ့သည့် မိဘမှန်သမျှ ကိုယ့်သားသမီး လှသည် မလှသည်၊ ထူးချွန် မထူးချွန်သည် အသာထား၊ တစ်မျိုးစီ ချစ်ကြသလို တကွဲတပြားစီ ရှိနေကြသည်ကို စိတ်နှလုံး မသာယာ တတ်ပါ။

မလွှန်ဆန်နိုင်သော အကြောင်းများကြောင့် တစ်ယောက်တစ်နယ်စီ နေကြသည့်တိုင် သကြံန်ရက်မျိုး၌ အဖေ့အိမ်မှာ တစ်စုတစ်ဝေးတည်း ပြန်ဆုံစေချင်ပါသည်။ (အနောက်တိုင်း မိသားစုတွေရဲ့ ခရစ်စမတ် အားလပ်ရက်များကို ဆိုလိုပါသည်။)

လောကအလယ် တင့်တယ်နေသော သားသမီးဖြစ်စေ ကျုံ့လို ညှိုးငယ်သည့် သားသမီးဖြစ်စေ၊ ဖခင်က သူတို့စုဝေးစုံညီခိုက်ဟော့... လာကြစမ်းကွာ၊ မင်းက ဒီနားထိုင် မင်းက ဒီနားရပ် စသဖြင့် ညွှန်ကြားကာ အဖေ့အိမ် လှေစုံတုန်း အမှတ်တရ ဓာတ်ပုံ တစ်ပုံတော့ ရိုက်ထားလိုက်ချင်ပါလိမ့်မည်။

ထိုအဖေ့အိမ် ပြန်ဆုံခိုက် မောင်နှမများ ဓာတ်ပုံကို သတိရသရွေ့ ပြန်ထုတ်ကြည့်တိုင်း ဖခင်မှာ ဘယ်သူကတော့ မွဲရှာတယ်၊ ဘယ်ဝါကတော့ ဘယ်သူနဲ့ယှဉ်မှ ကျုံ့လို့မှန်း သိရတာ၊ ဘယ်ကောင် ကတော့ မဆိုးပါလား။ ကြည့်ကောင်းသား။ စသဖြင့် ဂရုဏာ မုဒိတာ ပွားရပါလိမ့်မည်။

ဤစာအုပ်သည်

ပြည်သူ့အရေး။

ကြေးမုံ၊

မြန်မာ့အလင်း။

သရဖူ မဂ္ဂဇင်း။


မြန်မာသစ် ဂျာနယ်

စသဖြင့် စာနယ်ဇင်း အမျိုးမျိုးသို့ ပြန့်ကြဲ ရောက်ရှိခဲ့သော သားသမီးများအား စုဝေးစေပြီး အမှတ်တရ ဓာတ်ပုံ ရိုက်ယူထားသည့် ဖခင်တစ်ဦး၏ သံယောဇဉ်အစ ဖြစ်ကြောင်း ဝန်ခံပါ၏။

ထိုထက်ပို၍ တစ်ပိုဒ်တစ်ကြောင်း။ အတွေးတစ်စ၊ ဖတ်ရသူအတွက် စိတ်အာဟာရ နည်းနည်းမျှ ဖြစ်ပါစေဟုလည်း မဝံ့မရဲ မျှော်လင့်နေပါကြောင်း။

**လေးစားသမျှဖြင့်**

**မင်းကိုနိုင်**



> လူ့အဖွဲ့အစည်းတစ်ခုဟာ
> မဟုတ်တာလုပ်တဲ့သူတွေကို
> ဒဏ်ခတ်နိုင်မှ လူတွေဟာ
> ယုံကြည်မှုရအောင် ကျင့်ကြံကြမှာပါ။
> မဟုတ်တာလည်း လုပ်သေးတယ်၊
> ဒဏ်ခတ်မခံရတဲ့ အပြင် လုပ်ပိုင်ခွင့် သို့မဟုတ်
> တစ်စုံတစ်ရာ အရှိန်အဝါကြီးနေဆဲပဲ
> ရှိသေးတယ် ဆိုရင်တော့
> လူတွေက မယုံကြည်တဲ့အပြင်
> ရွံရှာမုန်းတီးစိတ်ပါ ပေါင်းပြီး
> အခွင့်ပေါ်တာနဲ့ ဆန့်ကျင်ကြမှာပါပဲ

## ယုံကြည်မှု အကြောင်း

မိန်းမပျိုတစ်ဦးဟာ လူခြေရှင်းစ ညအချိန်မှာ တစ်ယောက်တည်း အငှားယာဉ်စီးလာပါတယ်။ မည်းမှောင်ပြီး လူပြတ်တဲ့ နေရာတွေ ရောက်တဲ့အခါ လွန်ခဲ့တဲ့ရက်တွေက မသမာသူ အငှားယာဉ်မောင်းသမားတွေရဲ့ လုပ်ရပ် အချို့ကို ကြားသိရပြီး ငါ မှားပြီလားလို့လည်း တွေးမိပါတယ်။ ကားသမားကို အကဲခတ်ကြည့်တော့လည်း ဦးထုပ် ငိုက်ငိုက်နဲ့ တစ်စုံ တစ်ရာကို သဲသဲမဲမဲ ကြံစည်နေသလိုလို။

မီးရောင်လင်းတဲ့ လမ်းကျယ်တွေဘက် မောင်းခိုင်းပေမယ့် မြန်မြန်ရောက်တဲ့လမ်းက မောင်းပေးနေတာပါ ဆိုတဲ့ အကြောင်းပြချက်ကလည်း မသင်္ကာစရာ။ ဒါနဲ့ လက်ကိုင်ဖုန်းကို ထုတ်ပြီး အိမ်ကလူတွေကို ဆက်သွယ်တော့လည်း တယ်လီဖုန်းလိုင်းတွေက မမိ။ တစ်ခုခု ဖြစ်လာရင် ဘာလုပ်ရမလဲတွေးရင်း ဇောချွေးလေးများ ပြန်လာပါတယ်။ ကံအားလျော်စွာ ဖုန်းလိုင်းမိပြီး အိမ်နဲ့ အဆက်အသွယ်ရပါတယ်။

'သမီး ဘယ်နေရာကို ရောက်နေပြီ' လို့ သတင်းပေးရင်း အိမ်နဲ့ အဆက်အသွယ် မပြတ်အောင် စကားကို ရှာကြံပြီး ပြောနေရတယ်။ အိမ်နဲ့ အဆက်အသွယ် ရသွားတော့ အားရှိလာသလို ခံစားတာမှ မကြာသေးဘူး။ ဖုန်းက ဘက်ထရီ ကုန်သွားတော့ ရှိလာတဲ့ အားတွေအပြင်၊ နဂိုက ရှိတဲ့ စိတ်အားတွေပါ လျော့ပြီး ကုန်သွားပါတော့တယ်။ မလုံမလဲနဲ့ ကားသမားကို အကဲခတ်တော့လည်း ဦးထုပ် ငိုက်ငိုက်အောက် မျက်နှာက လှောင်ပြုံးပြုံးနေသယောင်ယောင်။

တစ်ခုခု ဖြစ်လာရင် ဘာလုပ်ရမလဲလို့ အရေးပေါ် ဉာဏ်ထုတ်တော့လည်း အားငယ်စိတ်ကို မကျော်နိုင်ရှာပါဘူး။အားသွင်းဖို့ ကြိုးရှိလားလို့ မေးတော့လည်း မရှိဘူး လို့ ဖြေတာကိုက စိုးရိမ်စိတ်ကို ပိုကြီးထွားစေတော့တာပါပဲ။ မှောင်ရိပ်ကြီးစိုးတဲ့

နေရာတစ်ခုအရောက် ကားသမားရဲ့ လက်ဟာ ဒက်ရှ်ဘုတ် (Dash Board)ပေါ် ရောက်သွားပြီး တစ်စုံတစ်ရာကို ဆွဲယူလိုက်တာ အထိတ်တလန့် တွေ့လိုက် ရပါတယ်။ ကားသမားဟာ ထိုအရာကို လက်တစ်ဖက်နဲ့ ကိုင်ပြီး ဆွဲမလိုက်တာနဲ့ မိန်းမပျိုဟာ သတိ အနေအထားနဲ့ တံခါးလက်ကိုင်ကို လက်ရောက်သွားတော့တာ ပါပဲ။ပါးစပ်ကလည်း ဘယ်လို အော်ရမလဲဆိုတာ ဟန်ပြင် လိုက်တော့တာပေါ့။

'သမီး...ကျွန်ရှင်က ပြန်ပြီလား။ အဖော်ပါရဲ့လား။ အဖေ စိတ်ပူနေတယ်၊ အဖေလည်း ဒီမှာ ခရီးသည်တစ်ယောက်ကို ပို့ပြီးရင် ပြန်လာခဲ့တော့မယ်၊ အမေ့ကို လမ်းထိပ် ထွက်ကြို နိုင်းဖို့ မမှာထားဖူးလား' ကားသမားရဲ့ဖုန်းဆက်သံကြားမှ မိန်းမပျိုဟာ သက်ပြင်းမောကြီး ချနိုင်ပါတော့တယ်။

●

ကားသမားက ရှင်းပြပါတယ်။ ခရီးသည်ဟန်ဆောင်ပြီး ကားကို လုယက်မှုတွေ ရှိနေလို့ ညည့်နက် လူပြတ်တဲ့ လမ်းတွေကို မလိုက်ရဲကြောင်း။ လုယက်သူတွေဟာ ယောကျ်ားတွေပဲ ဖြစ်လိမ့်မယ်လို့ မှတ်ထားရင်တောင် မပြည့်စုံသေးကြောင်း။ အမျိုးသမီးတစ်ဦး (တချို့ဆို ကလေး တစ်ယောက်တောင်ပါသေး) ငှားတယ်ဆိုပြီး လှေ့ရွှတွက်လို့မရ။ လူပြတ်ရာရောက်မှ ရပ်ခိုင်းပြီး သစ်ပင်အကွယ်က ထွက်လာတဲ့ လက်နက်ကိုင် လုယက်သူတွေနဲ့ ချိန်းချက် ထားတဲ့ ကြံစည်မှုမျိုးတွေ ရှိဖူးကြောင်း ပြောပြပါတယ်။

'အဲဒါကြောင့် ကျွန်တော်တို့ ကားသမားတွေက ဘော်ဒါတစ်ယောက် ညဘက်ဆို အပိုခေါ်လာရတာဗျ'

'အာ...ဒါဆို ကျွန်မတို့ ခရီးသည်တွေက ပိုတောင် မသက်သာသေးတယ်'

'အဲဒါ ပြောတာပေါ့ဗျာ၊ တစ်ဖက်နဲ့တစ်ဖက် မယုံကြည် မသက်သာတာနဲ့ပဲ .....'

●

ကျွန်တော်တို့ လူ့အဖွဲ့အစည်းထဲမှာ ယုံကြည်မှုတွေ ပျောက်ဆုံးပြီး သံသယတွေနဲ့ သတိကြီးကြီး ဆက်ဆံနေရတာ ကြာပါပြီ။ သံသယ ဆိုတာမျိုးကလည်း အတိတ်ဖြစ်ရပ်တွေ အပေါ် အခြေခံကြသလို သတင်းစကားအကြားတွေနဲ့လည်း မယုံမကြည် ဖြစ်ကြတာပါပဲ။ အခြင်အတွယ်တွေကို မယုံတာ၊ အမျိုးအစားကို မယုံတာ၊ အရည်အသွေးကို မယုံတာ တွေထက် အဆိုးဆုံးကတော့ လူကို မယုံတာပါပဲ။ဆိုင်းဘုတ်တွေ အရောင်တွေ ကြည့်ပြီး တော့လည်း မသက်သာ စိတ်တွေ ဖြစ်သလို၊ ကတိစကားတွေ ကြားပေမယ့် ကတိ ပျက်ကွက်တာ များခဲ့ဖူးတာမို့ မယုံနိုင်ကြပါဘူး။ ပြိုင်ဘက်ကို မယုံရတာ ဆိုးရွားသလို၊ နိုင်လူကြီးကိုပါ မယုံရတဲ့ အခြေအနေက ပိုပြီးတော့ လက်ခံချင်စရာ မကောင်းတဲ့ အနေအထားပါ။ နားလည်ပေးလို့ရတဲ့ သာမန် လွဲချော်မှုတွေ လောက်နဲ့တော့ မယုံသင်္ကာ



စိတ်တွေ မကြီးထွားပါဘူး။ အစဉ်အလာဆိုးကြောင့် မသင်္ကာတိုးရတဲ့ သူတွေကို အပြစ် မမြင်သင့်ပါ။ ယုံကြည်စရာ ဘယ်လောက် ကောင်းသလဲ ဆိုတာ ယုံလောက်အောင် သက်သေပြနိုင်ဖို့ပါပဲ။

လူ့အဖွဲ့အစည်းတစ်ခုဟာ မဟုတ်တာလုပ်တဲ့သူတွေ ကို ဒဏ်ခတ်နိုင်မှ လူတွေဟာ ယုံကြည်မှုရအောင် ကျင့်ကြံကြမှာပါ။ မဟုတ်တာလည်း လုပ်သေးတယ်၊ ဒဏ်ခတ်မခံရတဲ့ အပြင် လုပ်ပိုင်ခွင့် သို့မဟုတ် တစ်စုံတစ်ရာ အရှိန်အဝါကြီးနေဆဲပဲ ရှိသေးတယ် ဆိုရင် တော့ လူတွေက မယုံကြည်တဲ့အပြင် ရွံရှာမုန်းတီးစိတ်ပါ ပေါင်းပြီး အခွင့် ပေါ်တာနဲ့ ဆန့်ကျင်ကြမှာပါပဲ။ ကားသမားနဲ့ ခရီးသည် မသင်္ကာတာထက် ဆိုးတဲ့ ယုံကြည်မှု ပျောက်ဆုံးနေတာ ....ဘယ်သူနဲ့ ဘယ်သူတွေလဲ၊ ဘယ်နေရာမှာလဲ ဆိုတာ အားလုံး အသိပါ။ သံသယကင်းတဲ့ လူ့အဖွဲ့အစည်းမှာ သက်ပြင်းမချရဲတဲ့ဘဝ လွန်မြောက်သင့်လှပါပြီ။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၆၁၊ ၂၀၁၅



❝ ပုံတူပန်းချီတွေမှာ ကာယကံရှင်ကလေးတွေက
သူတို့အမည်၊ ကျောင်းလိပ်စာတွေ ရေးပြီး
အဝေးက သူငယ်ချင်းထံ ခွန်းဆက်စာ
ရေးကြပါတယ်။ အဝမှာ အရုပ်တွေ ပွေ့ပိုက်ပြီး
တဖွဲဖွဲ ဝင်လာကြတဲ့ ကလေးတွေ၊
သူတို့ ဆော့နေကြ၊ ဖက်အိပ်နေကြ အရုပ်တွေကို
သံယောဇဉ်ဖြတ်ပြီး လက်ဆောင်ပေးဖို့
(တချို့လည်း အသစ် ဝယ်လာကြရဲ့ )
မမြင်ဖူးတဲ့ သူငယ်ချင်းဆီ ... ❞

## ကလေးတွေ အတွက် အတွေး

ခုတလော ကလေးတွေနဲ့ ပတ်သက်တဲ့ စိတ်မချမ်းမြေ့စရာ သတင်းတွေ သတိထားမိကြပါလိမ့်မယ်။ စားပွဲထိုး၊ အိမ်ဖော်ဘဝကအစ ထမင်းတစ်လုတ် ရေတစ်ခွက်အတွက် အရွယ်နှင့်မမျှ ဒုက္ခဆင်းရဲခံရတဲ့ ကလေးတွေ၊ စစ်ဘေး ဒေသက အသက်လုပြေးနေရတဲ့ ကလေးတွေ၊ ပြောရရင်တော့ အနာဂတ် ပျောက်နေရတဲ့ ကလေးတွေ၊ အသက်ရှင်ဖို့ပဲ ရုန်းနေရတဲ့ ကလေးတွေပေါ့။ ကိုယ့်ထက် စီးပွား ပိုကောင်းတဲ့ ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ နိုင်ငံသားတွေ စာရင်း အတိအကျ မပြုစုနိုင်သေးပေမယ့် ၃ သန်း ဝန်းကျင်တော့ ရှိပါတယ်။ ဒီအထဲမှာ ကလေး တွေလည်း များစွာ အပါအဝင်ပါ။

အဲသလို မိဘနဲ့ ကင်းကွာ ရုန်းကန်နေကြရတဲ့ ပြည်တွင်းနဲ့ ပြည်ပရောက် ကလေးတွေ အတွက် လူ့အဖွဲ့အစည်းဟာ လျစ်လျူရှုမထားခဲ့ပါဘူး။ နိုင်သမျှ နည်းလမ်းတွေနဲ့ အဖြေရှာ ကုစားဖို့ ကြိုးစားကြပါတယ်။

ပြီးခဲ့တဲ့ နှစ် အနည်းငယ် အတွင်းမှာ ဒေသတွင်း အခြေပြု ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး အဖွဲ့အစည်းတွေ ၂၀၀ လောက် တည်ထောင် ကြိုးပမ်းခဲ့ ကြတာပါ။ အဲဒီအဖွဲ့တွေဟာ ကလေးငယ် လေးသောင်း လောက်ထံ သွားပြီး သင်တန်းပေးခဲ့သလို တစ်သိန်းခွဲ လောက်သော ကလေးငယ်တွေ အတွက် ထိရောက်မှု ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒါတွေက မိဘကိုယ်တိုင် မတတ်နိုင်လို့ အရပ်ကူပါ လူဝိုင်းပါ ဖြစ်နေတဲ့ ကလေးတွေ ပေါ့လေ။ ဘယ်လောက် ကုသ ကယ်တင်နိုင်တယ် ဆိုတာတော့ တစ်ပိုင်းပေါ့။ ဒီစာစုမှာ စစ်တမ်းထုတ်ဖို့ မဟုတ်ပါဘူး။

ကျွန်တော် တွေးမိတာက မိဘရင်ခွင်ထဲက ကလေးတွေပါ။ တနင်္သာရီတိုင်းမှာ ဖအေက ဆိုင်ကယ်မောင်း၊ အမေက နောက်ကထိုင် ထီးဆောင်းရင်း ကျန်လက်တစ်ဖက်က လသားအရွယ် ကလေးကိုပွေ့ပြီး လိုက်ပါတယ်။ လေကြမ်းကြမ်း တိုက်တဲ့အခါ ထီးဟာ လေဟုန်ပင့်သလို ဖြစ်ပြီး မိခင်ပြုတ်ကျ၊ ကလေး အသက်ဆုံးရသလို ဖခင်လည်း

ဆောင်ကျရပါတယ်။ မန္တလေးဘက်မှာလည်း ကလေးက ကားရှေ့ခန်းက ကိုယ်တစ်ပိုင်း ထွက်ရပ်လို့ ကားမောင်းနေတဲ့ မိခင်က လှမ်းဆွဲရင်း စတီယာရင်ကွေ့မိ၊ လမ်းဘေး မုန့်ဟင်းခါး ဆိုင်ထဲ ဝင်တိုက်မိလို့ လူအများကြီး ဆေးရုံရောက်ရပါတယ်။

ဒီလို ဖြစ်စဉ်တွေ အများကြီးပါ။

ဒီဖြစ်စဉ်တွေမှာ ကျွန်တော်တို့ဆီက ဥပဒေဟာ အန္တရာယ်ကြုံလာပြီးမှ အပြစ်ဒဏ် ခတ်ဖို့ပဲ အားသာနေပြီး ကြိုတင် ကာကွယ်မှု မရှိသလောက် အားနည်းနေတာ တွေ့ကြ မှာပါ။ ကြိုတင် ကာကွယ်မှု ကောင်းတဲ့ တိုင်းပြည်တွေမှာ ဒါမျိုး စိတ်နဲ့တောင် ကြံစည်လို့ မရပါဘူး။ လုပ်ချင်လို့လည်း မရပါဘူး။

မုန့်လုံ့ကား စီးတယ်ဆိုရင်တောင် ကလေးအတွက် (ရင်ခွင်ပိုက်အရွယ်ဆိုရင် နောက်ခန်းမှာပဲ ကူရှင်ပေါ်မှာ Baby Car Seat ခေါ်တဲ့ အရွယ်အလိုက် သတ်မှတ်ထားတဲ့ ထိုင်ခုံ အသေးတစ်လုံး တပ်ထားရတဲ့အပြင်) ခါးပတ်ကို ကြက်ခြေခတ်လွယ်သိုင်း သေချာ ပတ်ပေးရပါတယ်။

စိတ်ချလုံခြုံမှု မရှိဘဲ ရပါတယ်ကွာလို့ ခေါ်တင်သွားမယ် ဆိုရင် အိမ်ထဲက ထွက်တာနဲ့ အိမ်နီးချင်းတွေ၊ လမ်းပေါ်က လူတွေက ကန့်ကွက် တားမြစ်မှာပါ။ သူတို့ မတွေ့လည်း ရဲက တွေ့တာနဲ့ ဖမ်းဆီး အရေးယူမှာပါ။ ဒါကြောင့် ကလေးတွေ အတွက် ကရော်ကမည် စီစဉ်ဖို့ ဘယ်လူကြီး မိဘကမှ မကြံစည်ဝံ့ပါဘူး။ မနောက်မှာတင် ကိစ္စ ပြတ်နေတော့ ကာယကံမြောက် မဖြစ်တော့ဘူးပေါ့။ သူတို့ဆီမှာ လူကြီးတွေက ခဏပဲဆိုပြီး ကလေးတွေ ချည်း အိမ်မှာ ထားခဲ့လို့ မဖြစ်သင့်တဲ့ အန္တရာယ်တွေ ကြုံခဲ့တာ မရှိဘူး မဟုတ်၊ ရှိတော့ ရှိပါတယ်၊ သိပ်ခဲယဉ်းတယ် ဆိုတာ ပြောတာပါ။

လူကြီး မရှိတဲ့ အိမ်မှာ ကလေးချင်း ထိန်းကျောင်းတာမျိုး သူတို့ လူ့အဖွဲ့အစည်းက ဥပဒေ အရ ခွင့်မပြုပါဘူး။ လမ်းထွက်ရင်လည်း အသက် ၈ နှစ်အောက် ကလေးမုန့်ရင် ဆိုင်ကယ်နဲ့ သယ်ဆောင်ခွင့် ဘယ်လိုနည်းနဲ့မှ ခွင့်မပြုပါဘူး။

ကလေးတွေကို တန်ဖိုးထား ဂရုစိုက်တဲ့ နိုင်ငံတွေမှာ ကလေးကို လက်နဲ့ ယောင်ယမ်း ရိုက်ပုတ်မိရုံကလွဲရင် ရည်ရွယ်ပြီး ရိုက်နှက်ဆုံးမခွင့်လည်း မရှိပါဘူး။

ဥပမာ၊ ကလေးကို အကြောင်းတစ်ခုကြောင့် ဆေးစစ်ကြရင်း ဆရာဝန်က ကလေးကိုယ်မှာ အရှိုးရာလို ဒဏ်ရာလို တွေ့တယ်ဆိုပါတော့၊ Department of Human Service ခေါ်တဲ့ D.H.S ကို အကြောင်းကြားရပါတယ်။ ကလေးရဲ့ ဒဏ်ရာကို ဖော်ထုတ် စီစစ် အရေးယူနိုင်ဖို့ပါ။ ဒီတာဝန်ကို ဆရာဝန် ပျက်ကွက်ခဲ့ရင် သူလည်း အမှုတွဲ ပါလိမ့်မယ်။

ကလေးတွေကို သူတို့အိမ်မှာ ဆက်မနေသင့်ဘူးလို့ ယုံကြည်ရတဲ့ အခြေအနေမျိုး ရှိပါတယ်။ အဲဒါတွေက အခုလိုပါ။

အိမ်မှာ အုပ်ထိန်းသူက



(က) ကလေးကို မစောင့်ရှောက်နိုင်အောင် ရောဂါ၊ နာမကျန်း ဖြစ်နေရင်
(ခ) မူးယစ်ဆေးစွဲသူ ရှိနေပြီး ဂရုမစိုက်နိုင်ရင်
(ဂ) အိမ်တွင်း ရန်ပွဲကြောင့် အန္တရာယ် ရှိတယ်လို့ ယူဆရင်

စတဲ့ အခြေအနေတွေမှာ ကလေးကို သူတို့အိမ်မှာ ထားခွင့်မပြုဘဲ D.H.S ခေါ်တဲ့ စောင့်ရှောက်ရေး ဌာနတွေက ခေါ်ယူ အကာအကွယ် ပေးထားကြပါတယ်။

ဒါတင်မကသေးပါဘူး။ တချို့ခြွင်းချက် အခြေအနေတွေ အထိ ထည့်စဉ်းစားထား ပေးကြတာတွေ တွေ့ကြရပါဦးမယ်။

ဥပမာ၊ မိဘတွေက အလုပ်ကအပြန် ပင်ပန်းလာလို့ ကလေးမထိန်းနိုင်ဘူး။ ကလေးထိန်းလည်း မငှားနိုင်အောင် ဝင်ငွေနည်းတယ် ဆိုပါတော့။

ကျောင်းက ပြန်လာတဲ့ ကလေးကို မိဘများ လက်ခံနိုင်တဲ့ အချိန်အထိ စောင့်ရှောက် ပေးဖို့ Child Care က အမျိုးသမီး ဝန်ထမ်းတွေက အချိန်ပိုင်း ခေါ်ယူ ကူစောင့်ရှောက် ပေးပါလိမ့်မယ်။ အဲဒီ စရိတ်အတွက် မပူပါနဲ့၊ နိုင်ငံတော်က တာဝန်ယူပြီးသားပါ။

အချက်အလက်အနေနဲ့ ပြောရရင်တော့ ဆုံးနိုင်ဖွယ် မရှိပါ။ ဒါတွေက ချမ်းသာတဲ့ နိုင်ငံတွေ လုပ်နိုင်မှာပေါ့ကွာ၊ တို့လို ဆင်းရဲတဲ့ တိုင်းပြည် ဘယ်တတ်နိုင်မလဲလို့ ကိစ္စတုံး ဖြတ်မချစေချင်တာပါပဲ။ ဟိုးလေးတကျော် ဖြစ်ခဲ့တဲ့ ညှဉ်းပန်းခံ ကလေးကိစ္စမျိုး ဆိုရင် ကလေးကို အဲဒီ အိမ်မှာ ဘယ်လိုနည်းနဲ့မှ ဆက်အထားမခံတော့ပါဘူး။ အိမ်ပြောင်းပြီး ရွှေ့ထား ဝှက်ထားတာမျိုးလည်း ခွင့်မပြုပါဘူး။ စိတ်ချလုံခြုံရတဲ့ ဌာနတစ်ခုခုက ကာကွယ် စောင့်ရှောက်ပေးတော့မှာပါ။ ကျွန်တော်တို့ဆီမှာနဲ့ ကွဲပြားခြားနားပုံရယ်၊ စိတ် အခြေခံတွေ၊ သဘောထားတွေ မတူတာ ဘာကြောင့်လဲ၊ ဘယ်ဟာတွေ နှိုင်းယှဉ် ပြင်ဆင်သင့်သလဲဆိုတာ ဝိုင်းတွေးပေးကြဖို့ မျှဝေခြင်းပါပဲ။ မြင်သိ ကြားသိသမျှ ကလေးတွေ လေးနက်စရာတွေ ရေးချင်ပါသေးတယ်။

မြက်ခင်းစိမ်း ဆင်ခြင်လျှာပေါ် ရောင်စုံဖဲကြိုးတွေ၊ ကာတွန်းတွေ လွှင့်လို့ ကလေးတွေ ကိုယ်တိုင် ဖဲကြိုးပေါ် စာတွေရေး၊ ကိုယ်တိုင် ချည်နေကြတယ်။ စာက မှတ်ဖွဲ့စာပါ။ သူငယ်ချင်းကို အားမငယ်ဖို့ အမြန်ဆုံး အိမ်ပြန်ရပြီး မိသားစု ပြန်ဆုံကြ စေကြောင်း ဆုတောင်းပေးတဲ့ စာမျိုးပါ။

တချို့ကလေးတွေက မြက်ခင်းပေါ် ပန်းချီရောင်စုံ ဆွဲနေကြတယ်။ ကလေးပန်းချီဆိုတော့ ငှက်တွေ၊ ခွေးကလေး၊ ကျောင်းကလေးတွေ၊ နေသာပုံ၊ ပန်းပွင့်ပုံ၊ အိမ်ဂေဟာမှာ မိသားစု ဆုံတဲ့ ပုံတွေပဲပေါ့။ ကလေးပန်းချီတွေရဲ့ နိမိတ်ဟာ အန္တရာယ်လက္ခဏာမပါဘူး။ ပျော်ရွှင်ခြင်းနဲ့ ညီညွတ်ခြင်း သင်္ကေတတွေချည်းပဲ။ တိမ်တွေ ပြာတယ်။ လိပ်ပြာတွေ ပျံနေတယ်။ ခွေးလေးတွေ ပုံပါရင်တောင် ကိုက်မည့် ခွေးမျိုး မဟုတ်ပါဘူး။ အဖော်လုပ် ပေးမယ့် ခွေးပေါက်ကလေးတွေပဲ။

သူတို့မှာ အတ္တမာနဟာ လူကြီးတွေထက် နည်းပါးတာကြောင့် သူတို့ ပန်းချီတွေဟာ မေတ္တာတရားနဲ့ စာနာမှုကို ပုံဖော်တာချည်းပဲ။

ဟိုဘက်မှာတော့ ကာတွန်းဆရာတွေက လာသမျှ ကလေးတွေကို ဒိုင်ခံပြီး ပုံတူဆွဲပေးနေကြတာ။ သားသမီး အများကြီး မွေးထားတဲ့ မိခင်က ကလေးတွေကို တစ်ယောက်ပြီး တစ်ယောက် နံ့သာလိမ်းပေး၊ ခေါင်းဖြီး ပေးနေသလိုပါပဲ။

အဲဒီ ပုံတူပန်းချီတွေမှာ ကာယကံရှင်ကလေးတွေက သူတို့အမည်၊ ကျောင်းလိပ်စာတွေ ရေးပြီး အဝေးက သူငယ်ချင်းထံ ခွန်းဆက်စာ ရေးကြပါတယ်။ အဝမှာ အရုပ်တွေ မွေ့ယိုက်ပြီး တဖွဲဖွဲ ဝင်လာကြတဲ့ ကလေးတွေ၊ သူတို့ ဆော့နေကြ၊ ဖက်အိပ်နေကြ အရုပ်တွေကို သံယောဇဉ်ဖြတ်ပြီး လက်ဆောင်ပေးဖို့ (တချို့လည်း အသစ် ဝယ်လာကြရဲ့) မမြင်ဖူးတဲ့ သူငယ်ချင်းဆီ ပို့မလို့တဲ့။

တစ်နေရာမှာတော့ ကလေးများဟာ သူတို့ စားနေကျ မုန့်တွေကို ကတ်ပြားလုလုပေါ် သူတို့ရဲ့ မိတ်ဖွဲ့စာနဲ့ အတူ သူငယ်ချင်းတွေဆီ ပို့ပေးဖို့ ထုပ်ပိုးနေကြပါတယ်။

နေရာက ရန်ကုန် ကန်တော်ကြီးစောင်းမှာပါ။ တိုင်းရင်းသားဒေသတွေမှာ ရှိတဲ့ စစ်ဘေးခံ ကလေးတွေ အတွက် မြို့ပြက ကလေးတွေရဲ့ အားပေးနှစ်သိမ့်မှုနဲ့ ငြိမ်းချမ်းရေး တောင်းဆိုကြတာပါပဲ။

မှတ်တမ်းမှန် ဗီဒီယိုကိုလည်း နောက်ခံ ရှင်းပြမှုနဲ့ Projector (ပရိုဂျက်တာ) ဖွင့်ပြထားသေးတော့ စစ်ဘေးဒဏ် ဘဝအမှန်ကို သူတို့ သိခွင့်ရပါတယ်။

မြက်ခင်း အဆုံး စင်မြင့်မှာတော့ သေနတ်ရှည်ကြီး နှစ်လက်ကို ဒန်းလုပ် စီးနေတဲ့ ကလေးနှစ်ယောက် ကောင်းကင်ပြာလွင်အောက် ပျော်လွင့်နေပုံ။

စင်ထက်မှာ ငြိမ်းချမ်းရေးကဗျာတွေ၊ သရုပ်ဖော်တွေကို ကလေးတွေ ကိုယ်တိုင် သရုပ်ဆောင်နေကြပါတယ်။ ပန်းရဲ့ လမ်း အပါအဝင် သရုပ်ဆောင် အဆိုတော်တွေက ကလေးတွေကို ရံပေးကြ၊ အားဖြည့် ကူညီနေကြရုံပါပဲ။

အဝေးက သူငယ်ချင်းတွေကို ကလေးတွေရဲ့ခွန်းဆက် စကားတွေ နားထောင်ကြည့်ပါဦး။

'စိတ်မလျှော့ပါနဲ့ သူငယ်ချင်း။ ငါတို့ အရုပ်လေးတွေ ဖက်အိပ်ပြီး အိပ်မက်ထဲမှာ မိသားစုနဲ့ ပျော်ရွှင်ပါစေ၊ အိမ်ကို အမြန်ဆုံးပြန် ကျောင်းတက်နိုင်ပါစေ' ဆိုတာမျိုးတွေ။

သတင်းထောက်တွေ အပါအဝင် လူကြီးတွေက ကလေးတွေကို ဘာတွေမြင် ဘာတွေ ပြောချင်လဲ မေးကြတဲ့အခါ သူတို့အဖြေက 'သူငယ်ချင်းတွေကို ကိုယ်ချင်းစာတယ်၊ အသက်မသေအောင် ပြေးနေရတာ သနားတယ်၊ ဝုံးခိုကျင်းထဲမှာ အားငယ်နေမှာစိုးလို့ ကာတွန်းစာအုပ် ပေးလိုက် တယ်၊ ဖတ်ခိုင်းတယ်'

'အရုပ်တွေပဲ ပို့လိုက်တယ်၊ သေနတ်ရုပ်တွေ မပို့ဘူး။ စစ်တိုက်တမ်းတော့ မကစားပါနဲ့လို့ မှာလိုက်တယ်'

'ဗိုက်ဆာနေမှာစိုးလို့ သား မုန့်ဝယ်ပေးလိုက်တယ်' စသဖြင့် ရိုးရှင်းတဲ့ ဝါကျတွေနဲ့ သူတို့ နားလည် ခံစားသလို ဖြေတာ၊ သူတို့ရဲ့ ရိုးရှင်းတဲ့ ပန်းချီလက်ဆောင်တွေလိုပါပဲ။

'ကျောင်းရောက်ရင် သူငယ်ချင်းတွေကို ပြန်ပြောပြမယ်၊ သားတို့လို ကျောင်းတောင် မနေနိုင်ဘဲ ထွက်ပြေးနေရတာ သနားစရာကောင်းတယ်'တဲ့။



မိခင်တစ်ယောက် ပြောပြတာက 'သားလေးဟာ အရုပ်တွေကို အင်မတန်မှ ဘွယ်တယ်၊ ဘယ်သူမှ အကိုင် မခံဘူး။ ဒါပေမဲ့ ဒီပွဲမှာကျတော့ ကြည်ကြည်ဖြူဖြူ သူ့တော့တာပဲ၊ သူ တစ်ခုခု နားလည်သွားတယ် ထင်တယ်'တဲ့။

ရေသန့်ဘူးပေါင်း ကောက်ရောင်းစားရတဲ့ ကလေးတွေကတော့ တဖျစ် တောက်တောက် နဲ့ 'သားတို့ အစောကြီး ထဲက သိရင် ပိုက်ဆံတွေ ဒီထက် ပိုစုပေးနိုင်မှာ၊ အခု ပန်းချီဆွဲတဲ့ ဆေးတစ်ဘူးပဲ ဝယ်ပေးလိုက်နိုင်တယ်'တဲ့။

သူကိုယ်တိုင်တော့ နေ့လယ်စာတောင် ဝယ်မစားနိုင်တာမို့ နီးစပ်ရာ လူကြီးတွေက ဝယ်ပြီး အတင်း ကျွေးရပါတယ်။ ဒါတောင် သူ အဆာပြေပဲ စားပြီး မုန့်တစ်ဝက် လောက်ကို အလှူခံစားပွဲပေါ် သွားတင်လိုက်ပါတယ်။

သားရဲ့ နာမည်နဲ့ လိပ်စာ ပြောပါဆိုတော့

'သားမှာ အိမ်မှ မရှိတာတဲ့'

ကိုယ်ပိုင်ကားကောင်းနဲ့ လာတဲ့ ကလေးမတစ်ဦးကတော့ သူ့မိဘတွေကို ပူဆာတယ်။ သူတို့ကို အိမ်မှာခေါ်ထားလို့ မရဘူးလား။ ကျောင်းထားပေးလို့ မရဘူးလားတဲ့၊ လူကြီးတွေက ပြုံးပဲ ပြုံးနေတော့ ကလေးမလေးက သမီးနဲ့ ရွယ်တူပဲ ခေါ်မယ်။ သမီးလည်း အဖော်ရတာပေါ့။ အိမ်မှာ တစ်ယောက်တည်း ပျင်းစရာကြီး။ တစ်ယောက် နှစ်ယောက် လောက် ခေါ်မယ်လေ။ သမီး အဝတ်တွေ မျှဝတ်မယ်လေနဲ့ တတွတ်တွတ် နားချနေတာ တွေ့ခဲ့ရပါတယ်။

လုလုပပ ဝတ်စားထားတဲ့ ကလေးတစ်ယောက်ဟာ ပုံပြင်လက်ဆောင်များ ဆိုတဲ့ စာအုပ်တွေကို အလှူခံ စားပွဲပေါ် တင်လိုက်တယ်။ ပြီးတော့ အမွှေးပွ အရုပ်ကို သူ့မောင်လေး ပွေ့ခိုင်းပြီး ဓာတ်ပုံရိုက်ယူနေတယ်။ နှုတ်ကလည်း 'ဒါ မောင်လေးရဲ့ လက်ဆောင်နော်'လို့ ပြောနေသေး။ ဓာတ်ပုံတစ်ပုံရိုက်ပြီးမှ နေဦး နေဦးလို့ ဆိုကာ သူ့ခေါင်းက ဖဲပြားကို ဖြုတ်၊ အရုပ်လည်ပင်းမှာ ညှပ်ပြီး 'မမ လက်ဆောင် လည်း ပါတယ်' လို့ ပြောကာ ဓာတ်ပုံ ထပ်ရိုက်လိုက်ပါတယ်။

အဝတ်နွမ်း ဝတ်ထားပြီး ဆံမလူးတဲ့ ဆံပင်နီကြောင် ကြောင်နဲ့ ကလေးတစ်ယောက် ကတော့ ကျလာသမျှ အမှိုက်တွေ ကြွပ်ကြွပ်အိတ်ကြီးတစ်လုံးနဲ့ လိုက်ကောက် သည့်ပါတယ်။ ပင်ပန်းသွားတဲ့အခါ မှတ်တမ်း ဗီဒီယိုပြနေတဲ့ ပရိုဂျက်တာကို လှမ်းကြည့်တယ်။ စစ်ဘေးဒဏ်ခံ စခန်းက ကလေးတွေရဲ့ မျက်နှာ အနွမ်းတွေ သူ မြင်ပြီးတဲ့အခါ မြက်ခင်းပေါ် အရုပ်ကြီးပြတ် လှဲချလိုက်ပြီး ကောင်းကင်ကြီးပေါ် တစ်ယောက်တည်း မော့ကြည့်နေ ပါတော့တယ်။

ညဦး ကောင်းကင်မှာ ကြယ်တွေ ထွက်နေပါပြီ။ တောက်ပတဲ့ ကြယ်တွေ တောက်ပ။ မှေးမှိန်တဲ့ ကြယ်လေးတွေလည်း မှေးမှိန်။ တချို့ကြယ်လေးတွေလည်း မှုန်ဝါးဝါးပါ။ ဒါပေမဲ့

ကြယ်တွေ အားလုံးအတွက် ယုံကြည်သော အနာဂတ် ရှိပါတယ်။

■ ပြည်သူ့အရေးအတွဲ ၂ အမှတ် ၆ ၂-၆-၃။ ၂၀၁၅



‘ လူမှုဆက်ဆံရေးက
သင်ကြားပေးလိုက်တဲ့ အခါ
အဲဒီကလေးတွေဟာ စိတ်ရှည်သည်းခံခြင်း၊
ပြဿနာကို ဘယ်လို ဖြေရှင်းရမယ်ဆိုတာ
အတွေ့အကြုံရသွားခြင်းကြောင့်
ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု
အပိုင်ရသွားပါတယ် ’

## အမှီအခိုကင်းသော ကလေးများ

‘ကလေးတွေအတွက် အတွေး’ မှာ ရေးခဲ့တာ ‘အန္တရာယ်ကင်းသော ကလေးများ’ အကြောင်းပါ။ တကယ်တော့ မပြည့်စုံသေးပါဘူး။ လုပ်ငန်းခွင်ထဲ အန္တရာယ် မျိုးစုံ၊ အစားအသောက်တွေလည်း အန္တရာယ်မျိုးစုံ ကြုံနေရတဲ့ ကလေးတွေ အကြောင်း ရေးဖို့ လိုပါသေးတယ်။

ပြီးခဲ့တဲ့ စာနဲ့ ပတ်သက်လို့ ဩစတြေးလျနိုင်ငံက မိတ်ဆွေတစ်ဦးက ဖြည့်စွက်ပေးပါတယ်။ သူ့ကလေးကို နောက်ခန်းမှာ Baby car seat နဲ့ ခါးပတ် ပတ်ခဲ့ပေမယ့် ရဲက စစ်ချိန်မှာ ခါးလွယ်ခါးပတ်ကြိုးလျော့နေရုံနဲ့ အရေးယူ ခံရကြောင်းပါ။ အမျိုးမျိုး တောင်းပန်တိုးလျှိုးလည်း မရပါဘူးတဲ့။ လာဘ်ထိုးဖို့တော့ စဉ်းတောင် မစဉ်းစားရဲဘူး။ နောက်တစ်မူ ထပ်တိုးမှာ သေချာနေလို့ပါ။ မှတ်လောက် သားလောက်အောင် အရေးယူမှု ဖြစ်မယ်။ ဒါမှ နောက် မပေါ့ဆရဲမှာ...တဲ့။ ရဲက ပြောပါတယ်။

အရေးယူနည်းကလည်း ဒဏ်ငွေမကပါ။ ဩစီ ဒေါ်လာ ၃၀၀ တင်မက ယာဉ်မောင်း လိုင်စင်ရဲ့ သတ်မှတ်ချက် ပွိုင့်နှစ်ပွိုင့် ဖြတ်ပါသတဲ့။ ပွိုင့်ပြန်ရဖို့က ဖြစ်မှုပေါ် မူတည်ပြီး ၆ လကနေ ၃ နှစ်အထိ ပြန်စောင့်ရတတ်ပါတယ်။ ပွိုင့်မရှိရင် ကားမမောင်းရတော့ပါ။ (လိုင်စင်အသစ် ပြန်ဖြေရတာမျိုးက ပြန်စရပါတယ်၊ ဒဏ်ငွေပဲဆိုရင် ပိုက်ဆံရှိတိုင်း ရမ်းနေမှာ စိုးလို့ပါ) ကားထဲမှာ ကလေးမပြောနဲ့ ခွေးတောင် အလုံပိတ် ထားခဲ့လို့လည်း မရပါဘူး။ အမြင်မတော်သူတွေက ရဲကို ဖုန်းဆက်ခေါ်မှာပါ။ နိုင်ငံသားတစ်ယောက် အရေးပေါ် ရဲ သို့မဟုတ် သူနာပြုယာဉ် ခေါ်ရင်လည်း ၂ မိနစ်မှ ၅ မိနစ် အတွင်း ရောက်ပါသတဲ့။

နိုင်ငံခြားမှာ (အာရှနိုင်ငံတစ်ခုပါ) မွေးပြီး နေထိုင်နေတဲ့ မြန်မာမိသားစုတစ်စု အလည်ပြန်လာပါတယ်။ အကြီးဆုံး သမီးက ဆယ်နှစ်ကျော်ပဲ ရှိသေးတာပါ။ ဒါပေမဲ့ သူ့အောက် အငယ်မောင်နှင့် ညီမအတွက် ခရီးဆောင်အိတ် ပြင်ဆင်တာကို သူကပဲ တာဝန်ယူပါတယ်။ ဘယ်ရာသီအတွက် ဘယ်အဝတ်အစား ထည့်သင့်တယ်ဆိုတာ သူ့ဘာသာ ရေရွတ်ပြီး ရွေးထည့်နေတာပါ။ သူတို့ သွားလည်မယ့် မြန်မာပြည်က မြို့တွေရဲ့ အပူချိန်တွေကို Internet ထဲမှာ ရှာကြည့်ပြီး စီမံခန့်ခွဲနေတာပါ။ ခရီးသွား အသုံးအဆောင် တွေကို စနစ်တကျ ထည့်ပြီး အငယ်နှစ်ယောက်ကလည်း သူတို့ ကျောပိုးအိတ်နဲ့ ဘီးတပ် ဆွဲအိတ်တွေကို ကိုယ်တိုင် သယ်ပါတယ်။ လူကြီးတွေ သယ်ပေးမယ်ဆိုတာ လုံးဝ လက်မခံပါ။ ကိုယ့်အားကိုယ်ကိုးစိတ် အပြည့် ကိုယ်စီနှင့်ပါ။

သူတို့ရဲ့ အစ်မဝမ်းကွဲ မြန်မာပြည်မှာ မွေးတဲ့အသက် ၂၀ ဝန်းကျင် မိန်းကလေးကတော့ ‘အမေ…သမီး မလုပ်တတ်ဘူး’ တစ်ခွန်းကိုပဲ ဂါထာလို ရွတ်ပြီး မအေ ပြုသမျှ နှမို့ စောင့်နေပါတယ်။ ဒါကြောင့်လည်း ဘွဲ့ရပြီးတဲ့တိုင် မိဘကို မှီခိုနေရတာ အရသာတွေ့နေသူတွေ များစွာ ကျန်နေရသေးတာပါ။ တချို့တော့ ကိုယ့်အားကိုယ်ကိုး ကလေးတွေ ပြည်တွင်းမှာ စတွေ့မြင်နေရပါပြီ။

တိုးတက်သော နိုင်ငံများမှာ အထက်တန်းကျောင်း ပြီးရင် တက္ကသိုလ် ရွေးကြတဲ့အခါ year 12 အမှတ်ပေါ် မူတည်ပြီးတော့ ကျောင်းက ဆုံးဖြတ်တယ်။

အထက်တန်းကျောင်းမှာ ကတည်းက လုပ်ငန်း အတွေ့အကြုံယူရေးအတွက် ကျောင်းက စီစဉ်ပေးရပါတယ်။ ရက်သတ္တပတ် ၂ ပတ်ခွဲလောက် လုပ်ကြရတာပါ။ မလုပ်ချင်လည်း ရပေမယ့် အားလုံးလိုလို လုပ်ကြတာပါပဲ။ ကျောင်းဝင်ခွင့်နဲ့ အတူ CV တွေမှာ အလုပ်အတွေ့အကြုံတွေကို ထည့်ရေးပေးရတာမျိုး ရှိပါတယ်။

၁၂ တန်းပြီးလို့ တက္ကသိုလ်သက်မွေးမှုတွေ မရွေးခင် (မဆုံးဖြတ်ခင်ဆို ပိုမှန်ပါလိမ့်မယ်) တချို့များ တစ်နှစ်လောက် အချိန်ယူ လေ့လာကြပါတယ်။ သူတို့စကားအရ Brake ယူတယ်လို့ ခေါ်တာပေါ့။

အမေရိကားက ကလေးတွေ အများစုဟာ ဟားဗတ်လို တက္ကသိုလ်မှာ သွားလေ့လာကြတယ်။ မြန်မာစကားနဲ့ တစ်နှစ် စောင့်လိုက်တာပါပဲ။ ကိုယ့်ကလေးနှင့် သက်တူ ရွယ်တူက တစ်တန်း ကျော်သွားတော့မှာပဲလို့ တွေးပူ မနေကြပါဘူး။ တစ်ဘဝစာ အတွက် တစ်နှစ်ကို ကျေကျေနပ်နပ် စောင့်လိုက်တာပါ။ အမိကနှင့် သာမညစဉ်းစားတာ မတူပုံကို ကြည့်ကြပါခင်ဗျ။

သူတို့ဆီမှာ များသောအားဖြင့် ကျောင်းသားကို မိဘ ဝင်ငွေပေါ် မူတည်ပြီး အစိုးရက အသုံးစရိတ်ပေးလေ့ ရှိပါတယ်။ ဒါပေမဲ့ အများစုက မယူချင်ကြပါ။ ကိုယ်တိုင် လုပ်အားခနဲ့



ခနေရတာကိုပဲ ဂုဏ်ယူကြတာပါ။ ဂျပန်မှာဆို သတင်းစာပို့တဲ့ အလုပ်ကို ကျောင်းတစ်ဖက်နဲ့ လုပ်ကြ ပါတယ်။ (သူတို့ကို ဦးစားပေး ခန့်ရတယ်ပေါ့)

ကျောင်းသားတွေကို အချိန်ပိုင်း အလုပ်ရဖို့ ကျောင်းတွေက ချိတ်ဆက်ပေးရပါတယ်။ ဘီရစ္စာန် အရောင်းဆိုင်တို့၊ စားသောက်ဆိုင်တို့၊ ဈေးဆိုင်တို့မှာ များပါတယ်။ ဝင်ငွေ တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ အလုပ်သဘာဝကို နားလည်အောင်ရယ်၊ လူမှုဆက်ဆံရေး ပြေပြစ်အောင်ရယ်ပါ ရည်ရွယ်ဟန်တူပါတယ်။

လုပ်ငန်းခွင် လူမှုဆက်ဆံရေးက သင်ကြားပေးလိုက်တဲ့ အခါ အဲဒီကလေးတွေဟာ စိတ်ရှည်သည်းခံခြင်း၊ ပြဿနာကို ဘယ်လို ဖြေရှင်းရမယ်ဆိုတာ အတွေ့အကြုံရသွားခြင်း ကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပိုင်ရသွားပါတယ်။ ကျွန်တော်တို့ဆီမှာလို အချို့သော အိမ်တွင်း ဘုရင် ဘုရင်မ လုပ်နေပြီး ဘဝထဲကျတော့ အရေးနိမ့်ကုန်တာမျိုး မဖြစ်တော့ပါ။

အထက်တန်းပြီးလို့ လိုင်းရွေးကြရာမှာလည်း မိဘများက လုံလောက်တဲ့ သတင်း အချက်အလက်ရယ်၊ အကြံဉာဏ်ရယ်ကိုပဲ ပေးကြပါတယ်။ ရွေးချယ် ဆုံးဖြတ်ခွင့်က ဘယက်ရှင် (ကျောင်းသားကလေး)ရဲ့ ကိစ္စပါပဲ။ မိဘများက လွှမ်းမိုးချင်လို့ မရပါဘူး။

ဒါကြောင့်လည်း သူတို့ဆီမှာ ကလေးများဟာ ဘွဲ့ရပြီးရင် ‘ဒါတော့ မသိဘူး အဖေတို့ အမေတို့) ရွေးခိုင်းတဲ့ လိုင်းပဲ ယူခဲ့တာ၊ မအောင်မြင်တာတော့ မသိဘူး’လို့ ဆင်ခြေတွေနဲ့ ရှောင်ထွက်တဲ့ အဖြစ်မျိုး မရှိပါ။

ရွေးချယ်ခွင့်နဲ့အတူ ကိုယ်တိုင် တာဝန်ယူမှုပါ တွဲလျက် ယူခဲ့တာကိုး။

ဂျပန်နိုင်ငံမှာ မိုင်ဝက်လောက်ဝေးတဲ့ ကျောင်းကို မူလတန်းကလေးတွေဟာ ကိုယ့်ဘာသာကိုယ်ပဲ ကျောပိုး အိတ်ထမ်း လမ်းလျှောက်သွားကြပါတယ်။ မြို့လယ်ကောင် ကလည်း အိမ်က လိုက်မပို့ပါဘူး။ ယုံကြည်ချက်အပြည့်နှင့် ကလေးဟာ တစ်ယောက်တည်း သည်း တဒေါက်ဒေါက် လျှောက်နေတာပါပဲ။

ဒီနေရာမှာ ပြောစရာ ရှိတာက ဂျပန်မှာတော့ ဟုတ်တာပေါ့၊ ကားတွေကလည်း စည်းကမ်းအပြည့်၊ အန္တရာယ်လည်း ကင်းတာကိုးလို့။

မှန်ပါတယ်။ ကျွန်တော်တို့ မြို့လယ်တွေမှာ ယာဉ် အန္တရာယ်သိပ်ကြီးသလို ကလေးရဲ့ လုံခြုံရေးအတွက်လည်း မသမာသူတွေ အန္တရာယ်ရှိပါတယ်။ ရှိတော့ ဘာလုပ်ကြ သလဲ။

နေတာက ဆင်ခြေဖုံး ထားတဲ့ ကျောင်းက မြို့လယ်ကောင်မှာ ဆိုတော့ ကားနဲ့ လိုက်ပို့ကြပါရောလား။ တစ်ရပ်ကွက်တည်း တစ်လမ်းတည်း အတူနေကလေးတွေ တစ်ကျောင်းတည်း သွားရမှာတောင် တစ်အိမ် ကားတစ်စီး ပို့ကြတာကို အင်မတန် ဂုဏ်ယူနေကြတာပါ။ စုပေါင်း ဖယ်ရီ (ကျောင်းကား) စီးဖို့ကိုတော့ အကြောင်းပြချက်

အမျိုးမျိုးနဲ့ ပြင်းဆန်ကြပါတယ်။ ကြာတော့ ကလေးတွေ ကိုယ်တိုင်ကလည်း အမေကိုယ်တိုင် နေ့တိုင်း လိုက်ပို့မှ လာကြိုမှလို့ နွဲ့ကုန်ကြတော့တာပါပဲ။ ဖယ်ရီ စီးတာပဲ အဆင့်နိမ့်သလိုလို ကိုယ်ပိုင်ကားနဲ့ ပို့မှ အဆင့်မြင့်သလိုလို တွေးကုန်ကြပါတော့တယ်။

အဲဒီတော့ မြို့လယ်ကောင်ကို မြင်အောင် ကြည့်ပါ။ ကလေးတစ်ယောက် ကားတစ်စီး (တစ်ခါတလေ အဖေကပါ အလုပ်အပြန်ဝင်ကြိုလို့ ကားနှစ်စီး) ဆိုတော့ ဒီလမ်းတွေ မပိတ်ဘဲ ခံနိုင်ပါ့မလား။ ရန်ကုန်မှာ ကားမောင်းသူတိုင်း ကျောင်းချိန်တွေကို အသေအလဲ ကြောက်ကြပါတယ်။ ဝဋ်တစ်ခုလို နေ့စဉ် ခံစားနေကြရပါတယ်။

လောင်စာဆီတွေ ပိုကုန်သလို၊ အချိန်တန်ဖိုးတွေလည်း ဆုံးရှုံးပါတယ်။ အများစု ဘွဲ့ရမိခင်များဟာ ကလေး ကျောင်းကြိုကျောင်းပို့ ကိုယ်တိုင်လုပ်ရတဲ့ ဒုက္ခကို ကျောင်းရှေ့မှာ ဘဝတူမိခင်တွေနဲ့ ခပ်ညည်းညည်း ကြားရင်း ဘဝသက်တမ်း တော်တော်များများကို စတေးလိုက်ကြ ပါတော့တယ်။ (ကျောင်းရှေ့မှာ မိခင်တွေ စုပြီး နေ့စဉ် ဘယ်လို အချိန်ဖြုန်းလဲဆိုတာ ကာယကံရှင်တွေ ပိုသိမှာပါ)

တိုးတက်သော နိုင်ငံများမှာ ကိုယ်ပိုင်ကားနှင့် လိုက်မပို့ရပါ။ ကျောင်းကားကို အားလုံး ကျေနပ်စွာ စီးကြရပါတယ်။

ကလေးတွေ အမှီအခို ကင်းကြပါစေ…။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၆၄၊ ၂၀၁၅



"ဒီလိုပါပဲ အစ်ကိုရာ…၊
ဇာတိကို ခင်တွယ်ပေမယ့် ကျွန်တော်တို့ ချစ်တဲ့
တောင်ပြာတန်းတွေကို
အဝေးက လွမ်းရုံလွမ်းရတဲ့ နေရာတွေမှာ
အလုပ်သွားရှာ နေကြရတာပဲ"လို့ ရေရွတ်နေတဲ့
သူ့မျက်လုံးတွေ ကျွန်တော် လှမ်းကြည့်တော့
တောင်လျှိုတွေကြား ဆိုင်းနေတဲ့
မြူငွေ့တွေလို မှိုင်းလို့

# တီးတိန်လမ်း

ချင်းပြည်နယ် တီးတိန်နယ်စပ် ကိုးမိုင်စခန်းနေရာဟာ နယ်ချဲ့ အင်္ဂလိပ်တပ်များ ချင်းပြည်နယ် သိမ်းဖို့အလာ အဲဒီဒေသက ချင်း ခေါင်းဆောင် ဗိုလ်နိုင်ကမ်း ဦးဆောင်ပြီးတော့ ခုခံခဲ့တဲ့နေရာ။ တီးတိန်က လာကြိုတဲ့ ကားက တောင်ပေါ်လမ်းပြင်လို့ ယန္တရားယာဉ်တွေ အားလပ်ချိန်မှ ဖွင့်ပေးတာမို့ နောက်ကျနေတာ စောင့်ရင်း ရေးဖြစ်တဲ့ ပန်းချီပါ။

လအနည်းငယ်အတွင်း ရေကြီးစဉ်က မျောပါလာတဲ့ ထင်းတုံးတွေ ကြည့်ရင်း လေးကြိမ်မြောက် ချင်းပြည်နယ် ခရီးစဉ်ကို မှတ်တမ်းတင်ပါတယ်။

လာကြိုတဲ့ ကားမောင်းသူဟာ ဘူမိဗေဒဘွဲ့ရလူငယ်ပါ။နာမည်က ထောင်ရှန်း။ အလုပ်အကိုင် ရှားတဲ့ အခက် အခဲကြောင့် ဒုဘိုင်းကနေ ကျန်းမာရေးကြောင့် အဆင်မပြေ ပြန်လာ။ အရှေ့တောင်အာရှနိုင်ငံ အချို့မှာလည်း အလုပ် လုပ်ခဲ့ဖူးသူပါ။

သာမန်အားဖြင့် သုံးနာရီကျော်ကျော် မောင်းရတဲ့ ခရီးကို ဒီတစ်ခေါက်တော့ ခုနစ်နာရီကျော် မောင်းရပါတယ်။ ခွက်ထဲကို ကျောက်ခဲတွေ ထည့်လှုပ်သလို တကျွန်းကျွန်း မြည်အောင် လှုပ်ခါနေတဲ့ ကားကို မောင်းရင်း သူက ပြောပြပါတယ်။

ချင်းပြည်နယ်မှာ အခုထိ တီးတိန်၊ တွန်းဇံလမ်းတွေဟာ စဖောက် ကတည်းက မြေသားလမ်း။ 'ကတ္တရာတောင် တစ်ခါမှ မနမ်းဖူးသေးတာ ကြံဖန် ဂုဏ်ယူစမ်းပါလို့' ကျွန်တော်က ပြောတော့…သူက မချိုပြုံး ပြုံးတယ်။ 'အစ်ကိုရေ ဒါဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရကဖောက်ခဲ့တာ မဟုတ်ဘူး။ ဒုတိယကမ္ဘာစစ်တုန်းက ဖောက်ခဲ့တဲ့ လမ်းကို အခုထိ သုံးနေရတုန်း'တဲ့။ ခရီးကြမ်းဒဏ်က သက်သာရာ ရလိုငြား ချင်းပြည်နယ် သင်္ကေတ တောင်ဇလပ်ပန်းတွေ အကြောင်း မေးတော့လည်း 'အဲဒီပန်းတွေက အမြင့်ပေ ခြောက်ထောင်ကျော်၊ ခုနစ်ထောင်လောက်မှ ပွင့်တယ်'တဲ့…။

သိုင်းငင်း ဆိုတဲ့ ရွာက ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ခြောက်ထောင်ကျော်မှာ ရှိတာမို့ အဲဒီကျမှ ရှုကြည့်တာပေါ့လို့ ဖြေသိမ့်ပြီး သွားပေမယ့် လမ်းမှာ ယန္တရားတွေ လမ်းပြင်လို့ ပိတ်ထားသမျှ အကြိမ်ကြိမ် စောင့်ရတော့ သိုင်းငင်း ရောက်တဲ့အခါ တောင်ဇလပ် ပန်းလေးကြည့်ဖို့ အလင်းရောင် မရှိတော့ဘူး။

တီးတိန်သွားမယ့် ကုန်ကားတွေမှာ ကုန်စိမ်းတွေ တွေ့တာကြောင့် မေးတဲ့အခါ အသီးအရွက်က အစ တမူးက ပြန်ဝယ်စားနေရတာ သိရပါတယ်။ ကိုယ်တိုင် မစိုက်ဘူးလား ဆိုတော့ ရေ မရှိဘူးတဲ့။ သုံးရက်တစ်ခါ တစ်လက်မ ပိုက်လောက်က နာရီဝက်လောက်ပဲ ရေရတာ ဆိုတော့ အပင်စိုက်ဖို့ နေနေသာသာ လူသုံးဖို့တောင် မလောက်ကြ ပါဘူး။

အချိုက အဝတ်လျှော်၊ ရေချိုးပြီး ရေကို ခံပြီးတော့ တပိုင်တနိုင် စိုက်ခင်းလေးတွေကို လောင်းရတယ်။ မွေးမြူရေး ဆိုလည်း ရွာတွေမှာ အိမ်နောက်ဖေးမှာ စည်းရိုးလေးခတ်ပြီးတော့ ကြက်ဝက် လေးငါးခြောက်ကောင် မွေးနိုင်သူက သူဌေးပါပဲ။ ဒါဖြင့် ချင်းရိုးရာ ဂျပ်ခုတ် အထည်ရက်လုပ် လုပ်ငန်းတွေကော မေးတဲ့အခါ တီးတိန် မြို့မှာ ချင်းရိုးရာ အထည်ဆိုင်တွေ တွေ့လိမ့်မယ်တဲ့။ ဒါဆိုရင် အဲဒီ ဂျပ်ခုတ်လုပ်ငန်းတော့ စီးပွားဖြစ် ရှိသေးတယ်ပေါ့လို့ မေးကြည့်တယ်။ ထောင်ရှုန်းက 'အဲဒီ အထည်တွေဟာ ကလေးမြို့က ဝယ်ပြီး ပြန်ရောင်းတာ။ တီးတိန်က ထွက်တယ် ထင်ပြီး ဝယ်ရင် ဈေးကြီးနဲ့ မိလိမ့်မယ်'လို့ သတိပေးပါတယ်။

ဝင်ငွေစီးပွားတွေအကြောင်း ဆက်မေးဖို့ နှုတ်ဆွံ့သွားတဲ့ ကျွန်တော့် အခြေအနေကို သူ သိတယ် ထင်ပါတယ်။ 'ဒီလိုပါပဲ အစ်ကိုရာ...၊ ဇာတိကို ခင်တွယ်ပေမယ့် ကျွန်တော်တို့ ချစ်တဲ့ တောင်ပြာတန်းတွေကို အဝေးက လွမ်းရုံလွမ်းရတဲ့ နေရာတွေမှာ အလုပ်သွားရှာ နေကြရတာပဲ'လို့ ရေရွတ်နေတဲ့ သူ့မျက်လုံးတွေ ကျွန်တော် လှမ်းကြည့်တော့ တောင်လျှိုတွေကြား ဆိုင်းနေတဲ့ မြူငွေ့တွေလို မှိုင်းလို့။

တီးတိန်လမ်းဟာ မြေသားဖြစ်နေတော့ မိုးတွင်းဆို တောင်ပြိုရင် ဗွက်နစ်ပြီး နှောင့်နှေးသလို နွေရာသီကျတော့ လည်း လမ်းပြင် ယန္တရားတွေနဲ့ ပိတ်ဆို့နေတာပါပဲ။ တောင်နံရံတွေကို ထပ်ဖြို မြေညှိနေတဲ့ ယန္တရားတွေက နာရီဝက်တစ်ခါလောက်သာ အလုပ်နား။ တောင်နံရံဘက် ကပ်ပြီး လမ်းဖွင့်ပေးတာဆိုတော့ ဒီလမ်းဟာ စိတ်ရှည်သည်းခံဖို့ကို ကျင့်ပေးနေတာနဲ့ တူပါတယ်။

အကြီးအကဲဆိုသူများကို တစ်ခါလောက် ဒီလမ်းပေါ် ကိုယ်တိုင် ဖြတ်မောင်းပြီး နဖူးတွေ့ ဒူးတွေ့ သိစေချင် လိုက်တာလို့ ဒေသခံတွေ တောင့်တကြပါတယ်။ မြို့ကို ဟယ်လီကော်ပတာနဲ့ လာရုံနဲ့တော့ လမ်းအကြောင်းကို မသိနိုင်ဘူးလို့ ပြောပါတယ်။

ပြီးခဲ့တဲ့ ရေဘေးတုန်းက တီးတိန်မြို့ပေါ်က ဒုက္ခသည် စခန်းမှာ လူကြီးလာမယ်ဆိုမှ နိုင်ငံတကာ ကူညီထားတဲ့ ရွက်ဖျင်တဲတွေ ခင်းကျင်းပြီး ဒုက္ခသည်တွေကို ဝင်နေ ခိုင်းတော့ ဒုက္ခသည်တွေက မနေတတ်ဘဲ ပြန်ထွက်လာကြတာကို သတိတရ ပြောဖြစ်ပါတယ်။ အရှိတရားကို ဖုံးဖို့ မိတ်ကပ်လိမ်းထားတာကိုပဲ အတိုင်အဖောက်



ညီခဲ့ကြတာကို။ ညဆိုရင် လမ်းက ရွာတွေမှာ ဈေးဝယ်ချင်ရင် အိမ်တံခါး ခေါက်ရပါတယ်။ အေးလွန်းတော့ အိမ်ထဲက မီးဖိုဘေးမှာ အိမ်ရှင်ရော ခရီးသည်ပါ မီးလှုံရင်း မိတ်ဖွဲ့ကြ ဘာသာ စကား မပေါက်လည်း ခြေဟန်လက်ဟန်တွေနဲ့ အလုပ် ဖြစ်ကြရတာပါပဲ။

အိမ်တစ်အိမ်ကို ကျွန်တော်တို့ တံခါးခေါက်ပြီး ကောက်ညှင်းထုပ် ရမလားလို့ မေးတဲ့အခါ...အိမ်ရှင်က ခေတ္တ တုံ့ဆိုင်းပြီးမှ ရတယ် ...လာ...လာ လို့ အိမ်ထဲကိုခေါ် မီးဖိုဘေးထိုင်ခိုင်း။ ရေနွေးအိုးချပေးပါတယ်။ ကောက်ညှင်း ထုပ်တွေ ယူလာပြီး 'ခဏစောင့် နွှေးပေးမယ်' ဆိုတော့ ကျွန်တော်တို့က တစ်ထုပ်စီ အရင် ပေးပါလို့ တောင်းပြီး ဆားဆားနဲ့ ပါးစပ်ထဲ ပလုတ်ပလောင်း ထိုးထည့်ကြပါတယ်။ကောက်ညှင်းထုပ် ...လေး နွှေးပြီးတဲ့အခါ ဘယ်လောက် ကျလဲ မေးမှ ဒါ ဈေးဆိုင် မဟုတ်ဘူး၊ အိမ်ပါ။ အိမ်မှာ ရှိတာ ပေးတာ ကျွေးတာပါတဲ့။ လူကြီးတွေတင် စေတနာကောင်းတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အငမ်းမရစားတာကို ထိုင်ကြည့် နေတဲ့ ကလေးတွေကပါ သူတို့ရဲ့ ခေါင်းစွပ် ညစ်ထေးထေးတွေ ကြားက ဖြူဝင်းတဲ့ အပြုံးတွေနဲ့ သဒ္ဓါကြောင်း ပြနေပါသေးတယ်။

တီးတိန်ခရီးအကြောင်း ပြောစရာတွေတော့ များစွာ ကျန်ပါရဲ့။ ခရီးတစ်ကြောင်းစီမှာ ခုနစ်နာရီ၊ ရှစ်နာရီလောက် ကြာတဲ့ မြေလမ်းကြမ်း။ ဗွက်နစ်တဲ့အခါ ရုန်း။ ကျောက်တုံး တွေကို ရှောင်၊ ချောက်ထဲမကျအောင်လည်း အိပ်မငိုက်ရဲ။မောင်းရှာရတဲ့ ဘူမိဗေဒဘွဲ့ရ ချင်းလူငယ်ဟာ ကျွန်တော်တို့ ကူမောင်းပေးမယ်ဆိုလည်း လက်မခံပါဘူး။ တကူးတက သာဖော်ရတာကိုပဲ ကျေးဇူးစကား ထပ်ထပ်ဆိုရင်း ချင်းရိုးရာ သီချင်းကိုလည်း အိပ်ငိုက်မပြေ ဆိုပြသေးတယ်။

ညခရီးမှာ မှိုင်းတိုက်တယ် ဆိုတာ လက်တွေ့ကြုံရပါတယ်။ ကျွန်တော်က လူတွေ ...ပြီး မီးခိုးမှိုင်း တိုက်တယ်လို့ ထင်နေတာ။ သဘာဝ အရ မြူဖုံးပြီး ရှေ့မမြင်ရတာကို ပြောတာကိုး။ မှိုင်းတိုက်ပြီဆို ရှေ့မှာ ချောက်လား၊ ကမ်းပါးလား၊ စမ်းတဝါးဝါးနဲ့ အိပ်လည်း ...က်ရဲတော့ပါဘူး။ မသင်္ကာရင် လူကိုယ်တိုင် ဆင်းပြီး ရှေ့ကလျှောက် လမ်းပြကြရပါတယ်။

အယူဝါဒ မှိုင်းတိုက်တယ် ဆိုတဲ့ စကား ဥပမာကို ယဉ်ပါးနေတော့ တောင်ပေါ်လမ်းမှာ သဘာဝမှိုင်းတိုက်တာကို ဥပမာစကားလိုလို ဖြစ်နေတာပါ။ အဲဒီလမ်းကို လာကြိုတော့ ...ခေါက်၊ ပြန်ပို့တော့ နှစ်ကြိမ် ...တစ်ယောက်တည်း အံခဲ မောင်းရှာရတဲ့ ညီလေး ...ကားကတော့ အမှတ်တရပါပဲ။ 'ဒီလမ်းက ဒုတိယ ကမ္ဘာစစ်ဖြစ်တော့ ဖောက်ခဲ့တာ ...တော့ မတောင်းပါဘူး...ဒါပေမဲ့ တတိယ ကမ္ဘာစစ်ဖြစ်မှ လမ်းသစ် ရမှာလားလို့ ...ရမလိုလိုပါ အစ်ကိုရာ'တဲ့။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၆၅၊ ၂၀၁၅



" သူတို့ထက်ငယ်တဲ့
နောက်မျိုးဆက်ကလေးတွေ
သူတို့ထက်ပို၍ အသိဉာဏ် ပညာရကြရင်
ကောင်းရာမှန်ရာကို
သူတို့ထက် ပိုလုပ်နိုင်ပါစေလို့
ရည်ရွယ်ပါတယ်တဲ့ "

ဟောပြောပွဲ လာဖိတ်တာ ဝေါမြို့နယ် စစ်တောင်းမြစ်နားမှာ ဆိုတော့၊ တစ်ခါက အကြောင်းကို သတိရပါတယ်။

ဝေါမှာ ဟောပြောပွဲ ရှိတယ်ဆိုတော့ သွားကြတယ်။ စစ်တောင်းမြစ်ဘေးတင် နီးပါတယ်တဲ့။ ကားလမ်းဆုံလို့ မြစ်ကြီး ကန့်လန့်ခံတဲ့ နေရာ ရောက်တော့ ဘယ်မှာလဲ မေးတဲ့အခါ ဟိုဘက်ကမ်း ကူးမှာမို့လို့ မော်တော်ပေါ် ကြွပါတဲ့။ မော်တော်က ကမ်း မကူးဘဲ အထက်ကို ဆန်တက်နေတော့ ဘာဖြစ်လို့လဲ မေးတဲ့အခါ စစ်တောင်းက ရေစီးကြမ်းတယ်လေ၊ တည့်တည့် ကူးရင် အောက်ကို ပါသွားမှာစိုးလို့ အထက်ကို ဆန်ပြီးမှ ကူးရပါတယ်တဲ့။ သိပ္ပံနည်းကျ မှတ်သားစရာပဲလို့ တွေးရင်း ညနေ အမှောင်ထဲ ငေးနေရင်း ခရီးဖော်တစ်ယောက်က မေတ္တာသုတ် ရွတ်နေတာ ကြားပါတယ်။ မေတ္တာသုတ်ဆုံးရင်တော့ ဟိုဘက်ကမ်း ရောက်မှာပဲလို့ ထင်ခဲ့တာ မေတ္တာသုတ်ဆုံးလို့ ခန္ဓသုတ် ပြီးတာတောင် မော်တော်ဦးက ယောင်လို့တောင် ဟိုဘက် ကမ်း မလှည့်ဘဲ ဆန်တက်မြဲပါ။ ပရိတ်ကြီး ၁၁ သုတ် ကုန်ပြီးနောက် ရာဇဝင်အုပေါက်တွေ ပြောရင်း ဘုရင့်နောင်က နောင်ရိုးတစ်ဖက်ကမ်းရောက် ဖောင်ဖျက်ပြီး တိုက်နေပြီ၊ ကျွန်တော်တို့ မော်တော်က ဟိုဘက်ကမ်းကို မကူးနိုင်သေးဘူး။

အင်ဂျင်သံ တဖြဲဖြဲနဲ့ အံခဲပြီး ဆန်တက်နေဆဲ တောင်ငူခေတ်၊ အင်းဝ၊ ကုန်းဘောင်၊ အင်္ဂလိပ် ဂျပန်ခေတ်လောက် ရောက်မှ ဟိုဘက်ကမ်းကို ခေါင်းတည်ပါတယ်။ ရောက်ပါပြီ ဆင်းကြပါ ဆိုပေမယ့် ကုန်းဘောင်ထိုးမယ့် သူလည်း မရှိ ကမ်းပါး မည်းမှောင်မှောင်ကြီးကို မော့ကြည့် နေရတယ်။ ရှေ့ဆုံးလူက စ အဆင်း စွတ်ခနဲ ပေါင်လယ်လောက် မြုပ်တာမြင်မှ နွံပြင်ပဲလို့ သိပြီး အားလုံး ခါးတောင်း ကျိုက်ကြပါတယ်။ ခါးတောင်းကျိုက်ကိုယ်စီနဲ့

နွံထဲ ရုန်းတက်ရင်း ထဘီဝတ် အမျိုးသမီးများ ပါရင် ဘယ့်နှယ်လုပ်ကြပါ့လို့ ပြောပြီး ရယ်ကြရသေး။ ရွှံ့တွေနဲ့ ကမ်းပါး အမြင့်ပေါ် ရောက်တဲ့အခါ ဘယ်မှာလဲ ဟောပြောပွဲ စင်မြင့် မေးပြန်တော့ လာကြိုသူတွေ မျက်နှာက ညခပ်မည်းမည်းထဲမှာ စပ်ဖြီးဖြီး။ ဆိုင်ကယ် ပေါ်ကြွပါတဲ့။ ဆေးစရာ ရေမရှိဘဲ ရွှံ့အလူးလူးနဲ့ပဲ ဆိုင်ကယ်ပေါ် ခွကြတယ်။ မည်းမှောင် မှောင် ထဲမှာ ဆိုင်ကယ်မောင်းသူက ဒူးမကားဖို့ သတိပေးတော့ ဘာကြောင့်လဲ သိချင်၊ နည်းနည်းကားကြည့်လိုက်တော့ အမျိုးအမည် မသိ အရာတွေက ဒူးနှစ်ဖက်ကို တဖြောင်း ဖြောင်း မြည်အောင် ဝိုင်းရိုက်လိုက်ကြပါတော့တယ်။ ဆိုင်ကယ်သမားက တဟိဟိ ရယ်ရင်း ကျွန်တော် မပြောဘူးလား။ ဒူးကို စေ့ထားပါလို့။ ခြံစည်းရိုးနွယ်တွေ ချုံနွယ်ပင် ဝါးခက်တွေ အလယ်က ဖြတ်သွားတဲ့ ဖြတ်လမ်းတဲ့ဗျား။ ဖြတ်လမ်းပေမို့ပဲ ပုံမှန် လမ်းဆို ဘယ်လောက်တောင်လဲ မသိပါ ဖြတ်လမ်းရဲ့ ဇာတ်ကြမ်းကို ပီကေ ငါးခု ဝါးပြီး စာလောက် ကြာမှ ဆိုင်ကယ်ပေါ်က ဆင်းနိုင်ပါပြီတဲ့။ ရောက်ပြီလား။ ဘယ်မလဲ ဟောပြောပွဲ စင်မြင့်လို့ မေးတဲ့ အခါမှာ မလုံမလဲ အပြုံးနဲ့ ထော်လာဂျီပေါ်ကို ထပ်ကြွပါဦးတဲ့။

.... ဒီနှစ်လည်း ဟောပြောပွဲကို ဝေါက ဖိတ်တယ်ဆိုတာနဲ့ ခြေကာလက်ကာ တောင်းပန်တဲ့အခါ သိပ်မဝေးပါဘူးတဲ့။ ကျွန်တော်တို့လည်း အတွေ့အကြုံအရ အဲဒီ သိပ်မဝေးတာကို ကြောက်တာ၊ ဒီလိုနဲ့ ကျွန်တော်တို့ ဝေါကနေ ညောင်ခါးရှည် ဆိုတဲ့ ရွာကြီး။ အဲဒီရွာကြီးလွန်တော့ မြေနီလမ်း တောလမ်း ဖြတ်ပြီးတဲ့အခါ ဒီပွဲအတွက် ဖုန်းဆက်စဉ်က ဝေါဆိုရင်တော့ ကြောက်တယ် ဗျာလို့ ပြောပြီး နောက်ဆုံးတော့လည်း ပါလာတဲ့ ဆရာ ညီမင်းညိုနဲ့ အကြည့်ချင်း ဆုံပါတော့တယ်။ အရင်တစ်ခါ လိုတော့ ခါးတောင်းမကျိုက်ရတော့ပါဘူး။ ရွာထိပ်မှာ ကလေးတွေက သပြေခက်တွေနဲ့ ကိုင်မြှောက်ကြိုမှ ရောက်ပဟေ့လို့ စိတ်အေးရပါတယ်။ ဟောပြောပွဲ စီစဉ်တာ လူငယ်တွေချည်းပါ။ စိုက်ခင်းတွေ ပေါတဲ့ ခြံဝင်းက ခြေတံရှည်အိမ်မှာ ကိုယ့်ရွာကို ကိုယ်ပြန်ရောက်သလို ခံစားရအောင် နွေးထွေးမှု ပေးပါတယ်။ အခင်းထဲက ကန်စွန်းရွက်နဲ့ ချဉ်ပေါင်တွေကို ကျွန်တော်တို့ ကိုယ်တိုင် ခူးချက်ရင်း ရင်းနှီးမှု ရခဲ့တယ်။ ဒီရွာမှာ ထူးခြားတာက လူငယ်တွေဟာ အဖွဲ့လိုက် လှုပ်ရှားမှု အားကောင်းတယ်။ အမျိုးသမီးတွေ စုဖွဲ့ပြီး ဥပုသ်ရက်တိုင်းမှာ ဥပုသ်စောင့် အဖွဲ့ဆိုပြီး ရွာနီးချုပ်စပ် ဘုန်းကြီးကျောင်း တွေပါမကျန် လှည့်ပြီး ဥပုသ်စောင့်တဲ့ ထူးခြားချက်မျိုး တွေ့ရပါတယ်။

စာပေဟောပြောပွဲကို တာဝန်ခံ စီစဉ်သူဟာ ဒီရွာသား လူငယ်ပါ။ လွန်ခဲ့သော ၁၅ နှစ် (ဆယ်တန်း အောင်ပြီး)ကတည်းက မလေးရှားသွား အလုပ် လုပ်ခဲ့သူ။ သူလိုပဲ ထိုင်း၊ စင်ကာပူ စတဲ့ နိုင်ငံတွေမှာ ဝင်ငွေရှာနေသူ ဒီ (အထက်ပန်းညို) ရွာသားများရဲ့ စုပေါင်း ထည့်ဝင်မှုနဲ့ အားထုတ်ကြတာ ဖြစ်ပါတယ်။



ကိုယ့်တိုင်းပြည်ထက်သာတဲ့ နိုင်ငံတွေ ရောက်သူတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ အားကျလွမ်းစိတ်၊ ဇာတိမြေကို အခြေ မြှင့်ချင်စိတ်တွေ ဖြစ်လာပြီး သူတို့ တပင်တပန်း ရှာဖွေ ရငွေထဲက စုထည့်ကြတဲ့ငွေနဲ့ ရွာအတွက် ပြန်ကြည့်ကြတာ ဖြစ်ပါတယ်။

အခြေခံ လိုအပ်ချက်ဖြစ်တဲ့ ဆေးပေးခန်းရယ် စာကြည့်တိုက်ရယ်ကို သူတို့ ချွေးနဲ့စာနဲ့ ဆောက်ကြပါတယ်။ အဲဒီနေ့က ဆေးခန်းနှင့် စာကြည့်တိုက်ဖွင့်ပွဲ အောင်ပွဲ အထိမ်းအမှတ် လုပ်တဲ့ စာပေဟောပြောပွဲပါပဲ။ ဒီကြိုးပမ်းမှု အပေါ် သူတို့ ရလိုက်တဲ့ သူတို့ဒေသ မြို့နယ်အုပ်ချုပ်ရေးရဲ့ တုံ့ပြန်မှုကတော့ သူတို့အတွက် ခံပြင်းစရာပါ။ ဟောပြောပွဲ ခွင့်ပြုချက် မပေးခြင်းပါပဲ။

ဒါကို သူတို့အညံ့မခံဘဲ ရအောင် လုပ်မယ်ဆိုတဲ့ စိတ်နဲ့ ဒီညအတွက် ကျွန်တော်တို့ကို အရောက် ခေါ်တာပါ။ ကျွန်တော်တို့လည်း ညရောက်အောင် စောင့်ရုံပါပဲ။ ဘာပဲဖြစ်ဖြစ် ရအောင် လုပ်မယ် စိတ်တွေနဲ့ပါ။

ဒီရွာတွေဘက်မှာ ကောက်ရိတ်သိမ်းချိန်မို့ လယ်ကွက်တွေထဲ ရိုးပြတ်တွေ ကောက်လှိုင်းပုံတွေကြား ကလေး များစွာ တွေ့နေရပါတယ်။ ဆော့ကစားနေကြတာ မဟုတ်ပါ။ ဆယ်နှစ်ကျော် အရွယ်ကစလို့ လူကြီးတွေနဲ့အတူ ကောက်ရိတ် ဝိုင်းကူနေကြပါတယ်။ ကောက်ရိတ်ခ ယောက်ျားကြီးဆို ငါးထောင်ကျပ်၊ အမျိုးသမီးတွေ နှစ်ထောင့် ငါးရာ ရပါတယ်။ ဒါကို ကလေးတွေက ဝင်ကူရင်း လုပ်ခ နှစ်ထောင့်ငါးရာနဲ့ ဝင်ရိတ်နေကြတာ၊ ကလေးတွေ လက်ဖဝါး နုနုမှာ စပါးပင် ရှတဲ့ ဒဏ်တွေနဲ့ ခြေထောက်တွေမှာလည်း ကောက်လှိုင်း သယ်တော့လည်း ရိုးပြတ်ငုတ်ရှလို့ ညိုညကျည်းတွေမှာ ရောင်ကိုင်းလို့။ သူတို့ ဒါတွေကို မညည်းတတ်ပါဘူး။ တစ်နေကုန်လို့ မှောင်တဲ့အခါ ရမည့် နှစ်ထောင့်ငါးရာလေးနဲ့ပဲ အားတင်းနေတာပါ။

သူတို့ထက်ငယ်တဲ့ လေး ငါး ခြောက်နှစ် ကလေးတွေကတော့ လယ်ကွက်ထဲ ကြွက်ထိုးကြ၊ ချောင်းမြောင်းထဲ ငါးဖမ်းကြနဲ့ ဟင်းစားရှာနေရတာ နေ့စဉ် ဘဝပါ။

ဒီဒေသမှာ စပါးအပြင် ဖရဲ ခရမ်းချဉ်၊ သီးနှံစုံလည်း စိုက်ကြပါတယ်။ ဖရဲနှင့် ပတ်သက်လိုတော့ သူတို့မှာ နာကြည်းစရာ၊ ဖရဲသီးဆို စိတ်ထဲ ချိုကို မချိုတော့တဲ့ ဇာတ်လမ်းတွေ ရှိပါတယ်။

ထွက်သမျှအကုန် တရုတ်ပြည်က ယူမယ်ဆိုလို့ ရှိသမျှ အရင်းလုပ် စိုက်ကြ တရုတ်ပြည် ကားတန်းကြီးဆီကို သွားရောင်းခဲ့ကြတဲ့ မြင်ကွင်းဟာ ရွှေထီး တဝင်းဝင်းနဲ့ ရှင်ပြုပွဲတွေ မြင်ယောင်ရင်းပါတဲ့။

တရုတ်ပြည်လည်းရောက်၊ မတန်တဆ၊ ဈေးနှိမ်ခံရ ပြောတဲ့ ဈေးပေးတော့လည်း အကြောင်းပြချက် အမျိုးမျိုးနဲ့ ထပ်ဈေးချ၊ အရည်အသွေး မမီဘူး၊ စံချိန် မဝင်ဘူးနဲ့

အလကားနီးနီး ဈေးဖြစ်လာတော့၊ မခံချင်စိတ်က ငယ်ထိပ် တက်လာပြီး ကားတွေပေါ်က အကုန်သွန်ချပြီး ပြန်လာခဲ့ကြ ပါတယ်။ ပြန်သယ်လာရင်လည်း ကားစရိတ် ပိုကြီးဦးမှာကိုး။

ဒါပေမဲ့ ဇာတ်က မပြတ်သေးပါ။ လမ်းဘေးမှာ အမှိုက်တွေ သွန်ခဲ့တယ်ဆိုပြီး တရုတ်စည်ပင်ရဲက ဒဏ်ငွေ ထပ်ဆောင်ခိုင်းပါသေးသတဲ့။ ဇာတ်နာလို့ မဆုံးတဲ့ ကျွန်တော်တို့ တောင်သူတွေ ထားခဲ့တဲ့ ဖရဲသီး တောင်ပုံယာပုံ ကိုတော့ သူတို့ ပြန်သွားမှ ခုန ဈေးနှိမ်ခဲ့သူတွေက ရောင်းစားဖို့ တပျော်တပါး လာကောက်ယူသွားကြတာ သိရလို့ ပိုရင်နာရကြောင်း ပြောပြကြပါတယ်။

တရုတ်ပြည်မှာ ဖရဲသီးသွားရောင်းတာ အရင်းပြုတ်ပြီးတဲ့ နောက်တစ်နှစ် ခရမ်းချဉ်သီးတွေ အကြွေးဝယ်စိုက်ကြပါတယ်။ 'အခြေအနေ ဘယ်လိုရှိလဲဗျ'လို့ ကျွန်တော် မေးတဲ့အခါ ရွာသားတစ်ယောက်က ဖြေပါတယ်။ 'ခရမ်းချဉ်ပေါ်တဲ့ အချိန် အခင်းတွေမှာ ရေးထားကြတယ်၊ မည်သူမဆို ခရမ်းချဉ်ခင်းကို အလကား မကြည့်ရ၊ မျက်စောင်းထိုး မကြည့်ရ'တဲ့။ 'ဩော်...ခရမ်းချဉ်ဈေးကောင်းလို့ မာန်တက် သွားကြပြီပေါ့ ဟုတ်လား'

'မဟုတ်ပါဘူးဗျာ...၊ အကြွေးယူစိုက်တာ ခရမ်းချဉ် ဈေးက မြေကြီးထိ ထိုးဆင်းသွားလို့ စိတ်တိုတိုနဲ့ ရေးတာပါ၊ ခရမ်းချဉ်သီးကို မြင်ရင် တွေ့ရင် ခူးသွားကြ၊ မခူးတဲ့သူ လိုက်ရိုက်မယ်ဆိုပြီး ရေးထားကြတာ၊ လူတွေပေးလည်း မစားနိုင်၊ နွားကျွေးတော့လည်း သွားကျိုးကုန်ပြီ'

အဲသလို အမောတွေ ကြားရပေမယ့် ဒီနှစ် စပါးဈေး ကတော့ သူတို့အတွက် အားတက်စရာကောင်းပါတယ်။ ယခင် နှစ်စဉ် သုံးသိန်းဝန်းကျင်ကနေ ဒီနှစ်တော့ ခြောက်သိန်းဝန်းကျင်ရလို့ ပျော်နေကြပါသတဲ့။ 'ဘာကြောင့် ဈေး ဒီလောက် ကွာသွားရသလဲ' မေးတဲ့အခါ 'အရင်ကတော့ ကုန်သည်ပွဲစားကြီးတွေက ညှိပြီး ဈေးကို နှိမ်ထားလို့'တဲ့။ 'အခုနှစ်တော့ အပြောင်းအလဲနှစ်ဆိုတော့ အရင်လို ညှိပြီး နှိမ်တာ မခံရတော့ဘူး။ ဥရောပသမဂ္ဂကလည်း မြန်မာ့ ဆန်ကို ပြန်ဝယ်တယ်ဆိုပဲ'

ရွာသားတွေဟာ သူတို့ရွာ လယ်ကွက်လောက်သာ ကြည့်တာမြင်တာ မဟုတ်၊ ကမ္ဘာ့ကုန်စည်ဈေးကွက်နဲ့ ဂရပ်ဖစ်ဇယား အတက်အကျများပါ ကြည့်မြင်သလို ကျယ်ကျယ်ပြန့်ပြန့်ကြီး ဆက်ရှင်းပြကြပါသေးတယ်။ စပါးဈေး ကောင်း မကောင်း ဘယ်လို တိုင်းတာသလဲဆိုတဲ့ ကျွန်တော့်အမေးကို ဖြေပုံကြည့်ပါ။

'ယေဘုယျတော့ဗျာ... စပါးတင်း တစ်ရာဟာ ရွှေတစ်ကျပ်သားဈေးနဲ့ ညီရင် အဲဒါ ဈေးကောင်းတဲ့ နှစ်ပဲ'



ကျွန်တော်တို့ စကားဝိုင်းကို ဦးဆောင် နေသူဟာ လယ်သမားဆိုပေမယ့် ကျောင်းဆရာလည်း ဖြစ်ပါတယ်။ ဒေသတွင်း ကိုစွသာမက နိုင်ငံတကာထိပါ မြင်သိနေရခြင်း အကြောင်းရင်းကတော့ သူတို့ စာဖတ်ကြလို့ပါတဲ့။

'ကျွန်တော်တို့ ဂျာနယ်တွေ တစ်ယောက်နဲ့တစ်ယောက် လဲပြီး ဖတ်ကြတယ်။ တစ်နေရာမှာ စုပြီး ဖတ်ကြတယ်၊ အဲဒီကနေ စာကြည့်တိုက်ဆောက် ဒီကနေ့ ဖွင့်ပွဲ ဖြစ်လာတာပါပဲ'

ဒီပွဲကို တာဝန်ခံ ကြိုးပမ်းသူတွေကတော့ ၁၀ တန်း အောင်ပြီး တက္ကသိုလ် ဆက်မတက်နိုင် နိုင်ငံခြားမှာ ဝင်ငွေရှာခဲ့ရတဲ့ လူငယ်တစ်စုပါ။ သူတို့ ဘာကြောင့် စာပေ ဟောပြောပွဲကို တန်ဖိုးထားပြီး မဖြစ်မနေ လုပ်ကြသလဲ။ သူတို့ဒေသမှာ တစ်ခါမှ စာပေဟောပြောပွဲ မလုပ်ဖူးပါ။ ပထမဆုံး အတွေ့အကြုံမို့ ဆန္ဒပြင်းပြသော်လည်း လက်တွေ့ ခက်ခဲကြပါတယ်။ ဒီနေရာမှာ အညတြ စွမ်းဆောင်ခဲ့တဲ့ သူတစ်ဦးအကြောင်း မိတ်ဆက်ပေးပါရစေ။ သူဟာ စာတတ် ပေတတ် မဟုတ်ရှာတဲ့ သာမန် တောသူ တစ်ယောက်ပါ။ ဇာတိရွာကို စွန့်ပြီး ဝင်ငွေအတွက် နယ်စပ်မှာ တစ်ဖက် နိုင်ငံမှာ အလုပ်သွားလုပ်ကြရတဲ့ ဒီရွာရဲ့ မျိုးဆက်သစ်တွေ အတွက် သူဟာ လေးနက်ခဲ့ပါတယ်။

သူတို့ ဘာကြောင့် ပညာဆုံးအောင် မသင်နိုင်ကြသလဲ။ မိသားစုနဲ့ ဝေးရာ အန္တရာယ်တောထဲ ဘာကြောင့် သွားနေကြရသလဲ။ အောက်ကျနောက်ကျနိုင်လှတဲ့ ဘဝတွေရဲ့ ဇာစ်မြစ်ဟာ ဘာလဲ။ ဒီမေးခွန်းတွေကို ဘယ်သူ ဖြေနိုင်မလဲ။ နောက်ဆုံးတော့ သူ စိတ်ကျေနပ်လောက်တဲ့ အဖြေကို ရခဲ့ပါတယ်။ ဒါပေမဲ့ သူ ပြန်မပြောတတ်သေးဘူး။ ဒီမေးခွန်းတွေ မေးချင်နေတဲ့ ဒီရွာသားလူငယ်တွေရှိရာ တစ်ဖက်နိုင်ငံကို အဖြေတွေ သယ်ယူသွားပါတော့တယ်။ အဲဒါကတော့ တစ်ဖက်နိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် ဒေသ အသီးသီးမှာ ရှိတဲ့ မြန်မာလူငယ်များထံ စာပေဟောပြောပွဲ အခွေများ ယူသွားပြီး နားထောင်စေခြင်းပါပဲ။ အဲဒီ အချိန်တွေတုန်းက အဲဒီ တောသူကြီး ထိုင်းနိုင်ငံထဲ အဝင်အထွက်လုပ်တိုင်း အဲဒီက ရဲတွေ၊ လဝကတွေရဲ့ အစစ်အကြောထုမှုတွေကို သူ နားလည်တဲ့နည်းနဲ့ ဖြေရှင်းခဲ့ရတာလည်း အကြိမ်ကြိမ်ပါ။ ခြိမ်းခြောက်မှုတွေနဲ့လည်း ကြုံခဲ့ရပါတယ်။ ဒါပေမဲ့ ကလေးတွေဟာ သူတို့ရဲ့ အနာဂတ်ဆိုတာ ယုံကြည်ပြီးဖြစ်တဲ့ အတွက် ထိုတာဝန်ကို မပျက်မကွက် အကြိမ်ကြိမ် ထမ်းဆောင်ပါတယ်။ စာပေ ဟောပြောပွဲ အခွေတွေ နားရည်ဝလာကြတဲ့ လူငယ်တွေဟာ ဇာတိရွာနှင့်တကွ အမိနိုင်ငံအတွက် သူတို့ စွမ်းသမျှ ကျေးဇူးဆပ်ကြဖို့ သန္နိဋ္ဌာန်ချကြပါသတဲ့။

ဟောပြောပွဲ တာဝန်ခံ လူငယ်ရဲ့ လိုတိုရှင်း အမှာစကားကို အကျဉ်းချုပ် ပြန်တင်ပြ ပါမယ်။ 'ဒါပထမဆုံး ကြိုးစားရတဲ့ စာပေဟောပြောပွဲပါ၊ ကျေးရွာက လူကြီးတွေ

အမြော်အမြင်ရှိရှိနဲ့ ခွင့်ပြုခဲ့ပေမယ့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ ခွင့်ပြုစာ တောင်းခံတဲ့အခါ ခွင့်ပြုစာအစား ဆန့်ကျင်ဘက် ရလဒ်အဖြစ် ရလိုက်တာကတော့ 'တားမြစ်စာ'ပါ။ အတွေ့အကြုံမရှိတဲ့ လူငယ်တွေအတွက်တော့ ကြီးစွာသော ခြိမ်းခြောက်မှုပါပဲ။ အဲဒီဒေသမှာ ကျေးရွာတွေဟာ ရပ်ရွာ အစွဲတွေနဲ့ သီးခြား ဖြစ်နေကြတာ ဘဝင်မကျပါဘူး။ ပြည်ပမှာ အလုပ်လုပ်ကြတုန်းက အားလုံးဟာ မြန်မာဆိုတဲ့ စိတ်နဲ့ ရပ်ရွာအစွဲမရှိ သွေးစည်းခဲ့ကြသလို အခုလည်း ရွာနီးချုပ်စပ်အားလုံးကို တူညီသော အကျိုးရစေလိုလို့ တလေးတစား လိုက်ဖိတ် ဆော်သြပြီးသားပါ။ တားမြစ်စာ ရောက်လာတယ်ဆိုတော့ အခြားရွာတွေက မလာဝံ့ကြတော့ဘူး။ တာဝန်ခံ စီစဉ်သူတွေကတော့ ဒါကောင်းတာ လုပ်တာပဲ၊ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်မယ်ဆိုပြီး ဖြစ်အောင် လုပ်ကြပါတော့တယ်။

သူတို့ထက်ငယ်တဲ့ နောက်မျိုးဆက်ကလေးတွေ သူတို့ထက်ပို၍ အသိဉာဏ် ပညာရကြရင် ကောင်းရာမှန်ရာကို သူတို့ထက် ပိုလုပ်နိုင်ပါစေလို့ ရည်ရွယ်ပါတယ်တဲ့။ မြို့နယ် အုပ်ချုပ်ရေးမှူးထံက တားမြစ်စာ လက်ဝယ်ရထားသူ ဟောပြောပွဲ တာဝန်ခံ လူငယ်ရဲ့ စကားတစ်ခွန်းကတော့ အထက်ပန်းညီရွာရဲ့ အမှတ်တရပါပဲ။

'ကျွန်တော် နိုင်ငံခြားမှာ ကျွန်ခံပြီးရလာတဲ့ ချွေးနဲ့စာနဲ့ လူတွေကို နား မျက်စိပွင့်စေချင်တယ်၊ ကောင်းတာ လုပ်တာဖြစ်တဲ့အတွက် ဘာမဆို ရင်ဆိုင်ပါ့မယ်' တဲ့။

လူ့ဘဝသက်တမ်းတို့မှာ အထက်ပန်းညီရွာက စိတ်ဓာတ်မျိုးကို ဦးညွှတ်လိုက်ပါတယ်။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၆၆–၆၇



❛ ကျွန်တော်တို့ဆီက ကလေးတွေက
စာမေးပွဲတွေနဲ့ ပတ်သက်ရင်
ဖိစီးလွန်း၊ ရည်မှန်းချက်ကြီးလွန်းသည်။
စာမေးပွဲ ရလဒ်ကိုသာ ဦးတည်နေတော့
ဘဝစာမေးပွဲအတွက်
တစ်ထပ်တည်း မကျတာ မသိကြသေး ❜

## ဉာဏ်ပညာ ကမ်းဆီ ပို့မည့် ဖောင်တော်ဦး

ဤကျောင်းတွင် -

၁။ မည်သည့် ကျောင်းဝင်ကြေး ကျောင်းထွက်ကြေးများ မရှိပါ။
၂။ လစဉ်ကြေး နှစ်စဉ်ကြေး မကောက်ခံပါ။
၃။ ဆရာ ကန်တော့ကြေး မရှိပါ။ မည်သည့်ကြေးမျှ သတ်မှတ်မထားပါ။

မန္တလေးမြို့က ကောင်းသတင်း ပျံ့နေသည့် ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားချင်နေတာ ကြာပါပြီ။ သတင်းတွေထဲ ဖတ်ရတာ အားမရနိုင်ပါ။ ရှင်ဒေဗီ ရိုက်ကူးခဲ့သည့် ဗီဒီယိုတွင် ကျောင်း၊ စာသင်ပုံနှင့် ဆရာ ဆရာမများ တွေ့ဆုံမေးမြန်းချက်တွေက အသစ်ကို တောင်းဆိုနေသည့် မြန်မာ့ ပညာရေးအတွက် ချိတ်ထားသော တံခါးချပ်များ လှစ်ပြသလို ဖြစ်ခဲ့သည်။ ထိုမှတ်တမ်းခွေထဲမှ ဆရာတော်ကြီး၏ စကားက မမေ့နိုင်စရာ။ စာတွေ အော်ကျက်နေမှ ကျေနပ်နိုင်သည့် မိဘများအတွက် မှတ်သားစရာ။

'ကလေးတွေက စာမကျက်ကြတော့ဘူး။ ပြီးတော့ သိပ် အမေးအမြန်း ထူလာကြတယ်'

ဟု။

ကျောင်းသားမိဘတွေ၏ တုံ့ပြန်ချက်ကို ပြန်ပြောပြရင်း စာအော်ကျက်နေမှ ကျေနပ်မည့် မိဘများအတွက် ကျက်စရာ မလိုအောင် မှတ်မိသွားပြီ ဆိုတာ သင်ကြားမှုနည်းစနစ်၏ အောင်မြင်မှု။ အမေးအမြန်း ထူလာတာကလည်း ထိုစနစ်၏ အကြိုက်ရလဒ်တို့ ဖြစ်သည်ဆိုတာ စနစ်ဟောင်း၊ ပုံစံဟောင်း များအတွက်တော့ ရှင်းပြရန် ခက်ကောင်း ခက်နေပါဦးမည်။

စာသင်တမ်း ကစားသလို ကစားစေရင်း အချင်းချင်း ပြန်သင်ပေးနိုင်လောက်အောင် ကျောင်းသားများ အရည် အသွေး တက်လာစေသည့် ထိုကျောင်း။

●

ထိုကျောင်းသည် ဧည့်သည်လာမယ်ဆိုမှ ပျာယာခတ် ရေချိုး သနပ်ခါးလိမ်း ကြိုပြသော ဌာနမျိုး၊ ကျောင်းမျိုး မဟုတ်ပါ။ ထုံးသုတ်သော အသွင်ဖြင့် ဖုံးကွယ်မထား။ အချိန်မရွေး လျှပ်တစ်ပြက် ဝင်ကြည့်နိုင်သည်။

ဆရာတော်ကြီး ကိုယ်တိုင် ဧည့်ခံ စကားပြော။ ဧည့်သည်တွေကို ဦးဆောင် ခေါ်လာနေသည့်ကြားက ကျောင်းသားများနှင့် ဆရာများ စာသင်မပျက် ကိုယ့်အလုပ်ကို ကိုယ်လုပ်နေမြဲ။ ကျောင်းကို ဧည့်သည်များ၊ လေ့လာသူများ လာတာမျိုးက နေ့စဉ်မို့ သူတို့အတွက် မဆန်းကြယ်ပါ။ သင်သူက သင်နေ၊ ငြင်းသူက ငြင်းနေကြ။ အားလပ်ချိန် ရသူတွေက ဆော့ကစားနေကြသည့်ကြား ဆရာတော်ကြီး ခမျာ ကတ်သတ်တိုးဝင်ရင်း သူ လာတာကို ဘယ်သူမှ မကြောက်ကြခြင်းအပေါ် အခုလို ကျေနပ်စွာ မိန့်ပါသည်။

'ဂါရဝပြု ရှိသေတယ်ဆိုတာ မေတ္တာစိတ်၊ ကုသိုလ်စိတ်ပဲ၊ အဲဒါရှိရင် ရပြီ၊ ကြောက်တယ်ဆိုတာ ဒေါသစိတ်၊ အကုသိုလ် စိတ်ပဲ၊ ကုသိုလ်စိတ်ကမှ ပညာ ရမှာ၊ အကုသိုလ်စိတ်က ပညာ မရဘူး။ သညာပဲရမယ်၊ ချစ်ကြောက်ဆိုတော့ ချစ်စိတ်နဲ့ ကြောက်စိတ်ဟာ တွဲနေမယ် ဆိုတာလည်း အဘိဓမ္မာအရ မဖြစ်နိုင်ဘူး'

ကျွန်တော့်စိတ်ထဲတော့ ချစ်ရင် မကြောက်ဘူး။ ကြောက်ရင် မချစ်ဘူး။ ကြောက်တာနဲ့ ချစ်တာ ကွဲပြားရမည် ဟု အသံတိတ် ရေရွတ်နေမိသည်။

●

ကျောင်းသားက ၇,၀၀၀ ကျော်၊ ဆရာက ၄၀၀ ကျော် ဆိုတော့ ဆရာတစ်ဦးလျှင် စာသင်သား ၁၄ ဦး၊ ၁၅ ဦး ခန့်နှုန်း။ ခြေနိုင် လက်နိုင်မျှသာ။ ကလေးတွေ များလွန်းလို့ လစ်ဟာသွားတယ် ဂရုမစိုက်နိုင်ဘူး ဆိုတာ မဖြစ်တော့။ နည်းစနစ်ကလည်း စာသင်နေလို့ သင်မှန်းမသိအောင်၊ ပျော်နေအောင် သင်တာမျိုး။ အပြိုင်အဆိုင် လေ့လာ ဆွေးနွေးရသော စနစ်မို့ ကလေးတွေ ငြီးငွေ့နေချိန်မရ။

ခုနစ်တန်း၊ ရှစ်တန်း စာသင်ခန်းထဲ ဆရာတော်ကြီး ဝင်လာသည်နှင့် တပည့်တွေ တုံ့ပြန်မှုက ဝမ်းသာအားရ အပြုံးများနှင့်၊ ချစ်စိတ် လိုလားစိတ်များနှင့်သာ။ ဧည့်သည် ပေါင်းစုံနှင့် အတွေ့အကြုံများစွာ ရထားပြီးသား ကလေးများ ပီပီ လေ့လာသူတို့အား စိုးရိမ်စိတ်ကင်းကင်း နှုတ်ဆက်သည်။ သူတို့ သင်ကြားမှု နေ့စဉ်ဘဝကို အစမ်းသပ်ခံရန် အသင့်။ တော်ရုံ ဧည့်သည်များလောက်တော့ သူတို့အတွက် သူငယ်ချင်း အသစ် ရသလိုပင် ပျော်နေသေး။ ဆရာတော်ကြီးက သူတို့အား အင်္ဂလိပ် စကားဖြင့်သာ သူတို့နှင့် အမေး အဖြေ လုပ်စေသည်။ ကလေးတွေကလည်း ပေါ့ပါးသွက်လက်။ သူတို့ကို



မေးနိုင်လို့ကသာ သူတို့က တရစပ် ပြန်မေးတာ ရင်ဆိုင်ဖို့သာ ပြင်ပေရော့။ ကျောင်းသားတွေရဲ့ပြန်လည် မေးခွန်းတွေကလည်း ပေါ့ပေါ့တန်တန် မဟုတ်။ တွေးခေါ် မြော်မြင်မှု၊ ထိုးထွင်းသိသော ပညာရေးကို ရထားသူများ ပီပီ မေးခွန်းတွေက စူးရှထက်မြက်ပါဘိ။

- အစိုးရကျောင်းနှင့် သူတို့ကျောင်း ကွာခြားချက် ဘာတွေလဲ။
- ပညာရေးစနစ်ကို ပြုပြင်ဖို့ဆိုလျှင် ဘာတွေ အရေးကြီး သလဲ။
- ဆရာ ဗဟိုပြု စနစ်နှင့် စာသင်သား ဗဟိုပြုစနစ် အားနည်းချက်၊ အားသာချက် သေချာဖြင့် စုံလို့။

အိမ်လည်လာသူ တစ်ဦးလို တင်စားရလျှင်တော့ ဧည့်သည်ကို ကြောက်သော ကလေးများမဟုတ်။ ဧည့်ဝတ် ကျေသော၊ ဧည့်သည် လက်မြှောက်ရလောက်အောင် အမေးအမြန်း ထူသော ကလေးများ ဖြစ်ပါကြောင်း။

●

စာကြည့်ခန်းထဲတွင် ကလေးတစ်ယောက် အင်္ဂလိပ် ကာတွန်း ဖတ်နေသည်။ ထို စာကြည့်ထပ် စာဖတ်ခန်းတွင် အင်္ဂလိပ် စာအုပ်များသာ ရှိသည်ကိုး။ မြန်မာစာအုပ် ဖတ်ချင်သပ ဆိုလျှင်တော့ အပေါ်ထပ်ကို ကြွ။ ထိုကလေးအား အင်္ဂလိပ်လို မေးသော ဧည့်သည် တစ်ဦးကို သူကပင် နိုင်ငံခြားသားလားဟု အင်္ဂလိပ်လို ပြန်မေးလိုက်သေး။ သူ့အသက် မေးကြည့်တော့ ၇ နှစ်။

တစ်ဖက်ခန်းမှာတော့ ကလေးမ တစ်ဦးက အင်္ဂလိပ် ဝတ္ထု စာအုပ်ကို နားကြပ်တပ် ဖတ်နေသည်။ နားကြပ်ကို တောင်းယူကြည့်သော် ဝတ္ထုစာသားများကို အင်္ဂလိပ်လိုပင် အသံထွက် ဖတ်ပြနေသော တိပ်ခွေ။ ဧည့်သည်အား ကလေးမက ဇာတ်လမ်းအကျဉ်းကို ရှင်းပြပြီး ကောင်းခန်း ရောက်နေပြီဖြစ်၍ ဆက်ဖတ်လိုက်ဦးမယ်ဟု ဆိုကာ ဇာတ်လမ်းထဲ မျောကျွန်နေခဲ့သည်။

ဝရန်တာမှာ သက်နီးတွေ လှန်းထားသော လေးထပ် ကျောင်းဆောင်။ အရွယ်စုံ ဘိုရင်တွေ၊ ကျောင်းသားတွေနှင့် ဒီကျောင်းဆောင်မှာ ကျောင်းအိပ် ကျောင်းစား ၈၀၀ ခန့်။ အခြား မိဘမဲ့ အခြေအနေမဲ့ များစွာကိုလည်း တစ်သက်စာ တာဝန်ယူထားရသေးသည်။ ဒီကျောင်းမှာ ငယ်စဉ်ကပင် နေခဲ့ပြီး နယ်ပယ်စုံတွင် ထူးချွန်သူများ အပြိုင်အရိုင်း ထွက်ပေါ်ခဲ့ပါသည်။ ဩစတြေးလျလို နိုင်ငံမျိုးတွင် ပညာရေး နှင့် မဟာဘွဲ့ တက်ခဲ့ပြီး ဒီကျောင်းမှာပဲ ဆရာမ ပြန်လုပ်နေသူ ဒေါ်ဆွေဆွေမြင့်လို ဆရာမမျိုးဟာလည်း ဒီကျောင်းထွက်ပဲ ဖြစ်ပါသည်။ ယခု ဆရာတော် ဦးနာယက ဦးဆောင်နေသော အသက်တန်းကျောင်းကို ဩစတြေးလျ နိုင်ငံ အစိုးရနှင့် ပူးပေါင်း၍ တက္ကသိုလ် အဆင့်ထိ

မြှင့်တင်ဖို့ သဘော တူညီချက် ရထားပြီးပါပြီ၊ အကောင်အထည် ဖော်ရန် အခက်အခဲများ ရှိနေပါသေးသည်။

မြန်မာ့လက်ရွေးစင် အားကစားဝတ်စုံဖြင့် လူငယ်တစ်ဦးကို ဆရာတော်က မိတ်ဆက်ပေးပါသည်။ သူသည် ဒီကျောင်းမှာ ငယ်စဉ်ကပင် ပျိုးထောင်ပြုစု ခံခဲ့ရသူ တစ်ဦး။ လက်နှစ်ဖက် မရှိသော်လည်း မသန်စွမ်းဆိုသော စကားသည် သူ့အတွက်တော့ ထိုက်တန်လှပါသည်။ အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ ရေကူးနှင့် အပြေး အားကစားတွင် ရွှေတံဆိပ် ရယူခဲ့သူ အောင်ငြိမ်းဦး ဖြစ်ပါသည်။ ‘သူက ဒီကျောင်းက မွေးထုတ်ခဲ့ပြီး ဒီကျောင်းမှာပဲ နေတာပါ၊ ဒါပေမဲ့ဗျာ ဆီးဂိမ်း ရွှေတံဆိပ်ဆု ရတဲ့အခါ အစိုးရ သတင်းစာထဲမှာ ဒီကျောင်းနာမည်ကို မဖော်ပြခဲ့ဘူး။ တခြား ကျောင်းနာမည်ကို အစားထိုး ဖော်ပြခဲ့တယ်ဗျာ’ ဟု မချိတင်ကဲ ပြန်ပြောပြနေသော ဆရာ တစ်ဦး၏ ခံစားချက်ကို ကျွန်တော်တို့ ကောင်းစွာ နားလည်မိခဲ့ပါသည်။

ငလျင် ဘာကြောင့် လှုပ်ရသလဲ၊ မီးတောင်တွေ ဘာကြောင့် ပေါက်ကွဲရသလဲ၊ ကလေးတွေကို ဗီဒီယိုဖိုင်များ၊ ဓာတ်ပုံများ ပြပြီး သိလိုစိတ် နှိုးဆွပေးသည်။ ဆရာမကတော့ ဂရိ ဒဿနိကဗေဒ နတ်ဘုရားမတွေ စိတ်ဆိုးပြီး လုပ်တာ ကြားဖူးတယ်၊ ဟုတ်ရဲ့လား၊ ဝိုင်းရှာပေး ဝိုင်းအတည်ပြု ပေးကြပါဦးဟု ကလေးတွေကို အကူအညီ တောင်းသည်။ ကလေးတွေက အင်တာနက်ပေါ် တက်သူတက်၊ စာကြည့် တိုက်ထဲ ဝင်သူဝင် ရှာဖွေ မွှေနှောက်ကြပြီ။ အင်္ဂလိပ်စာ ဖတ်နိုင်ပြီမို့ သူတို့အတွက် ဘာသာစကား အခက်အခဲ မရှိ။ နောက်နေ့မှာတော့ ငလျင် ဘာကြောင့်လှုပ်၊ မီးတောင် ဘာကြောင့် ပေါက်ကွဲဆိုတာ ကလေးတွေက ဆရာမကို ပြန်ရှင်းပြနိုင်ကြပြီ။ ကိုယ်စီ လေ့လာထားခဲ့သမျှတွေ တစ်လှည့်စီ ပြန်ပြောပြရင်း အပြန်အလှန် သင်ပေးမှန်း မသိ သင်ပြီးသား ဖြစ်ကုန်ကြသည်တဲ့။

‘ကျွန်မက ကလေးတွေရဲ့ သိလိုစိတ်ကို နှိုးဆွပေးရတာပဲ၊ သိချင်စိတ် ပြင်းပြလာပြီဆို အညွှန်းတွေ ရှာဖို့ ပေးလိုက်တယ်၊ သူတို့ကိုယ်တိုင် ရှာလာကြတာပေါ့၊ လူဟာ အကြားထက် အမြင်ကို ပိုမှတ်မိတာဆိုတော့၊ တတ်နိုင်သမျှ အမြင်အာရုံနဲ့ သင်တယ်၊ မြေပုံတွေ ကမ္ဘာလုံးပုံတွေအပြင် ဗီဒီယိုကလစ်တွေပါ အားကိုးရတာပဲ၊ တစ်ခုခုကို သင်မယ် ဆိုရင် သူတို့ကိုယ်တိုင် သိအောင် အချက်အလက်တွေ ရှာနိုင်းတယ်၊ စုနိုင်းတယ်၊ တစ်ဦးချင်းရယ် အုပ်စုလိုက်ရယ် ခွဲပြီး တင်ပြခိုင်းတယ်။ သူတို့အချင်းချင်း ပြောနေကြတာက ကျွန်မ ဆရာမတစ်ယောက်အနေနဲ့ ဘေးက နားထောင်လို့ ပိုကောင်းတယ်လို့ ခံစားရပါတယ်။ အပြန်အလှန် မေးခွန်း ထုတ်ကြတာ၊ အချက်အလက် မျှဝေကြတာတွေဟာ ပုံမှန်ချိန် ၄၅ မိနစ်ထက် ပိုတန်ဖိုးရှိလှပါတယ်’ ဟု ပထဝီသင် ဆရာမ ဒေါ်ဖြူပြာကိုက ရှင်းပြပါသည်။

ဘယ်တိုင်းပြည် ဘယ်နားရှိလဲ မြေပုံထောက်လိုက်ရုံ၊ အသေးစိတ် သိလိုလျှင် စွယ်စုံကျမ်းတွေကလည်း နံဘေးမှာ အသင့်၊ ဂျစ်ဆောခေါ် အပိုင်းအစများ ပြန်ဆက်ရသည့်



ာစားနည်းဖြင့်လည်း ပထဝီကို မပျင်းအောင် မှတ်မိလွယ်အောင် သင်နေကြသည်။

တကယ်တော့ ဒါတွေက နိုင်ငံတကာမှာ မဆန်းပါ။ ကျွန်တော်တို့ မျိုးဆက် ာတ်ပြိုင်များသာ ဒီလို ပညာရေးနှင့် ဝေးခဲ့ရခြင်း ဖြစ်ပါသည်။ အားလုံးနီးပါး အလွတ်ကျက် ြေဖြခဲ့ရသော စာမေးပွဲများ ရလဒ်က ထိုမျိုးဆက်၏ ဘဝပင် ဖြစ်လာသည် မဟုတ်ပါလား။

စာမေးပွဲစစ်တယ် ဆိုတာ အမှတ် အောင် ရှုံး ကြည့်ဖို့ မဟုတ်ဘူး။ တကယ် ာတ်သွားရဲ့လား။ ငါ ဘယ်လောက် သင်နိုင်ခဲ့သလဲ ဆိုတာ အမြဲ ဆန်းစစ်နေကြောင်း၊ ာမေးပွဲ ရလဒ်ထက် လက်တွေ့ဘဝမှာ ဘယ်လောက် အားသာချက် ရသွားလဲ ဆိုတာ ိုင်းတာကြောင်း-

ပြီးတော့ ဒေါ်ဖြူပြာကိုက သူ အမြဲ ပြောနေကျ စကားကို ကျွန်တော့်ကို အခုလို ပြောပြပါသည်။

‘မိဘတွေက စောဒကတက်ကြတယ်၊ စာအုပ်ထဲမှာ ဘာမှလည်း ရေးလာတာ တွေ့ရဘူး။ အိမ်စာလည်း မပေးဘူးတဲ့၊ ကျွန်မ ကလေးတွေက ခေါင်းထဲ ပါသွားပြီလေ။ ာအုပ်ထဲ မလိုတော့ဘူး။ အိမ်စာက ဘာလုပ်ဖို့လဲ၊ ကျွန်မတို့က တွေးစရာပဲ ပေးလိုက်တာ။ ဲဘ အတော် များများက လက်မခံနိုင်ကြသေးဘူး’ ဟု အမောကို ရယ်ကာ ပြောပြပါသည်။

ဂျပန်နိုင်ငံမှာ ကလေးများကို ကျောင်းနေစ အရွယ်တွင် စာမေးပွဲဆိုသည့် နတ်ဆိုး၏ အငြိမ်းအခြောက်မခံစေရပါ။ ၉ နှစ်အရွယ်အထိ စာမေးပွဲမရှိ ပကတိ ပျော်ပါးစေသည်ဟု ျွန်တော် ကြားဖူးကြောင်း ပြန်ဖောက်သည် ချမိပါသည်။

●

သမိုင်းကို ဘာကြောင့် သင်ရသလဲ။ ပညာရေး ဆိုတာ အချက်အလက်တင် မဟုတ်တာတော့ သေချာတယ်။ ကလေးရဲ့ ပူးပေါင်း ပါဝင်မှု အရေးကြီးတယ် ဆိုပါတော့။ ပထမ၊ ဒုတိယ ာမ္ဘာစစ်ဖြစ်တယ်။ ဘာကြောင့်လဲ၊ အကြောင်းရင်းကို ရှာခိုင်းတာ၊ ကျွန်မ လိုချင်တာက ချက် ရှိတယ်။ ဒါပေမဲ့ မပြောမိခဲ့ဘူး။

၁။ သင်ခန်းစာ လေ့လာရာမှာ ပူးပေါင်း ပါဝင်မှု ရှိရမယ်

၂။ ပြန်လည် တင်ပြတတ်ရမယ်

၃။ ဝေဖန် သုံးသပ်တတ်ရမယ်

ကလေးတွေက ဘာကို အမှတ်ပေးမယ် ဆိုတာ မသိခဲ့ကြဘူး။

အထက်ပါ အတွေ့အကြုံ ပြောပြနေသူက ဒေါ်ဆွေဇင်ဝင်း ဖြစ်ပါသည်။ ဩစတြေးလျ ိင်င် ဝစ်တိုးရီးယား တက္ကသိုလ်မှာ မဟာဘွဲ့ယူပြီး ပြန်လာ ဖောင်တော်ဦးမှာ သမိုင်း သင်ပေးနေသူ။

ရှစ်တန်း သမိုင်းကို သင်တော့ ကျောင်းသား ဇဟိုပြု စနစ်ကို သုတေသန အသေးစားလုပ်သည်။ ယဉ်ကျေးမှု မတူတော့ ဘာတွေ ကွာခြားသလဲဆိုတာ ရှာကြည့်ရသည် တဲ့။

ကျွန်တော်တို့ဆီက ကလေးတွေက စာမေးပွဲတွေနဲ့ ပတ်သက်ရင် ဖိစီးလွန်း၊ ရည်မှန်းချက်ကြီးလွန်းသည်။ စာမေးပွဲ ရလဒ်ကိုသာ ဦးတည်နေတော့ ဘဝစာမေးပွဲ အတွက် တစ်ထပ်တည်း မကျတာ မသိကြသေး။ တကယ်တော့ စာမေးပွဲအတွက် ရည်ရွယ် သင်နေတာ မဟုတ်။ ဘဝအတွက်ပါ ဆိုတာကို သဘောမပေါက်နိုင်။ မျက်စိလည်နေကြတုန်းဟု ကျွန်တော် ထင်ကြောင်း။ ဆရာမကို ပြန်ဆွေးနွေးကြည့်ပါသည်။ ဆရာမက ကလေးတွေမှာ အမှတ်၊ အဆင့် ပြဿနာ ရှိနေကြောင်း ပြန်ဆွေးနွေးပါ၏။

'ကျွန်မက ၁၃ နှစ်အရွယ် ကလေးတွေကို သင်တယ်၊ သူတို့အရွယ်နဲ့ ကိုက်ညီတဲ့ ဆုံးဖြတ်ချက်ကို ချနိုင်ရေးကို ကျွန်မ ဦးတည်တယ်၊ ရဲဘော်သုံးကျိပ်အကြောင်း၊ လွတ်လပ်ရေးအကြောင်း သင်ကြရတာချည်းပဲ၊ ဒါတွေက ပြီးခဲ့ပြီ မဟုတ်လား။ ဘာကြောင့် သင်နေရလဲ၊ မပြီးနိုင်သေးတဲ့ အကြောင်းတွေ ရှိလို့ပေါ့၊ ဝေဖန် သုံးသပ်တတ်ဖို့ပါပဲ'

ခုတော့ ထိုကျောင်း၏ ရည်ရွယ်ချက်အတွက် ကြိုးစားခဲ့သလောက် ရလဒ်ကောင်းတွေ ပြလာပြီ။ ရှစ်တန်း ကျောင်းသားတွေမှာ သမိုင်း သင်တော့မယ်ဆိုရင် တက်ကြွ နေကြပြီ။ သိချင်တာတွေ အများကြီးအတွက် နိုးကြား နေကြပြီ။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း အစပေးလိုက်ရုံ နောက်နေ့တွေမှာ ကိုယ်စီ ရှာဖွေလာသော ဓာတ်ပုံ ရှားပါး မှတ်တမ်းတွေဖြင့် ကျောင်းသားတွေက တစ်ဖန် ကျေးဇူးပြုလာကြပြီ။

ဒုတိယနှစ် သမိုင်း သင်ခန်းစာသည် ရှစ်တန်း သမိုင်းကို အကျယ်ချဲ့ထားကြောင်း ရှစ်တန်း ကျောင်းသားတွေ ကောင်းစွာ သိသွားကြပြီတဲ့။

သူတို့သည် စာမေးပွဲအမှတ်လောက်နှင့် လမ်းဆုံး သူများ မဟုတ်ဟု ကျွန်တော့်စိတ်ထဲ ကြွေးကြော်မိပါသည်။

နိုင်ငံတကာမှာ သင်နေတဲ့ ကျောင်းသားဗဟိုပြုစနစ်၊ စိစစ်ပိုင်းခြား ဝေဖန်တဲ့ စနစ်နှင့် မြန်မာပြည်မှာ လစဉ် စာမေးပွဲအဆင့်အပေါ် သဲသဲလှုပ်နေတဲ့ မိဘတွေ အတွေး အာရုံအပေါ် ရုတ်တရက် ပေါင်းစပ်ရတာ အခက်အခဲ ရှိကြောင်း ဖစ်တိုးရီးယားတက္ကသိုလ်မှ မဟာဘွဲ့ယူခဲ့သူ ဆရာမက ညည်းတွားပါသည်။

ကလေးတွေက ရည်မှန်းချက် သိပ်မြင့်းထန်တယ်။ အဲဒါ မကောင်းဘူးလား ဆိုတော့ ကောင်းပါတယ်။ ဒါပေမဲ့ သူတို့ ရည်မှန်းချက်က စာမေးပွဲအမှတ်ပဲ ဖြစ်နေတယ်။ ကျွန်မက ၁၃ နှစ် အရွယ်ကို သင်နေရင် ၁၃ နှစ် အရွယ်နဲ့ ကိုက်မည့် ဆုံးဖြတ်ချက်ချနိုင်တာမျိုးကို လိုချင်တာဟု ဆရာမက ပြောပါသည်။



ဆုံးဖြတ်ချက် ဆိုသည့် စကားလုံးက အတော် တာသွားသည်။ ဒါက အလွတ်ကျက် အာဂုံဆောင်ရသည့် ကိစ္စ မဟုတ်တော့ပါ။ ဆုံးဖြတ်နိုင်စွမ်းရှိဖို့ ဝမ်းစာအသိလည်း ဒိုသလို တွေးခေါ်မြော်မြင်နိုင်စွမ်းက ကျင့်သားရနေရမည်။ ဒီအတွက် ပြဿနာက ကိစ္စ အကြောင်းအရာတိုင်းအတွက် အလေ့အထ လုပ်ပေးထားဖို့ လိုပါမည်။

အချို့အတန်းကြီးလာသော ကျောင်းသားများထံမှ သမိုင်း မေးခွန်းကို နားမလည်ဘူး ဆိုသည့် အသံများ မကြာခဏ ကျွန်တော် ကြားရဖူးသည်။ သမိုင်းဆိုတာ မှတ်စု ချပေးထားသူ၏ အာဘော်မျှဟု နားလည်ထားလျှင်တော့ ဒီပြဿနာ ကြုံနေမှာပဲ ဖြစ်သည်။ အဖြေမှာ မေးခွန်းပါ အလွတ်ကျက်ထားရသည့် ဘဝဆိုတော့ မေးဟန် နည်းနည်း ပြောင်းတာနှင့် အဖြေစာရွက်ပေါ် ဘာချရေးရမှန်း မသိ ဖြစ်ကုန်တော့သည်။

ဒါနှင့် သမိုင်းကို ကြောက်တယ်လို့ အော်ကုန်ကြတာဟု ကျွန်တော် ထင်သည်။

ကြောက်တာတင် ပြဿနာ မဟုတ်ဘူး။ သမိုင်း သင်တာ ပျင်းစရာလို့လည်း အဖြစ် မခံနိုင်ဘူးဟု ဆရာမက ဆက် ဆွေးနွေးသည်။

ကိုလိုနီခေတ် လွတ်လပ်ရေးသမိုင်း သင်နေရင်းက လက်ရှိ ခေတ်နှင့် တူနေသည့် အချက်များ ဘာလဲဆိုတာ နှိုင်းယှဉ်ကြည့်နိုင်လျှင် ပျင်းစရာကောင်းတော့မှာ မဟုတ် ကြောင်း။ အဖွဲ့အစည်းများ။ လူပုဂ္ဂိုလ်များသာ နာမည် မတူသော်လည်း အကွဲအပြဲများ သပ်နည်းလုပ်ဟန်များ လွတ်မြောက်ရေး ကြိုးပမ်းမှုများ၌ ဖြစ်စဉ်ခြင်း ဆင်တူရိုးမှား တွေ ရှိနေကြောင်း ကျွန်တော်တို့ ကြုံဖူးကြပါသည်။ ဒါတွေကို နှိုင်းယှဉ်ကြည့်နိုင်ဖို့ ဆိုတာကျပြန်တော့၊ လက်ရှိ ခေတ်ကို လူကြီးတွေ ရဲရဲဝံ့ဝံ့ သုံးသပ်ပြနေကြဖို့ လိုသလို ကလေးတွေ ကလည်း နားရည်ဝနေဖို့ လိုပါမည်။ စနစ်ကို မဝေဖန်ဝံ့သည့် ခေတ်ထဲမတော့ သမိုင်းထဲက ဖြစ်စဉ်များနှင့် နှိုင်းယှဉ် ကြည့်ရင်း မပျင်းရသည့် သမိုင်း သင်ခန်းစာဖြစ်ဖို့ ခက်ပါ လိမ့်မည်။

ခက်တာက စာမေးပွဲအပေါ်မှာပဲ ပညာရေးကို အခြေခံ စဉ်းစားနေတော့ မည်သို့မျှ ပြည့်စုံနိုင်ပါ။ ဒါကြောင့်ပင် ဖြစ်ပါမည်။ အတန်းကျောင်း စာမေးပွဲတွေမှာ အောင်မှတ် ကောင်းပေမယ့် ဘဝ စာမေးပွဲမှာ အရေးမလှကြတာ၊ ကျောင်း စာမေးပွဲ အမှတ် ကောင်းသော်လည်း ဘဝ စာမေးပွဲမှာ ဂုဏ်ထူးတွေ ထွက်ကုန်ကြတာ ကျွန်တော်တို့ မြင်နေ သိနေရတာဟု ယူဆပါသည်။

'စာမေးပွဲစနစ်က ပြည့်စုံတဲ့ ပညာရေးဖြစ်ဖို့ မလုံလောက်ဘူး'

ဆရာမက ဆက်သုံးသပ်သည်။ အချိန် အကန့်အသတ် အတွင်း သင်ရသည့် သင်ရိုးညွှန်းတမ်းကလည်း ဘယ်လောက် ပြည့်မီလဲ ဆိုတာ ရှိသေးကြောင်း ရှင်းပြ သည်။ ကျောင်းသားဗဟိုပြု ပညာရေးက လိုချင်သည်မှာ ဦးနှောက်မှ ဘယ်လောက်

စုပ်ယူနိုင်သွားသလဲ ဆိုတာကို ကြည့်သည်တဲ့။ ဟုတ်လိမ့်မည်။ ဘဝမှာက မှတ်မိသည့် အရာများသာ ပြန်အသုံးချနိုင်တာကို။

ဆရာမကို အနာဂတ်အတွက် ဖြစ်စေချင်တဲ့ ဆန္ဒ မေးကြည့်တော့၊ Professional ကျကျ ဖြစ်စေချင်တယ်ဟု ဖွင့်ဟသည်။ မိမိ အသက်မွေးမှုနှင့် ဖြည့်ဆည်းမှု အစွမ်းအစ ရပိုင်ခွင့်တွေ၊ ထိုက်တန်သော တုံ့ပြန်မှုတွေကို နယ်ပယ်တိုင်းမှ ပညာရှင်များက မျှော်လင့်ကြသည်မှာ တရားမျှတပါသည်။

ကျွန်တော်တို့ဆီမှာ Volunteer ဆိုလျှင် စေတနာ့ ဝန်ထမ်းဟု နားလည်ပြီးသား။ အငြင်းပွားစရာ သိပ်မရှိ။ Professional ဆိုလျှင်တော့ ရှေးစကား အနေဖြင့် ကြေးစားဟူသော ဘာသာပြန်မှုက ရှိခဲ့သည်ကို။ ဆရာမ ကတော့ ဒီနေရာမှာ ကျွမ်းကျင်သော ပညာရှင်၊ အတတ် ပညာရှင်ကို ဆိုလိုပုံရသည်။ မိမိ အလုပ်ကို ကျွမ်းကျင်မှုဖြင့် တာဝန်ခံဝံ့သောသူ ဖြစ်ရမည်။ သူ့အတွက်လည်း လူ့အဖွဲ့ အစည်းက ထိုက်သင့်သော သိမှတ်ပြုမှုတော့ လိုပါသည်ဟု ကျွန်တော် နားလည်သည်။

ခုတော့ ဖောင်တော်ဦးသည် စေတနာ့ဝန်ထမ်းဆန်သော ကျောင်း အထောက်အပံ့များဖြင့် အခြေခံ၍ လည်ပတ်နေ ရသော ကျောင်း ဖြစ်နေဆဲကို။ ဆရာတော်ကိုယ်တိုင်က ထို အနေအထားကို မတင်းတိမ်။ မိမိ ဝင်ငွေ မိမိ ရှာဖွေ၊ မိမိ ခြေပေါ် မိမိ ရပ်နိုင်သော ကျောင်းဖြစ်ချင်သည်။ ဒါကြောင့်လည်း ကျွန်တော်က ကုန်ထုတ်လုပ်ငန်းတွေ ထွက်အောင် လုပ်၊ ဒီကျောင်းက ကျောင်းသားတွေရဲ့ လုပ်အားကို သင့်တင့်မျှတ သုံးပြီး ဝင်ငွေရှာရေး အကြံပြုမိသည်။ ဆရာတော်က လက်တွေ့လုပ်နေသော လက်သမားရုံကို ပြသည်။ လူငယ်တွေကို လက်သမား ပညာလည်းရ၊ ဝင်ငွေလည်း ရှာနိုင်သည့် ထိုအလုပ်ရုံကို ချဲ့ချင်သေးသလို၊ အရပ်ထဲ ရွာထဲက လူတွေ ဝယ်ယူ အားပေးနိုင်မည့် နေ့စဉ်သုံး ပစ္စည်းတွေ (ဥပမာ-ဆပ်ပြာ၊ ခေါင်းလျှော်ရည် စသည်) ထုတ်လုပ် ရောင်းနိုင်ဖို့အထိ ရည်ရွယ်နေပြီ။

တကယ်တော့ ဆရာတော်နှင့် ဤကျောင်းမှာ ပညာရေးတစ်ခုကိုသာ အားစိုက်နေရတာ မဟုတ်။ ဒီဒေသ တစ်ဝိုက်က မပြည့်စုံသူတို့၏ ကျန်းမာရေးကိုပါ အထိုက်အလျောက် တာဝန်ခွဲယူနေရသေး၏။

ဤကျောင်းရှိ ဆေးခန်းကို ကြည့်ပါ။ မျက်စိ အထူးကုများ၏ စမ်းသပ် ကုသခန်းများ အပါအဝင်၊ သွားဆေးခန်း အထိ စုံနေအောင် ရှိသည်။ အထွေထွေ ရောဂါအတွက်တော့ မမေးပါနှင့်၊ ဝန်နဲ့အား မမျှအောင်ကို လက်ခံ ကုသပေးနေရသည်မှာ နွားမကြီး နို့ကို ခြံထဲရှိသမျှ နွားပေါက်တွေ အကုန် ဝိုင်းလုစို့နေသည့်နှယ်။ ဝေဒနာရှင်ပေါင်းစုံ၏ သက်သာရာရကြောင်းကို နေ့စဉ် ထမ်းပိုးပေးနေရသော အဖြစ်။ စမ်းသပ်ကြည့်ရှုရုံမက ဆေးဝါးပါ ပေးရသေးသည်။



ရေရှည် ရပ်တည်ဖို့ လွယ်ပုံမလား။ လူနာတွေဆီက အလှူခံပြန်ထည့်သွားတာမျိုး အားမကိုးရဖူးလား မေးခွန်း တွေအတွက်တော့ နှစ်ရာတန်အနွမ်းကလေး သုံးလေးရွက် ငါးရာတန် နှစ်ရွက် သုံးရွက် အောက်ခြေမှာ ကပ်နေသည့် ဗိုက်ပေါင်းလောင်း ဘဝ အလှူခံ မှန်ပုံးလေးက အဖြေ ပေးနေတာ တွေ့ခဲ့ပါသည်။

ကျွန်တော့်အကြည့်ကို ဆရာတော်က ဒက်ခနဲ တန်းသိသည်။ ကြည့်မနေနဲ့ ဒီနားတစ်ဝိုက်က လူမွဲချည်းပဲ။ ကိုယ်က လမ်းစရိတ် ပြန်မပေးရတာဘဲ ကံကောင်းဟု နှစ်သိမ့် ပြုံးဖြင့် မိန့်သည်။

ရယ်မောပစ်လိုက်လို့ ရနိုင်သော်လည်း မပေါ့မပါးနိုင် လှသည့် ကိစ္စပါလား။

•

ကျွန်တော်တို့ ပြန်ထွက်လာရင်း ဤကျောင်းအတွက် ရန်ပုံငွေရှာသည့် နည်းလမ်းများ ကျွန်တော် ဉာဏ်မီသမျှ လျှောက်ထား တင်ပြသည်။ ဆရာတော်ကား ကျွန်တော့် အကြံပြုမှုကို သိမှတ်ပြုပေးသည်ထင့်။ ခုမှ ရင် နည်းနည်း ချောင်သွားတယ်ဟု တုံ့ပြန်ကာ သူ့ကျောင်းသားများ ကိုယ်ပိုင် အစွမ်းအစ အခြေခံ ရှာဖွေမည့် ရန်ပုံငွေပွဲအတွက် သဘောတူချက် ပေးပါသည်။

ခြံဝရောက်တော့ ကျွန်တော် လည်ပြန်ကြည့်မိသည်။ အနယ်နယ် အရပ်ရပ်မှ မိဘမဲ့ကလေး အပါအဝင် လေလွင့် ကလေးများ။ နာဂစ်တုန်းက မိသားစု ပျောက်သွားသူ ကလေးများ အတွက် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးကို တာဝန်ထမ်းနေရသည့် ကျောင်း။ ပညာရေးကိုလည်း စနစ်သစ်ဖြင့် ချီနေရသည့် ကျောင်း။ ဒေသတွင်းက နွမ်းပါးသူတို့ အတွက်လည်း အထူးကုတွေပါ ရအောင်ခေါ် ကျန်းမာရေး တာဝန်ပါ ယူနေရမည့် ကျောင်း။

ဝန်ကြီးဌာန သုံးခုလောက် တာဝန် သဘောသဘာဝတွေ မနိုင်တနိုင် ထမ်းလျက် ဖောင်တော်ဦးကျောင်း ခြေခိုင်ခိုင် လှမ်းနိုင်ပါစေကြောင်း။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၆၀-၇၀



❝ သူငယ်မလေးခမျာ...
ခေါင်းပေါ် ရောက်လာတဲ့
ကျောက်ခဲဗန်းကို ဟန်ချက်ညီအောင်
တည့်မတ်လိုက်ပါတယ်။
တစ်နည်းအားဖြင့်
သူ့ဘဝလမ်းပေါ် ဆက်လျှောက်ရာ
ဟန်ချက်ညီအောင်လို့လည်း
ပြောလို့ရမှာပေါ့ ❞

## ရိုးမပေါ်ရောက် ဦးထုပ် ခမောက်

ဘကယ်တော့ ဒီရိုးမလမ်းကို မနှစ်ကလည်း ဖြတ်ကျော်ဖူး ပါတယ်။ ဂွမြို့ စာပေဟောပြောပွဲ ခရီးစဉ်တုန်းကပါ။ ဒီတစ်ခေါက်တော့ ဂွလမ်းကတစ်ဆင့် သံတွဲ-တောင်ကုတ်ထိပေါ့။ မနှစ်က ရိုးမပေါ်ဖြတ်တုန်း လမ်းပြင် ကျောက်ခင်း ကတ္တရာလောင်းချိန် စောင့်ရင်း ရေးဖြစ်ခဲ့တဲ့ ကဗျာကို အရင် မိတ်ဆက်ပါရစေ။

'ဦးထုပ်ခြောက်လုံး စဉ်းစားနည်း သိလား'

'မသိဘူး ကြားတောင် မကြားဖူးဘူး။

နေပါဦး လူတစ်ယောက် ဦးထုပ်တစ်လုံးပဲ လိုတာ မဟုတ်ဘူးလား'

ရိုးမလမ်း နေရာအနှံ့မှာ လမ်းပြင် လုပ်သား။ အလုပ်သမတွေ အားလုံး တူညီချက်ဟာ ခမောက်ဦးထုပ် တစ်ခုခုတော့ ကိုယ်စီဆောင်းထားကြတာပါပဲ။ နေကျဲကျဲမှာ သစ်ဝါးရိပ်ကလည်း နည်းတော့ သူတို့အတွက် မရှိမဖြစ် တူညီချက်ပေါ့။ ဒါကို ကားရပ်စောင့်ရင်း သူတို့ကို ရေတိုက်ရင်း စကားပြောခွင့်ရသူတစ်ဦးဟာ စာရေးဆရာကိုတာရဲ့ ဦးထုပ်ခြောက်လုံး စဉ်းစားနည်းကို သတိရပြီး အရောင်စုံ ဦးထုပ်တွေကို မေးကြည့်ခြင်းပါပဲ။

သူတို့အဖြေကလည်း ရှင်းတယ်။ မသိဘူး။ ကြားတောင် မကြားဖူးဘူးတဲ့။ ပြီးတော့ 'လူတစ်ယောက် ဦးထုပ်တစ်လုံးပဲ လိုတာ မဟုတ်ဘူးလား'တဲ့။ ပြန်မေးပါတယ်။

ဆရာကိုတာရဲ့ဦးထုပ်ခြောက်လုံး စဉ်းစားနည်းအရ ဆိုရင်တော့ ဒီရိုးမပေါ်ရောက်နေတဲ့ အရောင်စုံ ဦးထုပ်၊ ခမောက်တွေ စဉ်းစားနည်း ရာကျော် ဖြစ်နေမှာပေါ့။ ခု...သူတို့ စဉ်းစားနည်းကတော့ တစ်မျိုးတည်းပါတဲ့။

(ဘတ်ကြောင်းပြောသူ)

'ဦးထုပ် အရောင်မတူပေမယ့် သူတို့ စဉ်းစားပုံ တူတယ်။

စဉ်းစားပုံ = ထမင်းစားဖို့ ငွေလိုတယ်၊

ငွေကို ရတဲ့ နည်းနဲ့ မရှာ

ရိုးသားတဲ့ နည်းနဲ့ ရှာမယ်

စာရိတ္တဖြူဖို့ အသားမည်းခံမယ်

'ဘယ်လောက်ထိ အမည်းခံမလဲ'

'အခု လောင်းချနေတဲ့ ကတ္တရာ အရောင်ထိ မည်းချင်မည်းပေါ့'

*မှတ်ချက်။ ။ သက်သာလိုသက်သာငြား။ သနပ်ခါးတော့ ခံထားတယ်။*

ပိန်းနေအောင် ရိုက်ထားတဲ့ သနပ်ခါးထုအောက်က ပါးစုန့်ကြီးတွေ တက်လာအောင် ရယ်ပြရင်း သူတို့ ဖြေနေပေမယ့် ခြေလက်တွေက သက်သာရာရနေတာတော့ မဟုတ်ပါ။ တံမြက်လှည်းရင်း ကျောက်တွေခင်းသွန်၊ ကတ္တရာကျို မီးခိုးတွေ မွှန်နေတဲ့ကြားက အလုပ်ပျက်မခံ အင်တာဗျူး ဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။

'ဘယ်က လာသလဲ'

'ချောကြည်၊ အသုတ်၊ ဇော်ဝတီ'

'ဘယ်ရောက်နေလဲ'

' ရခိုင်ရိုးမဆီ '

လုပ်ခ = မနက် ၆ ည ၆ တစ်ယောက် နှစ်ထောင်။

ကုန်ဈေးနှုန်း = အနီးဆုံး ငွေမြို့မှာ လျှပ်စစ်မီတာ တစ်ယူနစ် ကျပ်သုံးရာ(ဒါတောင် ဈေးလျှော့ပေးထားတာ)

အမေးအဖြေတွေက တိုတိုပေမယ့် လုပ်ခနဲ့ ကုန်ဈေးနှုန်းကို ဖြေပုံကတော့ နိုင်းစရာ ရည်ရွယ်ချက် ပါပုံရပါတယ်။ ရာသီ အေးသည်ဖြစ်စေ၊ အနွေးထည်ထူ၊ လက်ရှည်ကြီးတွေ ချွေးစို့နေအောင် ဝတ်ထားရတာကလည်း သူတို့ရဲ့ တူညီချက်ပါ။ အမေးအဖြေကို ဆက်ဖတ်ပါဦး။

လက်ရှိ လိပ်စာ

'ရခိုင်ရိုးမ လျှိုဘေးတစ်နေရာ'

'ရိုးမငှက်ဖျား ကြောက်ဖူးလား'

'ကြောက်တော့ ကြောက်ရဲ့ ဒါပေမဲ့

ကျီးကန်းရှိရင် ငှက်ဖျားမရှိတဲ့

ကျီးကန်းရှိမလား ရှာကြည့်တယ်'



ခြေရင်းပြောရင်း ပင်ယံတွေပေါ် မော်ကြည့်တော့ မေးသူတွေကိုယ်တိုင် ရှာမယောင်ပြီး ကျီးကန်းရှာမိပေမယ့် မတွေ့ပါ။

*ရည်မှန်းချက် = နောက်နှစ် အဆင်ပြေရင် ကျောင်းနေမယ်။*

သူတို့အဖြေက တိုပေမယ့် ဒီနှစ်တော့ နမလက်လျှော့ နေလေရော့ ဆိုတာ ပေါ်လွင်နေပါတယ်။ သူတို့ကတော့ ဒီအတွက် ထူးထွေ ခံစားဖို့ အချိန်ရပုံမရှိပါဘူး။ ခေါ်ပြားနဲ့ ကော်ထည့်ပေးလိုက်တဲ့ လမ်းခင်းကျောက်တွေ ထမ်းလိုက် ရတဲ့ သူတို့ခေါင်းပေါ်မှာ ဆက်ငင်း လေးလံမှုက တခြား တွေးတောမနေဖို့ သတိပေးလိုက်ပုံပါပဲ။

'ဘာပြောချင်သေးလဲ'

သူငယ်မလေးခမျာ... ခေါင်းပေါ် ရောက်လာတဲ့ ကျောက်ခဲဝန်းကို ဟန်ချက်ညီအောင် အည့်မတ်လိုက်ပါတယ်။ တစ်နည်းအားဖြင့် သူ့ဘဝလမ်းပေါ် ဆက်လျှောက်ရာ ဟန်ချက်ညီအောင်လို့လည်း ပြောလို့ရမှာပေါ့။ သူ့ခေါင်းပေါ် ရွက်ထားတဲ့ ကျောက်ခဲတွေလိုပဲ သူ့စာရိတ္တကို သူ ရွက်ပိုး ထားရသေးသကိုး။ ပုဆိုးစုတ်တစ်ထည် ခေါင်းခုထားတဲ့ ခေါင်းထုပ်ဝန်ပိုးကို ထိန်းကိုင်နိုင်တာ သေချာပြီဆိုမှ အပြုံးနှင့် အရင် တုံ့ပြန်တယ်။ မှလက ဘီကျူရိုင်မာတဲ့ သူ့နှုတ်ခမ်း တွေဟာ စရွေး အညီ ကွေးဝိုက်သွားတဲ့ တောင်ပေါ် လမ်းကလေးလို ညွှတ်ကိုင်း သွားပြီးမှ

'ဒီလမ်း ချောသွားလို့ လူတွေ အဆင်ပြေရင် ပျော်ပါတယ်၊

ကျောက်ခဲချွန်တွေ ဗလပျစ်နဲ့ ဒီလမ်းရဲ့ ကြမ်းတမ်းမှုတွေကတော့

သမီးတို့ လက်ဖဝါးတွေပေါ်

ကျန်ခဲ့မှာပေါ့

နော့....

ကျေးဇူးတင်ပါတယ်' တဲ့။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၇၁



❛ သိသူ ဖော်စားလို့ ပြောတာပဲဗျာ၊
တကယ်တော့
သိတာ အားလုံး သိတာပဲ၊
ဖော်စားနိုင်ခွင့်ကျတော့
သာမန် ဒေသခံတွေက
ဘယ်ယှဉ်နိုင်မလဲ၊
ခေတ်အဆက်ဆက်
အရာရာကို ချယ်လှယ်နိုင်ခဲ့သူတွေနဲ့
ဘယ်လို ယှဉ်နိုင်မလဲ ❜

## နိုးပေါ် ရှုခင်း

'ဟိုယခင်ဝယ်
ဆံနွယ်ဖားလျား
ဒီနှောင့်ဖျားထိ
နတ်မိမယ်နဂိုယဉ်
ရခိုင်ရိုးမကို ယခု မြင်သော်
အက်တွေ ဗရပွနဲ့ ကတုံးမလို
ခေါင်းငုံ့လျှိုလျက်
ရက်မှာပဲကွယ်
မျက်နှာလွှဲဖယ် ရှောင်ရတယ်'

ရခိုင်ရိုးမဟာ ယခင်က ပျဉ်းကတိုး သဘာဝအလျောက် အင်မတန် ပေါများခဲ့ပါတယ်တဲ့။ အမှာကျော် ကျွန်းရွှေဝါ အပါအဝင် သစ်မာမျိုးစုံဟာ ရခိုင်ရိုးမရဲ့ ခေါင်းထက်မှာ သန်စွမ်းရှည်လျားသော ကေသာဆံနွယ်များလို တင့်တယ် ခဲ့တာ သမိုင်းတစ်လျှောက် တက်ယူခဲ့ကြတာပါ။ အဲဒီ နတ်မိမယ် နဂိုယဉ် ရခိုင်ရိုးမကို ယခု မြင်တဲ့အခါ အရှိအတိုင်း ပြောရရင် ခေါင်းမှာ အက်တွေ ပေါက်နေတဲ့ ခေါင်းတုံးမ (ကတုံးမ)လို အကျည်းတန်လှပါတယ်။ ဘာယက်ရှင် မျက်လွှာ ချနေတာ ရက်မှာစိုးလို့ မျက်နှာလွှဲမိပါတယ်။

'ကျွန်းဝယ်ရာ အဆစ်ပါသလို
သစ်ခုတ်ရာ ဖောင်ဖွဲ့ဖို့ ...ဝါးအဆစ် ပါရ
သတိထား

ရှေးစကားက
သစ်သမားဖြောင့်ရင်
သစ်ပင်လောက်တော့ ကောက်သေးတယ်’

စက်ကတ်ကြေးနဲ့ မညီမညာ အထိုးခံရတဲ့ ခေါင်းလိုပါပဲ။ ဝါးတောတွေခများလည်း စက်ကွင်း မလွတ်ပါ။ တချို့ နေရာတွေမှာ မွေးကျွတ်နာလို ပိုအမြင်ဆိုးလှရုံမက ညည်းညူသံပါ ကြားနေရတယ်လို့ ခံစားရပါတယ်။

‘အလကား မနိုးပါဘူးတဲ့
အစားထိုး ယူကလစ်တွေက
လက်ကျန်မြေဆီမွဲကို
မလွတ်တမ်း…ကုပ်ခဲထားလိုက်ပုံ…။ ’

ယူကလစ် ဆိုတာ မြေဆီကို အပျက်စီးစေဆုံး အပင်တစ်မျိုးဆိုတာ လူသိများပါတယ်။ ရှေးယခင်က သစ်တစ်ပင်ခုတ်ချင်ရင် ၄ ပင် စိုက်ရတယ် ဆိုတဲ့ စကားကို တွေ့ကရာ အပင်နဲ့ အစားထိုးတဲ့အခါ နဂိုက လူမမာလို ချည့်နဲ့နေရှာတဲ့ ရခိုင်ရိုးမကို ပယောဂ ထပ်ပူးသလို ဖြစ်တော့တာပါပဲ။ မမြင်ရက်သူတစ်ယောက်ကတော့ ရခိုင်ရိုးမကို ရခိုင်တောင်ကုန်းလို့သာ ခေါ်ပါတော့လို့ ညည်းတွားပါတယ်။

ခြောက်သွေ့တဲ့ ရိုးမပေါ်အဆင်းမှာတော့ ကြည်ပြာရောင် ပင်လယ်ကြီးကို ဘွားခနဲ မြင်လိုက်ရတာ လှိုက်မောစရာပါ ‘ကမ်းသာယာ’ ကမ်းခြေတဲ့။ လှသူကင်းနေတဲ့ ဘန်ဂလို အဆောင်တွေက ဇာတ်ကြောင်းတစ်ခုကို ပြောပြချင်နေပုံ ရပါတယ်။

‘ဒီလောက်လှတဲ့ ကမ်းခြေဗျာ၊ ချောင်းသာလို သဘာဝ ပတ်ဝန်းကျင် ထိခိုက်နေတာ၊ စွန့်ပစ်အမှိုက်တွေ ပွနေတာ လည်း မရှိသေးဘူး။ ဘာကြောင့် မအောင်မြင်ခဲ့သလဲ’

ဧည့်သည်တစ်ယောက်ရဲ့ အမေးကို ဧည့်သည် တစ်ဦးကပဲ ခုလို ခန့်မှန်းပါတယ်။ လေယာဉ်ကွင်းလည်း ဝေးတယ်။ ကားလမ်းလည်း နည်းနည်း လှမ်းသလို မို့လားပေါ့။ ဒေသခံတွေကတော့ ဒါဟာ အကြောင်းအချက် တစ်ခုမျှသာ ပါတဲ့။ ဒါဖြင့် အခြားအချက်က ဘာပါလိမ့်။ ဒေသခံတစ်ဦးက နက်နဲတဲ့ အပြုံးနဲ့ ခုလို ပြောပါတယ်။

‘ဒီကမ်းခြေ အပန်းဖြေလုပ်ငန်းဟာ ရခိုင်ပြည်နယ် အတွက် ဝင်ငွေတိုးမယ့် စီးပွားအဖြစ် ဒေသခံတွေ လိုချင်တာပေါ့ဗျာ၊ ဒါပေမဲ့ ပြီးခဲ့တဲ့ ခေတ်ကြီးထုံးစံအတိုင်း ကမ်းခြေတစ်လျှောက် မြေတွေကို ဘယ်သူတွေ ပိုင်သွား ကြလဲ၊ ဒီအကျိုးစီးပွား ဘယ်သူတွေ ခံစားကြမလဲ၊ အားလုံး အသိပဲလေ၊ သဘောပေါက်နေကြတော့ ဒေသခံတွေက ဒီခရီးသွားလုပ်ငန်းထဲ အသက်ဝင်အောင် လုပ်ဖို့ ဆန္ဒ မပြင်းပြကြဘူး၊ လူတွေမှာ ခံစားချက်ရှိကြတယ်လေ၊ အထူးသဖြင့် သဘာဝ သယံဇာတနဲ့ ပတ်သက်ရင်…..’



သူ့စကားမဆုံးပေမယ့် ကျွန်တော်တို့ သူ့အဓိပ္ပာယ်ကို ဆုပ်ကိုင်နိုင်ခဲ့ကြပါတယ်။ တောင်ကုတ်မြို့ဟာ သံတွဲမြို့သမိုင်းနဲ့ ဆက်စပ်နေခဲ့တာပါ။ ထက်အောက် လခြမ်းကွေး သဏ္ဍာန် ကမ်းရိုးတန်းတစ်လျှောက်မို့ လခြမ်းမြေလို့ တင်စားကြတဲ့ ရခိုင်ပြည်ရဲ့ တောင်နှင့်မြောက် ကူးသန်း ရောင်းဝယ်ဖို့ အချက်အချာ လမ်းဆုံလမ်းခွကျတဲ့ အရပ်ပါ။ မာန်အောင်၊ စစ်တွေ စသဖြင့် ဒီလမ်းက ဆက်နိုင်ပါတယ်။ ရေထွက်လုပ်ငန်း၊ သယံဇာတ အစားအစာ စသဖြင့် သဘာဝ မိခင်ရဲ့ ကြွယ်ဝမှုကို အမွေဆက်ခံရသင့်တဲ့ ဒေသပါ။ ဒါပေမဲ့…။

‘သိသူ ဖော်စားလို့ ပြောတာပဲဗျာ၊ တကယ်တော့ သိတာ အားလုံး သိတာပဲ၊ ဖော်စားနိုင်ခွင့်ကျတော့ သာမန် ဒေသခံတွေက ဘယ်ယှဉ်နိုင်မလဲ၊ ခေတ်အဆက်ဆက် အရာရာကို ချယ်လှယ်နိုင်ခဲ့သူတွေနဲ့ ဘယ်လို ယှဉ်နိုင်မလဲ၊ ကျွန်တော်တို့ ဒေသဟာ ပုစွန် ကဏန်း ရေခူကအစ ငါးမျိုးစုံအပြင် ကြိုက်တဲ့ တောဝင် စားစရာ အပင်တွေနဲ့ ပြည့်နေခဲ့တာ…..’

‘အရင်ဆုံး ပုစွန်၊ ကဏန်းနဲ့ ရေခူတွေ တရုတ်ပြည် ပို့ကြတယ်၊ ဒါနဲ့ ချမ်းသာသွားတဲ့လူက သက်ချိုရေလို့ ရပါတယ်၊ ဒေသခံတွေက ကြာတော့ အဲဒါတွေ ငတ်တာပဲ အဖတ်တင်တယ်။ ဘဝတွေ ဘာမှ တိုးတက်မလာဘူး’

သူ့စကား အဆုံး ကျွန်တော် စစ်တွေမှာ ၇ နှစ်နီးပါး ကြာခဲ့စဉ် အတွေးတစ်ခုကို သတိရမိပါတယ်။ ရခိုင်သူ ရခိုင်သား အများစုဟာ ပြည်မဘက် ခရီးသွားရင် ကားလမ်းကိုပဲ ရိုးပေါ် တပင်တပန်း ကျော်ပြီး သွားကြရတာပါ။ လေယာဉ်စီးဖို့ စိတ်ကူးယဉ်မရကြပါဘူး။ ဒါကို ကျွန်တော်က ရခိုင်သူ ရခိုင်သား အများစု လူတွေ လေယာဉ် ဘယ်စီးရမလဲ။ ခေါင်ပုစွန်၊ ကဏန်းတွေပဲ လေယာဉ်စီးနိုင်ကြတာကိုး…လို့။

တရုတ်ပြည်ရဲ့ ပါးစပ်ကြီးဟာ ပင်လယ်စာတွေအပြင် ရခိုင်ရိုးမထဲက သစ်ဥသစ်ဖုပါမကျန် အငမ်းမရ ဝါးမျိုခဲ့ပါတယ်။ ‘တောင်ကြာ’ လို့ ခေါ်တဲ့ ပိန်းပုံစံ တပင်တိုင် ကြာတစ်မျိုးကိုလည်း ဘိုးဆေး ဒီဆေးဖော် ကောင်းတယ်ဆိုပြီး အခြောက်ခံ ရသလောက် ယူခဲ့သလို၊ ဖျံပင်က ထွက်တဲ့ ဖျံဥ ခေါ် ပိန်းတစ်မျိုးကိုလည်း ချမ်းသာမပေးပါ။ ပါးပါး လှီးပြီး ရသလောက် ပို့ခဲ့ရပါတယ်တဲ့။

ကျွန်တော်တို့ ဟောပြောပွဲမှာ ပါဝင် ကဗျာရွတ်ခဲ့သူ၊ ခရီးစဉ် တာဝန်ခံတစ်ဦးလည်း ဖြစ်သူ၊ တောင်ကုတ်သား ကဗျာဆရာ လင်းသဏ်ညီဟာ သူ့ဇာတိပြန်ရောက်နိုက် ငါးဟောက်စားချင်တယ်လို့ ချင်ခြင်းတပ်မိလိုက်တာ ဒေသခံ သူငယ်ချင်းတွေက ပြောပါသတဲ့ ‘ငါးဟောက်မပြောနဲ့ ဟီကောင် စားချင်တောင် ဆုတောင်းဦး၊ ခုနတောထဲက ဟင်းကျိုက အစ တရုတ်ပြည်ပို့နေရတာ ဘာမှတ်သလဲ’ လို့ ငေါက်ပါသတဲ့။ ဆူဖြိုးတဲ့ ငါးဟောက်ရဲ့ အရသာကို မကြင်သာတော့တဲ့ ငယ်ချစ်ဦး မျက်နှာကို မြင်ယောင်ရင်း

ကဗျာဆရာအတွက် အလွမ်းကဗျာရသွားဟန်တူပါတယ်။မြစ်ချောင်း တောတောင်တွေဘက် ငေးရင်း သူ နှုတ်ဆိတ်သွားပါတော့တယ်။

ည ဟောပြောပွဲမှာ အများစုက လူငယ် ပရိသတ်ပါ။ ပုဂ္ဂလိက အထက်တန်းကျောင်းတွေက အစုအဖွဲ့လိုက် ကျောင်းသားတွေ ညဦးမှာ အနွေးထည်ကိုယ်စီပွေ့လျက်လှမ်းလာကြတာ ညမီးနဲ့ နှင်းငွေ့ကြား ကျွန်တော့်အတွက်တော့ သိပ်လှတဲ့ ပန်းချီတစ်ချပ်လိုပါပဲ။ သူတို့ရဲ့ တက်ကြွမှုကို မြင်လေ၊ ဟောပြောသူတွေအတွက် တာဝန်ကြီးလေဆိုတာ တွေးမိပါတယ်။ ထိုက်တန်တဲ့ အားထုတ်မှု ပေးရမှာပါ။ကျောင်းသားလူငယ်တွေအတွက် ရှေ့ဆုံးမှာ နေရာ သီးခြား ပေးထားတဲ့ ပွဲပါ။ မြို့ခံတွေက လစ်ဟင်းမှုမရှိအောင် ကြိုးစားကြရှာပါတယ်။ ကဗျာဆရာနှစ်ဦးဟာ ကိုယ်ပိုင် ကဗျာတွေ ရွတ်ကြသလို အစဉ်အလာကြီးတဲ့ ဆရာ ရွှေရ (တောင်ကုတ်)ရဲ့ ကဗျာတွေကို ရွတ်တော့လည်း အလိုက် သည်းလိုက် အားပေးကြပါတယ်။

ဒီမြို့က လူငယ်အများစုဟာ နလုံးသားရဲ့ စုပ်ယူနိုင်စွမ်း ကောင်းကြပါတယ်။ သမိုင်းထဲ စာထဲက ဖြစ်စဉ်တွေ၊ ဇာတ်ကောင်တွေနဲ့ ရင်းနှီးပြီးသားမို့ အကြောင်းအရာတစ်ခုကို အထူး မိတ်ဆက်စရာ မလို၊ တန်းသိ တန်းရနေကြတာ အားရစရာပါ။

လွတ်လပ်ရေးကြိုးပမ်းမှုကာလက ဗိုလ်ချုပ်အောင်ဆန်းတောင် တကူးတက အရောက် လာခဲ့ရတဲ့မြို့၊ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှု ဦးဆောင်သူ လင်းတောင်ရွာမတစ်ဝိုက်က ဗိုလ်ကျော်ဝလို ပုဂ္ဂိုလ် ပေါ်ထွန်းခဲ့တဲ့ ဒေသ။ရေခံမြေခံကောင်းသလောက် အနာဂတ်အတွက် မျိုးဆက်သစ် အားနဲ့ ရုန်းထကြဦးမယ့် တောင်ကုတ်မြို့လေးဟာ ခပ်ကုပ်ကုပ်နေတော့မှာ မဟုတ်။ ရိုးမတောင်ပေါ် အောင်လံ စိုက်ဖို့ ကျားကုတ်ကျားခဲ တက်လာမယ့် မြို့လေးလို့ ယုံကြည်လျက်ပါ။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၇၂၊ ၂၀၁၆



❝ ဖိနပ်အသစ်တွေ ဝယ်ပေးဖို့
စီစဉ်ကြတဲ့ အခါမှာ သူတို့က ငြင်းတယ်။
သူတို့ ဖိနပ် မရရင် နေပါစေ၊
ဖိနပ်အဟောင်းလေး သွားရှာချင်တယ်တဲ့။
ဖိနပ်အသစ် ဝယ်ရင်
ဝိုက်ဆံကုန်မှာစိုးလို့ပါတဲ့ ❞

## ဖိနပ် အဟောင်းကို ရဖို့ အတွက် သေနတ်ပြောင်းဝရှေ့ သူတို့ကို နောက်တစ်ခါ ပြန်မရောက်စေချင်တော့ပါဘူး

ရှမ်းပြည် မြောက်ပိုင်း ကျောက်မဲ ဒေသအတွင်းမှာ ရှိတဲ့ စစ်ပွဲတွေ အဲဒီက ထွက်ပြေးလာခဲ့ရတဲ့ ဒုက္ခသည်စခန်းတွေကို ကျွန်တော် ရောက်ခဲ့ပါတယ်။

ထုံးစံအတိုင်း ကလေးနဲ့ မိန်းမတွေက အများစု ဖြစ်နေတယ်။ သူတို့ ပြေးခဲ့ရတဲ့ ခရီးဟာ အနည်းဆုံး အနီးဆုံး ရွာက မိုင် ၃၀ လောက် ရှိတယ်။ ကျန်တာတွေက သူ့ထက် ပိုဝေးတာပေါ့။ မိုင် လေးငါးခြောက်ဆယ်။ အများစုက တော့ဆမ်အုပ်စု၊ မင်းကုန်းအုပ်စု၊ ပန်စမ် အုပ်စု၊ အဲဒီလို ကျေးရွာအုပ်စုပေါင်း များစွာကနေ ပြေးလာ ခဲ့ရတယ်။ အခု ကျွန်တော် ရောက်တဲ့ အချိန်ထိတော့ လူဦးရေ သုံးထောင်ကျော်လောက် ရှိနေပါပြီ။

ဒီမှာ ထူးခြားချက်ကတော့ အထက်တန်း ကျောင်းသား ကျောင်းသူတွေ တော်တော်များများ ပါလာတယ်။ ကလေးတွေက စာမေးပွဲဖြေတဲ့ရက်ဆိုတော့ မူလတန်း အလယ်တန်းတွေကလည်း တော်တော် များတယ်။ စာမေးပွဲရက် ဖြစ်နေတဲ့အခါကျတော့ သူတို့က အသက်လု ပြေးလာကြတော့ တချို့ဆိုရင် လွယ်အိတ်တောင် မပါကြဘူး။

ကျောင်းသား တစ်ယောက်က စာမေးပွဲဖြေဖို့ အနီးကပ်တဲ့ ရက်တွေမှာ သူ့ရဲ့ ကိုယ်တွယ် သုံးစွဲရမယ့် အရာ၊ သူတို့နဲ့ အတူ တိုက်ပွဲဝင်ရမယ့် အရာဟာ လွယ်အိတ်နဲ့ စာအုပ်တွေပါပဲ။ အဲဒါ မပါဘူးဆိုရင်တော့ စစ်မြေပြင်ကို ရဲဘော်တစ်ယောက်က လက်ဗလာနဲ့ ဝင်ရမလို ဖြစ်နေပါတယ်။ ဒီအတွက် ကျွန်တော်တို့ သိပ်စိုးရိမ်တာပဲ။ ဒါကြောင့် ကျွန်တော်တို့တော့ ကျောင်းသုံးစာအုပ်တွေနဲ့ သူတို့ စာမေးပွဲ ဆိုတဲ့ တိုက်ပွဲကို ဝင်ကြဖို့ ဝိုင်းဖြည့်ဖို့အတွက် နယ်ခံတွေနဲ့ ကြိုးစားနေတယ်။

သူတို့မှာ ယူနီဖောင်းလည်း မရှိကြဘူး။ ဘာကြောင့်ဆို ဒရေသောပါ။ ထပြေးလာကြတာဆိုတော့ လွယ်အိတ်က အစ အဖြူအစိမ်းတွေပါ ဝယ်ပေးကြရလိမ့်မယ်။

သူတို့ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ကျောင်း ဆရာ၊ ဆရာမတွေလည်း လိုက်လာကြတယ်။ ဒီဘုရား ကုန်းပေါ်မှာပဲ ဇရပ်ပေါ်မှာ ဘုရားရင်ပြင်ပေါ်တွေမှာ စာတွေ သင်ပေးနေတယ်။ စာတွေ ကျက်နေကြတယ်။ ဒီကလေးတွေကို သေသေချာချာ ပြောခဲ့ပါတယ်။ ကျွန်တော်တို့ ရောက်တဲ့ ရည်ရွယ်ချက်ကလည်း တတ်နိုင် သမျှ ထောက်ပံ့ ကူညီဖို့ ရယ်၊ သူတို့ကို စိတ်ဓာတ်ရေးရာအရ အားပေးဖို့ရယ် အဲဒီအတွက် ရောက်လာကြတာပဲ။

သူတို့ကတော့ တော်တော်ကြီးကို ချောက်ချားနေကြတယ်။ အသက်ဘေးက လွတ်အောင် ပြေးရတာလည်း ပါတယ်။ နောက်တစ်ခုက ကျောင်းသား ဆိုတာ စာမေးပွဲ အောင်ချင်တာလည်း ပါတာပေ့ါ။ သူတို့ စာမေးပွဲကို ရင်ဆိုင်ရမယ့် အနေအထားကျတော့ မပြည့်မစုံနဲ့။ တစ်ဖက်ကလည်း အိမ်မက်ဆိုးကြီးထဲကနေ ပြီးတော့ ခြေထောက်တစ်ဖက် ကျန်သေးသလို ဖြစ်နေတယ်။ ဒါကြောင့် သူတို့ မနည်း ရုန်းကန်ပြီးတော့ ရင်ဆိုင်ရမယ့် စာမေးပွဲ။

ကျွန်တော်တို့ သူတို့ကို စိတ်ဓာတ်ရေးရာအရ အားပေးဖို့အတွက် နောက်ဆုံး တစ်ခုကတော့ စစ်ပွဲကို ပြီးဆုံးအောင် မေတ္တာရပ်ခံဖို့၊ အားလုံးကို တိုက်တွန်းကြဖို့ ကျွန်တော်တို့ အလုပ် သုံးလုပ်ကို တစ်ပြိုင်နက် လုပ်ကြရမှာပါ။ ဒီမှာ ရောက်နေတဲ့ အထဲမှာ တချို့ဆို မိုင်းထိသွားလို့ ရွာသားသုံးယောက်ကို နောက်ဆုံးတော့ မန္တလေးအထိ ပို့လိုက်ရတာတွေမျိုးတွေ ရှိတယ်။ တချို့ရွာတွေမှာ တိုက်ပွဲကြားထဲမှာ ပိတ်မိနေသေးတာတွေ ရှိနေသေးတယ်။ အဲဒီ ပိတ်မိနေတဲ့သူတွေ အတွက်လည်း အားလုံး စိုးရိမ်နေကြတယ်။ သူတို့ကို ဘယ်လို ကယ်တင်ရမလဲဆိုတဲ့ နည်းလမ်းတွေလည်း ကျွန်တော်တို့ ရှာဖွေနေပါတယ်။

ဇာလီတောင်ရွာက အဘွားနာမည်က ဒေါ်ခမ်းအောင် အသက်က ၇၅ နှစ် ထမင်း မစားရတာ ၈ ရက် ရှိပြီ။ ဒီနေ့ကျမှ ထမင်း စားရပြီးတော့ စကားပြောနိုင်တယ်။

နောက်တစ်ခါ စာပို့ရွာက ၃ တန်း ကျောင်းသူလေးနဲ့ တွေ့ရသေးတယ်။ သူက သူ့စာမေးပွဲအတွက်ပဲ မေးနေတယ်။ ဆရာမကလည်း မနေ့က တိုက်ပွဲဖြစ်တဲ့ နေရာကနေ ဘယ်ရောက်သွားမှန်းမသိဘူး။ သူတို့ကတော့ ကျောက်မဲ ခရိုင် မိုင်းတင်းဆိုတဲ့ ရွာ ဒုက္ခသည်စခန်းမှာ ရောက်နေကြတာ။ အများစုဟာ စစ်ပွဲကနေ ထွက်ပြေးလာကြတဲ့အခါမှာ ညဘက်မှာ မြောင်းတွေထဲမှာလည်း အိပ်ခဲ့ရတယ်။ ထူးခြားတာကတော့ ညောင်ပင်လှရွာက ကိုယ်ဝန် အရင့် အမာနဲ့ ကိုယ်ဝန်သည် နှစ်ယောက်ဆိုရင် တိုက်တိုက်ဆိုင်ဆိုင် ကိုယ်ဝန်အရင့်အမာကြီးနဲ့ ပြေးလွှားရင်း ကံအားလျော်စွာပဲ ဖေဖော်ဝါရီ ၁၃ ရက်မှာ စစ်ပြေးလာတဲ့ကြားက ကလေး နှစ်ယောက်ကို မွေးတယ်။ ကူညီတဲ့သူတွေက ဗိုလ်ချုပ် အောင်ဆန်း မွေးနေ့ပဲလို့ ပြောကြတဲ့အခါမှာ ကလေး အမေတွေက ပြောတယ်။ အဲဒါဆိုလည်း သူတို့ကလေးတွေ ဗိုလ်ချုပ် မွေးနေ့မှာ မွေးတဲ့ ကလေးတွေ ဗိုလ်ချုပ်လိုပဲ ပြည်ထောင်စုကြီးကို အားလုံးကို စည်းရုံးအောင် လုပ်နိုင် ပါစေတဲ့။ အခုတော့ သူတို့ဘဝတွေက အသက်ဘေးက လုပြေးနေရတာဖြစ်တဲ့အတွက် ဒီနေ့ မွေးတဲ့ ကလေးကို



အမှတ်တရနဲ့ အားကိုးတကြီး မျှော်လင့်ကြပါတယ်။ စစ်ပွဲ အတွင်းမှာ ပိတ်မိနေတဲ့ ညောင်မောင်းရွာသားတွေ ရှိနေသေးတယ်။ ဒီစာကို ရေးနေစဉ်မှာပဲ ကျောက်မဲမြို့နယ် ပန်းမှုရွာကနေ စစ်ဘေးက ပြေးလာတဲ့ ဒုက္ခသည်ကလေး အများစု ပါလာတဲ့ ထော်လာဂျီ မှောက်ပြီးတော့ ကလေးငယ် နှစ်ဦးနဲ့ ဘုန်းကြီးတစ်ပါး ပွဲချင်းပြီး ဆုံးသွားတယ်။ ကား ဘာလို့ မှောက်ရလဲဆိုတော့ မီးထွန်းမောင်းရင် အပစ်ခံရမှာ စိုးလို့ မီးပိတ်မောင်းရာကနေ ကားတိမ်းမှောက်တာ ဖြစ်တယ်လို့ ဆိုတယ်။ ဒီမှာ ဒုက္ခသည်ပေါင်း စခန်းပေါင်း ၁၅ ခု ရှိတဲ့ နေရာကို ကျွန်တော်တို့ တစ်ခုပြီးတစ်ခု သွားကြရဦးမှာပါ။

ဒီည ကျွန်တော်တို့ ကျောက်မဲမှာပဲ အိပ်ကြမယ်။ ဒုက္ခသည်စခန်းမှာ လက်လှမ်းမီသမျှ လိုက်ပြီးတော့ အားပေးမယ်။ လိုအပ်ချက်တွေကို စာရင်းပြုစုပြီးတော့ လူတွေ ဖြန့်ပြီး တာဝန်ခွဲကြရပါလိမ့်မယ်။ အဓိက ကတော့ စာမေးပွဲဖြေဖို့ရေး၊ အသက်ဘေးလုပြီးတော့ ပြေးလာခဲ့ရတဲ့ ကလေးတွေ သွေးပျက်နေတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ကတော့ ကြင်နာမှုများကို တတ်နိုင်သမျှ အားလုံးကိုယ်စား ပေးခဲ့ပါတယ်။ မင်းတို့ချည်းပဲ မဟုတ်ဘူး လို့ ပြည်ထောင်စု တစ်ခုလုံးက အားလုံးက မင်းတို့ကို စာနာ စိတ်နဲ့ စိုးရိမ်ပူပန်နေကြတယ်။ မေတ္တာတရားတွေ ပို့ကြတယ်။ မင်းတို့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့အတွက် နားစွင့်နေပါတယ်။ တို့တွေ အားလုံးက ပြန်ပြောပေးပါ့မယ်။ အမြန်ဆုံးနည်းနဲ့ ပြန်ပြောပေးပြီးတော့ သူတို့ရဲ့ ကူညီမှုတွေကို အမြန်ဆုံး ရောက်အောင် ပြန်ပို့ပေးမယ်လို့ ပြောပါ တယ်။ အဲဒီတော့ သူတို့က သူတို့တစ်ယောက်တည်း မဟုတ်ဘူး အားလုံးက ပြည်ထောင်စု တစ်ခုလုံးက သူတို့ အပေါ် စာနာ ထောက်ထားတယ် ဆိုတဲ့ အခါမှာလည်း အားလုံးက မော့ကြည့်ပြီးတော့ မျက်လုံးလေးတွေ ဝိုင်းသွားတယ်။ ဟုတ်ရဲ့လားဆိုတဲ့ အကြည့်တွေ မြဲကြည့်ကြပါတယ်။ ကျွန်တော်တို့ ထပ်ထပ်ခါခါ ကတိပေးခဲ့ပါတယ်။ တကယ် ပြည်ထောင်စုသားတွေ အားလုံးက ကိုယ့်ရဲ့ရင်မှာ ထိတဲ့ အနာလိုပဲ နာကျင်ခံစားနေရတယ်။ စာနာနေတယ် ဆိုတာကို သေသေချာချာ ပြောပြခဲ့ပါတယ်။ သူတို့ အားတက် လာတဲ့ မျက်လုံးတွေ တောက်ပလာတာကို ကျွန်တော်တို့ တွေ့ခဲ့ ရပါတယ်။ အပြန်မှာ သူတို့ရဲ့ လိုအပ်ချက်တွေကို စာရင်းပြုစုကြတဲ့ နေရာမှာ ကျောင်းသူလေး အတော် များများက ဒီနပ် မရှိကြတာတွေ များတယ်။ ပြေးလွှား လာကြတဲ့အခါကျတော့ ဖိနပ်ဆိုတာ ဘယ်ကျန်ခဲ့မှန်းလည်း မသိပါဘူး။ အဲဒါကို ဖိနပ်အသစ်တွေ ဝယ်ပေးဖို့ စီစဉ်ကြတဲ့ အခါမှာ သူတို့က ငြင်းတယ်။ သူတို့ ဖိနပ် မရရင် နေပါစေ၊ ဖိနပ်အဟောင်းလေး သွားရှာချင်တယ်တဲ့။ ဖိနပ်အသစ် ဝယ်ရင် ပိုက်ဆံကုန်မှာစိုးလို့ပါတဲ့။ တခြား ကလေးတွေကို အနွေးထည် ဝယ်ပေးပါတဲ့။ သူတို့ ဖိနပ်အဟောင်းလေးတွေ သွားရှာမယ်တဲ့။ ဘယ်မှာ သွားရှာမှာလဲ။ ပြေးလာတာ လမ်းတစ်လျှောက် ဒီလောက် ဝေးတာကို ဆိုတော့။ သူတို့က သေသေချာချာ မပြောတော့ဘူး။ ကျွန်တော် သူတို့အတွက် စိတ်ပူတယ်။ ဖိနပ်အဟောင်းကို ရဖို့အတွက် သေနတ် ပြောင်းဝရှေ့ သူတို့ကို နောက်တစ်ခါ ပြန်မရောက်စေချင် တော့ပါဘူး။ ကျွန်တော် တားနိုင်ပါ့မလား။

■ ပြည်သူ့အရေး ဂျာနယ်၊ အတွဲ ၂၊ အမှတ် ၇၃



" ကျဉ်းမြောင်းတဲ့ အခန်းထဲ
လှောင်ပိတ်ခံရစဉ်
အမုန်တရားကလည်း
အိမ်နီမ့်စံဘ၀ ဖြစ်နေစဉ်က အပြင်
လောကကို အမှာစကားတစ်ခု ပါးဖူးပါတယ်။
လူဆိုတာ ရောက်နေတဲ့ နေရာထက်၊
ကျင့်နေတဲ့ တရားပဲ အရေးကြီးတယ် "

## မြောင်းထဲနှင့် စင်မြင့်၊ နေရာနှင့် ကျင့်စဉ်

နောက်ပိုင်း ဟောပြောပွဲ ခရီးစဉ်တွေမှာ အဓိက အကြောင်း အရာကတော့ လူငယ်ထုအရေးပါပဲ။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မှ ကရင်ပြည်နယ် မြဝတီမြို့၊ ထိုမှသည် ဧရာဝတီရဲ့ ပုသိမ်၊ ငသိုင်းချောင်း။ အသုတ် စသဖြင့် ဟောပြောပွဲတိုင်းမှာ လူငယ်တွေရဲ့ ဘွာကို သတိထားမိပါတယ်။ ယခင်ထက် ပိုနားမျက်စိပွင့်အောင် ပြီးတော့ ပြောနိုင် ဆိုနိုင်အောင် အားထုတ်နေကြချိန်မို့ လူငယ်တွေရဲ့ ခွန်အားပြည့်စိုက်ထုတ်မှုတွေကို မြင်ရတာ အားတက်စရာပါပဲ။

ပုသိမ်မြို့ဆိုရင် ကျောင်းသားသမဂ္ဂများ အားကောင်း ပါတယ်။ မြို့လူထုကလည်း နောက်ခံ ရပ်တည်ထားတော့ ဘယ်သူမဆို လေးစားခံ့ညားရအောင် အင်အားရှိနေတာပါ။ ဒီနေ့ လူငယ်တွေဟာ သူတို့ရှေ့က မျိုးဆက်ဟောင်းတွေနဲ့ ဟန်ချက်ညီအောင် စားတတ်ကြပါပြီ။ မျိုးဆက်ဟောင်း ဆိုတာ အတွေ့အကြုံ ပိုရှိစမြဲမို့ အားကောင်း မောင်းသန် မျိုးဆက်သစ်နဲ့ အချိုးကျ ပေါင်းစပ်ရစမြဲပါ။ ဗိုလ်ချုပ် အောင်ဆန်း ၁၀၁ နှစ်ပြည့် ပွဲတွေ ကျင်းပပုံကို ကြည့်ပါဦး။ ပျော်ပွဲရွှင်ပွဲပုံ မဖြစ်စေရဘဲ အနှစ်အသားပါတဲ့ အထိမ်း အမှတ်ပွဲ ဖြစ်အောင် ဂရုစိုက်ပြုကြပါတယ်။

ပုသိမ်မှာ ဟောပြောပွဲကို ဝေနီမြစ်ကမ်းမှာပဲ လုပ်ပါတယ်။ 'မြို့တော်ခန်းမ' ရှိပေမယ့် မြစ်ကမ်းဘေးဟာ မြို့လူထုအတွက် လွတ်လပ်ကျယ်ပြောပြီး သက်သောင့် သက်သာရှိနေမှာ အားသန်တယ်လို့ ဆိုပါတယ်။ ပွဲညမှာတော့ 'ကာတွန်းမီးပုံး' တွေပါ တထိန်ထိန် ထွန်းညှိပြီး ကြဲနေတာ၊ ကဗျာရွတ်သံတွေနဲ့ တင့်တယ်လှပါတယ်။ ယခင်က မီးပုံးထွန်းချိန်ဆို ဗျောက်အိုးသံနဲ့ပဲ တွဲသိခဲ့တာ၊ ခုတော့ ဗျောက်သံထက် ကဗျာရွတ်သံက ကျက်သရေ ရှိတယ်လို့ ကျွန်တော့်စိတ်ထဲ ရေရွတ်မိပါတော့တယ်။

မြို့တိုင်းနယ်တိုင်းမှာ အခါအားလျော်စွာ ကျင်းပကြရတဲ့ ပွဲတွေအတွက် လူကြီးလူငယ်တွေ စဉ်းစားပုံ ပြောင်းလာကြ ပါပြီ။ ခုလို အရေးကြီးတဲ့ အကူးအပြောင်း ကာလအတွက် တကယ့် လိုအပ်ချက်က ဘာလဲ။ ကြည့်ချင်ပွဲတွေလောက်နဲ့ အရပ်မခံတော့ပါဘူး။ ပွဲပြီး အိပ်ရေးပျက်၊ အမှိုက်ပွ ကျန်တာမျိုးက ရှောင်ချင်ကြပါပြီတဲ့။ လူငယ်တွေရဲ့ အားသာချက်က အချိန်ရယ်၊ ခွန်အားရယ် ပိုရှိကြတာပါပဲ။ ဒီနှစ်ချက်ကို အဖိုးတန်အောင် သုံးနိုင်ဖို့က အတွေးအခေါ်နဲ့ ဉာဏ်ပညာလို့ မှတ်ယူကြပါတယ်။

ဒါ့ကြောင့် ဘာပဲလုပ်လုပ်၊ ဘယ်ပွဲပဲ စီစဉ်စီစဉ် ဖျော်ဖြေရေးဆိုတာထက် ပိုပြီး မြော်မြင်ရေးကို လိုလားလာကြပါတယ်။ ဖျော်ဖြေရေးမှာတောင် သမိုင်းထဲက တန်ဖိုးရှိရာများကို အနုပညာနဲ့ ပေါင်းစပ် တင်ဆက်မှုမျိုး ပိုပြီး ခံတွင်း တွေ့လာကြတာပါ။

ခုလည်း ဟောပြောပွဲတွေမှာ ဓာတ်ပုံပြပွဲတွေ၊ ကဗျာ ပန်းချီပြိုင်ပွဲ လက်ရာတွေနဲ့ တွဲကြပါတယ်။ မြို့ခံတွေဟာ ဟောပြောပွဲ တစ်ခုကို နားထောင်ရုံသက်သက်မကတော့ပါဘူး။ ဒေသခံတွေ (အထူးသဖြင့် လူငယ်တွေ)ရဲ့ တွေးခေါ် မြော်မြင်မှု အနုပညာတွေကို (စည့်သည်၊ ဟောပြောသူ အပါအဝင်) ပွဲလာသူ အားလုံးရှေ့ မှတ်ကျောက်တင်ခံနိုင်ဖို့ စမ်းသပ်လာကြပါပြီ။

ဟောပြောသူ ဧည့်သည်တွေက နယ်ခံတွေရဲ့ ခေတ်သမိုင်းအပေါ်၊ လူမှုပတ်ဝန်းကျင် အပေါ် သဘောထား အာဘော်တွေ ပါတဲ့ စာပန်းချီ၊ ကဗျာ၊ ဓာတ်ပုံ အနုပညာ တွေကို အကဲဖြတ်ပြီး အသိအမှတ်ပြုပေးရတာ နှစ်ဖက် အကျိုးရှိပါတယ်။ နယ်မြေတစ်ခုအကြောင်း သိခွင့်ရရုံမက ဒေသခံတွေရဲ့ အတွေးအမြင် လက်ရာစုံကို အကဲခတ်ခွင့်ရတာ အဖိုးတန်လှပါတယ်။

ယခင်ကဆို စာရေးဆရာ၊ ဟောပြောသူတွေဟာ ဒေသတစ်ခုအကြောင်း သိချင်ရင် ဟောပြောပွဲ စီစဉ်သူ၊ နီးစပ်သူအချို့ကိုသာ မေးမှ သိရတာပါ။ (အဲဒါလည်း သူတို့ ပြောသလောက်ပဲ ရမှာပေါ့)

ခုတော့ အလွှာပေါင်းစုံက သိစရာပေါင်းစုံကို ခင်းကျင်း ပြထားတာ အားပါးတရ ယူရုံပါပဲ။ ဒါ ထူးခြားလာတဲ့ ပြောင်းလဲချက်ပါ။ ကြိုဆိုပါရစေ။

လွန်ခဲ့တဲ့ စစ်အစိုးရခေတ်က လူငယ်တွေဟာ လောက ကောင်းကျိုးကို လိုလားစိတ်ရှိသော်လည်း လုပ်နည်းကိုင်နည်း မသိခဲ့ကြတော့ စမ်းတဝါးဝါးနိုင်ခဲ့ပါတယ်။ အခု ပြန်ပြောပြမယ့် ကာလဟာ လူငယ်တွေ စုပြီး အမှိုက်ကောက်တာတောင် ဘာရည်ရွယ်ချက်နဲ့ ကောက်သလဲ၊ ဘယ်အဖွဲ့အစည်းကလဲ စသဖြင့် စစ်ဆေး မေးမြန်းခံရတဲ့ ခေတ်ပါ။ လောကအကျိုး လုပ်ကြတယ်ဆိုရာမှာ စဉ်းစားကြတာက ရန်ပုံငွေ၊ ရုံးခန်း နေရာ စတာတွေ အခြေခံ စဉ်းစားကြတော့ နဂိုကမှ ဖိအားများနေတဲ့ လူငယ်တွေအတွက် အစ အင်မတန် ခက်ပါတယ်။



မန္တလေးမြို့ သံလျက်မော် အနောက်ရပ်ကွက်က လူငယ်တွေရဲ့ နမူနာကို ကြည့်ကြရအောင်။ အဲဒီ ရပ်ကွက်ဟာ ရေမြောင်းတွေ ပိတ်ဆို့နေလို့ နှစ်တိုင်း ရေမြုပ်ပါတယ်။ စည်ပင်ကလည်း မြောင်း မဖော်နိုင်၊ အမှိုက်သိမ်းတဲ့ အမှိုက်ကား ရှိတယ် ဆိုတာတောင် မေ့နေကြတယ်။ လူတွေကလည်း လွယ်လွယ်နဲ့ မြောင်းထဲ အမှိုက်စွန့်။ အဆိုးသံသရာ လည်နေချိန် အဲဒီလို အခြေအနေမျိုးမှာ ရပ်ကွက် လူငယ်တွေဟာ ခါးတောင်းမြှောင်အောင် ကျိုက်သူကျိုက်၊ ဘောင်းဘီတို လဲသူလဲပြီး မြောင်းထဲ ဆင်းပြီး အမှိုက်တွေ ရှင်းကြပါတယ်။

ဒါကို အပတ်စဉ် ဥပုသ်နေ့တိုင်း ဝတ္တရားအနေနဲ့ ခံယူပြီး အစဉ်အလာကောင်းတစ်ခုကို ခဲ့ကြတာပါ။ ဒါပေမဲ့ အမှိုက်ရှင်းတာက တစ်ရက်၊ အမှိုက်ပစ်တာက ခုနစ်ရက် ဆိုတော့ အပြုနဲ့ အဖျက် အားမမျှခဲ့ပါဘူး။ ဒါနဲ့ စည်ပင်ကို သွားပြောကြတဲ့အခါ စာရွက်ထဲမှာတော့ အမှိုက်ကားက နေ့စဉ် အဲဒီ ရပ်ကွက်ကို ရောက်ပါတယ်တဲ့။ လက်တွေ့မှာ မရောက်ခဲ့တော့ လူငယ်တွေက အခုလို တောင်းဆိုပါတယ်။ အမှိုက်ကားသာ နေ့စဉ် ရောက်အောင် လွှတ်ပေးစမ်းပါ၊ အမှိုက်တွေကိုလည်း ကားထဲ အထိ ထည့်ပေးမယ်။ အမှိုက်ကား လာရမယ့် လမ်းကြောင်းကိုလည်း ကူဆွဲ ပေးပါမယ်တဲ့။ ရပ်ကွက်သန့်ရှင်းရေးအတွက် စည်ပင်က ယူရမယ့် တာဝန်ကို လူငယ်တွေ အဲဒီလို ဦးဆောင် တာဝန်ခံ လုပ်ပြကြတဲ့အခါ ရပ်ကွက်လူထုကလည်း လူငယ်တွေရဲ့ စိတ်စေတနာနဲ့ တာဝန်ယူတတ်မှုအပေါ် စာနာ အသိအမှတ် ပြုပြီး အမှိုက်တွေကို စနစ်တကျ စွန့်ခြင်းဖြင့် ကူညီကြ ပါတယ်။

စည်ပင်အမှိုက်သိမ်းကား ရောက်ခဲ့တယ် ဆိုတာ အဲဒီ ရပ်ကွက်လူငယ်တွေက သက်သေခံ လက်မှတ်ထိုးပေးမှ ဌာနကလည်း အမှိုက်ကား တကယ် ရောက်ခဲ့တယ် ဆိုတာ အတည်ပြုပါသတဲ့။ ဆယ်စုနှစ်နှင့်ချီပြီး ရေမြောင်း ပိတ်ဆို့ ရေမြုပ်ခဲ့ရတဲ့ ရပ်ကွက်ဟာ အဲဒီနှစ်ကစပြီး သန့်ရှင်းသော ရပ်ကွက်၊ ကျန်းမာရေးနဲ့ ညီညွတ်သော ဝန်းကျင်အဖြစ် ပြောင်းခဲ့ပါပြီ။

ဒီလူငယ်တွေ တကယ် အကျိုးရှိ အလုပ်တွေ လုပ်နိုင်စွမ်းရှိတယ် ဆိုတာ ရပ်ကွက်လူထုရဲ့ ယုံကြည်မှုကို ရခဲ့ပြီမို့ နောက်ထပ် တိုးချဲ့ ဘာပဲ လုပ်ချင်သည်ဖြစ်စေ ရပ်ကွက်က အားပေးဖို့ အဆင်သင့် ဖြစ်လာခဲ့ပါတယ်။ စာကြည့်တိုက် ဖွင့်ချင်သလား နေရာပေးမယ်၊ စာအုပ် စုပေးကြမယ်၊ ရန်ပုံငွေ ထည့်ပေးမယ် စသဖြင့် ကတိစကား အားပေးကူညီမှုတွေနဲ့ ရပ်ကွက် စာကြည့်တိုက်လည်း ဘွားခနဲ ပေါ်လာသလို စာကြည့်တိုက် ဖွင့်ပွဲ အမှတ်တရ စာပေဟောပြောပွဲ လုပ်ချင်သလား ဖြစ်ရစေမယ် 'မင်းတို့သာ ဦးဆောင်...လိုအပ်ချက် ဖြည့်ဆည်းဖို့ ငါတို့ တာဝန်ထား' ဆိုတာက ရပ်မိရပ်ဖတွေရဲ့ လက်သုံးစကားတောင် ဖြစ်ခဲ့ ပါတယ်။ အဲဒီ အချိန်ကစလို့ နည်းမှန်လမ်းမှန် ရွေးချယ် တင်မြှောက်ရတဲ့ ကိုယ်စားလှယ်၊ ခေါင်းဆောင် ရွေးပွဲတွေ မှန်သမျှ ရပ်ရွာလူထု

စိတ်တိုင်းကျ အားကိုး ယုံကြည်ရ သူတွေသာ အောင်ပွဲခံခဲ့ရတာ နောက်ဆက်တွဲ ရလဒ်ကောင်းတွေပါ။

စာကြည့်တိုက် အပါအဝင် လူငယ်နှင့် ရပ်ရွာလူထုရဲ့ အောင်ပွဲတွေအတွက် ကျင်းပတဲ့ အခမ်းအနား ဟောပြောပွဲ တွေမှာ စကားပြောခွင့်ရတဲ့အခါ ရန်ပုံငွေ မရှိလို့၊ ရုံးခန်းနဲ့ အဖွဲ့အစည်း မရှိလို့၊ ခေတ်က အခြေအနေမပေးလို့ စသဖြင့် ဆင်ခြေတွေကြား ခေါင်းပြူးအောင် အိပ်မနေဘဲ ပိတ်ဆို့နေတဲ့ကြားက ခေါင်းထောင်ပြီး ခေါင်းဆောင်နိုင်ခဲ့တဲ့ အစဉ်အလာကောင်းကို အသိအမှတ်ပြုခဲ့သလို အခြားသူတွေ သိအောင်လည်း မျှဝေပေးမယ် ဆိုတဲ့ ကတိအတိုင်း ယခု ဆောင်းပါးကို ရေးဖြစ်ပါတယ်။

ကျဉ်းမြောင်းတဲ့ အခန်းထဲ လှောင်ပိတ်ခံရစဉ် အမှန်တရားကလည်း အိမ်နီးမှံစံဘဝ ဖြစ်နေစဉ်က အပြင် လောကကို အမှာစကားတစ်ခု ပါးဖူးပါတယ်။ 'လူဆိုတာ ရောက်နေတဲ့ နေရာထက်၊ ကျင့်နေတဲ့ တရားပဲ အရေးကြီးတယ်' လို့။

အခု ဖြစ်ရပ်မှာလည်း လူငယ်တွေဟာ မြောင်းထဲ ရောက်သွားတာလို့ ပြောချင်လည်း ပြောကြလိမ့်မယ်။ သူတို့ကိုယ်တိုင် အသိစိတ်နဲ့ ဆင်းသွားတာကို။ မြောင်းထဲမှာ ဘာလုပ်သလဲပဲ မေးရမှာပါ။ အမှိုက် ရှင်းတယ်လေ။ သူတို့ ကျင့်စဉ်နဲ့ စိတ်စေတနာ မှန်တော့ ရလဒ် အနေနဲ့ သန့်ရှင်းသော ရပ်ကွက်၊ ကျန်းမာသော လူထုအဖြစ် ရခဲ့ပါတယ်။ ဒါတင်မကပါဘူး။ ရပ်ရွာရဲ့ ယုံကြည်မှု ဆိုတဲ့ အဖိုးမဖြတ်နိုင်သော ဆုလာဘ်ကိုလည်း ရခဲ့တယ် မဟုတ်ပါလား။

လူတစ်ယောက် စင်ပေါ် ရောက်သွားပြီဆိုရင် ဟုတ်လှ ပြီလို့ ဆိုကြ။
မြောင်းထဲ ရောက်သွားပြီဆိုရင် ဆိုးလှပြီလို့ မှတ်ယူကြပေမယ့်...

စင်ပေါ်ကနေ မဖွယ်မရာပြုတာထက်၊ မြောင်းထဲ ကနေ အမှိုက်ရှင်းနေသူက တန်ဖိုး ပိုရှိကြောင်း သူတို့ ပြခဲ့တယ်လို့ ခံစားရပါတယ်။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၇၄



❛ ကလေးတွေရဲ့ စားဝတ်နေရေးနဲ့
ပညာရေးကို ဖြည့်ဆည်းပေးရုံနဲ့
တကယ်တော့ မလုံလောက်ပါဘူး။
သူတို့မှာ ပုန်းလျှိုးနေတဲ့ အစွမ်း သတ္တိတွေကို
သိအောင်ရှာ၊ ဖော်ထုတ်ပေးရတာမျိုးကမှ
ကလေးတွေအတွက်
သူတို့ ကျင်လည်ရာ ဝန်းကျင်မှာ နေပျော်ပြီး
ရှင်သန်ရတာ အဓိပ္ပာယ် ရှိမယ်လို့
ယုံကြည်လို့ပါ ❜

## လူငယ်တွေ စွမ်းနိုင်တယ်

လွန်ခဲ့တဲ့ ဆယ်နှစ်ကပါ။ နိုင်ငံရဲ့ ကောင်းမွန် မှန်ကန်တဲ့ အပြောင်းအလဲအတွက် အလုပ်လုပ်ချင်သူတွေအတွက် ရပ်တည်ဖို့တောင် အနိုင်နိုင် အခက်ခဲဆုံး အခြေအနေမျိုး ဖြစ်ပါတယ်။ အဆောက်အဦ၊ ရန်ပုံငွေ၊ ပညာ သုံးမျိုး ပြည့်စုံရင်တောင်မှ နည်းပညာ၊ ဘာသာစကား စသဖြင့် သင်တန်းများ ပေးရုံလောက်ပဲ (အများစုက) တတ်နိုင်ကြတဲ့ အခြေအနေမျိုးပါ။ လူငယ်တွေ စုဝေးမိပြီဆိုရင်လည်း စောင့်ကြည့် ခြိမ်းခြောက်ခံရတဲ့ကြားက အဆောက်အဦ၊ ရန်ပုံငွေ၊ ပညာ မပြည့်စုံသူတွေ ဘာလုပ်နိုင်မလဲ စဉ်းစား ကြတဲ့အခါ ဒါတွေ မရှိလည်း ကျန်းမာရေး ကောင်း၊ ရောဂါ ကင်းစင်မယ် ဆိုရင် အကျိုးပြုလုပ်လို့ရတယ်။ သွေးလှူ အဖွဲ့သာ စတည်ထောင်ဖို့ လူငယ်တွေကို အကြံပေးပါတယ်။ အစမှာတော့ အခက်ခဲရှိခဲ့တာပေါ့။ ရန်သူမိတ်ဆွေ မခွဲခြားဘဲ အသက်ကယ်ဖို့ သွေးလှူရှင်တွေဘက်က ဖြစ်ခဲ့ပေမယ့် သွေးလိုအပ်သူတွေ အချို့က သွေးလှူရှင်တွေရဲ့ နောက်ခံ သမိုင်းနဲ့ ရပ်တည်ချက်အပေါ်မှာ ကြည့်ပြီး ဆက်ဆံမိရင် အန္တရာယ်များ ရှိလေမလားလို့ ပူပန် တွန့်ဆုတ်ခဲ့တာတွေ ရှိပါတယ်။ အဲဒီတော့ သွေးလှူရှင်တွေဘက်က ဘယ်တံဆိပ်၊ ဘယ်အလံမှ မပါစေရပါဘူး။ လူသားချင်း ကူညီခြင်း သက်သက်ပါဆိုတာ အချိန်ယူပြီး သက်သေပြခဲ့ရပါတယ်။ နောက်ဆုံးတော့ ဒီနေ့အချိန်မှာ အင်အား အကောင်းဆုံး သွေးလှူရှင်အဖွဲ့ ဖြစ်လာ၊ နယ်တွေမှာလည်း အဖွဲ့ခွဲများစွာနဲ့ BG - သွေးလှူအဖွဲ့ဆိုပြီး လူသိများလာပါပြီ။

သူတို့သက်တမ်း ၅ နှစ်လောက် အကြာမှာ အခြားနိုင်သရွေ့ တာဝန်ထမ်းဖို့ စဉ်းစားရာမှာ လူငယ်တွေ အတွက် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းတွေ ဖွင့်ဖို့ အားထုတ်ပါတယ်။ ဆံပင်ညှပ်၊ စက်ချုပ်၊ ကွန်ပျူတာ အခြေခံ စသဖြင့် သင်တန်းတွေဟာ

ပညာရှာချိန်မှာ ဝမ်းစာ ရှာနေရသူတွေအတွက် အကူအညီကောင်းတွေ ဖြစ်လာပါပြီ။ မူလ ရည်ရွယ်တာကတော့ ကျောင်း မတက်နိုင်သူတွေ၊ လမ်းပေါ် ရုန်းကန်သူတွေကို အဓိက ထားခဲ့ပေမယ့် အဲဒီ သင်တန်းတွေမှာ ဘွဲ့ရတွေပါ လာတက်တာ တွေ့ရတော့ ပညာရေးစနစ် တစ်ခုလုံးရဲ့ အလွဲအချော် အားနည်းချက်တွေ ကိုပါ သူတို့ သိလာရပါတယ်။

အဲဒီအချိန်က အရပ်ထဲက ကျောင်းမနေတဲ့ ကလေး တွေကို စာသင်ဖို့ စည်းရုံးရတယ် ဆိုတာ အတော် လက်ဝင်တဲ့ အလုပ်ပါ။ စာကို ရေးတတ်ဖတ်တတ်အောင် သင်ပြီးတော့ စာဖတ်ချင်စိတ်ဝင်အောင် တိုက်တွန်းပေး။ အသက်မွေးမှု ပညာလည်း တွဲသင်။ အဲဒီလို ကြိုးစားနေရင်း သင်တန်းက ကလေးတွေ ပျောက်ပျောက်သွားလို့ နောက်ယောင်ခံ ကြည့်တဲ့အခါ ရေသန့်ဘူး စတဲ့ အမှိုက်တွေ ကောက်ပြီးတော့ သန့်စင်ပြီးရောင်း ဝင်ငွေရှာနေရတော့ မလာနိုင်ကြောင်း သိရပါတယ်။ ဒါနဲ့ ကလေးနဲ့ ဆရာတို့ တိုင်ပင်ကြပြီး တစ်ပတ်မှာ နှစ်ရက် ရအောင် စာသင်မယ်။ အဲဒီ နှစ်ရက် မှာလည်း ဝင်ငွေ မရှာနိုင်တဲ့အတွက် အိမ်အပြန်ရိက္ခာ ထည့်ပေးနိုင်အောင် ကြိုးစားကြရပါတယ်။ မိသားစု ဝမ်းရေး အတွက်ပါ ရှာဖွေနေရတဲ့ အဲဒီ ကလေးတွေအတွက် သူတို့ နေရာ သူတို့ အခက်အခဲကို လိုက်စဉ်းစားပြီး ဖြည့်ဆည်း ပေးခဲ့ရတာပေါ့။

ဒီအကြောင်းတွေ တွေ့မြင်ကြားသိလာတဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်က ပုဂ္ဂိုလ်တွေ သဒ္ဓါရှိရင် သဒ္ဓါရှိသလောက်၊ ငွေကြေးတတ်နိုင်ရင် တတ်နိုင်တဲ့ အလျောက် ကူညီ ဝိုင်းဝန်းကြပါတယ်။ ဒီကလေးတွေကို လူ့အသိုင်းအဝိုင်းထဲ ဝင်ဆံ့အောင် နည်းမျိုးစုံနဲ့ အားထုတ် ကြတာပါပဲ။ စာသင်ပေးရုံမက စိတ်ဓာတ်မြှင့်တင်ရေးပါ လုပ်ပေးကြတာပါ။ ကလေးတွေရဲ့ စားဝတ်နေရေးနဲ့ ပညာရေးကို ဖြည့်ဆည်းပေးရုံနဲ့ တကယ်တော့ မလုံလောက် ပါဘူး။ သူတို့မှာ ပုန်းလျှိုးနေတဲ့ အစွမ်း သတ္တိတွေကို သိအောင် ရှာဖော်ထုတ်ပေးရတာမျိုးကမှ ကလေးတွေ အတွက် သူတို့ ကျင်လည်ရာ ဝန်းကျင်မှာ နေပျော်ပြီး ရှင်သန်ရတာ အဓိပ္ပာယ် ရှိမယ်လို့ ယုံကြည်လို့ပါ။

ငွေကြေး၊ နောက်ခံ၊ ကျောင်းပညာ ချို့တဲ့သူတွေ အများအကျိုး မလုပ်ရတော့ဘူးလား ဆိုတဲ့ မေးခွန်းအတွက် သွေးလှူရှင် အဖွဲ့တွေဟာ အကောင်းဆုံး အဖြေလို့ ကျွန်တော် မြင်ပါတယ်။ အနိမ့်ဆုံး အဆင့် သွေးလှူရမယ့်သူ တစ်ယောက်ဟာ စိတ်နှလုံးကောင်း မွေးမြူရပါတော့မယ်။ ကိုယ့်အတွက် ပီတိကလွဲလို့ တခြား မည်မည်ရရ ဘာရှိမှာမို့ လဲလို့ ယောဘုယျ ထင်စရာ ရှိပါတယ်။ နောက်ဆက်တွဲ ကောင်းကျိုးတွေ ကျန်ပါသေးတယ်။ သွေးလှူရှင် ကိုယ်တိုင်ဟာ သူ့ဒါန သန့်စင်ဖို့ (သွေးသန့်အောင်လို့) မူးယစ်ဆေးဝါး အပျော်အပါး စတဲ့ အရာတွေ ရှောင်ကြဉ်ရပါပြီ။ သီလရော၊ သမာဓိပါ တည်ရပါတယ်။ လူသားတစ်ယောက် အတွက် အခြေခံ အကျဆုံး စောင့်ထိန်းမှုတွေပါ။ အများ အတွက် ဒါဟာ ကျန်းမာအောင်နေရမယ်ဆိုတဲ့ အသိနဲ့ အတူ အကျင့်ပါတွဲ ပါလာစမြဲပါ။ နယ်မြို့တွေ



ရောက်တိုင်းမှာ လေ့လာ မေးမြန်းကြည့်ပါတယ်။ အထူးသဖြင့် မူးယစ်ဆေးဝါး သုံးစွဲ မှုများတဲ့ ဒေသတွေမှာ သွေးလှူအဖွဲ့တွေ အားကောင်းလာတာနဲ့အမျှ လူငယ်တွေဟာ မူးယစ်ဆေးနဲ့ ရာဇဝတ်မှုများ ပတ်သက်မှု ကျဆင်းလာတာမျိုး လုံလောက်တဲ့ အထောက်အထားတွေ ရခဲ့ပါတယ်။

အားကောင်းတဲ့ သွေးလှူရှင်အဖွဲ့တွေကို ရပ်ရွာက အားကိုးကြတာ မဆန်းပါဘူး။ ဒါဟာ အရေးအကြောင်းဆို အသက်ကယ်ပေးမယ့် အဖွဲ့တွေကိုး။ အကျိုးတရားက ဒီလောက်နဲ့ ရပ်မသွားပါဘူး။ အားကိုးခံရသူများဟာ ရရှိလာတဲ့ လေးစားချစ်ခင်မှုကို တန်ဖိုးထားတဲ့အနေနဲ့ တစ်ဦးချင်း သီလ လုံအောင် နမူနာကောင်းဖြစ်အောင် စောင့်ထိန်းနေကြတော့တာပါပဲ။

ဒီလိုနဲ့ပဲ လူ့အဖွဲ့အစည်းဟာ အပြန်အလှန် လေးစား ယုံကြည်မှု ကိုယ်ကျင့်တရား ကောင်းမွန်မှုအပေါ် သိမှတ် တန်ဖိုးထားမှုတွေ တက်လာပြီး အများအကျိုးကိစ္စတွေကို အတူ တွဲလုပ်လာနိုင်ပါတော့တယ်။ ရပ်ရွာထဲမှာ အများ အတွက် စုဝေးရန် နေရာလိုအပ်ပြီဆိုရင် မြေ၊ အဆောက်အဦ ရှိသူက သူ့မြေနေရာမှာ ခွင့်ပြုပေး၊ ငွေကြေးတတ်နိုင်သူက နိုင်သရွေ့ ထောက်ပံ့၊ ပညာတတ်သူက သင်တန်းဆရာတွေ အဖြစ် စေတနာ့ဝန်ထမ်း။ ဒီသုံးမျိုးလုံး မတတ်နိုင်ရင်တောင် သွေးလှူရှင်တွေ အဖြစ် ဝိုင်းဝန်း စောင့်ရှောက်ကြရင်းနဲ့ ရပ်ရွာ၊ မြို့နယ်တွေမှသည် လူ့အဖွဲ့အစည်း အဆင့်ဆင့်ကို ပြုပြင်ပြောင်းလဲလို့ ရနိုင်တယ် ဆိုတာဟာ သွေးလှူရာမှ စလို့ လူငယ်တွေ သက်သေပြခဲ့ကြကြောင်းပါ။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၇၅



❛ လူနေမှုဘဝ၏ အခြေခံဖြစ်သော
စားဝတ်နေ သုံးမျိုးလုံးတွင်
ကျွန်တော်တို့၏ တန်ဖိုးထားမှုများ
ပြောင်းလဲ ပြီးရင်း ပြောင်းလဲရာမှ အစစ်အမှန်ကို
သိရချိန်တွင် မထွေးနိုင်၊ မအန်နိုင်။
ယခင်က ပိုင်ဆိုင်ခဲ့ဖူးသော အကောင်းဆုံးကို
ပြန်ပြောင်းယူဖို့လည်း မလွယ်ကူကြတော့ပါ ❜

## တန်ဖိုးများ

'ဆံဝင်းဒေး ပြီးတော့၊ အလဲဗင်းဒေး ပေါ်နေပြီ သိပြီးပြီလား' ၁၉၇၅ ဝန်းကျင် နှစ်များက ဖြစ်ပါသည်။ ဆံဝင်းဒေး ဆိုသည့် အင်္ကျီပိတ်စက လူငယ်တိုင်းအတွက် မဝတ်လျှင် ခေတ်နောက်ကျမလို ဆွဲဆောင်အား ကောင်းခဲ့သည်။ ပြီး မကြာမီ အဲလဗင်းဒေး ဆိုသည့် ပိတ်စတစ်မျိုး ပေါ်လာပြန်သည်။ ဒါက ဈေးကွက်အခေါ်။ ပိတ်သား၏ အမျိုးအစားက Elestic။ လူငယ်တွေ အရူးအမူးဝတ်ခဲ့ကြသည်။ မှောင်ခိုလမ်းကြောင်းမှ သယ်လာသမျှ Elestic ရောင်စုံ ဒီဇိုင်းစုံတွေက ရေပန်း အစားဆုံး။ ထိုအချိန်က အထက်အညာတွင် ဒိုက်ပြီး ပြည်တွင်းဖြစ် ချည်ထည်တွေ အားထား ဝတ်နေကြရာမှာ အများစုက ထိုသို့ ရုတ်ခြည်း ပြောင်းလဲ လာခဲ့သည်။ ပူအိုက်သော ရာသီနှင့်ကိုက်ညီသည့် ချည်ထည်ရှိနေပါလျက် အင်မတန် ပူသည့် နိုင်လွန်ထည်ကို ဘာကြောင့် အများစုက အမက်တမော ပြောင်းလဲ ဝတ်ခဲ့ကြပါသနည်း။ နိုင်လွန် ဆိုသည်က ကျောက်မီးသွေးမှ ထုတ်ယူသည့် အမျိုးအစား ဆိုတော့ ကျန်းမာရေးနဲ့ မညီညွတ်ခဲ့ကြတာကို အများစု သတိမမူမိခဲ့ကြပါ။ ကျန်းမာရေးနှင့် ညီညွတ်သော ချည်ထည်ကို စွန့်ပြီး နိုင်လွန်ထည်များကိုမှ ရွေးခဲ့ကြသည်မှာ ဈေးများ၌ ဖော့ရှန်၊ ဖော့ခရစ်၊ လှိုင်းကြီး၊ လှိုင်းလတ် စသဖြင့် ရနိုင်ခဲ့ကြ။

ဒီနောက်တွင်တော့ အင်္ကျီသားမက နိုင်လွန်ပုဆိုးများပါ အလုအယက် ပြောင်းလဲ ဝတ်လာကြပြီး ဖိနပ်က အစ ယိုဒယား ကွင်းထိုးဖိနပ်များလည်း ခေတ်စားလာပါသည်။ ပူပြင်းသော ရာသီဆိုလျှင် မကြာခဏ ဖိနပ်ကို ချွတ်ထား ရသည်အထိ ကျန်းမာရေး ထိခိုက်ခံပြီး ခေတ်မီအောင် ကြိုးစားခဲ့ကြသည်။ ထိုစဉ်က ခေတ်မီသည် ဆိုသည်မှာ ကျန်းမာရေး ပညာရေး စီးပွားရေး စသဖြင့် အတွေးအခေါ် ဆိုင်ရာ ခေတ်မီမှုမျိုး မဟုတ်ဘဲ

ပေါ်သမျှ အသစ်အဆန်းကို ဝတ်ဆင် သုံးစွဲနိုင်ခြင်းဟူသာ အဓိပ္ပာယ်ပြန်ခဲ့ကြသည်ကို။ ထိုခေတ်က အဝတ်အစား အသုံးအဆောင်ကဲ့သို့ မရှိမဖြစ် အသုံးအဆောင်များ အပေါ်မှာသာ ဘာသာပြန်လွဲခဲ့ကြခြင်း ဖြစ်ပါသည်။

ယခုခေတ် အသုံးအဆောင်နှင့် ပတ်သက်၍ ခေတ်မီအောင် ကြိုးစားကြရာ၌ တကယ့် လိုအပ်ချက်ကို အဓိက မဟုတ်ဘဲ မော်ဒယ်အသစ်၊ ဒီဇိုင်းအသစ် ပေါ်သမျှ မဝယ်ရ မနေနိုင် ရောဂါစွဲကပ်ခြင်းက ပိုဆိုးနေပါလိမ့်မည်။

●

'မင်း စဉ်းစားကြည့်ပေါ့ကွာ၊ ပန်းသီးလို သစ်သီးမျိုး အလုံးကြီး အလုံးလှ အနာအဆာကင်းတဲ့ အသီးမျိုးကို သူဌေးတွေပဲ စားနိုင်တာကွ၊ သာမန် လူတန်းစား ဆိုတာမျိုးက ပိန်ပိန်လိန်လိန် ပိုးကိုက် အသီးမျိုး အလုံး ညှက်ညှက် ရွေးကျတွေလောက်ပဲ စားရတာ အတော် မတရားတဲ့ ကိစ္စ မဟုတ်ဘူးလား'

ဒါကတော့ အဲဒီခေတ်က ဝင်ငွေ စီးပွား လူတန်းစား မညီမျှမှုအကြောင်း ပြောရင်းပြီးခဲ့တဲ့ လက်တွေ့ငြင်းမရတဲ့ ဥပမာ တစ်ခု ဖြစ်ပါသည်။ အသီးအနှံနဲ့ ပတ်သက်ရင် အသီးတွေ။ အလုံးလှ ပိုးကိုက် ကင်းမှသာ ခေါင်လုံး အကောင်းဆုံးလို့သတ်မှတ်ခဲ့ကြသည်ကို။ ဒီနေ့ အချိန် မှာတော့ ပိန်ပိန်ညှက်ညှက် အလုံးမှ ဓာတ်မြေသြဇာ မသုံးဘူး ပိုးကိုက်ရာလေး ပါတာမှ ပိုးသတ်ဆေး မသုံးထားတာ သေချာတယ်ဟု မှန်သော အသိ ပြောင်းလာကြသည်။ အော်ဂဲနစ် အသီးအရွက် ဟူ၍ ပထမဦးစားပေးအဖြစ် လူတွေ၏ တန်ဖိုးထား ရွေးချယ်မှု ပြောင်းလဲခဲ့ပါပြီ။ တကယ်လည်း ရေအကြိမ်ကြိမ် ဆေးပြီးလျှင်ပင် ပိုးသတ်ဆေး မစင်နိုင်သော အသီးအနှံများ။ မျိုးရိုးဗီဇ ပြုပြင်ထားပြီး အသီးထွားထွား။ အသားပွပွတော့ ဖြစ်သော်လည်း အော်ဂဲနစ်ခေါ် သဘာဝနည်းနဲ့ စိုက်ထားသည့် အပင်တွေလို စိတ်မချရ။ ဒါပေမဲ့ အဲဒီလို ကျန်းမာရေးအသိ အမှန်ဘက်ကို ပြန်ပြောင်းသည့်အချိန်မှာ အတော်လေး နောက်ကျနေပါပြီ။ သဘာဝနည်း မဟုတ်သော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး နိုင်းချင်း သုံးသည့် အစာတွေက ကျွန်တော်တို့ ခန္ဓာ အသွေးအသားထဲ ရောက်ရှိ စိမ့်ဝင်နေခဲ့သည်မှာ အတော် ကြာပါပြီ။

၁၉၇၀ နှစ်များဆီက အလှူပွဲတစ်ခုမှာ အိုးသူကြီး လုပ်သူက သူ့လက်ရာကို လူတွေ ချီးမွမ်းကြလွန်းလို့ လျှို့ဝှက်ချက်ကို ပြောပြမယ်ဆိုပြီး ကျက်ခါစ ဟင်းကို မြည်းနိုင်းပါသည်။ ကောင်းသားပဲလို့ လူတွေက မှတ်ချက် ပေးနေခိုက် အထုပ်တစ်ထုပ်ကို ဖောက်ပြီး အိုးကြီးထဲ ခပ် ထပ်မြည်း နိုင်းပြန်သောအခါ 'ဟာ...ကောင်းလှချည်လား။ အခုမှ ပိုကောင်းပြီး လျှာရင်းမြက် သွားတယ်' စသဖြင့် ချီးကျူးကြရာ၌ ဟင်းချိုမှုန့် ခေါ်သည့် အချိုမှုန့် တွင်ကျယ် လာခြင်းရဲ့ အစပါ။ အဲဒီအချိန်က ဟင်းချိုမှုန့်ထုတ်ခဲ့သော ဂျပန်နိုင်ငံမှာ သူတို့ကိုယ်တိုင်ကျတော့ မစားသုံးသည်မှာ ယခုထိတိုင်ပင်။ ကိုယ်ဖော်သည့်ဆေး



ကိုယ်မစားဖူး ဆိုကတည်းက စဉ်းစားစရာကောင်းပေမယ့် ကျွန်တော်တို့မှာ စဉ်းစားချိန်မရခဲ့ပါ။ သား။ ငါး။ ပုစွန် ဈေးကြီးလာတာနဲ့အမျှ ဟင်းချိုဖို့အရေးဟာ အချိုမှုန့်ကသာ ဖြစ်တော့သည်ကို။

အဲဒီခေတ်က ရန်ကုန်မြို့တော်ခန်းမ မျက်နှာစာဘက် အပေါ်ဆုံးထပ်မှာ NHL အချိုသားဓာတ်ခွဲဌာန ရှိခဲ့ပါသည်။ ဒီလောက် တစ်တိုင်းပြည်လုံး စားသုံးနေသော အချိုမှုန့်ကို ဓာတ်ခွဲ မကြည့်ဘဲ မနေလောက်ပါ။ သူ့ရဲ့ ဘေးထွက် ဆိုးကျိုးတွေကိုလည်း သိ မဖြစ်နိုင်ပါ။ ကုန်ဈေးနှုန်း ကြီးမြင့်မှုနှင့် သား၊ငါး၊ ပုစွန်ကို ဟင်းခတ်အဖြစ်တောင် မထည့်နိုင်တော့သည့် လူအများစု ပြဿနာကို အန္တရာယ် ရှိသော အချိုမှုန့်ဖြင့် ဖြစ်သလို ကုစားခဲ့တာကို မသိကျိုးကျွန် ပြုခဲ့ခြင်းပင်။ ထိုစဉ်က ရုပ်ကွက် စားသုံးသူ သမဝါယမအသင်း ဆိုင် ဆိုတာ အများပြည်သူအတွက် တစ်ခုတည်းသော မှီခိုအားထားရာပါပဲ။ အခြေခံ စားကုန်တွေကို သမဆိုင်ကပဲ ဝယ်နိုင်ကြသည့် ဘဝများ ဖြစ်သည်။

တစ်ခုသော ဆောင်းမနက်ခင်းမှာ ကျွန်တော် စားသုံးဆီ ဝယ်ဖို့ သမဆိုင်၌ တန်းစီရင်း တွေ့ခဲ့ရသည်မှာ စားသုံးဆီ သံပေပါကြီးကို အဖုံးဖွင့် ပွက်ပွက်ဆူ ရေနွေးတွေ လောင်းထည့်ပြီး ယောက်မရှည်ကြီးနဲ့ အားပါးတရ မွှေနေသည်။ မေးကြည့်သောအခါတိုင်း ရောင်းပေးနေကျ ဖြစ်သည့် ပဲဆီ မရတော့ဘူး။ 'ဒါ စားအုန်းဆီ ခေါ်တယ်၊ နိုင်ငံခြားက လာတာ၊ အခု ဆောင်းတွင်းချမ်းလို့ ကျွဲနေတာ သွေးပူလေ့ကျင့်ခန်း လုပ်ပေးလိုက်ရင် အားလုံး ကောင်းသွား မယ်'လို့ သမဆိုင်က လူကြီးက ရယ်မောလျက် ရှင်းပြပါသည်။ သွေးကြောကို အဆီပိတ်စေသည့် ကိုလက်စထရောဓာတ် အဲဒီဆီမှာ အပြည့်ပါနေမှန်း မသိ။ ကိုလက်စထရော ဆိုတာ နောက်ပေါ်သော အစွကို တီးဝိုင်းနာမည်လား ထင်စရာ ရှိသည့် သူတွေအဖို့တော့ စာအုန်းဆီ ဆိုတာ အေးရင် ခဲတာလောက်ပဲ ရှိတာ။ ကြော်စား ဆီပြန်ချက်စားရင် ပဲဆီလို အလုပ်ဖြစ်တာပဲလို့ ရိုးရိုး မြင်ခဲ့ကြသည်ကို။ မြေပဲဆီထက် ဈေးသက်သာလို့ ကျေနပ်သလိုတောင်ရှိသေး။ တဖြည်းဖြည်းနှင့် စာအုန်းဆီဟာ ကျန်းမာရေးအတွက် ဥပါဒ်ဖြစ်စေမှန်း ကြားဖူးနားဝ ရှိလာသောအခါ မြေပဲဆီ ဈေးကိုလည်း သက်လှမ်းမမီတော့သည့်အတွက် မထူး ဇာတ်ကို ခင်းခဲ့ကြသည်ပင်။

ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း ဆိုတာမျိုးတော့ မဖြစ်။ နိုင်လွန်ထည်ဝတ်၊ အချိုမှုန့် စားအုန်းဆီစားဘဝနဲ့ အနည်းဆုံး မျိုးဆက်တစ်ဆက်စာ ဖြတ်သန်းပြီးသောအခါ အမျိုးသား ကျန်းမာရေး အခြေအနေမှာ အားလုံး သိတော်မူကြသည့် အတိုင်းပင်။ သာမန် အခြေခံ ရပ်ကွက်တွေက ပြည်သူတွေ မျက်နှာကို ကြည့်ပါက သွေးတိုး အဆီပိတ် သကြားများ အဖြစ် ပွအန်းနေသော မျက်နှာများဖြင့် 'ကံကောင်းလို့ မသေ၊ သံချောင်းတို့ အမေ' ဟု ခေါ်ရမည့် ဘဝတွေသာ။ အဆိုပါ နောက်ဆက်တွဲရောဂါများနှင့် ဆုံးပါးသွားရသော သူတွေမှာ ကံဆိုးသူများမို့ဟုပင် ဆိုရမလို။

နေအိမ် ဆိုလျှင်လည်း လေဝင်လေထွက် ကောင်းပြီး ကျန်းမာရေးနှင့်လည်း လျော်ညီ၊ အဖိုးလည်း တန်သော ကျွန်းသစ် အပါအဝင် သစ်မာများဖြင့် ဆောက်သည့် ပျဉ်ထောင်အိမ်များကို အလုံပိတ် ကျဉ်းမြောင်းသည့် ကန်ထရိုက်တိုက်များနှင့် ကျွန်တော်တို့ လဲလှယ်မိခဲ့ကြပြီ။ ပါကေး မခင်နိုင်သေးသရွေ့ သမံတလင်းကြမ်းပေါ် အချိန်ပြည့် နင်းနေကြရသည်။

လူနေမှုဘဝ၏ အခြေခံဖြစ်သော စားဝတ်နေ သုံးမျိုးလုံးတွင် ကျွန်တော်တို့၏ တန်ဖိုးထားမှုများ ပြောင်းလဲ ပြီးရင်း ပြောင်းလဲရာမှ အစစ်အမှန်ကို သိရချိန်တွင် မတွေးနိုင်၊ မအန်နိုင်။ ယခင်က ပိုင်ဆိုင်ခဲ့ဖူးသော အကောင်းဆုံးကို ပြန်ပြောင်းယူဖို့လည်း မလွယ်ကူကြတော့ပါ။

အသိပညာ နောက်ကျခြင်း၏ အကျိုးဆက်များက လူတို့၏ စားဝတ်နေမှုတို့အပေါ် ကြီးစွာသော သက်ရောက်မှု ဖြစ်ခဲ့ပါပြီကော။

မိခင်နို့ရည်ထက်ပင် ကောင်းသယောင်ယောင် ကြော်ငြာ အားကောင်းခဲ့သော နို့မှုန့်ဘူး ရောင်စုံများကြား ကြီးပြင်းခဲ့ရသော ဘဝများကိုလည်း တွေးနေမိပါသည်။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၇၆၊ ၂၀၁၆



> တစ်ယောက်နဲ့ တစ်ယောက် ခေတ်နောက်ကျတယ် မဖြစ်ဖို့ သတင်းနောက် ကောက်ကောက်ပါ လိုက်ပြေးနေကြခြင်းဟာ ဦးနောက်ကို အားပေးတဲ့ အတွေးအခေါ် စာပေ၊ နလုံးသား ရင့်ကျက် ပြည့်ဝစေတဲ့ ရသ စာပေကောင်းများနဲ့ ဝေးကွာစေတတ်ပါတယ်

## စာအုပ်နဲ့ စမတ်ဖုန်း

ဟိုတုန်းက ညနေဆိုရင် စာအုပ်ကိုယ်စီ ခါးမှာထိုးလို့ လူငယ်တွေ စာအုပ်ဆိုင်သို့ ချီတက်ကြပြီးလှည့်ကြ၊ ဖတ်ပြီးတဲ့ စာအုပ် ပြန်အပ်ပြီးရင် အသစ်ပြန်ငှားပြီးတာနဲ့ ထိုခေတ်အခေါ် ခေါင်ဆိုင် ဆိုတဲ့ လက်ဖက်ရည်ဆိုင်ကို သွားကြတာပါပဲ။ ကိုယ်စီ ဖတ်ပြီးသမျှ စာအုပ်တွေအကြောင်း ပြန်ပြောပြ နားထောင် ဆွေးနွေး ငြင်းခုံကြ၊ အမြင်မတူ ငြင်းခုံကြပေမယ့် အခုခေတ် အွန်လိုင်းမှာလို မင်းကို ငါ အန် (Unfriend) လိုက်မယ်၊ ဘလော့ (Block) လိုက်မယ် ဆိုတာမျိုး မဖြစ်ခဲ့ပါဘူး။ ဘယ်ဖြစ်မလဲ ကိုယ့်ရဲ့ ငြင်းခုံဘက်ဟာ ကိုယ့်လိုပဲ စာချစ်သူ၊ စာဖတ်သူ ကိုယ့်ရှေ့တင် သက်ရှိထင်ရှား ငုတ်တုတ်ထိုင်နေတဲ့သူကိုး။ ပြီးတော့ သူငြင်းတာကလည်း ကိုယ့် အဘိဓမ္မာ ကိုယ် နိုင်မာအောင် အချက်အလက်နဲ့ ငြင်းခုံကြတာကိုး။ အကောင့်တု၊ အကောင့်ပုန်းတွေနဲ့ တာဝန်ခံ၊ တာဝန်ယူမှု မရှိတဲ့ ရန်လို ထိုးနှက်ခြင်းမျိုးမှ မဟုတ်တာ။

ဟိုတုန်းက လက်ဖက်ရည်ဆိုင် ထိုင်တယ်ဆိုတာ အခုခေတ် ကော်ဖီဆိုင် တော်တော်များများလို ကော်ဖီ တစ်ခွက်ဖိုးဟာ မိသားစု ထမင်း တစ်နပ်စာလောက် ဈေးခေါင်ခိုက်နေတာမျိုး မဟုတ်ပါ။ ဈေးချိုတဲ့ လက်ဖက်ရည် နှစ်ခွက်လောက် မှာပြီး သူငယ်ချင်း လေးငါးယောက်ထိုင်၊ အခမဲ့ရတဲ့ ရေနွေးကြမ်းကို လိုသလောက်တောင်း စကားဝိုင်း ကောင်းနိုင်တဲ့ ခေတ်မျိုးကိုး။

ပုံနှိပ်စာပေနဲ့ အွန်လိုင်း စာပေဆိုပြီး ဘာတွေ ခြားနား နေပါသလဲ။ မကြာသေးခင် ခေတ်ကာလထက်စာရင် စာပေ ရေးသား ပုံနှိပ်ထုတ်ဝေခွင့်တွေ ပိုရလာတဲ့ အခုအချိန်မှာ ပုံနှိပ်စာပေဟာ အကြောင်းအရာ မျိုးစုံ၊ အထူးသဖြင့် လွတ်လပ်ခွင့် တရားမျှတမှု အကြောင်းတွေ နိုင်ငံရေး နောက်ခံ သမိုင်းကြောင်းတွေ ဝေဝေဆာဆာ ထုတ်ဝေနိုင်လာ

ကြလို့ ပိုအားကောင်းလာတာ အမှန်ပါပဲ။ ဒါပေမဲ့ အွန်လိုင်း စာပေကိုပဲ စွဲစွဲမြဲမြဲ ဖတ်နေတဲ့ မျိုးဆက်သစ်နဲ့ မျိုးဆက်ဟောင်း အချို့အတွက်တော့ ပုံနှိပ်စာပေဟာ အလှမ်းဝေးနေခဲ့ပါ။

မနက် အိပ်ရာနိုးလို့ မျက်နှာမသစ်ခင် စမတ်ဖုန်းကို လှမ်းဆွဲ အင်တာနက်ထဲ ဝင်ကြတယ်။ Facebook (ဖေ့စ်ဘွတ်)၊ Blog (ဘလော့)နဲ့ Google (ဂူဂဲလ်)ထဲ ဘာတွေကို ရှာဖွေကြည့်မိတတ်ကြပါသလဲ။ ဒီနေ့ ဘာထူးလဲပေါ့။ မနေ့ကသတင်း ဒီနေ့ ဘာဆက်ဖြစ်လဲ။ သတင်းတွေကို စာလုံးတွေနဲ့ ဖွဲ့စည်းထားတာ မှန်ပေမယ့် ဒီနေရာမှာ သတင်းဖတ်သူနဲ့ စာဖတ်သူ တူတယ်လို့ မခံစားရပါ။ ဆိုလိုတာက စာပေ ယဉ်ကျေးမှု ဆိုတာ ရသ၊ သုတ၊ အတွေးအခေါ် လူမှုကျင့်ဝတ် စသည်တို့ပါပဲ။ အင်ဖော်မေးရှင်းခေါ်တဲ့ သတင်းကို မခေါ်ပါ။ သတင်းထူး ဆိုရာမှာလည်း ဖြစ်ရပ်များသာမက မိမိကို အာရုံစိုက်လာအောင် လုပ်ကြံစွက် ဖန်တီးယူမှုမျိုးကိုပါ။ ဒီနေ့ ဒါတွေ ထူးတယ်ထဲ ထည့်ပြောကြတာကို။ တစ်ယောက်နဲ့ တစ်ယောက် ခေတ်နောက်ကျတယ် မဖြစ်ဖို့ သတင်းနောက် ကောက်ကောက်ပါ လိုက်ပြေးနေကြခြင်းဟာ ဦးနှောက်ကို အားပေးတဲ့ အတွေးအခေါ် စာပေ၊ နှလုံးသား ရင့်ကျက် ပြည့်ဝစေတဲ့ ရသ စာပေကောင်းများနဲ့ ဝေးကွာစေတတ်ပါတယ်။

ပုံနှိပ်စာအုပ်တွေ ဆိုတာမျိုးက အွန်လိုင်းစာပေနဲ့ ယှဉ်ရင် အကန့်အသတ်ရှိပါတယ်။ စာအုပ် ဘယ်လောက်ထူထူ ဖတ်ပြီးသွားရင် ထိုင်တွေးစရာ အချိန်၊ ပြီးတော့ ဦးနှောက် နေရာ ကျန်သေးတာကို။ အွန်လိုင်း စာပေကတော့ တစ်ယောက်က နှစ်သက်လို့ (Share) မျှဝေလိုက်သမျှ မူရင်းပိုင်ရှင်ဆီ ဝင်ကြည့်၊ အဲဒီ စာမျက်နှာတွေထဲမှာ သူက အခြား ကောင်းနိုးရာရာတွေ ထပ်မျှဝေထားတော့ နောက်ထပ် မူရင်းထဲ ထပ်ဝင်ဖတ်စရာ တွေက ထပ်ခါ ထပ်ခါများ။ မထွက်နိုင်တော့ဘဲ အကြောင်းအရာ တစ်ခုတည်းမှာ သမာဓိ ကောင်းကောင်းနဲ့ ဖတ်ရ တွေးရတာမျိုး မဟုတ်တော့ပါဘူး။

ပုံနှိပ်ခေတ်တုန်းက စာရှည်လည်း အချိန်ယူ အရသာရှိရှိ ဖတ်နိုင်ကြပါတယ်။ လိုရင်းဆီ ရောက်အောင် စာရေးသူရဲ့ ရေးဖွဲ့မှု အတတ်ပညာကို ကျေကျေနပ်နပ် လိုက်ပါခံစားနိုင်ခဲ့ကြတာပါ။ အခု အွန်လိုင်းခေတ်မှာတော့ စာရှည်ရင် မဖတ်ချင်တော့ဘူး ဆိုတဲ့ ပြဿနာကို တည့်တည့် တိုးနေကြရပါပြီ။ ရွေးချယ်စရာတွေ အင်မတန် များတဲ့အခါ စာရှည်သော်လည်း ယုံယုံကြည်ကြည် လိုက်ပါနိုင်ဖို့ ခက်လာတဲ့ သဘောပါ။ စကားလုံး အကန့်အသတ်နဲ့ လိုတိုရှင်း ရေးနိုင်တဲ့ တွစ်တာ (Twitter) လို ဆိုရှယ် မီဒီယာမျိုးတွေ တွင်ကျယ်လာတာကလည်း အချိန်ဆင်းရဲတဲ့ ခေတ်အတွက် အင်မတန် ကောင်းမွန်တဲ့ အမျိုးအစား တစ်ခုပါပဲ။

အွန်လိုင်းမှာ ဝေဖန် အကြံပြုချက် ကွန်မန့် (Comment) တွေထဲ ရန့်ရင်းကြမ်းတမ်းသော စကားလုံးများနှင့် ပြီးစလွယ် ရေးနေကြတာ အတော်များများက ထောက်ပြဝေဖန်သံ



တွေ ညံ့နေပါပြီ။ ဘာကြောင့်ပါလဲ။ ဆွမ်းကြီး ဝိုင်းလောင်းတယ် ဆိုတဲ့ စကားဟာ မူရင်း ကုသိုလ် ကိစ္စမှုဖြစ်ပေမယ့် သွယ်ဝိုက် တင်စားကြတဲ့ အခါမှာတော့ တစ်ခုံတစ်ယောက်ကို အများက ဝိုင်းဖွဲ့ ထိုးနှက်ကြတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။ တစ်ယောက်တစ်လက်နဲ့ ဘယ်သူ ဘယ်နှချက်မှန်းမသိ ဝိုင်းဝန်း နှိပ်ကွပ်ကြတယ်ဆိုရာမှာ တာဝန်ခံ၊ တာဝန်ယူမှု မရှိတဲ့ ထိုးနှက်ချက်များ အများစု ပါနေတတ်ပါတယ်။ တချို့ဆို ရည်ရွယ်ချက်ရှိရှိ နစ်နာအောင် အားထုတ်တာမျိုးလည်း ပါတာပေါ့။ လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ရှိသူ အမျိုးအစားကို အချက်အလက်နဲ့ တုံ့ပြန် ခုခံတာမျိုးတော့ ရှိရမှာပါ။

အရေးကြီးတာက တာဝန်ခံ၊ တာဝန်ယူမှု ရှိတဲ့ စာ အမျိုးအစားတွေ ဖြစ်ဖို့ပါပဲ။ အမှောင်ခေတ် တစ်လျှောက်မှာ အဖွဲ့အစည်း တစ်ခုကို တာဝန်ခံ၊ တာဝန်ယူစိတ်နဲ့ ထူထောင် နိုင်ခွင့်၊ အယူအဆနဲ့ ယုံကြည်ရာကို တာဝန်ခံ၊ တာဝန်ယူ ပြောဆိုရေးသားသူတွေ ဖျက်ဆီး ပိတ်ပင်ခံခဲ့ရတာ အားလုံး အသိပါ။

ပုံနှိပ် စာပေခေတ်မှ အွန်လိုင်း စာပေခေတ် ပြောင်းသွားတာ အကြောင်း မဟုတ်ပါ။ ဈေးချိုတဲ့ လက်ဖက်ရည် တစ်ခွက်ကို လေးငါးယောက် ထိုင်သောက်တဲ့ ခေတ်မှ ထမင်း တစ်နပ်စာ ကော်ဖီ တစ်ခွက် ခေတ်ပြောင်းတာကိုလည်း မဖွဲ့ဆိုပါ။ လက်ဖက်ရည် ကော်ဖီနဲ့ တွဲဖက် သုံးဆောင်စရာ စာအုပ်စာပေမှ စမတ်ဖုန်းအဖြစ် ပြောင်းသွားတာလည်း အဓိက မဟုတ်ပါ။ ဦးနှောက်အတွက် ဉာဏ်ပညာကို အားပေးသော အတွေးအခေါ် စာပေမျိုးတွေ နှလုံးသား အတွက် စာနာမှုနှင့် ရင့်ကျက်မှုကို ပေးစွမ်းသော ရသ စာပေကောင်းမျိုး။ ပြုစု ရေးသားသူ ဖတ်ရှုဝေဖန်နိုင်စွမ်း ရှိသူ မျိုးဆက်များကို တောင့်တမိပါကြောင်း။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၇၇




❝ ခေတ်လူငယ်တွေကို ကျွန်တော် ပြောချင်တာက ကျွန်တော်တို့ ခေတ်တွင် စာအုပ်စာပေ အပါအဝင် ပညာ လေ့လာလိုသူတိုင်းအတွက် ရင်းမြစ်များ ရှားပါးခဲ့ပါသည်။
ခုခေတ်တော့ အင်တာနက်တွင် ကလစ်တစ်ချက် ခေါက်ရုံဖြင့် လေ့လာလိုသမျှ ဘာသာရပ်ဆိုင်ရာ ရင်းမြစ်တွေ ဝေါခနဲ ထွက်ကျလာပါပြီ။
ပေါများပါပေ့။ ပေါများလှသော အရာတွေထဲက ခေတ်လူငယ်တွေ ဘာတွေကိုများ ရွေးကြမှာပါလိမ့် ❞

# ထုလင် လုံမ ဘာ ရွေးကြမယ်

ကျွန်တော်တို့ငယ်အခါ သူတစ်ပါးအိမ် ဧည့်သည်လုပ် ထမင်းစားစဉ်က အထူးအဆန်းအဖြစ် ငါးသေတ္တာဗူးတစ်ဗူး ပါလာသည်။ စည်သွပ်ဘူးကို ဖွင့်ကတည်းက ကျွန်တော်တို့ ကလေးတွေ ဝိုင်းဝင်စားနေပြီး ဘူးထဲမှာ တစ်ခါမှ မမြင်စဖူး၊ ငါးကလေးတွေ အထပ်လိုက် စီလို့ ချက်ပြီးသားတဲ့။ ခရမ်းချဉ်သီး ထည့်ပြီး ပြန်နွေးလို့ အနံ့ရရုံ ကျွန်တော်တို့မှာ သဘောကျမဆုံး။ ...ရေတွေ ကမ်းပြီးနေပြီ၊ စားပြီးတော့ လည်း အရသာတွေ နောက်နေ့တွေ တမ်းတလို့မဆုံး။ ...ပြန်လို့ မဝနိုင်၊ အမေက ကျွန်တော်တို့ကို ကြည့်ကာ သနားသည်တဲ့၊ ငါးသေတ္တာဆိုတာ ...သွားဖြစ်တဲ့နေ့ လမ်းထိပ် ကွမ်းယာဆိုင်က အလွယ် ဝယ်ချက်စားလိုက်ကြတာ။ ...များက ဒီနေ့ ဘာချက်လဲ မေးရင် ဒီလိုပါပဲ။ ငါးသေတ္တာနဲ့ပဲ ပြီးစလွယ် စားလိုက်တယ်လို့ ...ရတာ အားမရှိလှဘူးတဲ့။ မစားချင်မှအဆုံးဆိုပဲ။ ကျွန်တော်တို့ ကလေးဘဝမှာ ...ကို နားထောင်ပြီး အားကျမဆုံး။ ကိုယ့်ကိုယ်ကိုယ်လည်း အတော် သနားစရာကောင်းတာ ...။ ပေါများတဲ့ ခေတ်ဆိုတာကို တမ်းတရုံ။

●

...ကယ်လည်း ကျွန်တော်တို့ခေတ်သည် အစားအသောက်၊ အဝတ်အထည် ရှားပါးခဲ့သည်ဟု ကျွန်တော် ခံစားရသည်။ ခေတ်လူငယ်တွေနဲ့ စကားစပ်တိုင်း ပေါများခြင်း၊ ရှားပါးခြင်း အကြောင်း ရောက်သွားလျှင် ကျွန်တော် ပြောပြတာတွေ သူတို့ တအံ့တသြ။

တို့ခေတ်က ဂျင်းဘောင်းဘီ တစ်ထည်ကို သူငယ်ချင်းတွေ၊ ညီအစ်ကိုတွေ အလှည့်ကျ ဝတ်ရတာကွဟု စကား စလျှင် သူတို့က ဟုတ်လားဆိုကာ ပြုံးစစ ...ကန်ကြစမြဲ။ ဂျင်းဂျာကင် ဂျင်းကုတ်လောက် ဝတ်နိုင်ရင် ဆရာကြီး ဖြစ်ပြီဟု ...သော် သူတို့ ရယ်ကြ၏။ ရုပ်အင်္ကျီဆိုရင်ကွာ ဘင်္ဂလားဒေ့ရှ် လေဘေးအတွက် ...ကမ္ဘာလုံးက ပို့င်းလှူတဲ့ အထည်ဟောင်း (ဘေထုပ်)တွေ ဆူးလေမှာ ပုံရောင်းတာ ...အယက် ဝယ်ကြရတယ်။ အဲဒီ အဟောင်းထည်တွေ ကိုပဲ ဖောရိမ်းရှပ် (Foreign

Shirt)ဆိုပြီး ဂုဏ်မောက် ခဲ့ကြရတာဟု ဝန်ခံသည့်အခါ သူတို့ လက်ခုပ်လက်ဝါးတီး လှောင်ရယ်ကြပါသည်။

သို့သော် ယိုးဒယားသကြားလုံးခေတ် ရောက်လာသည့် အခါ စားပြီးသည့် သကြားလုံး စက္ကူအခွံလေးတွေကို တယုတယ စာအုပ်ကြားထဲညှပ် စုဆောင်းကြကြောင်း ဇာတ်နာသည့်အပိုင်း ရောက်လာတော့ သူတို့ မလှောင်ရက်တော့။ ကျွန်တော်တို့ မျိုးဆက်အား သနားစဖွယ် ငတ်ခဲ့ကြသော မျိုးဆက်ဟောင်းများအဖြစ် စုတ်တသပ်သပ် ကရုဏာ သက်ကုန်ကြပါသည်။

●

ကျွန်တော်တို့တွေ အတိုးအဘွားခေတ်က အသားဟင်းတွေကို မြေအိုးဖြင့်ချက် နောက်ရက်တွေမှာလည်း ပြန်ပြန် နွှေးစားကြသည့်အကြောင်း ပြောသည့်အခါမျိုး သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းက ပဲပြုတ်နဲ့ နံပြားကို တမ်းတခဲ့ကြောင်း ပြောပြသည့်အခါ ခေတ်ကာလ သားသမီးများက သူတို့ ဘိုးဘွားတွေကို သရော်သလိုဖြင့် သနားပါတယ်။ ပီဇာ မုန့်တောင် မစားဖူးရှာဘူး။ KFC ကြက်ကြော်လေးတောင် မမြည်းဖူးကြရှာဘူးဟု ခနဲ့ခနဲ့ဆိုလျှင် ကျွန်တော် သူတို့အား ခုလို ပြန်လက်စားချေရသည်။

'မင်းတို့ခေတ်မှာ ပုစွန်တုပ် တစ်ခါစားပြီးရင်၊ တစ်လလောက် ကြွားမဆုံးဘူး မဟုတ်လား။ တို့ငယ်ငယ်က အမေဈေးက ပြန်လာရင် ခြင်းတောင်း သွန်ချ၊ ပုစွန်တုပ်တွေ ကောက်ဆွဲပြီး၊ မီးကင်စားပစ်လိုက်တာ မွှေးချိုနေတာပဲ'

သူတို့ မျက်လုံးဝိုင်းသွားကြသည်။ အမေက မဆူဘူးလား ဟု မယုံသလို မေးကြသေး၏။

'မဆူတဲ့အပြင် ဘေးက မျှော်နေတဲ့ ခွေးတွေ ကြောင်တွေအတွက် နောက်ထပ်တောင် ပေးလိုက်သေး။ အဲဒီလောက် ပေါများတဲ့ ခေတ်ကွ' သူတို့ ခေါင်းပုသွားကြသည်။

●

ကျွန်တော်တို့ခေတ်က စူပါသရုပ်ဆောင် တစ်ယောက်က ရိုက်ကွင်းမှာ မောလျှင် ရေခဲသေတ္တာထဲက ပန်းသီးစိတ်ကို ကျွေးမှ ရိုက်ကွင်းကို ဆက်၍ရကြောင်း ခေတ်လူငယ်တွေ ကြားသည့်အခါ နားမလည်ကြ။ စူပါစတားရဲ့ တောင်းဆိုချက် ကလည်း ဈေးပေါလှချည်လားဟု ဇဝေဇဝါ ဖြစ်ကုန် ကြသည်။ ထိုခေတ်က ပန်းသီးဆိုတာ လူမမာ စာတ်စား၊ လူကြီး ကန်တော့ရာသာ ပါရသည့် မျက်နှာကြီးမျိုးဆိုတာ ယခု ပန်းသီးကို လမ်းဘေး ပုံရောင်းနေသည့် ခေတ်လူငယ်တွေ မယုံနိုင်။

တချို့ အိမ်တွေမှာ ရေခဲသေတ္တာဆိုတာ ဧည့်ခန်းမှာ Show Case တစ်ခုလို ထားခဲ့သည့် ခေတ်ရှိခဲ့တယ် ဆိုတာ။ တချို့များ စတီးထည် စတီးချိုင့်တွေတောင် မှန်ဗီရိုထဲထည့် ဧည့်ခန်းမှာ ထားခဲ့ကြတယ်ဆိုတာ အိမ်တိုင်းမှာ ရေခဲ သေတ္တာရှိတာ မဆန်းသည့်ခေတ် လူငယ်တွေ လှောင်ရယ် ကြပါလိမ့်မည်။ ကျွန်တော်တို့ ခေတ်ရဲ့ ရှားပါးမှုတွေကို ဟားတိုက် ခံရတိုင်း ကျွန်တော်က မင်းတို့ခေတ်မှာ ငါးသလောက် ဆိုရင် ဆေးဖော်ချင်လို့တောင် ရှာမရဘူး။ တို့ခေတ်က မစားချင်မှအဆုံး စသဖြင့် ချေပပြန်ပါသည်။



●

ကျွန်တော် တကယ် ပြောချင်တာက အစားအသောက် အဝတ်အထည်တွေအကြောင်း မဟုတ်ပါ။ ရှားပါးခြင်းနှင့် ခေါင်းပါးခြင်း အကြောင်းသာ ဖြစ်ပါသည်။ ကျွန်တော် ငယ်စဉ်က အိမ်မှ မကြိုက်သော ပိုက်ဆံကြေး ဂေါ်လီရိုက်တာ၊ အိမ်နှင့် ဝေးရာမှာ လုပ်ပါလျက် အိမ်က ဘယ်လို သိသိနေမှန်း စဉ်းစားမရ။ နောက်တစ်နေ့ ကစားဝိုင်းထဲ ကျွန်တော့်ကို ခုခေါက်သံကြား၍ လှည့်ကြည့်ရာ လမ်းထဲ နေ့စဉ်လာ ကောက်ညှင်းပေါင်းရောင်းသည့် အဒေါ်ကြီး ဖြစ်နေသည်။ အိမ်ကို သွားသွား တိုင်နေတာ သူပါပဲတဲ့။

အိမ်က လူကြီးတွေ မသိအောင် သစ်ပင် နိုးတက်၊ ရေခိုးကူးတိုင်း လမ်းထဲ အရပ်ထဲက လူကြီးတွေက ဖမ်းပြီး အိမ်ကို ပို့သည်။ ကျွန်တော်တို့မှာ ငယ်စဉ်က ထိုဖြစ်ရပ်မျိုးကို စိတ်ကုန်လှသော်လည်း ခုမှ မေတ္တာဖြင့် စောင့်ရှောက်ကြခြင်းကို နားလည်သည်။ ခေတ်လို ကန်ထရိုက်တိုက်တွေ ပွတ်ကျပ်၊ ဟိုဘက်ခန်း ဒီဘက်ခန်း ဘယ်သူမှန်း မသိ မယုံကြလို့ လှေကားတောင် သော့ခတ်ထားရသည့် ခေတ် မဟုတ်။ အစားအသောက် အဝတ်အထည် ရှားပါးပေမယ့် မေတ္တာတရား၊ အပြန်အလှန် စောင့်ရှောက်မှု ခေါင်းပါးသည့် ခေတ်မဟုတ်ဆိုတာ ဂုဏ်ယူချင်ပါသည်။

●

သမိုင်းဆိုင်ရာ ဝါဒရေးရာဆိုင်ရာ စာအုပ်များ အင်မတန် ရှာဖွေရခက်သော တစ်ခေတ် ရှိခဲ့ပါသည်။ အထူးသဖြင့် ဒီမိုကရေစီအကြောင်း။ ဒီမိုကရေစီခေတ်က ထုတ်ခဲ့သော စာအုပ်များကို ခိုးကြောင်ခိုးဝှက် ရောင်း ဝယ် ငှား ဖတ်ခဲ့ကြ ရသည်။ 'လူ့အခွင့်အရေး ကြေညာစာတမ်း' လက်ဝယ် ကိုင်ဆောင်မှုဖြင့် အဖမ်းခံရသည့် အမှုမျိုး ခေတ်မျိုး တစ်ကယ် ရှိခဲ့ပါသည်။ သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်အား ဖမ်းဆီးသည့်အခါက သူ့တင်မက စာအုပ်တွေကိုပါ ဖမ်းဆီး ခံခဲ့ရသည်။ ပြီးတော့ ထိုစာအုပ်တွေပင် တရားမဝင်သလိုလို ထိုစာအုပ်တွေ လက်ဝယ်ထားရှိခြင်းကပင် အပြစ်ရှိသလိုလို၊ သတင်းစာရှင်းလင်းပွဲတွင် ဓာတ်ပုံနှင့်တကွ ဦးဝင်းတင် နေအိမ်မှ သိမ်းဆည်းရမိသော စာအုပ်များဟု ဖော်ပြသည်။ ထိုအထဲတွင် ကမ္ဘာကျော် တော်စတွိုင်း၏ စစ်နှင့် ငြိမ်းချမ်းရေး စာအုပ်ပါ ပါဝင်ခဲ့ပါသည်။


●

ခေတ်လူငယ်တွေကို ကျွန်တော် ပြောချင်တာက ကျွန်တော်တို့ ခေတ်တွင် စာအုပ်စာပေ အပါအဝင် ပညာ လေ့လာလိုသူတိုင်းအတွက် ရင်းမြစ်များ ရှားပါးခဲ့ပါသည်။

ခုခေတ်တော့ အင်တာနက်တွင် ကလစ်တစ်ချက် ခေါက်ရုံဖြင့် လေ့လာလိုသမျှ ဘာသာရပ်ဆိုင်ရာ ရင်းမြစ်တွေ ဝေါခနဲ ထွက်ကျလာပါပြီ။ ပေါများပါပေ့။

ပေါများလှသော အရာတွေထဲက ခေတ်လူငယ်တွေ ဘာတွေကိုများ ရွေးကြမှာပါလိမ့်။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၇၀



> ခေတ်စနစ်ကို
> အကောင်းဘက် ပြောင်းကြတော့မယ် ဆိုတဲ့
> သူတွေဟာ ကိုယ်နဲ့ အနီးဆုံးမှာ ရှိနေတဲ့
> ဒေသ အချင်းချင်း၊ ပုဂ္ဂိုလ်များ အချင်းချင်း
> အစွဲတစ်ခု အကြောင်းပြုပြီး
> ပြိုင်ဘက်လို့ မမြင်စေချင်၊
> လက်တွဲဖော်တွေ အဖြစ်
> သဘောထားကြစေချင်ကြောင်း

## ရေ ကော်မတီ၊ မီး ကော်မတီ

ဝေးလံတဲ့ နယ်စပ်ဒေသရှိ မြို့တစ်မြို့က ဟောပြောပွဲ ဖိတ်ပါတယ်။ ခရီး အဝေးကြီးသွားပြီး ဟောရတာချင်း အတူတူ နီးစပ်ရာ မြို့တွေမှာ လုပ်ချင်တယ်ဆိုရင် ဒီဟောပြောသူကို အတူတူပဲ ဖိတ်ချင်တယ်ဆိုရင် လမ်းကြောင်း တစ်ခုတည်းဖြစ်လို့ တွဲလျက် စီစဉ်ဖို့ အကြံပြုခဲ့ ပါတယ်။ ဒါပေမဲ့ တစ်မြို့တည်းပဲ ဟောပြီး ပြန်ရောက်ခါမှ ခုနက မြို့နဲ့ နီးစပ်တဲ့ မြို့တွေက ဒီဟောပြောသူတွေကိုပဲ ပြန်ဖိတ် ပါတယ်။ အနည်းဆုံး အချိန် တစ်လကျော်လောက် ကြိုတင် ပြင်ဆင်ရတဲ့ ပွဲမျိုးဖြစ်ပေမယ့် အခု မကျင်းပရသေးတဲ့ မြို့ကို အကြောင်းကြားခဲ့ခြင်း မရှိလို့ အခုမှ နောက်တစ်ခေါက် ပြန်ဖိတ်ရတာပါတဲ့။ ဟောပြောသူများ အနေနဲ့လည်း ခရီး ဝေးလွန်းတာရယ်၊ အခြားပွဲများ လက်ခံပြီး ဖြစ်တာရယ်ကြောင့် ချက်ချင်း နောက်တစ်ခေါက်ပြန်သွားဖို့ မဖြစ်နိုင်တော့ ပါဘူး။

မြို့ကြီးပေါ်က ရပ်ကွက်တွေမှာလည်း ကြုံဖူးပါတယ်။ ဝေးလံခြင်း၊ လမ်းကြောင်း သင့်ခြင်း ပြဿနာ မရှိပေမယ့် လမ်းတိုကလေး နှစ်ခု ယှဉ်လျက် အပြိုင်ရှိနေတဲ့ ရပ်ကွက်မှာ အစဉ်လာအားဖြင့် ပြိုင်ဘက်များလို ဖြစ်နေခဲ့ပါတယ်။ သာမှု၊ နာမှု မြို့ရေးကိစ္စများမှာ ပူးပေါင်းလုပ်ဖို့ အမြဲ ခက်ခဲခဲ့ပြီး တစ်လမ်းက လုပ်တဲ့ လှူပ်ရှားမှုမှန်သမျှ အခြား တစ်လမ်းက သွားပြီး မပူးပေါင်းရေး မူကို ကျင့်ခဲ့ကြပါသတဲ့။ ပထမလမ်းက လုပ်ပြီးရင် ဒုတိယလမ်းက အားကျမခံ လိုက်လုပ်၊ အဲဒီအခါ ပထမလမ်းက လာမပူးပေါင်း၊ အားမပေး ဆိုတော့ အချိန်ကုန်၊ ငွေကုန်၊ လုပ်အားတွေ များစွာ ရင်းနှီးပြီးမှ အများအတွက် အသိပညာပေး လှုပ်ရှားမှု၊ ဖြန့်ဝေ လှုံ့ဆော်ရေးတွေဟာ ဖြစ်သင့်သလောက် ရလဒ်

ကောင်းတွေ မထွက်ခဲ့နိုင်ပါဘူး။ တစ်ရပ်ကွက်တည်း ဖြစ်ပါလျက်နဲ့ လမ်းနှစ်လမ်းက စိတ်ဝမ်းကွဲနေကြတာကြောင့် ပေါင်းလုပ်လိုက်ရင် ခမ်းနားကြီးကျယ်ပြီး အကျိုးများမယ့် ရလဒ်ကောင်းတွေကို ဆုံးရှုံးခဲ့ရတာပါပဲ။

အထက် အညာဒေသက ရွာတစ်ရွာမှာလည်း ကြည့်ပါ။ အဲဒီ ဒေသဟာ လျှပ်စစ်မီးလည်း မရ၊ ရေလည်း အင်မတန် ရှားပါတယ်။ မျက်ခမ်းစပ်ရောဂါ အပါအဝင် ရေအရင်းအမြစ် ချို့တဲ့မှုကြောင့် ရလာတဲ့ ဒုက္ခတွေကို ကာလရှည် ခံစားခဲ့ရတာပါ။ ရေနဲ့ လျှပ်စစ်မီးဟာ ဒီဒေသအတွက် အခြေခံ အကျဆုံး အရေးတကြီး လိုအပ်ချက်ပါပဲ။ အစိုးရ အဆက်ဆက် ဒေသန္တရ အုပ်ချုပ်ရေးတွေကလည်း ဒီလိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ခဲ့ပါဘူး။ တစ်နှစ်စာလုံးအတွက် မိုးရေကိုပဲ ခံပြီး ခြစ်ခြစ် သုံးစွဲခဲ့ရတာမျိုးပါ။ ရေတွင်းတူးလို့ ခက်ခက်ခဲခဲ ရေထွက်တယ် ဆိုရင်တောင် ဆပ်ပြာကုန်လို့ အမြှုပ်မထွက် အဝတ်လျှော်မရ၊ ချိုးရင်လည်း စေးကပ်နေတဲ့ ရေစေးမျိုးပဲ ရနိုင်တာပါ။ အဲဒီ ရေစေး ရဖို့ ဆိုရင်တောင် ဒေသခံတွေရဲ့ တစ်ဦးချင်းဝင်ငွေနဲ့ ရေထွက်အောင် တူးဖို့ မစွမ်းနိုင်ကြပါဘူး။

သတင်းနည်းပညာ ခေတ်ကြီးမှာ လျှပ်စစ်မီးလည်း မရှိတော့ အရာရာ နောက်ကျ နေရသူချည်းပါ။ ဆိုလာပြားတွေနဲ့ လျှပ်စစ်အား ယူပါလား မေးစရာ ရှိပါတယ်။ စိုက်ပျိုးရေး ကလွဲလို့ တခြား စီးပွားဖြစ်စရာမရှိ၊ ထမင်းအိုး တည်ဖို့တောင် နေ့စဉ် ခါးမတို တစ်ချောင်းနဲ့ ထင်းရှာခုတ်ပြီးမှ လောင်စာရတဲ့ ဘဝတွေဆိုတော့ ဆိုလာပြား ဆိုတာ အလှမ်း ကွာလှပါတယ်။ ညတွေမှာ ဖယောင်းတိုင် မီးခွက်များနဲ့ (နည်းနည်း ပိုတတ်နိုင်သူတွေက) ဘက်ထ္ထရီ မီးလုံးများနဲ့ ကြာကြာမတတ်နိုင်တဲ့အဆုံး စောစောအိပ်ရတဲ့ ရွာတွေပါ။ စောစောအိပ်ရပါလျက် အိပ်မက်ထဲမှာတောင် ရေမီးမစုံ လေယာဉ်ပျံက်ကျ ရင်တောင် လေထီး မခုန်နိုင်တဲ့ ဘဝမျိုးတွေပါ။ အတန်းပညာ၊ ကျောင်းပညာနဲ့ ကြီးပွား ချမ်းသာအောင် လုပ်နိုင်သူတွေ အင်မတန် နည်းကြတဲ့ ဒေသခံတွေဟာ ဇာတိကို စွန့်ပြီး ဝေးရပ်မြေများမှာ၊ အထူးသဖြင့် နယ်စပ်လို ဒေသမျိုးမှာ တချို့က ရွှေကြော၊ တချို့က ကျောက်မှော်တွေမှာ အသက်နဲ့ အရင်းပြု ငွေရှာတာတောင်မှ ပြေလည်သူ နည်းကြပါတယ်။ ကျောက်တွင်းပြိုလို့ မြေစာပုံပိလို့၊ ငှက်ဖျားမိလို့၊ အခြားရောဂါ ပေါင်းစုံကြောင့် ဝေးတစ်မြေက သင်္ချိုင်းကို တကူးတက သွားသေရသူတွေလည်း မနည်းပါ။ တရားမဝင် နယ်စပ် ဖြတ်ကျော်မှု အပါအဝင် အမှုပေါင်းစုံနဲ့ ဖမ်းဆီးခံရ၊ တရားဥပဒေ စိုးမိုးမှု အားနည်းလှတဲ့ ရပ်ဝန်းများရဲ့ ထုံးစံအတိုင်း အားကြီးသူတွေရဲ့ အနိုင်ကျင့်ခံရ၊ ဇာတ်သိမ်း မလှသူတွေလည်း များပါတယ်။



အဲဒီဒေသက ထွက်ပြီး စွန့်စား လုပ်ကိုင်ရင်း ကြီးပွားလာသူ အချို့ ရှိပါတယ် ကိုယ့်ဇာတိ ကိုယ့်ဒေသ ဖွံ့ဖြိုးရေးအတွက် ဘယ်စီမံကိန်းကိုမှ မမျှော်လင့်တော့ သက်စွန့်ကြိုးပမ်း ရှာဖွေခဲ့သမျှတွေနဲ့ ကိုယ့်အားကိုယ်ကိုး ရေမီးရရေး လမ်းခင်း အားထုတ်ကြပါတယ်။ အဲဒီ ဒေသ အချို့ ရွာတွေရဲ့လမ်းဆိုတာ လှည်းနှစ်စီးတွေ ရှောင်စရာမရှိတဲ့ နေရာမျိုးမှာ နွားတွေကိုဖြုတ် လှည်းကို ထမ်းပြီး ရှောင်ကြရတာပါ၊ သက်ထဲပါလာတဲ့ ဓားမတိုတွေဟာ ထမင်းချက်ဖို့ ထင်း လိုအပ်ချက်တင်မက၊ နေ့စဉ် လမ်းသစ် ထွင်နေရတဲ့ ဘဝတွေ ဖြစ်ပါတယ်။

တစ်ရွာမှာဖြင့် စွန့်စားကြီးပွားလာတဲ့ ရွာသားတစ်ဦးက ငွေကျပ် သိန်းထောင်း တည်ပြီး ရေကြော ရှာခဲ့ပါတယ်။ အဲဒီမှာ ဘာလုပ်လုပ် ကော်မတီ ဖွဲ့ရမယ်လို့ မှတ်ယူထားသူများ ပီပီ ရေအတွက် ရေရရှိရေး ကော်မတီ၊ လျှပ်စစ်မီးအတွက် မီးရရှိရေး ကော်မတီဆိုပြီး အားတက်သရော ဖွဲ့ခဲ့ကြပါတယ်။ ကော်မတီ ဆိုတာက ဘာလဲလို့ မေးတဲ့အခါ အဖြေကတော့ ရှင်းပါတယ် 'ကြားဖူးနားဝပေါ့ ကွာ' တဲ့။ 'တို့မလဲ ကော်မတီ ဖွဲ့ချင်နေတာ ကြာပြီ။ အခုမှ အခွင့်သာတော့တယ်' ဆိုပဲ။

ကော်မတီက အကြောင်းမဟုတ်ပါ။ လက်တွေ့ဖြစ်စဉ်မှာ ရေနဲ့မီး အစေးမကပ်တော့ တာက ပြဿနာပါ။ တစ်ရွာတည်းသားချင်း ကော်မတီ မတူလို့ဆိုတဲ့ အစွဲက စိတ်ဝမ်းကွဲမှုဆီ အကြောင်းဖန်လာပါတယ်။ ရေကော်မတီက ရေရှာရင်း ပေလေးငါးရာ အရောက်မှာ ကံအားလျော်စွာ ရေကြောမိပြီး လက်ခမောင်း ထခတ်ပါတော့တယ်။ မီး ကော်မတီဘက်ကို ဘယ်နှရှိစ ဆိုတဲ့ အကြည့်တွေနဲ့ပေါ့။ မီးကော်မတီဝင်များခမျာ ဓာတ်တိုင်ကို သစ်သားတိုင် သုံးမလား။ ကွန်ကရစ်တိုင် သုံးမလား ငြင်းနေရ။ တိုင်း လျှပ်စစ်ဌာနနဲ့ ဘယ်လို အဆက်အသွယ်ယူရပါ့ ဗျာများနေတုန်း ရှိပါသေးတယ်။ 'တို့ဟာက ခက်တယ်ကွ မင်းတို့လို ရေကြောရှိရာ ရှာရင်း စိတ်ထင်ရာ တူးလို့ ရတာမဟုတ်၊ မတော်လို့ ဓာတ်လိုက်ရင် ဘယ်လိုလုပ်မတုံး' ဆိုပြီး မြို့ကို ဆိုင်ကယ်တွေနဲ့ ခေါက်တုံ့ခေါက်ပြန် ပြေးရင်း အကောင် အထည် ပြနိုင်ဖို့ လျှပ်စစ်ဌာနကို ချဉ်းကပ် နည်းလမ်း မေးရဆဲ။

ရေကော်မတီမှာလည်း ရေတော့ ထွက်ပါရဲ့ အပြည့် မပေါ့်နိုင်သေး။ ပိုက်တွေဆက်ပြီး ဖြန့်ဝေနိုင်ရေးမှာ အခက် ကြုံပြန်ပါတယ်။ ပိုက်ဆက်နိုင်သမျှ အနီးဆုံးလူက အရင်ရတော့ ပိုက်မမီသေးတဲ့နေရာက မကျေမချမ်း အပြစ်တင်။ ဒါကို မီးကော်မတီ သွေးထိုးလို့ ပယောဂ ဝင်ပါတယ်ဆိုပြီး ရေကော်မတီက အပြီးအတေး မှတ်ပါသတဲ့။ ဒါနဲ့ အလှည့်ကြုံရင် မီးကွပ်ဖို့အကြောင်း ဆုံလာပါတယ်။

မီးကော်မတီရဲ့ ကြိုးပမ်းမှုနဲ့ လက်တွေ့ အကောင် အထည်ဖော်ဖို့ ကနဦး သုံးစွဲငွေ ထုတ်ယူရန် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ အစည်းအဝေး လုပ်ပါတယ်။ ရေကော်မတီနဲ့ မီးကော်မတီ ပေါင်းထားတဲ့ ကော်မတီပါ။ အဲဒီ အစည်းအဝေးမှာ စာတတ် ပေတတ်လို့ သူ့ကိုယ်သူ ခံယူထားသူက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဆိုတာကတော့ မှန်ပါတယ်။ ရေနဲ့ မီးကတော့ ဖွံ့ဖြိုးရေးရဲ့ လက်အောက်ကမို့ ဆပ်ကော်မတီများလို့သာ ခေါ်ရမယ်လို့ ဝေါဟာရ ပြဿနာ တစ်စခန်း ထပါတယ်။ ရေကော်မတီ၊ မီးကော်မတီဝင်တွေ ကတော့ လက်မခံပါ။ အစည်းအဝေးကို လမ်းကြောင်း မပြောင်းသွားအောင် မနည်း ထိန်းယူရပါသတဲ့။

မီးကော်မတီအတွက် လတ်တလော သုံးရမယ့်ငွေကို မြို့ပေါ်က ဘဏ်မှာ အပ်ထားတာပါ။ သွားရောက် ထုတ်ယူရပါမယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ရေကော်မတီကလည်း သူတို့လုပ်ငန်း အကောင်အထည် ဆက်ဖော်ရေးအတွက် ဘဏ်မှာ ငွေသွားအပ်ရမယ့်နေ့။ ထုတ်ယူမယ့် ငွေနဲ့ အပ်နှံမယ့် ငွေပမာဏကလည်း မကွာလှတာကြောင့် မီးကော်မတီက ရေကော်မတီထံ အကြံပြုပါတယ်။ ဘဏ်မှာ လက်မှတ်ထိုး ထုတ်ယူဖို့ဖြစ်ဖြစ်၊ သွင်းဖို့ဖြစ်ဖြစ် မြို့ကိုသွားရင် ကော်မတီ တစ်ခုကို အနည်းဆုံး လူနှစ်ယောက် သွားရမယ်။ စရိတ်ကုန်မယ်၊ အချိန်ကုန်မယ်။ ဒါကြောင့် ရေကော်မတီ ဘဏ်အပ်ရမယ့် ပိုက်ဆံကို မီးကော်မတီထံ ခေတ္တပေးထားဖို့ တင်ပြပါတယ်။ ဒါကို ရေရရှိရေးတုန်းက မီးကော်မတီ သွေးထိုးခဲ့တဲ့ ပယောဂတွေ ရှိခဲ့တယ်လို့မှတ်ယူထားတဲ့ ရေကော်မတီက အပြင်းအထန် ကန့်ကွက်ပါတယ်။ အကြောင်းပြချက်ကတော့ 'ကော်မတီ နှစ်ခု မတူဘူး။ မတူလို့ဘဲ ရေကော်မတီ မီးကော်မတီလို့ ခွဲထားတာလေ' တဲ့။ အဲဒီမှာ မီးကော်မတီသမားတွေ နဝေတိမ်တောင် ဖြစ်သွားပါတယ်။ သက်သက်မဲ့ ကပ်နေတာလို့မြင်ပေမယ့် ကိုယ့်ဟာကိုယ် နာမည်ပေးခဲ့တဲ့ ကော်မတီ ဆိုတာကြီးက စောဒကတက်လို့ မရအောင် ကန့်သတ်မိနေပြီကိုး။

သည်းမခံနိုင်တဲ့ မီးကော်မတီဝင် အချို့က ဘယ်လိုမှ ချေငှားလို့မရတဲ့အဆုံး 'ဒါတော့ ခင်ဗျားတို့ ကော်မတီက သက်သက် ညစ်တာလို့ ထ စွပ်စွဲပြီး လက်တွေ့ ခြေတွေ ရှယ်မြှောက်လာပါတော့တယ်။ ရေကော်မတီကလည်း 'တို့က အလုပ်ကို အလုပ်နဲ့တူအောင် လုပ်နေတာကွ၊ မတူလို့ကို ကော်မတီ ခွဲထားတာ ငွေရေးကြေးရေး အရှုပ်အထွေး လာမရောနဲ့' လို့ တုံ့ပြန်ရင်း လက်တွေ၊ ခြေတွေနဲ့ ခုခံဖို့ ပြင်ပါတော့တယ်။

ကျေးရွာ ဖွံ့ဖြိုးရေး ခေါင်းစဉ်ကနေ လက်ဝှေ့ ဗိုလ်လုပွဲ အသွင်ပြောင်းတော့မယ့် ကော်မတီ အစည်းအဝေးကို ဒီတိုင်းတော့ လွှတ်ပေးလို့ မရတော့ဘူးလို့ သဘောပေါက်လိုက်တဲ့ မ,တည် အလှူရှင် ထိုရွာသားက 'နေကြပါဦးဗျာ.. ခင်ဗျားတို့ အဲ ... အဲ



ရေကော်မတီက ဘဏ်အပ်မယ့်ငွေကို ကျွန်တော့် ခဏချေးလို့မရဘူးလား' မေးပါသတဲ့။ ရေကော်မတီက ပျာပျာသလဲ ငြင်းပါတယ်။ 'ကော်မတီချင်းမှ မတူဘဲ ချေးလို့မရဘူး' တဲ့။ အလှူရှင်က ပြန်မေးတယ် 'ဘာလဲ .. ခင်ဗျားတို့ ကျုပ်ကိုတောင် မယုံကြဘူးလား' ဆိုမှ ရေကော်မတီဝင်တွေခမျာ ကော်မတီ ဆိုတဲ့ ဝေါဟာရကြီးနဲ့ ကိုင်ပေါက်လို့ မရတော့ဘူးဆိုတာ သဘောပေါက်သွားပြီး 'ခင်ဗျားတော့ ယုံပါတယ်ဗျာ' လို့ အောင့်သက်သက်နဲ့ ဖြေကြရပါတော့တယ်။

ခေတ်စနစ်ကို အကောင်းဘက် ပြောင်းကြတော့မယ် ဆိုတဲ့ သူတွေဟာ ကိုယ်နဲ့ အနီးဆုံးမှာ ရှိနေတဲ့ ဒေသ အချင်းချင်း၊ ပုဂ္ဂိုလ်များ အချင်းချင်း အဖွဲ့တစ်ခု အကြောင်းမြှင့် မြှင့်ဘက်လို့ မမြင်စေချင်၊ လက်တွဲဖော်တွေ အဖြစ် သဘောထားကြစေချင်ကြောင်းပါ။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂ အမှတ် ၇၉



“ ပန်းချီပညာ ဆိုသည်မှာ
ဖန်တီးနိုင်စွမ်း၊ အလှဆင်လိုခြင်း၊
လောကသစ္စာကို ရှာဖွေခြင်းတို့အတွက်
မရှိ မဖြစ်သလို နနယ်သော
နလုံးသားများအတွက်လည်း
အရေးပါပါသေးသည် ”

## ကောင်းကင်သစ်ကို တောင်းဆိုခြင်း

[illegible]သာနယ် ဂန့်ဂေါက အမြန် ပခုက္ကူ စာပေပွဲတော်ကို ဝင်ရပါသည်။ ထူးခြားချက်မှာ စာပေဟောပြောပွဲသာမဟုတ်၊ စာပေပွဲတော် ဖြစ်ပါသည်။ စာအုပ်အရောင်းပြခန်းပါသလို ပန်းချီပြပွဲလည်း ပါသည်။ ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့က စာအုပ်ဆိုင်များကို ၅ ရက်လုံးလုံး နေ့လယ်စာ တာဝန် ယူသည်။ စာအုပ်ဆိုင်များအနေဖြင့် စာအုပ်များကို တတ်နိုင်သမျှ အသက်သာဆုံး လျှော့ဈေးဖြင့် ရောင်းပေးရန်သာ တိုက်တွန်းသည်တဲ့။ ၅ ညတိုင် ဆိုတော့ ဟောပြောမည့် သူများက ဆယ်ဂဏန်းကျော်နေပြီ။ အမျိုးစုံအောင်ထင့်။ ပန်းချီဆရာတွေလည်း ပါနေသည်။

ကျွန်တော်ကလည်း ခုခရီးမှာ ပန်းချီဆရာတွေ အကြောင်း ပြောချင်တာ ဖြစ်သည်။ ၁-၄-၂၀၁၆ က ပန်းချီကျော်သောင်းပါ။ ၂၄-၁၆ မှာ ပန်းချီတင်လှဝင်းထင်က ကျွန်တော်နှင့် [illegible]ကြ။ နှစ်ဦးလုံးက ကျွန်တော့်ဆရာများ။ ဆရာကျော်သောင်းက တစ်ရပ်ကွက်တည်း [illegible]ချင်းကပ်မို့ ကျွန်တော့်ငယ်ဘဝက သူတို့၊ ဆရာဝသုန်တို့၊ မြိတ်ဝင်းထိန်တို့ ဝိုင်းတွေမှာ ကျွန်တော်က နောက်နားကုပ်ကုပ်ထိုင် နားထောင်သင်ယူနေကျ။ စောင်းတီး ကောင်း။ အဆိုကောင်းသူ ပန်းချီဆရာကျော်သောင်းအဖြစ် ရင်းနှီးပြီးသား။

ဆရာတင်လှဝင်းထင်ကိုမူ တင်လှဝင်း ဘဝတည်းက သူ့သီးခြားဟန်ကို ကျွန်တော်တို့အကျွမ်းဝင်ပြီးသား။ သူကား ရှန်တီနီကေတန်ကျောင်းထွက် ဆရာဝဂျီအောင်စိုး ၏ အဆိုအမိန့်များကို ကိုးကားတတ်သူ။ စကားပြောနှုန်းညံ့သလို အလှတရားကိုသာ [illegible]ကြည့်နေတတ်သူ။ ဆိုပါစို့ သူငယ်စဉ်က ခဲတံ ဝယ်သည့်အခါ ဆယ့်တစ်ကျပ်သင့်လျှင်

'တစ်ဆယ် ထားလိုက်ပါ အစ်မရယ်၊ တစ်ဆယ် ဆိုတာလေးက 'လှ'ပါတယ်' ဟု နားဝင်အောင် အရေးဆိုတတ်သူ။ သူက လောကကြီးကိုလည်း အင်မတန် သင့်မြတ်စေချင်သူ။ ခေါ်သူနှင့် ထူးသူတို့ဘယ်လိုညီစေချင်ကြောင်း အသံကို ဂီတပါအောင် အလေးအမြတ်ပြုကာ ဂရုစိုက်နှင့် တိုက်တွန်း သူမျိုး ဖြစ်သည်။ သူ့ဟောပြောပွဲက ပြီးမှန်းမသိ ပြီးသွားရအောင် ကျွန်တော် မျောပါသွားသည်။ စင်ပေါ်မှာ ကင်းဘတ်စကို တင်ပြီး ရေလှိုင်းများသည်ပင် ငှက်များ ဖြစ်သွားရပုံကိုလည်း လောက အလှကို ဖွဲ့ဆိုသော သူကိုယ်တိုင် ရေးစပ်သည့် သီချင်းကို ဖွင့်ပြရင်း လက်တွေ့ ရေးပြသေးသည်။

နောက်နေ့ မနက် ကျွန်တော်တို့ သုံးယောက်အပြင် ပန်းချီဆရာ ကျော်ဖြူစံပါ ရောက်လာပြီး ဧည့်ခံရင်း အခါက ဆွေးနွေးဖြစ်သော အကြောင်းအရာမှာ ကျောင်းများတွင် ပန်းချီပညာ အခြေခံကို မိတ်ဆက် သင်ကြားပေးသည့် အကျိုးဆက်များအကြောင်း ဖြစ်သည်။ တိုးတက် ခေတ်မီ သော ကမ္ဘာကို ဦးဆောင်လိုသော နိုင်ငံများနှင့် အနုပညာကို တန်ဖိုးထားသော နိုင်ငံများတွင် အခြေခံပညာကျောင်းများ၌ ပန်းချီပညာအခြေခံကို သင်ပေးစမြဲ ဖြစ်ပါသည်။ လူတိုင်း ပန်းချီဆွဲတတ်ရမည်ဟု မဆိုလိုပါ။ သို့သော် ပန်းချီ သဘောတရားများကို နားလည်ရန်တော့ လိုအပ်ကြောင်း ကျွန်တော်တို့ ယုံကြည်စွာ ကပင် နားရှည်ဝခဲ့ပါပြီ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများ၌ ကျွန်တော်တို့ ခေတ်က ဖွံ့ဖြိုးရေးဆိုသည့် အချိန်တွင် ပုံဆွဲခြင်း အတတ်ကို အမြည်းအစမ်းမျှ သင်ယူဖူးပါသည်။ တိုတောင်းသော ကာလသာ သင်ခွင့်ရခဲ့ပြီး နောက်ပိုင်းတွင် ဖွံ့ဖြိုးရေး အချိန် ဆိုသည်မှာ ယောင်ချာချာ အားလပ်ချိန်လိုလို ပြီးဆုံးသည်က များပါသည်။ ပန်းချီပညာအတွက် သင်ထောက်ကူပစ္စည်းများ စရိတ်ကြီးမြင့်မှု၊ ပြသနိုင်သူ ဆရာ ခေါ်ယူရန် ခက်ခဲမှု သက်ဆိုင်ရာ ကျောင်းများ၏ စိတ်အားထက်သန်မှု လျော့နည်းလာခြင်းတို့ကြောင့် ကျောင်းသားငယ်များ ပန်းချီပညာနှင့် ရှင်ခန်းပြတ်သလို ခံစားခဲ့ရပါသည်။

ကလေးများကို သတိထားကြည့်ကြပါ။ ကလေးတိုင်းလို ပုံဆွဲချင်ကြသည်။ ဆွဲလည်း ဆွဲခဲ့ကြသည်။ ဆရာ၊ မိဘများက မည်မျှ အားပေးနိုင်ခဲ့ကြပါသနည်း။ ဤနေရာတွင် ပုံဆွဲခြင်းဟုသာ ကျွန်တော် သုံးနှုန်းပါသည်။ ပန်းချီဟု မသုံးနှုန်းပါ။ ကလေးတို့ ထုံးစံအတိုင်း တစ်ကြောင်းဆွဲ ပန်းချီဟု ခေါ်ရမည့် အမျိုးအစား ခဲခြစ်ပန်းချီ စသည်တို့ကပင် စရေစမြဲပါ။ အချို့ မိဘတွေက စိုးရိမ်ကြသည်။ ကလေးက ပုံတွေပဲ ဆွဲနေပြီး စာစိတ်မဝင်စားရင် ဘယ်လိုလုပ်ကြမလဲ ဆိုသည့် စိုးရိမ်စိတ်ကို အမှတ်ရကြပါလိမ့်မည်။ တကယ်တော့ ပုံဆွဲခြင်း သို့မဟုတ် ပန်းချီ ရေးခြယ်ခြင်းသည်



ကျောင်းစာ စိတ်မဝင်စားခြင်းနှင့် တိုက်ရိုက်လည်း အချိုးမကျပါ။ သို့သော် မိဘအများစုက စာမကျက်ဘူး။ ပုံချည်းဆွဲနေသည်ဟု ဆိုကာ အားမပေးဘဲ တားမြစ်ခဲ့ကြသည်ကသင် များပါသည်။ များစွာသော ကလေးတို့မှာ သူတို့ ချစ်သော ခွေးရုပ်၊ ကြောင်ရုပ်၊ ငှက်နှင့် လိပ်ပြာ၊ တောင်တန်း၊ နေလုံးနှင့် မြင်ခင်း၊ တိမ်တိုက်တို့အား စိတ်ကြိုက် ဆေးရောင်ခြယ်ခွင့်ပင် ကောင်းစွာ မရဘဲ ဆုံးရှုံးခဲ့ရသူ များပါသည်။

ဘယ်စာသင်သင်၊ ဘယ်အလုပ်အကိုင် ရွေးရွေး ပန်းချီပညာ နားလည်တားခြင်းသည် မည်သည့် နည်းနှင့်မျှ အချည်းနှီးမဖြစ်ပါ။ အရေးကြုံလျှင် အထောက်အပံ့ကောင်း ဖြစ်လာမည်ဟု ကျွန်တော် တထစ်ချ ပြောဝံ့ပါသည်။ အရောင်များတွင် မိတ်ဖက် ဆန့်ကျင် သဘောတရားများ ရှိနေသလို မျဉ်းကြောင်းများတွင်လည်း အဖြောင့်အကွေး အလိုက်၊ ထောင်မတ်၊ ရေပြင်ညီတို့တွင်လည်း အဓိပ္ပာယ် ကိုယ်စီ။ ဥပမာ - ပိန်သော ညီသော သူများအတွက် ကန့်လန့်စင်းများက ( ရှည်သည့်အရာကို တိုသွားမည်ဟု အထင်ရောက်စေသည့် အစွမ်းရှိသဖြင့် ) ပြေပြစ်စေသလို ဝသော၊ တိုသော သူများအတွက် မတ်တတ်စင်းများက သက်ရှိသက်မဲ့ အရာဝတ္ထုများကို မြင့်သည်၊ ရှည်သည်ဟု ထင်ရအောင် လှည့်စားနိုင်စွမ်း ရှိကြကြောင်း နားလည် ထားခြင်းသည် အကျိုးရှိပါသည်။

အရောင်များတွင်လည်း အပူရောင်၊ အအေးရောင်၊ ကြားနေအရောင်များ ရှိသဖြင့် ဒီပန်းချီကားလေးကြည့်လိုက်မှ ရင်ထဲကို အေးသွားတာပဲ သို့မဟုတ် ဒီပန်းချီကားမြင်မှ အချမ်းပြေတော့တယ်၊ နွေးသွားတာပဲဟု ကျွန်တော်တို့ ခံစားဖူးကြပါသည်။ သို့ကြောင့်ပင် ဧည့်ခန်း၊ အလုပ်ခန်း၊ အိပ်ခန်း၊ နားနေခန်း စသည်တို့၌ ပန်းချီနှင့် စိတ်ပညာကို တတ်ကျွမ်းသူတို့က အရောင်များ စနစ်တကျ ရွေးချယ် သုံးစွဲနိုင်မှုအပေါ် လူတို့ သက်သာရာ ရကြ၊ ခံစားမှု အပြောင်းအလဲများ ရကြခြင်း ဖြစ်ပါသည်။

ဆေးဖက်မဝင်သည့် အပင်မရှိ ဆိုသည့် ရှေး သမား ပညာအဆိုရှိသည့်အလျောက် အကျိုးရှိအောင် သုံးဖို့ သိဖို့လည်း လိုသေးသည်ကိုး။ အရောင်၊ မျဉ်းတို့ဖြင့် ဖွဲ့စည်းထားသည့် ပန်းချီပညာတွင်လည်း သိသူဖော်စားစမြဲ ဖြစ်ပါသည်။ ကမ္ဘာကျော် ဇီသုကာ ပညာရှင်များနှင့် အအောင်မြင်ဆုံး ဒီဇိုင်နာဆရာများ မှန်သမျှ ပန်းချီပညာနှင့် ကင်း၍ မရစကောင်းပါ။ ဒီဇိုင်နာဆိုရာတွင် အဝတ်အစား တီထွင်သူမျှသာ မကပါ။ မော်တော်ယာဉ်များ၊ လူ့အသုံး အဆောင် မှန်သမျှ ဒီဇိုင်းထုတ်သူတွေကို ဆိုပါသည်။ တီထွင် ဆန်းသစ်နိုင်မှု အရည်အသွေးခြင်း တူသည်ဆိုလျှင် ပန်းချီအမြင်ရှိသူက သာစမြဲဆိုတာ အားလုံး သိပြီး ဖြစ်ပါသည်။

တီထွင် ဆန်းသစ်မှုအတွက် ကွင်းကျယ်လာသလို ပြိုင်ဘက်တွေလည်း များလာသည့် ခေတ်ကြီးထဲ မည်မျှ အရေးကြီးသည်ကို တွေးဆနိုင်ကြပါသည်။ ဒါက စီးပွားရှာ အသက်မွေးမှုပဲလို့ ယူဆလိုက နောက်တစ်မျိုး ကျွန်တော် တင်ပြပါရစေ။ ဘဝအစိမ့်ပျော်ယ်၏ အစိတ်အပိုင်းဖြစ်သော မိမိနှင့် ဝန်းကျင်ကို အလှဆင်လိုသည့် လူတိုင်း ပန်းချီနှင့် ပတ်သက်သည့် အခြေခံ အသိအမြင် မရှိမဖြစ် လိုသေး သည်ကိုလည်း ထောက်ပြလိုပါသည်။ စိတ်အပန်းဖြေ ဖျော်ဖြေရေးပဲဖြစ်ဖြစ် ယုံကြည်ရာ အနာဂတ်အတွက် စည်းရုံးလှုံ့ဆော်သည်ပဲ ဖြစ်ဖြစ် အကျုံးဝင်ပါသည်။ ဥပမာ၊ ရုပ်ရှင်တစ်ကားဖြင့် တင်ဆက် စည်းရုံးမည်ဆိုလျှင်ပင် ဒါရိုက်တာတစ်ယောက်တွင် ပန်းချီအမြင် ရှိရမည်။ တတ်နိုင်ပါက ပန်းချီပညာရှင်ထံ အကြံယူ ရိုက်ကူးရစမြဲ ဖြစ်ပါသည်။ အများပြည်သူ၏ ဘဝအမောများ ဖြေဖျောက်ရန် ပန်းခြံတစ်ခု တည်ဆောက်မည်ပဲ ဆိုပါစို့ မြေပြင် အလှဆင် ပညာရှင်တွေ ပန်းချီ အသိအမြင် မလွဲမသွေ ရှိရပါတော့မည်။

ပန်းချီပညာ၏ အရေးပါမှုကို သာဓကများပြရလျှင် ဆုံးမည် မထင်ပါ။ ထိုအဖိုးတန် ပညာ၏ အခြေခံ သဘောတရားများကို ကလေးတိုင်း သင်ယူဖူး၊ နားလည်ဖူး သင့်သည် ဟု ကျွန်တော်တို့ ယုံပါသည်။ ကမ္ဘာကို ဦးဆောင်နေသော နိုင်ငံတကာကျောင်းများ၌ ပန်းချီပညာ သာမက ဂီတ အခြေခံကိုပါ သင်ပေးကြစမြဲမို့ ခေတ်ကောင်းသို့ ပြောင်းရန် အားထုတ်နေကြသော ယခုကာလမျိုးတွင် ပျိုးခင်းနှင့် တူလှသော အခြေခံပညာ ကျောင်းများတွင် သင်ရိုးညွှန်းတမ်းများ ပြန်သုံးသပ်ရာတွင် အလေးအနက်ထား စဉ်းစားစေ လိုကြောင်း ကျွန်တော် ချစ်ခင်သော ပန်းချီဆရာများနှင့် စကားဝိုင်း အပြီးတွင် ကျွန်တော် တွေးနေမိပါသည်။

ပန်းချီပညာ ဆိုသည်မှာ ဖန်တီးနိုင်စွမ်း၊ အလှဆင် လိုခြင်း၊ လောကသစ္စာကို ရှာဖွေခြင်းတို့အတွက် မရှိ မဖြစ်သလို နူနယ်သော နှလုံးသားများအတွက်လည်း အရေးပါ ပါသေးသည်။ အချို့ ဂိမ်းကစားပွဲများမှာ ရည်ရွယ်ချက်ကောင်း ရှိလျှင် ရှိနိုင် သော်လည်း အမှတ်တက် အနိုင်ရရေး အတွက် မညှာမတာ သတ်ဖြတ်နေရရင်း ကြမ်းတမ်းသော စိတ်အလျဉ်များ တရစပ် ကြီးစိုးနေတတ်ပါသည်။ စစ်ဆင်ရေး မစ်ရှင်တစ်ခု ပြီးမြောက် ဖို့အတွက် ရှင်းလင်း သုတ်သင်နေတဲ့ စိတ်အပြုအမူအစား ကလေးတစ်ယောက်၏ အလှဆင် လိုသော စိတ်အခြေခံဖြင့် ကောင်းကင်၊ မြေပြင် အပါအဝင် သက်ရှိသက်မဲ့များအပေါ် ကြည်လင်သော အရောင်ကိုရွေး ဆေးခြယ်နေသည့် စိတ်က ငြိမ်းချမ်းမှု၊ သိမ်မွေ့ နူးညံ့မှုတို့ ပြွမ်းသီးနေမှာ အမှန် ဖြစ်ပါသည်။ ပန်းချီကားတစ်ချပ် ဆွဲမည်ဆိုလျှင်တော့




မတူညီမှုများ ပေါင်းစပ်ရမည် ဆိုသည့် အသိ၊ ဆန့်ကျင်ဘက် အမှောင်၊ အလင်းနှင့် အရောင်များ။ မျဉ်းများ တွဲဖက်ရမည် ဆိုသည့် နားလည်မှုများ မလွဲမသွေ ရရှိလာပါလိမ့်မည်။

ပန်းချီဆွဲခြင်းဖြင့် ကလေးတို့ စိတ်များ နူးညံ့ သိမ်မွေ့လာမည်။ နူးညံ့သိမ်မွေ့ခြင်းသည် ပျော့ညံ့ခြင်းမျိုး မဟုတ်။ အပြုစိတ်၊ အကောင်းစိတ်။ ထိုစိတ်များ ကလေးတို့ နှလုံးသား၌ မွေးမြူခွင့် ရသင့်ပါသည်။

*ဒီရာသီဥတုကို*
*အရင် နှစ်တွေလို အရောင် မညစ်စေချင်ဘူး*
*နွေဦးရေ လာ...*
*ကလေးရဲ့ စုတ်ဖျားမှာ လိုက်ခဲ့*
*ဒီမှာ ဝိတ်စအသစ်၊ ဆေးအသစ်*
*ကောင်းကင်သစ်ကသာ ကြည်လင်ပေးစမ်းပါ...။*

■ **ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၈၈**



ကမ္ဘာအနှံ့ ပတ်လာတာ
အစေ့ကြွေကျလည်း အပင် ပေါက်တယ်။
ရောက်ရာအရပ်မှာ လိုက်လျောညီထွေ
နေတတ်သူတွေတဲ့။
သူများတွေလို ရေများများလည်း မတောင်း။
ယုယစရာလည်း မလို။
ကိုယ်ရောက်ရာ မြေပေါ်မှာ ရှင်သန်။
အချိန်တန် ညနေခင်း လေညင်းရဲ့ သီချင်းနဲ့
လေးနာရီပန်းကလေးတွေ
လက်ချိုးကနေကြမြဲ

## ပန်းကလေးတွေရဲ့ ပို့ချချက်

သမီးသည် ကျောင်းမနေခင်ကပင် သီချင်း ဆိုခြင်း၌ မွေ့ထုံခဲ့သည်။ ကြားသမျှ သီချင်းကို သူ့အသံ စူးစူးလေးဖြင့် လိုက်အော်ရင်း သူ့စိတ်ထဲ ရှိသမျှတွေ သီချင်းလုပ်ဆိုပြီး ကျေနပ်ခဲ့သူဖြစ်သည်။ မူလတန်းတက်စ ကျောင်းကပွဲမှာ သီချင်းဆိုလိုသူများ စာရင်းကောက်တော့ ပထမဆုံး လက်ညှိုးထောင် သူမှာ သမီးပင်။

●

အသံစစ် လူရွေးသည့်နေ့ သမီးအလှည့်မှာ အကြိုက်ဆုံး သီချင်းကို ရွေးဆိုခွင့်ရသည်။ ဒိုင်လူကြီးတွေ အပါအဝင် ပရိသတ်များ၏ မျက်နှာတွေ သမီးကြည့်ရင်း အခြေအနေကောင်းဟု နားလည်လိုက်သည်။ ဆိုခွင့်ရ သူတွေ စာရင်းထွက်လာတော့ သမီး နာမည်မပါ။

●

တက်ဝတ်စုံကို သမီး မကြည့်ရဲတော့။ နံရံမှာ ချိတ်ထားသည့် တူရိယာတွေက အိမ်လောက်ကြီး အကြီးကြီးတွေ ဖြစ်သွားပြီး သူ့ကိုယ်သူ သေးသေးလေး ကျုံ့ဝင်သွားသည်ဟု ထင်သွား သည့် သမီးက ဖေဖေ့ကို မြင်သည်နှင့် ခါတိုင်းလို တေးသံတွေ အစား မျက်ရည်တွေကသာ ထွက်ကျလာသည်။ ကြမ်းပေါ် လှဲခွေ နေသည့် သမီးအား ဖေဖေက လက်ကမ်းသိုက်၏။

●

သမီး တစ်ခါမှ မရောက်ဖူးသည့်ဘက် လမ်းလျှောက်ခေါ်ရင်း တစ်နေရာမှာ ဖေဖေက ရပ်လိုက်သည်။ ခြံစည်းရိုး ချုံပင်လေးတွေ အနား ရောက်နေတာတော့ သမီး မှတ်မိသည်။ မျက်ရည် မခြောက်သေးသည့် သမီး ပါးပြင်ကို ဖေဖေ နမ်းရင်း အခုလို ပြော၏။

'သမီး ဒီနေရာမှာ သီချင်းဆိုလိုက်၊ သမီး အသံကောင်းတယ် ဆိုတာ တွေ့ရလိမ့်မယ်' သမီး မဆိုနိုင်။

ရွက်စိမ်းတွေ နက်မှောင်နေသော ချုံပင်တွေထဲက ညိုးရော်ရော် တွဲလွဲကျနေ သော ရောင်စုံအဖတ်တွေကိုပဲ ကြည့်နေမိသည်။

'ဆိုလေ...သမီး။ သမီး အသံကောင်းတယ် ဆိုတာ သက်သေပြလိမ့်မယ်'

'သိပ်ထူးဆန်းလို့ သမီး ပျော်သွားမယ်'

ဖေဖေက အကြိမ်ကြိမ် တိုက်တွန်းသည်။ သမီး မဆိုဝံ့သေး။

'လူတွေက နားကြားလွဲသွားလို့ကွ၊ ဒီအပင်လေးတွေကမှ နားအမှန်ကြားတယ်၊ သူတို့က သမီးအသံကောင်းတာကို နားထောင်ဖို့ စောင့်နေတာ၊ မယုံရင် ကြည့်...လက်ခုပ် ထတီးလိမ့်မယ်'

သမီး အံ့သြပြီး ဆိုကြည့်ချင်လာသည်။ ဘာဆိုရမှန်း မသိ။

ဖေဖေက 'အခါတိုင်းလို ပြောချင်တာကို သီချင်းလုပ်ဆိုလေဟု အားပေးသည်'

'ချုံပင်လေးတွေရေ...ငါ ရူးတယ်' ဟု သမီး စဆိုကြည့်သည်။

'ဟုတ်ပြီဟု' ဖေဖေက အားပေး၏။

ဒါပေမဲ့ 'မင်းတို့ကို ငါ ဆိုပြမယ်လို့... ဆိုလိုက်လေ'ဟု အကြံပေးသည်။

သမီး ထိုသို့ ဆိုလိုက်၏။ ဖေဖေက ဆက်အားပေးသည်။ သမီးလည်း ဘာတွေမှန်း မသိ။ စိတ်ထဲရှိတာတွေ ဆိုပစ်လိုက်တော့သည်။

●

သီချင်းဆုံးပေမယ့် ချုံပင်လေးက ဘာမှ မထူး။ ဖေဖေ ပြောသလိုလည်း ဩဘာမပေး။ သမီး စိတ်ပျက်သွားတော့ ဖေဖေက ရှင်းပြသည်။

'သူတို့ အမှတ်ပေးဖို့ တိုင်ပင်နေတယ်လေ၊ ခဏတော့ စောင့်ပေါ့၊ ကျောင်းကပွဲမှာလို အမှတ်တွေ ပေါင်းရဦးမယ်လေ' ဟု ဆိုကာ ဆွဲခေါ်သွားသည်။ လမ်းတစ်ပတ်လျှောက်၊ ရေခဲမုန့်ဝယ်ပေးပြီး အခုနက နေရာ ပြန်ရောက် လာတော့

'ဟိုမှာကြည့် သမီး' ဟု ညွှန်ပြသည်။

သမီး အံ့သြ ထခုန်လိုက်၏။

'ဟာ ပန်းတွေ ပွင့်ကုန်ပြီ ဖေဖေ... အများကြီးပဲ။

လင်းလက်မြူးရွှင်သွားသည့် သမီးကို ကြည့်ကာ ဖေဖေက 'အဲဒါ အဆို သိပ်ကောင်း တယ်လို့ အားပေး လက်ခုပ်တီးပေးနေတာလေ၊ ဘယ်နှမှတ်ရလဲ ရေကြည့်စမ်း သမီး ပနီသတ် တွေ၊ တစ်...နှစ်...သုံး...လေးမှ စကာ သမီး ခုန်ပေါက် ရေနေသည်မှာ ကိုးဆယ့်ကိုး... တစ်ရာလည်း မကတော့။



'ဖေဖေ ပြောတယ် မဟုတ်လား။ သမီး သီချင်းဆိုကောင်းတာ သူတို့ သိလိမ့်မယ်လို့'

သမီးကား ဖေဖေ့လက်မောင်းကို စွေ့ခနဲ လှမ်းခိုလျက်။

'ကျေးဇူးတင်ပါတယ်...ပန်းကလေးတို့ရယ်' ဟု သီချင်းလုပ် ဆိုနေတော့သည်။

●

နောက်တော့လည်း လေးနာရီပန်းကလေးတွေဟာ ညနေဆို အလိုလို ပွင့်ကြတာပဲ ဆိုတာ သမီး သိခဲ့ပြီ။ ဂီတကို ဆရာနဲ့ စနစ်တကျ သင်ခဲ့ပြီမို့ တီးဝိုင်းနဲ့ အကျအန သမီး ဆိုနိုင်ပြီ။ တေးသံဆုံးလို့ လူတွေရဲ့ လက်ခုပ်ဩဘာရတိုင်း ညနေ လေညင်းတွင် သိမ်းကနေကြသည့် လေးနာရီပန်းကလေးများကို သမီး ကျေးဇူးတင် မြင်ယောင်မြဲ။

●

သမီး အိမ်ရှေ့မှာ စိုက်ထားတဲ့ လေးနာရီ ပန်းကလေးတွေ ဆောင်းတွင်းတုန်းက နှင်းခါး ကျပြီး အရိုးငုတ်တိုသာကျန်။ သေပြီ ထင်ခဲ့တာ။နောက်တော့ ပြန်ရှင်လာကြောင်း သမီး တွေ့ခဲ့ရပြီ။ မတော်တဆ ကိုင်းကျိုးသွားတာကို နောက်တစ်နေရာ ထိုးစိုက်လိုက်တော့လည်း အချိန်တန် လေးနာရီပန်းကလေးတွေ ပွင့်လာ ပြန်တာပဲ။ သမီး ထင်တာ တစ်ခုပဲ ရှိခဲ့သည်။

သူတို့က နာရီကြည့်တတ်တယ် ထင်နေတာ။ ဘယ်ဟုတ်လိမ့်မလဲ သူတို့က အပူချိန်ကျသွားမှ ပွင့်လာတာကိုး။


ဒါကြောင့် နွေရာသီဆိုရင် ငါးနာရီကျော် လောက်မှ ပွင့်ကြတာပေါ့။ သူတို့ အကြောင်းကို ရုက္ခဗေဒ သင်ခန်းစာမှာ၊ ပြီးတော့ သမီး ကိုယ်တိုင် ဂရုစိုက်ရာမှာ ရင်းနှီးလာတာနဲ့အမျှ သူတို့ရဲ့ လျှို့ဝှက်ချက်တွေ သမီးကို ဖွင့်ပြော လာသည်။

●

သူတို့က ဟိုးအာဖရိက က မူရင်းဆိုပဲ။ ကမ္ဘာ အနှံ့ ပတ်လာတာ အစေ့ကြွေကျလည်း အပင် ပေါက်တယ်။ ရောက်ရာအရပ်မှာ လိုက်လျော ညီထွေ နေတတ်သူတွေတဲ့။ သူများတွေလို ရေများများလည်း မတောင်း။ ယုယစရာလည်း မလို။ ကိုယ်ရောက်ရာ မြေပေါ်မှာ ရှင်သန်၊ အချိန်တန် ညနေခင်း လေညင်းရဲ့သီချင်းနဲ့ လေးနာရီပန်းကလေးတွေ သက်ချိုးကနေကြမြဲ။ သူတို့က သမီးကို တိုးတိုးလေး သင်ပေးခဲ့တဲ့ သီချင်းရှိသည်။

အချိန်အခါ သိရင်း
အသက်ပြင်းပါစေ
ညနေခင်းမှာ
ပဝါရောင်စုံနဲ့ ယိမ်းထွက်မယ်...။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၈၁



❛ ကမ်းနားမှာ ခမ်းနားစွာ
ထုံးဖွဲ့ဆင်ယင်ထားပေမယ့်
မြိတ်သား အများစုဟာ
တစ်ခါက
မြိတ်ကလာတဲ့ ငံပြာရည်ဘဝတွေကို
သင်္ကေတ တစ်ခုအနေနဲ့ လွမ်းဆွတ်ဆဲပါ။
ပိုင်ရှင်တွေအတွက် ငွေလုပ်စက်လို
အကျိုးရှိနိုင်မယ့် ငါးမှုန့်စက်ရုံတွေဘက်
ကျွန်တော် သွားကြည့်ခဲ့တော့လည်း
အကြွေစက္ကူ အနွမ်းများလို
လုပ်သားတွေ ဘဝကို မြင်ရတာပါပဲ ❜

## ဇီဝဝိုး ငှက်ကလေးများရဲ့ အားနာခြင်း

**'မြိတ် ဆိပ်ကမ်းက တိတ်တဆိတ်အလွမ်း'**

အမှိုက်ပုံးတွေ စိမ်းပြီး
ဆိုင်းဘုတ်တွေ နီသွားပေမယ့်
မြို့ (သို့မဟုတ်) မြင်ဦးလွှင်လို
န်းရနံ့တွေနဲ့ မကြိုနိုင်
မြင့်လေလေ
ငါးမှုန့်စက်ရုံ အနံ့တွေ
ဖွံ့ဖြိုးရေး (CP) ကြက်ချေး အညှီတွေနဲ့
သို့သည်ကို အားနာ
ကလွှာချ ကြိုရရှာတဲ့မြို့

ရေသယံဇာတနဲ့
ဇာတာ...ထဖူးသမျှ
(တစ်ခါက) ဘိတ်ကလာတဲ့ ငံပြာရည်
အထည်ကြီးပျက် ခံစားချက်ကို
(အခုတော့) ထိုင်းက ဝယ်တဲ့ ငံပြာရည်နဲ့
ဘိုစားရင်း ကြိတ်မှိတ်လွမ်း
မြိတ်ဆိပ်ကမ်းမှာ.....

Sea View တဲ့
ပင်လယ်ရှုခင်းကို...ကွန်ဒိုဆယ်လုံး
အထပ်သုံးဆယ်စီ
ဒီစီမံကိန်းက
အိမ်ဆိုတာ နစ်ထပ်ကျော်လျှင်
လူနေဖို့ မဟုတ်
ငှက်မွေးဖို့ လုပ်တာလို့ မြင်တဲ့
မြိတ်သားတွေအတွက်...
ဘယ်လို ခံစားရပါ့မလဲ

မြိတ် ဆိပ်ကမ်းမှာ
တိတ်တဆိတ် အလွမ်းတွေနဲ့
စုံတွဲလေးတွေရယ်
ဆိုင်ကယ်ရပ်ရင်း
ပင်လယ်ကို ငေးတယ်
ပြီးတော့...ချစ်သူကို မေးတယ်
မြေတစ်ကွက် သိန်းငါးထောင်
ဘယ်လို အိပ်မက် မက်မလဲ မောင်
ချစ်သူကို လှောင်တာလား
ခေတ်ကိုပင် ပြောင်တာလား
မြိတ်ဆိပ်ကမ်းမှာ
တိတ်တဆိတ် အလွမ်းတွေနဲ့

ကိုယ်ထူကိုယ်ထ
အမှိုက်ပုံတွေ ဝယ်ထည့်ပြပေမယ့်
အမှိုက်ကား လာချိန်ဟာ
နက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ
သီချင်း ဆိုနေတဲ့မြို့
ပုစွန်တွေ ကုန်၊ ငါးတွေ ကုန်တော့
ပင်လယ်ထဲ သဲတွေ ကျူးရောင်းတာ
ဂုဏ်ယူရမှာလား၊ ရှက်ရမှာလား။
မေးချင်တဲ့မြို့



ဒီမှာ
လူတွေ မဆိုထားနဲ့
ဒီဝိုးငှက်ကလေးများတောင်
အာဏာဖီဆန်ခဲ့တဲ့မြို့
တရားသိမ်းခံရတဲ့ အိမ်ကို မပြန်စတမ်း
ငှက်သိုက်တွေ မအန်စတမ်း
အာခံခဲ့တဲ့မြို့
အဲဒီမြို့ကလေးဟာ
အဲဒီ အလံနဲ့
အညီ ရပ်ခံနေတုန်းပဲ။

၁၉၈၀ ဝန်းကျင်က ဆရာမြသန်းတင့်ရဲ့ ငွေသောင်ယံ ဟွန်ဒါ ယဉ်ကျေးမှု အစချီဆောင်းပါးကို သတိရပါတယ်။ ထားဝယ်၊ မြိတ်၊ ကော့သောင်း ခရီးသွား ဆောင်းပါးဖြစ်ပြီး ကျွန်တော်တို့ စောင့်ဖတ်ခဲ့ရတာပါ။ အဲဒီ အချိန် စနစ်အရ နိုင်ငံတစ်ဝန်း လူသုံးကုန် ရှားပါးနေပေမယ့် မြိတ်ဒေသကတော့ ခြွင်းချက်ပါ။ ထိုင်းနိုင်ငံက တရားမဝင်သယ်ကြောင်းတွေ ဖြစ်လာတော့ ခေတ်မီ လူသုံးကုန်တွေကို မြိတ်သူမြိတ်သားတွေဟာ အဦးဆုံး သုံးစွဲခဲ့ရပါတယ်။ ရေလုပ်ငန်း မျိုးစုံကြောင့်လည်း စက်လှေများစွာပိုင်ဆိုင်ကြွယ်ဝရင်းစွဲရှိတဲ့ မြို့မို့ ထိုင်းပစ္စည်းများကို လက်လှမ်းမီနေတဲ့ အားသာ ချက်ပါ။ အပေါင်းထည့်တဲ့အခါ မြိတ်ဟာ နိုင်ငံတစ်ဝန်းက အားကျ ငေးမော ကြည့်ယူရတဲ့ သရုပ်ဆောင်းမြို့ကလေးပါပဲ။

အဲဒီအချိန်က ဟွန်ဒါ ဆိုင်ကယ် ဆိုတာ ရေပန်းအစားဆုံး ခြေနင်းစကြာဆိုတော့ ဟွန်ဒါ ထည်လဲ ရောင်စုံ စီးနိုင်တဲ့ မြိတ်ဟာ ခြေဆုံး ခေါင်းဆုံး တင့်နေသလို ခံစားခဲ့ရမှာ အမှန်ပါပဲ။ ဒီဒေသရဲ့ အခြေခံ စီးပွားရေးဖြစ်တဲ့ မြိတ် ငါးပိရဲ့ ကောင်းခြင်းက မြန်မာတွေရဲ့ ခံတွင်းကို စွဲလမ်း စေ၊ မက်မောစေခဲ့တာလည်း အမှန်ပါ။ ဆရာ မြသန်းတင့် ရေးတဲ့ စာထဲမှာ ဓာတုဗေဒဝန် တစ်ဦးက ပြောပါသတဲ့ ‘လူ တစ်ယောက် တစ်နေ့လျှင် ငါးပိ မက်ကျပ်ခွဲသား စားရင် လိုအပ်တဲ့ ပရိုတင်း လုံလောက်ပြီ’ လို့ ကိုးကား ထားတာ မှတ်မိနေပါတယ်။

အဲဒီခေတ်က တက္ကစီသုံးဘီး အစိမ်းရောင် တွေ ပြေးလွှားနေတဲ့ မြိတ်မြို့ရှုခင်းကိုလည်း ဆရာမောင်စိန်ဝင်းက ကဗျာ ကလောင်နဲ့ ရေးခြစ်ပြဖူးပါတယ်။ သုံးဘီး တစ်နေကုန် ဘေးမှ နှစ်ဆယ် အစိတ်လောက်ကျတဲ့ခေတ် ပါတိတ် အဆင်စုံ နိုင်လွန်ဖော့ရှူး ရောင်စုံတွေ ခင်းကျင်း ပြနိုင်ခဲ့တဲ့ မြိတ်ဟာ ကိုယ်ပေါ်မှာလည်း အဆင် တန်ဆာတွေ တောက်ပလို့ ဝင့်နေခဲ့တာပါ။ အဲဒီကမှ ပီလောပီနံက ထုတ်တဲ့ ကော်မှုန့်စက် အကြောင်း ဖွဲ့ဆိုခဲ့ရင်း

စက်ရုံ အလုပ်သမတွေရဲ့ ပါးကွက်ကျားပျက်ရတဲ့ ချွေးစက်များအကြောင်း ညဆိုင်းဆင်းရ ကလေးတွေ ဖြစ်သလို အိပ်နေရတဲ့ ရောင်စုံ မီးထိန် မြိတ်ရဲ့အမှောင်ရိပ် တချို့ကို ကျွန်တော် သတိရနေပါတယ်။

၂၀၁၂ နောက်ပိုင်း ကျွန်တော် မြိတ်ကို ကြိမ်ဖန်များစွာ ရောက်တော့လည်း စာကဗျာ ပန်းချီပွဲလိုစိတ်တွေ တားဆီးမနိုင် ဖြစ်ရဆဲပါ။ ကမ်းနားမှာ ခမ်းနားစွာ ထုံးဖွဲ့ဆင်ယင်ထား ပေမယ့် မြိတ်သား အများစုဟာ တစ်ခါက မြိတ်ကလာတဲ့ ငံပြာရည်တဝတွေကို သင်္ကေတ တစ်ခုအနေနဲ့ လွမ်းဆွတ်ဆဲပါ။ ပိုင်ရှင်တွေ အတွက် ငွေလုပ်စက်လို အကျိုးရှိနိုင်မယ့် ငါးမှုန့်စက်ရုံတွေဘက် ကျွန်တော် သွားကြည့် ခဲ့တော့လည်း အကြွေစက္ကူ အနွမ်းများလို လုပ်သားတွေ ဘဝကို မြင်ရတာပါပဲ။ တစ်မြို့လုံး ခံစားနေရတဲ့ အနံ့ဆိုးပျောက်ရေး မြို့သူ မြို့သားတွေက ဆန္ဒကြီးကြပေမယ့် မပြည့်ဝကြ ရာသေးပါ။ ဧည့်သည်ကို အားနာတယ်ပဲ ထပ်တလဲလဲ တောင်းပန်နေသူတွေကို ကျွန်တော်တို့လို ဧည့်သည်တွေက ကြာတော့ ပြန်အားနာမိတဲ့ အဖြစ်ပါ။ မြေသြဇာလည်း ရ အနံ့လည်း မထွက်တဲ့ Bokashi (ဘိုကာရှိ) အချဉ်ဖောက်တဲ့နည်းရှိတယ်ပဲ ပြောသံ ကြားဖူး ပေမယ့် လက်တွေ့ကျင့်နိုင်ဟန် မတူပါ။ နည်းပညာ သုံးရင် ကုန်ကျစရိတ်များမှာ သေချာတော့ ဒီအတိုင်းပဲ ဖြစ်နေတာပဲဆိုပြီး မပြုပြင်သရွေ့ မြိတ်သားနဲ့ ဧည့်သည်တွေ အပြန်အလှန် အားနာနေကြဦးမှာပါပဲ။

မြိတ်မြို့အကြောင်းပြောရင် ကတ်ကြေး ကိုက် မပါမဖြစ်သလိုပဲ မြိတ်သားတွေရဲ့ ပြဿနာထဲ မူးယစ်ဆေးပြဿနာက မပြော မဖြစ် ပါနေစမြဲပါ။ ဒီအန္တရာယ်ကို ခေတ်သစ် အထိ မသယ်လာဘဲ ကိုင်တွယ် ဖြေရှင်းစေချင် တာကလည်း မြိတ်သားတွေရဲ့ ဆန္ဒပါ။ သူတို့ ကိုယ်တိုင် ပူးပေါင်း ပါဝင်ဖို့လည်း အသင့် ရှိကြပါတယ်။

ခေတ်မီတယ် ဆိုတာ အဝတ် အသုံး အဆောင်တွေ ပေါ်သမျှ သုံးစွဲနိုင်တာ မဟုတ်။ အသိဉာဏ်အရ ခေတ်ကို သိမီတာ ကမ္ဘာကြီး ဖြစ်စဉ်နဲ့ ဆက်စပ် တွေးခေါ်နိုင်တာ ဆိုတာ သိနေတဲ့ မြိတ်သားတွေဟာ ပတ်ဝန်းကျင် ပျက်စေတဲ့ လောင်စာသုံးစွဲမှုကို ငြင်းဆန်သလို သယံဇာတ ဖြုန်းတီးမှု၊ သစ်တောဖြုန်းတီးခြင်း နောက်ဆက်တွဲ ဆိုးကျိုးကိုလည်း ကောင်းစွာ သဘောပေါက်လာတော့ ထင်းခုတ်တာကို တားနေရင်း မြိတ်ဆိပ်ကမ်းက သစ်လုံးတင် သင်္ဘောတွေကို မြင်တိုင်း ဆို့နင့် ခေါင်းယမ်း နေကြဆဲပါ။

ဒီမြို့က လူတွေ အရေးတကြီး ထောက်ပြ တဲ့ အချက်ကတော့ ဒီဒေသ ရေပိုင်နက်က ထွက်သမျှ ငါး၊ ပုစွန်တွေကို မြိတ်မြို့ ငါး လေလံဈေးကြီးရှိပါလျက်နဲ့ ထိုင်းနိုင်ငံမှာ သွားပြီး ထိုင်းနိုင်ငံ ငါးလေလံဈေးကို ပို့နေကြတဲ့ လွှဲချော်မှုပါပဲ။ တိုင်းပြည်အတွက် အခွန်တွေ နစ်နာသလို အလုပ်အကိုင် အခွင့်အလမ်းများလည်း ဆုံးရှုံးပါတယ်။ မြိတ်သားတွေ ကိုယ်တိုင်က ထိုင်းနိုင်ငံထဲက ဈေးတွေ၊ ငါး၊ ပုစွန် လုပ်ငန်းနဲ့ ပတ်သက်တဲ့ ရေထွက်




ကုမ္ပဏီတွေမှာ အလုပ်သမားဘဝနဲ့ သွားရောက် လုပ်ကိုင် နေကြခြင်းဟာ ပိုမို နာကျင်စရာ ကောင်းတဲ့ လွဲချော်မှုပါပဲ။

ခဲကြမ်းခြစ်သလို ရေးမိတဲ့ ကျွန်တော့်စာ ကဗျာဟာ မြိတ်အကြောင်းကို ပြည့်စုံအောင် မပြောပြနိုင်တာ ဝန်ခံပါတယ်။

ဆံတော်ရှင် ပေါ်တော်မူ ဘုရားဖူး သွားတော့ ခေတ်ဟောင်းကဆို လူကြီးတွေ ဖေါက်ရိုက်နေလို့ ဘုရားဝင်မုခ်ဦးကို ပိတ်ထား ခဲ့ရတာ သိရပါတယ်။ ဘုရားရင်ပြင်တော်က လွဲရင် မြေသား။ ပရဝဏ်ဟာ ဖေါက်ကွင်းနဲ့ ခွဲခြားမရ ဖြစ်နေတော့ ဘုရားဖူးလာသူများဟာ ဖေါက်သီးမှုန့်မှာစီးလို့ ရှောင်နေရ၊ ရပ်စောင့် နေရတာတွေ ရှိတာကလည်း ခုထိ ရှိနေဆဲပါ။ ဒီအတွက် မြိတ်သားတွေက ဧည့်သည်ကို အားနာကြောင်း အထပ်ထပ်ပြော၊ ကြာတော့ ပြန်အားနာလာ။

တစ်ခုတော့ အာမခံနိုင်ပါတယ်။ မြိတ်မြို့ ဘယ်စေတီပဲ တက်ဖူးဖူး၊ ရင်ပြင်ပေါ်ထိ ဖိနပ် သယ်သွားစရာ မလိုပါ။ လှေကားရင်းသာ ချွတ်ထားခဲ့၊ ပြန်အဆင်းမှာ ဖိနပ် ရှာမတွေ့တော့လို့ ဧည့်သည်နှင့် မြို့ခံ အပြန်အလှန် အားနာရတာမျိုးတော့ မဖြစ်စေရဘူးလို့ မြိတ်သူ မြိတ်သားများ ကိုယ်စား တာဝန်ခံချင်တာပါပဲ။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၈၂



“အထီးကျန်ဆန်တာကိုးဗျ၊
ကိုယ်နဲ့ ဘာသာစကား
ရင်ဘတ်ချင်း တူသူတွေမှ မရှိတာ၊
သဘာဝအလှကို ခံစားဖို့ ဆိုတာထက်
မြင်စေကြည့်စေချင်သူတွေကို ပြောနိုင်ပြနိုင်မှ၊
ဒီမှာက အိမ်နီးနားချင်းလည်း မရှိ”

## တောင်ထိပ်က တေးသံ

သူ့အကြောင်းကို ငယ်စဉ်ကပင် ကြားဖူးနေကျ၊ ချင်းပြည်နယ်၏ အလှဘုရင်မ။ မြန်မာနိုင်ငံတွင် တတိယမြောက် အမြင့်ဆုံးတောင် ဝိတိုရိယ ဟူ၍၊ ဒါက အင်္ဂလိပ်ခေတ် အခေါ်အဝေါ် ဆိုတော့ ပြန်ပြောင်းခဲ့ကြသည်။ ချင်းလိုတော့ ‘ခေါ်နုသုမ်’၊ မြန်မာလို နတ်မတောင် ဟူ၍၊ ဒေသခံတွေက ဒီမြန်မာပြန် နာမည်ကို မတိကျ သေးဟု ခံစားနေဆဲပါ။ ‘တောင်တွေရဲ့ အမေ’ ဟု အဓိပ္ပာယ်ရအောင် မှည့်စေချင်ပါသတဲ့။

ယောနယ် ဆောမြို့ကလေးမှ ၁၂ မိုင် ဆိုလျှင် ချင်းပြည်နယ် ကန်ပက်လက်ကို ရောက်ပြီ၊ ထိုမှသည် အရောက်သွားရမည်က ချင်းအခေါ် ‘ခေါ်နုသုမ်’ မြန်မာပြည်မှာ တတိယ အမြင့်ဆုံးဆိုပေမယ့် မြေသား တောင်ထဲမှာတော့ သူက အမြင့်ဆုံးတောင်။ ကချင်ပြည်နယ်က ခါကာဘိုရာဇီ၊ စာရာမေတီတို့လို ကျောက်သား ရေခဲတောင် မဟုတ်။

ချင်းတောင် ဆိုသည်နှင့် ‘ဇလပ်နီ’ကိုသာ စိတ်ထဲ မြင်ယောင်ကြည့်ကြစမြဲ။ ကျွန်တော် ချင်းတောင်ကို ၃ ခေါက် ရောက်ဖူးသော်လည်း ပေ ၄-၅ ထောင် အထိသာမို့ ဒီမြင်ခဲလှသည့် ဇလပ်နီကို ကြည့်ချင်လျက် မမြင်ခဲ့ရ။ သူက ပေ ၆ ထောင် ၇ ထောင် ကျော်မှ ပွင့်သည့် နတ်ပန်းပေကိုး။

ခရီးသွား ဧည့်သည် တစ်ဖွဲ့လုံးမှာ တောင်ဇလပ်နီကို ရင်ခုန်ချင်လှဘိ။ ပေ ၆ ထောင် ကျော်သည်နှင့် ရှာကြမည်။ အရင် တွေ့သူ ကံထူးစတမ်း။ ဒီနတ်ပန်း ဘယ်အဆင်းနဲ့ ဘယ်သတင်း ဒီလောက် မွှေးနေပါ့၊ စိတ်ထဲ ကြုံးဝါးကြပါသည်။

●

အမြင့်ပေ ၄၅၆၀ ရောက်တော့ 'ကန်ပက်လက်'မြို့ကို နှုတ်ဆက်ခွင့်ရသည်။ ကန်ပက်လက်က ထွက်တော့ 'ကန်ပုလဲ' ဆိုသည့် ကန်ဟောင်းကို မြင်ရ၏။ အချို့ကလည်း ကန်ပုလဲကနေ ကန်ပက်လက် ဖြစ်သွားတယ်ဟု ဆိုပြန်သည်။ ကျွန်တော် အတိအကျ မသိခဲ့ရပါ။

ထူးခြားနေတာက အခြား မြို့များလို (ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ မတူပီတို့လို) ချင်းနာမည် ဘာကြောင့် မဖြစ်ရသလဲ။

ကန်ပက်လက်တွင် နှစ်ပေါင်း ၃၀ နီးပါး တာဝန်ထမ်းဖူးသူ သမ ဦးစီးမှူးက ထိုကိစ္စကို ရှင်းပြပါသည်။ အင်္ဂလိပ်ခေတ်က ဒီဒေသဟာ မကွေးတိုင်း မင်းကြီး နယ်ပယ်ထဲမှာပါ။ နွေရာသီ အပူရှောင်ဖို့ ဒီမှာ မြို့တည်ပါသတဲ့။ ပြော်၊ သူက ရှမ်းပြည်မှာ ကလော၊ ယခင် မေမြို့ ယခု ပြင်ဦးလွင်တို့လိုပေါ့ဟု နားလည် လိုက်ပါသည်။ ဒါကြောင့်လည်း မြို့အထွက်မှာ အုတ်တိုက်နီနီ ခေါင်းတိုင်မြင့်နှင့် ဘိုတဲ တစ်လုံးကို မြင်ခဲ့တာကိုး။ ဒေသအခေါ် မိုင်းတိုက်သည့်ဒဏ် ခံနိုင်ရန် တိုက်နံရံကို နှစ်ထပ် ကာထားသည့် ဘိုတဲနီမှာ မီးကျွမ်း သစ်ငုတ်တွေ နောက် ရှေ့ အထီးကျန် ဇာတ်ကြောင်းပြန်ချင်နေပုံရသည်။

ထိုဒေသ တာဝန်ကျသည့် အမှုထမ်းတွေ က ပြောသည်။ 'ဟိုတုန်းကဆို ဆောင်းနှောင်း ရာသီမှာ တောတောင် သစ်ပင်တွေ လှချက်ဗျာ၊ ကိုရီးယား ကားတွေထဲ လှသလောက်တော့ ဒီကလည်း ပြိုင်ရဲသပေါ့၊ နွေဦးပေါက်ခါနီး အဝေးမြင်ကွင်းများ ကြည်လင်လို့ကတော့ ဟိုးပုပ္ပားအထိ လှမ်းမြင်ရတာ'

သူက တမ်းတမ်းတတ ပြောနေရင်းမှ ရုတ်တရက် စကားကို ချိုးကွေ့ချလိုက်သည်။

'ဒါပေမဲ့ တောင်လုံးကျွတ် အဲသလို ဝါရွှေနီ စုံအောင် လှပြီဆိုရင် တအား ငိုချင်တာဗျ'

'ဘာလို့လဲ' ဟု အားလုံးက မချင့်မရဲ မေးသည်။

'အထီးကျန်ဆန်တာကိုးဗျ၊ ကိုယ်နဲ့ ဘာသာစကား ရင်ဘတ်ချင်း တူသူတွေမှ မရှိဘာ၊ သဘာဝအလှကို ခံစားဖို့ဆိုတာထက် မြင်စေကြည့်စေချင်သူတွေကို ပြောနိုင်ပြန်နိုင်မှ ဒီမှာက အိမ်နီးနားချင်းလည်း မရှိ'

ခုခေတ်လို ဆက်သွယ်ရေး နည်းပညာနဲ့ဆို နည်းနည်း တော်ဦးမယ်ဟု ကျွန်တော် ဖြေသိမ့် တွေးမိသည်။ viber ဗီဒီယို ဖုန်းနဲ့ ရိုက်ပြမယ်ပေါ့။ ကျွန်တော့် အတွေးကို လက်တွေ့ဘဝက ရက်ရက်စက်စက် နင်းချေ သွားသည်။ တယ်လီဖုန်းလိုင်းတောင် ကောင်းကောင်း မမိ။

သူ ပြောပြသည့် ဝါရွှေနီမောင်း ပင်ပေါင်းစုံ တောလုံးဝေ အလှကို ကျွန်တော် မြင်အောင် ခံစားရန် ကြိုးစားကြည့်ပါသေးသည်။ မီးကျွမ်း ငုတ်တုတ် ဒဏ်ချက်များဖြင့် ထိုတောင်က ဆံပင်ကျိုးတိုးကျဲတဲဘဝဖြင့် မျက်လွှဲချရရှာပါ၏။

●



'ဒီနေရာတွေမှာ အရင်ကဆို ဝံတွေ၊ ကျားတွေ၊ ကျားသစ်တွေ ရှိသဗျ၊ နွားနောက်တွေကလည်း ပေါ'

သူက ပြောသာပြောရ အားမရှိလှပုံ။ အခုထိ နွားနောက်တောင် တစ်ကောင် မမြင်ရ။ ဝံတွေက လူမြင်လျှင် ရန်လုပ်တတ်သလောက် ကျားကတော့ ရှောင်ပြေးလေ့ ရှိကြောင်း ပြောရင်း ဒီက မြွေဟောက်တွေက အကောင် ပိုကြီးတယ်လို့ ပြောသည်တွင် ခရီးသွား ဇည့်သည်တွေ တွန့်ခနဲ ဖြစ်သွားသည်။

ဒါပေမဲ့ အပူပိုင်းဒေသက မြွေဟောက်တွေလို ကိုက်ရင် ဆေးမမီလောက်အောင် အဆိပ်မပြင်းဘူးဗျလို့ ကြောက်စိတ် ဖြေပေးဖော် ရပါသည်။

ထိုခရီးမှာပင် ပါးရဲထိုးသူ ချင်း အဘွားအိုတချို့ကို မြင်ခွင့်ရခဲ့သည်။ ငယ်သူတွေထဲမှာ မတွေ့ရတော့ပါ။ ပါးရဲခေါ် ဆေးမင် မျက်နှာမှာ ထိုးသည်ကလည်း ဒေသ၊ လူမျိုးတစ်စုနှင့် တစ်စု ထိုးပုံမတူ။ ဒီဇိုင်း ကွဲကြသည်။ Munn တွေက ဒေါင်လိုက်ဆင်း ထိုးပြီး Ngagah တွေက ကန့်လန့်စင်း ဆံထိုးထိုးသလို၊ Uppriu တွေကျတော့ မျက်နှာပြင် ပြည့်လုနီးနီး ထိုးခဲ့ကြသည်တဲ့။

●

'ဇလပ်နီတွေ တွေ့ရတော့မယ်ဟေ့၊ တွေ့ရတော့မယ်၊ ဇလပ်နီတွေ'

ပေ ၆ ထောင် ကျော်သည်နှင့် ခရီးသွား တွေက သံပြိုင်အော်ရင်း အလုအယက် ရှာနေ ကြသည်။ ဓာတ်ပုံရိုက်ရန်လည်း ဟန်တပြင်ပြင်။

လိုက်ပို့သူ ဒေသခံကား အားတောင့် အားနာ။ တောင်ဇလပ်ပန်းတွေက ရှားကုန်ပြီ ဟိုးတုန်းကလို မဟုတ်ဘူး။ လူတွေက အလုကြည့် တန်ဖိုးမထားဘဲ အမှတ်တရဆိုပြီး ခူးယူကြ၊ ကိုင်းတွေ ချိုးဖဲ့ကြတော့ မြင်ရခဲ သွားပြီ။ သစ်တောဌာနကတောင် မခူးယူကြဖို့ ဘားနေတာဟု မသက်မသာ ရေရွတ်နေပါသည်။ မြင်ဖူးလိုသူတွေက မချင့်မရဲ တွေ့တော့ တွေ့ရမှာပဲဟု ဇွဲတင်းလာကြပါ၏။

အမြင့်ပေ ၁၀,၀၀၀ နား ရောက်သည်နှင့် မြင်ကွင်းက သိသာစွာ ပြောင်းလာပါသည်။ ထူးခြားဆန်သော သို့မဟုတ် ကမ္ဘာအသစ် တစ်ခုကို ရောက်သလို ခံစားလိုက်ရသည်။ နေ့ နေ့လယ်ခေါင်ခေါင် အနွေးထည်တွေ ထုတ်ဝတ်ရသည်။ မြင်ကွင်းတစ်ခုလုံး အပင် တွေက အအေးဒဏ် ခံနိုင်အောင် ကျင့်ကြံ နေထိုင်ရသည်ထင့်။ ပုပုလုံးလုံး ကွေးကွေးလေး တွေချည်း မြင်နေရသည်။ နွေးထွေးသော အိပ်ရာတွင် ကျွန်တော်တို့ ခြေဆန့်လက်ဆန့် အိပ်နိုင်သော်လည်း ချမ်းအေးလွန်းသည့် ညများတွင် အစွမ်းကုန် ပကွေးနေရသည်နှင့် တူလှပါတော့သည်။

တောင်နံရံ လေကွယ်ရာအရပ်က အပင် တွေ ခါးဆန့်ရသမျှ လေဟာပြင်ဘက်နေရသည့် အပင်တွေက ဂျပန် ဘွန်ဇိုင်းပင် တွေလိုချည်း မြင်နေရသည်။ အပင်အချို့မှာ 'လေသိုက်'

ဆိုသည့် ထူးခြားအရာကို ဒေသခံက ပြသည်။ ဒါဟာ အပင်က ဖြစ်လာတာ မဟုတ်ဘူး။ မိုးတွင်းမှာ မှိုင်းတိုက်ရင်းနဲ့ အပင်တွေရဲ့ ကိုင်းတွေမှာ ငှက်သိုက်မျှင်တွေလို ဖြစ်လာပါသတဲ့။ မှိုင်းတိုက်ရင်း ဖြစ်လာတာ ဆိုတော့ ကျပ်ခိုးစွဲသလိုလားဟု ကျွန်တော် မေးရာ သူက အားပါးတရ ရယ်နေပါသည်။

အာဆီယံ အမွေအနှစ် ဥယျာဉ်ဆိုင်းဘုတ်နား ရောက်မှ တစ်ယောက်က တွေ့ပြီဟု အားရပါးရ အော်ကာ ဓာတ်ပုံရိုက်သည်။ အပင် မြင်သမျှ မော့ကြည့် ရှာဖွေခဲ့ရသော ဒုက္ခ လွတ်ပြီပေါ့။ တွေ့ရသည့် တောင်ဇလပ်ပန်းနီလေးကား အရွက်တွေထဲ ပုန်းနေသည့်ကြားက တွေ့သွားသူတွေကို ရှက်စနိုး ရယ်နေရှာ့ထင့်။ ကွယ်တစ်ဝက် ပေါ်တစ်ဝက် မြင်တစ်ဝက် လှုပ်ခတ်နေပါသည်။

●

ဒီနတ်မတောင်တက်လမ်းကို ကားလမ်း ပေါက်သွားသည့်အပေါ် အမြင်တွေ မတူကြပါ။ လူအသွားအလာ များသည်နှင့်အမျှ သဘာဝ ဝန်းကျင် ထိခိုက်မှာစိုးသူတွေက ဘဝင်မကျသလို၊ ကိုယ်တိုင် လျှောက်မတက်နိုင်သူတွေ ကတော့ သဘောတွေ့ကြပါသည်။ အဆိုးအကောင်း တွဲနေသည့်ကိစ္စမို့ ကိုယ့်ပယောဂကြောင့် အလှနှင့် တန်ဖိုးများ မထိခိုက်အောင် ဆင်ခြင်ကြဖို့သာ ရှိသည်ဟု ယုံကြည်ပါ၏။

●

တောင်ထိပ်ရောက်ပြီ။

ရှုခင်းများကား နတ်ပန်းချီသို့။

ကမ္ဘာမြေပေါ်က အုံ့ချီးဖွယ် အလှများ နည်းတူတော့ နတ်မတောင်ထိပ်လည်း သရဖူဆောင်းနိုင်သည်ပဲ။

နွေနေ့လယ်ကောင် အနွေးထည်ကို ရင်ဘတ်စေ့ရင်း သဘာဝ၏ ရခဲသော တန်ဖိုးအလှ ဆွဲဆောင်ရာ မျှောပါလိုက်ပါ၏။

ထင်းရှူး၊ မဂျယ်၊ သစ်အယ်၊ ချယ်ရီ၊ တောင်ဇလပ်နီတို့ကို ပင်ယံပေါ် မော်ကြည့်။

ပတ်လည်တံတိုင်း။ မြူဆိုင်းတောင်တွေ ငေးနေပြီးမှ ကျွန်တော် ရပ်နေရာ တောင်ထိပ်မြေပြင် မှတ်မထင် ငုံ့ကြည့်မိသည်။

အလို...မြေပြင်မှာ ကြဲပက်ထားသလို တွယ်ကပ်နေကြတာ ဖြူ ပြာ ခရမ်းပန်းကလေးတွေပါလား။

'မြေကပ် ပန်းကလေးတွေ' ဟု တစ်ယောက်က ရေရွတ်လိုက်သည်။ ဒေသ အခေါ်ကျွန်တော် မသိပါ။ သိအောင်လည်း မကြိုးစားတော့ပါ။ ဒီနာမည်ကပင် သူတို့ သဘာဝဖြစ်တည်မှုကို ပေါ်လွင်လှပါပြီ။



အမြင့်ပေ တစ်သောင်းကျော် တောင်ထိပ် ရောက်အောင် အားခဲ လှမ်းလာရသူတွေအတွက် အခြား သဘာဝ အလှများနည်းတူ အမောပြေ နှစ်သိမ့်ကြိုသူတွေထဲ မြေကပ်ပန်းကလေးတွေလည်း အားတက်သရော ပါခဲ့ပါသည်။

ကျွန်တော်တို့ ခေါင်းတွေက အမြင့် မျှော်တာ အကျင့်ပါနေပြီမို့ မမြင်ခဲ့ကြပါ။ သူတို့ ချည့်ဝတ်ကျေပါလျက် နှုတ်မဆက်ခဲ့ရပါ။ သိမှတ်ပြု မတုံ့ပြန်ဖြစ်ခဲ့ပါ။

ကျွန်တော် သူတို့နံဘေး ကွက်လပ် ရွေးစရာ စိုးစိမျှ မနင်းမိအောင် ရှောင်ကွင်းပြီး ညင်သာ ထိုင်လိုက်ပါသည်။

အားမရသေး၍ သူတို့နှင့် နံဘေးယှဉ် လဲလျောင်းလိုက်ပါ၏။ သူတို့ မျက်နှာများနှင့် ပိုနီးသွားပါပြီ။

မြေကပ်ပန်းကလေးများ၏ ချည့်ကြို တေးသံကို ခုမှ ကြားရပါပြီ။ တန်ဖိုးပျက်သွားမှာစိုး၍ ပြန်မပြောပြတတ်ပါ။ ကိုယ်တိုင် နားဆင်ခွင့် ရစေကြချင်ပါသည်။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၈၃



“ တကယ်တော့ မျိုးစေ့မှ ပေါက်ခါစ အညွန့်အညှောက်လေးများနှင့် တူလှသော၊ နနယ်လှသော ပျိုးပင်များအား ရှင်သန်အောင် ကိုင်တွယ်ရသူတို့၏ တာဝန်ကြီးမှုမှာ ကျယ်ပြန့် လှပါသည်။ ပျိုးပင်များက ဥယျာဉ်မှူးကို ကြောက်ရန်ထက် ဥယျာဉ်မှူး၏ စိတ်စေတနာနှင့် ပြုစုမှုကို ချစ်ခင် တန်ဖိုးထားရန်သာ လိုပါသည် ”

## ဆီးသီးသည်၊ ချင်ပန်ဇီနှင့် လကမ္ဘာ ခရီး

'ဆရာမက ချင်ပန်ဇီကြီး လုပ်ပါမယ်၊ တပည့်တို့က ဒီဇာတ်လမ်းထဲက လူတွေ လုပ်ပေးပါ။ ချင်ပန်ဇီကြီးနဲ့ မိတ်ဆွေ လာဖွဲ့ကြပါ'

၁၉၇၄-၇၅ ကာလများက ဖြစ်ပါသည်။ ကျွန်တော့် အစ်မ အထက်တန်း ကျောင်းသူဘဝက အခြေခံပညာအထက်တန်းကျောင်းသုံး အင်္ဂလိပ်ဖတ်စာ စာအုပ်မှ Making friends with Chimpanzees (ချင်ပန်ဇီများနှင့် မိတ်ဆွေဖွဲ့ခြင်း) ခေါင်းစဉ်ဖြင့် သင်ခန်းစာကို သရုပ်ဖော်ရန် ဆရာမတစ်ဦးက အားထုတ် နေခြင်း ဖြစ်ပါ၏။ ဖတ်စာအုပ်များ ပြောင်းသွားသည့်တိုင် ထိုဆရာမသည်ပင် ကျွန်တော်တို့၏ အင်္ဂလိပ် စာပြ ဆရာမ ဆက်ဖြစ်ခဲ့ပါသေး၏။

ဆရာမသည် ငယ်နုပြီး ဖြူနွဲ့နွဲ့ ဖြစ်သော်လည်း သူနှင့် အရွယ်မတိမ်းမယိမ်း တပည့်များရှေ့ မရှက်မကြောက်စတမ်း ချင်ပန်ဇီ မျောက်ဝံအဖြစ် သရုပ်ပြပါသည်။ သင်ခန်းစာ တစ်ခုကို သမားရိုးကျ ဖတ်ပြ နားထောင် အလွတ်ကျက်ရတာ မဟုတ်။ ကိုယ်တိုင် ပါဝင် ဆင်နွှဲနေရတာမို့ စာသင်နေရတယ် ဆိုတာ မေ့ပြီး ပျော်ရွှင်မှုဖြင့် လိုက်ပါနိုင်ခဲ့ကြပါသည်။ စာသင်ရတာ ပင်ပန်းတယ် မြန်မြန်ပြီးပါတော့ ဟု မခံစားရ။ အချိန်စေ့သွားမှ ဟာခနဲ ဖြစ်ကာ သင်လို့တောင် မဝသေးဘူးဟု တသသ ကျန်ခဲ့ရပါသည်။

တကယ်တော့ ထိုသင်ခန်းစာ Lesson ကို ယခုလို ကိုယ်တိုင် သရုပ်ဆောင် သင်ကြရမည်ဟု ညွှန်ကြားချက် မရှိပါ။ ထိုဆရာမ၏ စိတ်စေတနာအလျောက် သရုပ်ပြ တီထွင် သင်ကြားခဲ့ခြင်းသာ ဖြစ်ပါသည်။ ပြဇာတ်တို့ တစ်ပုဒ်လို ကကြသည်ပဲ ဆိုပါစို့။ မည်သူမှ ချင်ပန်ဇီမျောက်ဝံ လုပ်လိုကြမည် မဟုတ်ပါ။ ဘယ်သူမှ မနေချင်၊ မလုပ်ချင်သော ဇာတ်ရုပ် တစ်နေရာကို ဆရာမက ရွေးခဲ့ပါသည်။ ရွေးပြီးသည့်အလျောက်လည်း

ပီပြင်အောင် မျက်နှာက အစ ချင်ပန်ဇီနှင့် တူအောင် ကြိုးစားပြီး သူ့ပင်ကို ပြေပြစ်နူးညံ့သည့် ရုပ်ကို အပျက်ခံ သရုပ်ပြပေးခဲ့ပါသည်။

●

ကျွန်တော် မူလတန်းတွင် ချစ်ခင်စွဲလမ်းရသည့် ဆရာတစ်ယောက် ရှိခဲ့သည်။ ထိုအချိန်က အပိုလို ၁၁ ဒုံးပျံယာဉ် လကမ္ဘာဆင်းသက်ပြီးစ။ ထိုဆရာက ကျွန်တော်တို့အား သူကိုယ်သူ မိတ်ဆက်ပြီးသည်နှင့် လကမ္ဘာသွားကြမယ်ဟု ကောက်ကာငင်ကာ ခေါ်ပါတော့သည်။ ငယ်စဉ် ကပင် စိတ်ကူးယဉ်ခဲ့ရသော ဖိုးလမင်းထံ သွားကြမည် ဆိုတော့ အားတက်သရောပေါ့။ ဘယ်သူလိုက်မလဲ လူရွေးကြပြီ။ ကျန်းမာရေး ကောင်းရမည်တဲ့။ ကျွန်တော်တို့မှာ ကျန်းမာရေး ကောင်းကြောင်း သက်သေပြလိုက်ရတာ အမော။ ကျောင်းက ဆရာမ ချောချော တစ်ယောက်ကိုလည်း ပါစေချင်ကြောင်း ဆရာက အဆိုပြုတော့ ရယ်လိုက်ကြရသေး။

ဒုံးပျံထွက်တော့မယ်ဆိုမှ ဆရာက နေဦးဟု ဆိုသည်။ ကမ္ဘာ့ဆွဲအားက တွန်းကန်ထွက်ဖို့ အာကာသထဲ ရောက်ဖို့ ကိစ္စ လာပြီပေါ့။ ကမ္ဘာ့ဆွဲအားကို ကျွန်တော်တို့ မသိချင်လို့ မရတော့။ ဆရာ ရှင်းပြသမျှ ကမ္ဘာ့ဆွဲအား အကြောင်း ကျွန်တော်တို့ မျက်လုံးတွေ ဝိုင်း။ နားရွက်တွေ ထောင် အာရုံစိုက်ကြရ၏။ မည်သည့် ဖိအားကြောင့်မျှ မဟုတ် စာမေးပွဲ၏ ခြိမ်းခြောက်မှုမပါ ကျွန်တော်တို့၏ သိချင်စိတ် သက်သက်ကို ဆရာက ဒုံးပျံနှင့် အတူ ဆွဲခေါ်သွားချေပြီ။ အာကာသထဲ ရောက်တော့လည်း ကျွန်တော်တို့မှာ ငြိမ်ငြိမ် မနေရ။ အောက်ဆီဂျင် မရှိ၊ ရှူစရာ လေ မရှိတော့ ဘယ်လို အသက်ရှင်ရမယ် ဆိုတာ ဆရာက သင်ပြပေးပြန်သည်။ အောက်ဆီဂျင်ဘူးကြီးတွေ ယူ မျက်နှာဖုံးစွပ်တွေ၊ ခေါင်းစွပ်တွေနဲ့ တစ်ယောက်ကို တစ်ယောက် မမှတ်မိကြတော့။ လေထဲမှာ ပေါ်လောကြီးတွေ မျောနေကြ ပျော်လိုက်ကြတာ။ စာကို သင်မှန်းမသိ သင်ပေးသွားတာပဲ ပြောပါတော့။

●

ဆရာအောင်သင်း၏ 'ကန့်ကူလက်လှည့်' မှာ မြန်မာစာပေတွင် အလွန် ထင်ရှားပါသည်။ ထိုစာထဲမှာ သူငယ်တန်းသင် ဆရာ ဦးဉာဏ်စိန်၏ ထူးကွက်များကို ကြည့်ပါ။ ပန်းချီသင်ရာမှ သူငယ်တန်းပြ ဖြစ်ခဲ့သော ဆရာက လိပ်ပုံ၊ ယုန်ပုံ ဆွဲပြ၊ တုတ်ကောက်၊ ဦးထုပ်၊ မျက်မှန်တွေ တပ်ပြ (ထိုဇာတ်ကောင် တွေက ထိုခေတ် ကလေးတွေ ရင်းနှီးပြီးသား ကာတွန်းဇာတ်ကောင်တွေ) ဘယ့်နှယ် စာမသင်ဘဲ ပုံတွေ ဆွဲပြ ပေါ်ဝါး လုပ်နေကြ သလဲ မေးစရာ ရှိသည်။ ဒါကို ဆရာ ဦးဉာဏ်စိန်က ဖြေထားသည်။ 'စာသင်တာ ဘယ်အချိန် သင်သင် ရတဲ့ ကိစ္စပါ' တဲ့။

သူငယ်တန်း ဆရာတစ်ယောက်ရဲ့ ဒုက္ခများကို ဆရာအောင်သင်းက အခုလို ပြောပြခဲ့သည်။ အငိုသန်သော ကလေး တစ်ယောက် ရှိနေရင် တစ်ခန်းလုံး စာမသင်နိုင်။



အဲဒါကို ထိန်းကျောင်း ကိုင်တွယ်ဖို့ နည်းက တက္ကသိုလ် နည်းပြ ဆရာအောင်သင်း ကိုယ်တိုင်က အခက်ဆုံး။ အကြောက်ဆုံးတဲ့။ ဒါပေမဲ့ ကန့်ကူလက်လှည့်ဆရာ ဦးဉာဏ်စိန် ကတော့ ပေါ့ပေါ့ပါးပါးပါပဲ။ အငိုမတိတ်နိုင်တဲ့ ကလေးကို အငိုတွေ ကုန်သွားအောင် ဆိုပြီး သူငယ်ချင်းတွေ အားလုံးက ဝိုင်းငိုပေးကြ။ ဟိုကလေးက တိတ်သွားတော့ ပြမြင် ဇာတ်ကောင်တွေထဲ ဈာန်ပြန်ဝင်။ သတိရလို့ ထငိုတော့ အားလုံးက ဝိုင်းကူ ငိုပေးလိုက်ကြ ပြီးတော့ ဆီးသီးရောင်းတမ်း ကစားမတဲ့။ သင်ပုန်းပေါ်မှာ ဆီးသီးလုံး ဝိုင်းဝိုင်း ဆွဲပြ အညှာထည့်။ စားကြမလား မေး။ စားမယ့်သူ လက်ထဲကို ဆွဲယူထည့်ပေးဟန်ပြ ပါးစပ်ဟ အစားခိုင်း။ ချိုသလား မေး။ ချိုတယ် ဆိုတော့ နောက်တစ်ယောက် ထပ်ကျွေး ဘယ်နှယ့် စာသင်တာလား။ ဆော့နေတာလား မမေးပါနှင့်။ ဆက်ကြည့်ရအောင်ပါ ပြီးတော့မှ ဆီးသီး ရှည်ရှည် ပုံတွေ ဆွဲပြ ဒါတွေက မချိုဘူးကွ။ ချဉ်တယ်။ မယုံရင် စားကြည့်။ တပည့်တွေ ကလည်း ချဉ်တယ်လို့ အော်ကြ။ မှတ်ထားကြ ကွ။ ဝိုင်းဝိုင်းဆို ချိုတယ်။ ရှည်ရှည်ကြီးဆို မချိုဘူး။ ကဲ ဆီးသီးရောင်းကြမယ် ဆိုပြီး ဝလုံးလေးတွေကို သာတာပါတေး ရေးခိုင်း ပါတော့သည်။ ကလေးတွေကလည်း သူတို့ ဆီးသီး ချိုချင်ကြတော့ ဝိုင်းအောင် ရေးကြပြီ ပေါ့။ ဝလုံးရေး သင်ကြမယ်ဆိုရင် ဒီလို ပျော်စရာ ဖြစ်မှာ မဟုတ်ဟု ကျွန်တော် ဖတ်ရင်း နားလည်မိပါသည်။

နောက်တော့ ကလေးတွေကို သူငယ်ချင်း အသစ်တွေနဲ့ တွေ့ပေးသည့်ဟန်ဖြင့် ကကြီး၊ ခကွေး အက္ခရာများ ရေးပြကာ 'မင်းတို့မှာ နာမည်ရှိသလို၊ သူတို့မှာလည်း နာမည်ရှိတယ်၊ သူ့နာမည်က ကကြီး၊ သူ့နာမည်က ခကွေး' မှတ်ထားကြဟု မိတ်ဆက်ပေးပါသည်။ ကလေးတွေကလည်း စာသင်ရတာ ပင်ပန်း လိုက်တာဟု မမြင်။ သူငယ်ချင်းအသစ် ရလို့ ပျော်နေကြမည် ထင်ပါသည်။

●

ဒီကနေ့ ပညာရေး အသစ်ကို လိုချင်ကြသည်။ အစပျိုးနေကြပြီ။ သူငယ်တန်း ဆိုသည့် ပျိုးပင်များကို စောင့်ကြပ်မည့် ပျိုးခင်းရှင်တို့ အတွက် သင်တန်းသစ်တွေကိုလည်း တွေ့နေရပြီ။ အသစ် ဆိုမှတော့ အဟောင်းနှင့် မှုကွဲရတော့မည်။ အဓိက ကတော့ အတွေး အခေါ်။

အရင်လို ကလေးတွေကို ဇွတ်သည် လာရင် ထုတ်ကြွားဖို့၊ စာမေးပွဲအမှတ် ကောင်းရုံမျှ မဟုတ်တော့။ ကျောင်းမှာ ပျော်ဖို့ အဓိက ဖြစ်လာပြီ။ 'ပျော်' ဆိုသည်မှာ 'ပျော်ရွှင်ခြင်း' သာ မဟုတ် 'ပျော်ဝင်ခြင်း' ပါ ပါသည်။ စာသင်ရာတွင် ပျော်ရွှင်ခြင်းသာမက သင်ခန်းစာနှင့် အကြောင်းအရာတွင် စိမ့်ဝင် ပျော်ဝင်ခြင်းကို ဆိုလိုသည်။ စာမေးပွဲ ဆိုသည့် ဖိအား၊ တင်းကျပ်သည့် ကျောင်းခန်းအတွင်း၌ သင်ကြားရမှုတွေကြောင့် ကျွန်တော်တို့ဆီတွင် ကျောင်းပိတ်တယ် ဒီနေ့ ကျောင်းမတက်ရဘူး ဆိုလျှင် ဟေးခနဲ ပျော်သည့် ကလေးများစွာ

ရှိသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများတွင်တော့ နေမကောင်း၍ ကျောင်းမတက်နဲ့ ဆိုလျှင်ပင် ‘နေကောင်းတယ်၊ ကျောင်းတက်မယ်’ ဟု ချက်ချင်း တုံ့ပြန်ကြသည်သာ။ ဒီနေ့ ရှေ့ပင်းထွက်တာ လိုက်မလား။ ကျောင်းပျက်မလား ဆိုလျှင် ကျောင်းပျက်မခံကြ။ ကျောင်းတွင် သူတို့ တက်ကြွကြသည်။ ကျောင်းတွင်း လှုပ်ရှားမှုများက ရွှင်မြူးစရာတွေ ပေးနေသည်ကိုး။ ထိုနိုင်ငံများတွင် စာမေးပွဲ ဆိုတာထက် Year-2 ခေါ် သူငယ်တန်းကြီးအထိ စာကိုဖိအားပေးသင်စေခြင်း မဟုတ်။ ပြတိုက်များသို့ ခေါ်သွားခြင်း။ ပြတိုက်များထဲတွင်လည်း စက္ကူ ရောင်စုံခဲတံများ စိတ်ကြိုက် ချပေးထားပြီး ကြိုက်တာကို ကူးဆွဲချင်ဆွဲ၊ အလွတ်ဆွဲချင် ဆွဲဟု အားပေးခြင်း။ သိပ္ပံနှင့် သဘာဝ ဝန်းကျင် လေ့လာရေးကို ပျော်ရွှင်ဖွယ် ဖန်တီးပေးထား ခြင်းတို့ ရှိသည်။

အလွတ်ကျက်တာ တစ်ခုတည်းကို တစ်လမ်းသွားစနစ်ဖြင့် မောင်းနှင်နေသည့် ပညာရေးမျိုး မဟုတ်။ ကျွန်တော်တို့ နိုင်ငံတွင် ပညာရေးစနစ်သစ်အတွက် သူငယ်တန်းမှ စပြောင်းရန် အားထုတ်ကြပြီ။ သင်ထောက်ကူ အသစ်များ။ လေ့ကျင့်ပုံအသစ်များ တွေ့နေရပြီ။ အချို့ဗီဒီယိုဖိုင်များတွင် ရိုးရာ ကစားနည်းများကို ပြန်လည် ဖော်ထုတ်ခြင်း။ သီချင်း ကဗျာများကို ဆရာ၊ ဆရာမများကိုယ်တိုင် သရုပ်ဆောင် လေ့ကျင့်နေကြပုံများ မြင်ကြရပြီ။ အားပေး ထောက်ခံသူများ ရှိသလို၊ စိုးရိမ် ကြောင့်ကြ ဝေဖန်သံများလည်း ကြားရပါသည်။ ဆရာ၊ ဆရာမတွေ ဆိုတာ တည်တည် ကြည်ကြည်နဲ့ ရှိရမှာ၊ ကလေးတွေက မကြောက်တော့ရင် ဘယ်နယ့်လုပ် စာသင်မလဲ ဆိုတာတွေလည်း ကြားရသည်။

ဆရာအောင်သင်း ရေးပြသည့် ကန့်ကူ လက်လှည့်ကို ပြန်ဖတ်ကြစေချင်ပါသည်။ ဆရာ၊ ဆရာမကို ကြောက်မှ စာတတ်မည် ဟုတော့ တထစ်ချ မမှတ်စေလိုပါ။ စာကို သင်ကြားခြင်းအပြင် စိတ်ကို သင်ကြားခြင်းလည်း အရေးကြီးသည်ဟု ဆိုထားပါသည်။ ဆီးသီးရောင်းတမ်း ကစားရင်း ဝလုံးလေးတွေ ရေးတတ်သွားရင်လည်း လိုရင်းရောက်ပါသည်။ ဆရာအား တပည့်များက ချစ်ခင်သည်ဆိုလျှင် သင်ကြားမှုအတွက် အကောင်းဆုံး လိုအပ်ချက်ကို ရပြီဟု ယုံကြည်ပါသည်။ ဆရာ၊ ဆရာမများက ကလေးတို့ အသည်းစွဲကဗျာ၊ ကာတွန်း။ ပုံပြင်တွေထဲက ဇာတ်ကောင်များအဖြစ် သရုပ်ဆောင်ပေးခြင်းသည် ကလေးတွေနှင့် တစ်သားတည်းဖြစ်ခြင်း ဖြစ်သည်ဟု နားလည်ပါသည်။

ကလေးများ နေရာက စဉ်းစားပြီး ပူးဝင် သင်ကြားပေးခြင်းမို့ သင်ပုန်းကြီးကို ကြိမ်လုံးဖြင့် တဖြန်းဖြန်း ရိုက်ကာ အလွတ်ကျက်စေသော စနစ်မျိုးနှင့်တော့ မတူနိုင်ပါ။ မူကြိုကျောင်း အချို့တွင် ကန့်ကွက်သံများ ကြားရသည်။ သူများ ကျောင်းမှာ ကလေးတွေကဖြင့် တစ်နေ့ကို လက်ရေးလှ ဘယ်နှမျက်နှာ ရေးရတယ်၊ အိမ်စာတွေ ဘယ်လောက် ပေးလိုက်တယ်၊ ဂဏန်း သင်္ချာတွေ ဘယ်လောက် တွက်နေပြီ



ဒီကျောင်းကဖြင့် ဆော့သလို၊ ကစားသလို၊ တရုန်းရုန်းနဲ့ အချိန်ကုန်နေတာပဲ။ ပုံတွေဆွဲလိုဆွဲ၊ ပုံတွေ ပြောလို ပြော...တယ်မစွံပါဘူး ဟူ၍။

တကယ်တော့ မျိုးစေ့မှ ပေါက်ခါစ အညွန့်အညှောက်လေးများနှင့် တူလှသော နုနယ်လှသော ပျိုးပင်များအား ရှင်သန်အောင် ကိုင်တွယ်ရသူတို့၏ တာဝန်ကြီးမှာ ကျယ်ပြန့် လှပါသည်။ ပျိုးပင်များက ဥယျာဉ်မှူးကို ကြောက်ရန်ထက် ဥယျာဉ်မှူး၏ စိတ်စေတနာနှင့် ပြုစုမှုကို ချစ်ခင် တန်ဖိုးထားရန်သာ လိုပါသည်။ သူတော်သူ တွေ့ရှိချက်များတွင် မိမိ အကျီကြယ်သီးပေါက်ကို ဖြောင့်အောင် တပ်နိုင်မှ ခဲတံ ကိုင်ရမည်ဟု အဆိုရှိပါသည်။


ကလေးတို့ လက်ချောင်းတွေ<br>
လေချိုသွဲ့ပြောင်းမှာ<br>
ဖယောင်းပန်းလေးတွေလို ကကြရမယ့်အစား<br>
လက်ရေးလှ သတ်ပုံ<br>
နေကုန်အောင်ရေးရင်း<br>
အံမသေ သွားကြစေချင်...။

ကန့်ကူလက်လှည့်ဆရာ ဦးဉာဏ်စိန်၊ လကမ္ဘာကို ဒုံးပျံနဲ့ ခေါ်သွားတဲ့ မူလတန်း သိပ္ပံပြဆရာ၊ ချင်ပန်ဇီမျောက်ဝံအဖြစ် ရုပ်ပျက်ခံ သရုပ်ပြသင်ပေးခဲ့သည့် အထက်တန်းပြဆရာမ၊ သူတို့တွေအပေါ် တပည့်တွေက အရိုအသေ တန်ခဲ့ကြပါသလား။

...ဝေးစွ။

တပည့် အပေါင်းက သူတို့နှင့် တစ်သားတည်း ရှိခဲ့ခြင်းအပေါ်၊ ကလေးလိုတွေး ကလေးလို ခံစားပေးပြီး လျှောက်နိုင်သမျှ တွဲခေါ်ခဲ့ခြင်းအပေါ် အမြဲ သတိရ ကျေးဇူးတင်ကြမည် ဖြစ်ပါသည်။ တန်ဖိုးအထားရဆုံး မြတ်ဆရာများ စာရင်းကို ပြုစုကြပါဆိုလျှင် ဤဆရာ၊ ဆရာမများ၏ အမည်များကို ရှေ့ဆုံးမှာ စရေးမိကြမှာ သေချာပါသည်။

■ **ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၀၄**



❛ သမီးဟာ
အရွယ်ငယ်ချင် ငယ်ပါလိမ့်မယ်တဲ့။
ဒါပေမဲ့
ကြီးမြတ်တဲ့ အရာကိုတော့ လိုချင်ပါတယ်။
ဒါကြောင့် "ကူညီပါရစေ" တဲ့ . . . ❜

## သမီးလည်း ကူညီပါရစေ

တစ်ခုသော ဆေးရုံရဲ့ အရေးပေါ် ဌာနမှာ ဖြစ်ပါတယ်။ ထိခိုက်ဒဏ်ရာရတဲ့ ကလေးတွေ သာကုနေတဲ့ အထဲ ၁၆ နှစ်သား တစ်ယောက်ရဲ့ မိခင်နဲ့ အစ်မများက အသည်းလှုပ်ဆုံးပါ။ ကမ္ဘာပျက်သလို ဆောက်တည်ရာမရ ဖြစ်နေပုံကြောင့် သူတို့သားထက် ငယ်သူ ဆယ်နှစ် တ်လည်း ကလေးတွေရဲ့ မိဘများက ဖျောင်းဖျနေကြပါတယ်။

ဆယ်နှစ်သမီး ခြေထောက်ကျိုးတာ လာပြတဲ့ ဖခင်က တည်ငြိမ်စွာ နှစ်သိမ့်ပါတယ်။ ကလေးတိုင်းဟာ ဆော့ကစားရင်း ဒီလိုပဲ ကြုံရစမြဲပါတဲ့။ ပြန်ကုစားလို့ရတဲ့ အနေအထားမျိုး ဘုန်လှုပ်နေရင် ကာယကံရှင် ကလေးကိုယ်တိုင် ချောက်ချားသွားမှာ မလိုလားပါဘူးတဲ့။ သူ့သမီးဟာဆိုရင် ဆယ်နှစ်ပြည့် မွေးနေ့ လက်ဆောင် ခွေးကလေး ဝယ်ပေးတာ အိမ်ရောက်တဲ့နေ့မှာပဲ ပြိုင်တူပြေးဆော့ကြရင်း အခန့်မသင့်လို့ ခုလို ခြေကျိုးတာပါ။ အယူအစွဲကြီးသူတွေကတော့ ဒီခွေးကိုက အကျိုးပေး မကောင်းဘူး၊ နိမိတ် မကောင်းဘူး ပြန်စွန့်လိုက်ဆိုတဲ့အထိ ဖိအားပေးကြပါတယ်။

မိဘများက လက်မခံပါ။ သမီးကို ဘာမှ မစိုးရိမ်ဖို့ အားပေးပြီး ဆေးရုံ ခေါ်လာတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။ ခွေးကိုလည်း မငြိုငြင်ဖို့ သမီးကို ရှင်းပြပါတယ်တဲ့။

၁၆ နှစ်သား လက်ကျိုးသူရဲ့ မိခင်ကတော့ ဘယ်လိုမှ လက်မခံပါ။ ကျွန်မသားက ဒီနှစ် ၁၀ တန်းရှင်း။ အရေးကြီးတယ်။ ဒီဘောလုံးကို မကန်ပါနဲ့ ဆိုထားတာ တားထားရဲ့သားနဲ့ဆိုပြီး ငေါက်ငမ်းမဆုံးသလို ပြောလွှား ကစားခုန်စား ဘာမှ မလုပ်ဖို့ မောင်းမဲ နေပါတော့တယ်။ သားဖြစ်သူမှာလည်း ဘယ်တော့မှ မြင်မရတဲ့ အပြစ်ကြီး ကျူးလွန်မိသူလို နေစရာ မရှိ တုန်လှုပ် နေပါတော့တယ်။

ခြေကျိုးသူ ၁၀ နှစ် သမီးရဲ့ ဖခင်ကတော့ ကလေးတွေကို ထိခိုက်မှာစိုးလို့ မကစားရဘူး ဆိုတာတော့ နည်းလမ်း မကျကြောင်း၊ အန္တရာယ် ကင်းအောင်သာ ဂရုစိုက်ဖို့ တိုက်တွန်းသင့်ကြောင်း ဆွေးနွေးဖို့ ကြိုးစားပါ သေးတယ်။

၁၆ နှစ်သားရဲ့ မိခင်က ဘယ်လိုမှ လက်မခံပါ။ ကျွန်မတို့က သားသမီးကို ရွှေလို ဥထားတာ၊ ပိုးမွေးသလို မွေးထားတာရှင့်၊ ပေါက်လွှတ်ပဲစားတွေလို... စသဖြင့် စကားတွေ ထိခိုက်တော့မယ့်အထိ အငြင်းပွားကုန်ကြတော့ တာပါပဲ။

ခြေကျိုးသူ သမီးရှင် ဖခင်က ဆေးကုသ ပေးတဲ့ ဆရာဝန်တွေရဲ့ 'မပူပါနဲ့ ဒီလိုပါပဲ' ဆိုတဲ့ စကားကို လက်ခံပါတယ်။ ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒါ ပထမဆုံးအကြိမ် ဖြစ်ပေမယ့် နောက်ဆုံးအကြိမ်ပဲလို့ မထင်ဝံ့ပါဘူး။ အန္တရာယ် ကင်းအောင်တော့ စွမ်းသမျှ ဂရုစိုက်မှာပါ။ ဒီအရွယ်က မျောက်အရွယ်ဆိုတော့ သူတို့ရဲ့ ဆော့ကစားခွင့်ကို မပိတ်ပင်ပါဘူး။ နံဘေးက ထိန်းကျောင်းနိုင်သရွေ့ ထိန်းကျောင်း၊ ကိုယ် မအားတဲ့ အချိန်တွေ အတွက်လည်း စနစ်တကျ မှာကြားထားဖို့ ရည်ရွယ်ပြီးသားပါတဲ့။

●

ကျွန်တော်တို့ နိုင်ငံမှာ စကိတ် အားကစား နည်းဟာ အရင်ထက် တွင်ကျယ်လာတာ သတိပြုမိပါတယ်။ အခပေး ကစားကွင်းတွေ လည်း ပေါ်လာသလို လမ်းပေါ် အရပ်ထဲလည်း ခြေချင်းလိမ်နေတာ မြင်နေရတာပါပဲ။ အမေအို တစ်ယောက်ကတော့ မုင်စာတွေ ခြေရှုပ်တာ ကျနေတာပဲလို့ မြည်တွန်ရတဲ့ အထိပါပဲ။

နိုင်ငံတကာက ပျံ့နှံ့လာတဲ့ ဒီကစားနည်းကို ကျွန်တော်တို့ဆီက အတုယူ အားကျတာတော့ အငြင်းပွားစရာ မရှိပါ။ ဒါပေမဲ့ သူတို့ဆီမှာက အန္တရာယ် လုံခြုံအောင် ဂရုစိုက်တဲ့ ဓလေ့ကို မွေးကတည်းက ကျင့်ပေးထားပါတယ်။ ကိုယ့် ခြံဝင်းထဲ စကူတာ (Skuter/Scooter) စီးတာတောင် ခေါင်းဆောင်း (Helmet) ဆောင်းပါတယ်။ စကူတာနဲ့ အတူခေါင်းဆောင်း (Helmet) က တစ်ပါတည်း တွဲလျက် ကိုင်ပြီးသားပါ။ ကားပေါ် ဘက်ထိုင်တာနဲ့ ခါးပတ်ကို လက်က အလိုအလျောက် ရောက်ပြီးသား၊ ဆွဲယူ တပ်ပြီးသား အလေ့ကောင်း ရနေသလိုပေါ့။

●

နောက်တစ်နေ့မှာတော့ တစ်ခုသော ဆေး၏ အရေးပေါ် ဌာနကို ကိတ်မုန့်တစ်လုံး ရောက်လာပါတယ်။ ကြည့်လိုက်ကတည်းက မုန့်တိုက်က မဟုတ်ဘူး။ အိမ်လက်ရာ ဆိုတာ သိလွယ်တဲ့ ပုံပန်းမကျ ကိတ်တစ်လုံးပါ။

မုန့်ဖုတ်သူကလည်း ၁၁ နှစ် သမီးတဲ့။ ဒီလောက်တော့ ရှိမှာပေါ့ ဆိုပြီး စားမယ် ပြင်တော့ စာတစ်စောင်လည်း တွဲလျက်ပါတာ တွေ့ကြပါတယ်။



ကလေးရဲ့ စာမှာ ရေးထားတာက ဒီဆေး၏ ဝန်ထမ်းတွေရဲ့ လုပ်အားနဲ့ ဘာမိန်ကို အသိ အမှတ်ပြုထားတာပါ။

ဒီလူတွေ မရှိရင် သူမတို့မြို့လေးကတော့ စိုးရိမ်စရာပဲလို့ အစချီပြီး ပင်ပန်းကြသော ပြန်ကောက်ရကြရဲ့လားလို့ တွေးမိပါတယ်တဲ့။

ဒါနဲ့ ကိတ်မုန့်ဖုတ်ပြီး အားပေးလိုက်တယ် ဆိုပဲ။ သူ ငွေကြေး မတတ်နိုင်ပေမယ့် နေ့လယ် လက်ဖက်ရည်ပွဲအတွက်တော့ ဝင်ကူနိုင်တယ်လို့ သူ့ဘာသာ သိလိုက်တယ်တဲ့။

ဒီအထိ မဆန်းလှသေးပေမယ့် ဒုတိယ အပိုဒ်ကတော့ ကျွန်တော့်ကို အငိုက်မိသွားစေ ပါတယ်။

ကိတ်မုန့်မှာ ပါဝင်တဲ့ ပစ္စည်းတွေကို တစ်ခုချင်း ရေးပြထားတာပါ။ တချို့ မတတ် မတည့်မှု ဖြစ်မှာစိုးလို့ ဖတ်ကြည့်ပြီးမှ စားကြပါတဲ့။ (ဒီ အပိုဒ်ကို ဖတ်ပြီး ဒီကလေးရဲ့ အသေးစိတ် စဉ်းစားတတ်ပုံကို မအံ့ဩဘဲ မနေဝံ့ပါဘူး) ကိတ်မုန့်လေးတစ်လုံး ဖုတ်တာ တောင် ဖြစ်လာမယ့် အကျိုးဆက်တွေ တွက်တတ်တာ၊ တာဝန်ခံ တာဝန်ယူမှုကို နားလည်နေတာပါလားလို့ ကျွန်တော် ရေရွတ်မိ ပါတယ်။ သူ့ပတ်ဝန်းကျင်၊ သူ သင်ခဲ့တဲ့ ပညာရေးက သူ့ကို လေ့ကျင့်ပေးခဲ့တာပဲလို့ ကျွန်တော် နားလည်လိုက်ပါတယ်။


ဆက်ရေးထားတာတွေကတော့ သူ့ အိမ်မှာပဲ ကိုယ်တိုင် ဖုတ်တယ် ဆိုတာရယ်၊ သူ့နာမည်ရယ်၊ အသက် ၁၁ နှစ်ရယ် ဆိုတာရယ်၊ လူတွေကို ကူညီချင်လို့ သူ့ကို ဖုန်းဆက် အကူအညီ တောင်းပါတဲ့။ (နံပါတ်လည်း ရေးပေးထားပါတယ်)

နှစ်ခါ မခေါ်စေရပါဘူးတဲ့ဗျာ။ မှတ်ချက်တောင် ရေးပေးလိုက်သေး။

သူ့ရဲ့ စာ အဆုံးသတ်ပုံကိုလည်း ကြည့်ပါဦး။ သမီးဟာ အရွယ်ငယ်ချင် ငယ်ပါလိမ့်မယ်တဲ့။ ဒါပေမဲ့ ကြီးမြတ်တဲ့ အရာကိုတော့ လိုချင်ပါတယ်။ ဒါကြောင့် 'ကူညီပါရစေ' တဲ့။

ကျွန်တော့်မှတ်ချက် မလိုအပ်တော့ဘူး ထင်ပါတယ်။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၁၅



ဒီမှာ ညှို့အားပြင်း အလှများနှင့်
တောစိမ်းတောင်ယာ ဒေါနတောင်တန်းက
နတ်ပန်းချီလို ဆွဲချလိုက်သမျှ
ရစ်ခွေစီးပြတဲ့ သံလွင်ရဲ့ အကွေ့အဝိုက်
ရေစီးထဲ ကြားလိုက် ရတဲ့ ဂီတ။
ဒီနယ်တစ်ကြောဟာဖြင့်
ဟိုနေရာက ဟိုအဖွဲ့အစည်းပိုင်၊
ဒီနယ်က ဒီအဖွဲ့အစည်းပိုင် အပိုင်စားများနှင့်
သူတို့၏ နယ်ခြားဂိတ်များ . . .

## ဝါးတားဂိတ်များကို ဖြတ်ကျော်ခြင်း

ဒေါနတောင်တန်း ဆိုသည်နှင့် နားထဲ သေနတ်သံကြားလာ၊ မျက်စိထဲ ယမ်းငွေ့တွေ မြင်လာစမြဲ တကယ်လည်း မဝေးခဲ့သည့် အတိတ်မှာ အစိတ်စိတ် အမြွှာမြွှာ ကျကွဲခဲ့သော ကြွထည်တစ်ချပ်လို ထိုဒေသ။

တစ်ခါကဆို ဒီလမ်း (မြဝတီလမ်း)ဆိုတာက မျက်နှာချင်းဆိုင် သွားမရ၊ အဆင်း တစ်ရက် အတက် တစ်နေ့သာ။ နယ်စပ် ကုန်သွယ်ရေး၏ အချက်အချာ လမ်းဆိုသည့်တိုင် စစ်ရေးအရလည်း မဟာဗျူဟာကျ ဆိုပြန်တော့ ဤလမ်းခမျှာ ငြိမ်းချမ်းစွာ ဖြောင့်တန်းရ ကောင်းမလား။ ကောက်ကွေ့ အန္တရာယ်များ ရကောင်းမလား။ အတော် ဇဝေဇဝါ နိုင်စရာ ကောင်းလှပါသည်။

KNU ၏ တပ်မဟာများ စိုးမိုးရာ ရှိသလို တချို့ နေရာတွေမှာက BGF ခေါ် နယ်ခြား စောင့်တပ်ဖွဲ့ ဟိုတောင်ကြော ကြည့်ပြန်တော့ DKBA၊ ပြီးတော့ အစိုးရတပ် စိုးမိုးနေတဲ့ နယ်မြေ။ ဒီမြေတစ်ကြော ပေါလိုက်ပါတဲ့ နတ်ရုပ်တွေ၊ နတ်ရုပ်မြင်သမျှ ခိုးလိုက်ရတဲ့ လက်အုပ်တွေဟု တစ်ခါက ကျွန်တော် စာစပ် ဆိုဖူးသည်။

အဆင်းတစ်ရက် အတက်တစ်နေ့ ကာလများက ဒီမိုကရေစီ အရေးတော်ပုံ ကက်သား တစ်ယောက်မှာ အဖမ်းမခံ အလွတ် ပြေးရန် အတက်နေ့ကို စောင့်ချိန်မရ၍ အဆင်းနေ့မှာပင် ဆိုင်ကယ်ဖြင့် ဇွတ်ဆန်တက် ခဲ့ရသည့် ဇာတ်ဝင်ခန်းကို ပြခဲ့ရပါသည်။ ဒီအချိန်က လမ်းကလည်းကြမ်း။ ရွှံ့တွေထဲ ရုန်းရင်း အတက်ကားတွေ၏ ကြိမ်းမောင်းသံ ကိုလည်း နားထောင်၊ ခေါင်းချင်းဆိုင်တိုက်မည့် အရေးကိုလည်း ရှောင်ရင်း လွတ်ရာ

ပြေးခဲ့ ရကြောင်း။ တကယ်လည်း လက်နက်ကိုင် တော်လှန်ရေး၊ လက်နက်မဲ့ ခုခံရေး သင်တန်းများပေးရာ အသွားအပြန် လမ်းကြောင်းလည်း ဖြစ်ခဲ့သေးသည်ကိုး။

လမ်းတစ်လျှောက် လုံခြုံရေးဂိတ်တွေကလည်း ဟောတစ်ဂိတ် ဟောတစ်ဂိတ်။

တစ်ခါသားမှာဖြင့် ထိုင်းဘက်သွား၍ လုပ်ရှားရန် ရုပ်ဖျက်ထွက်ခဲ့သူ တစ်ယောက် တစ်ခုသော အချိုးအကွေ့ကို ညွှန်ပြရင်း ဇာတ်ကြောင်းပြန်သည်။ 'အဲဒီနားမှာပေါ့ဗျာ ကျွန်တော်က ဆံပင်အတုတပ်၊ မျက်မှန်တပ်ပြီး ရုပ်ဖျက်လာပါတယ်၊ စစ်ဆေးရေးဂိတ် ဖြတ်တော့ ပြီးခါနီးမှ တစ်ယောက်က 'အစ်ကို...အစ်ကို မျက်မှန်ကြီးက မှန်ပြုတ်နေတယ်' လို့ လက်ညှိုးထိုးပြလိုက်တာ လူကို ဇောချွေးတွေ ပြန်သွားတာပဲ'

•

မြဝတီကိုရောက်တာ ဒီနှစ်ထဲ သုံးခေါက်ရှိပြီ။ ရောက်တိုင်းလည်း ကျွန်တော့်အတွက် သဘာဝ တရား၏ ရက်ရောသော အလှူကို ယူတတ်သမျှ ယူချင်စိတ် ဖြစ်ရမြဲ။ ဒီနယ်တစ်ကြောမှာက ကျောက်ကလပ်တောင်တွေ ပေါသလို၊ စိမ်းစိုသော အလှကို ထိန်းထားနိုင်သေးသည်။ ဘားအံဆိုလျှင် မြစ်ကမ်းနားတစ်လျှောက် မြင်ကွင်းက ရှုမဆုံး မျှော်မဆုံး။ ရေပြင်နှင့် တောင်တန်းတွေ မြူခင်းတွေက ပုလဲတစ်ကန့် ရွှေတစ်ကန့် ခင်းထားသလို။ ဒါပေမဲ့ ဒီအလှတွေ ကြားကပင် စိတ်ကို စနိုးစနောင့် ဖြစ်စရာတွေ ကြုံရပါလိမ့်မည်။ မနိုင်ဝန်ထမ်းလာသော ကုန်ကားကြီးများကြောင့် လမ်းအပြည့် ပိတ်နေပြီး ကျော်မရ တက်မရ ခရီးမတွင်ရသည့် သောက၊ ဝန်ပိုကားများကြောင့် လမ်းပျက်သည် ဟု သတိပေးထားသည့်ကြားက ခါးကျိုးမတတ် သယ်လာသည့် ကုန်ကားများကို မျက်မြင်နှင့်ပင် မသက်မသာ မြင်နေရသည်။

တောင်နံရံတွေကို ကိတ်မုန့်လို လှီးဖဲ့ပြီး အသစ်ဖောက်ထားသည့် လမ်းတစ်လျှောက် မြေထိန်းနံရံ လမ်းသားတွေကို ကြည့်ပြီး အားရမဆုံး ရှိသူတွေအတွက် ဒေသခံတစ်ဦးက ဒါ ထိုင်းလက်ရာပဲ ရှိသေးတာ၊ ဂျပန်က လျှော်တဲ့ လမ်းတွေ စိတ်မထင်လို့ မသက်ာရင် လမ်းကို မြေလှန်ပြီး ပြန်စစ်တာဟု သတင်းပေးသည်။

ယခင် တစ်ခေတ်လုံး ဒီလမ်းတစ်လျှောက် စိတ် အနှောင့်အယှက် အဖြစ်ရဆုံးက ဝါးတားဂိတ်တွေပင်။ ဝါးတားဂိတ်တွေဆိုလို့ အမေရိကန် နိုင်ငံရေး သမိုင်းမှာ ဟိုးလေး တကျော်ဖြစ်ခဲ့ပြီး သမ္မတနစ်ဆင် နုတ်ထွက် ခဲ့ရသည့် ဝါးတားဂိတ် အရေးအခင်းမျိုးတော့



မဟုတ်ပါ။ ဝါးလုံးတစ်ချောင်းဖြင့်တားကာ လမ်းကြေး ပိုက်ဆံတောင်းသည့် ဂိတ်ကို ဆိုလို ပါသည်။

မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဝါးလုံး တစ်ချောင်း အသုံးချ ကြီးပွားနည်းဟု ဘက်ကျမ်းတစ်စောင် ရေးရမည်လို ဝါးတားဂိတ် ဓလေ့မှာ ကျယ်ပြန့်ခဲ့ပါသည်။ ၁၂ လက်မ တစ်ပေ၊ ၃ ပေ တစ်ကိုက် အစား ၃ ပေ တစ်ဂိတ်ဟု သရော်ရသည်အထိ ဝါးတားဂိတ်တွေ စိပ်ခဲ့သည်။ ယခုကော ရှိသေးလား ဆိုတော့ ဝါးတားဂိတ်တော့ မရှိတော့ဘူး။ တခြား တားဂိတ်တော့ ရှိသေးတယ်ဟု မချိုမချဉ် ဖြေရုံသာ။

•

မယ်တော်ဆေးခန်းဆိုလျှင် ထိုင်းနိုင်ငံ မဲဆောက်မြို့က ဆိုတာ လူသိများပြီးသား။ စစ အရေးတော်ပုံနှင့်အတူ ပေါ်လာသော ဆေးခန်း (ဆေးခန်းသာခေါ်ရသည်၊ ဆေးရုံကြီး တစ်ခုလောက်နီးနီး) ဆေးဝန်ထမ်းအင်အား ခုနစ်ရာဖြင့် လည်ပတ်နေရသည်။ လွန်ခဲ့ သည့် ၂၈ နှစ်က လယ်မြေတွေပေါ် ရွှံ့ထဲ နွံတောထဲ ဝါးတဲ၊ သစ်အိမ်လေးများဖြင့် စခဲ့သည်။ တောခို ကျောင်းသား အများစုအတွက် ကျန်းမာရေး အားထားရာ ရွှေ့ပြောင်းလုပ်သား အများစု အတွက် ဆေးကုသ စောင့်ရှောက်မှု ခံယူရာ ဖြစ်လာခဲ့သည်။

ဆရာမ ဒေါက်တာ စင်သီယာမောင်ကို ကမ္ဘာကသိစေ၊ လေးစားစေသည့် အချက်မှာ ခြေဖဝါး လက်ဖဝါးသာ ရှိသည့် ဘဝက စခဲ့ပြီး ယခု သိန်းချီနေသည့် ရွှေ့ပြောင်းလုပ်သားများ ကျန်းမာရေးအတွက် အားပြုရာ ဆေးရုံဆေးခန်း တည်ထောင် စောင့်ရှောက်သူ ဆိုသော အချက်ပင်။ ရွှေ့ပြောင်းလုပ်သားများ သာမက ရန်ကုန်လို မြို့ကြီး အပါအဝင် ပြည်တွင်းမှ သူနာများလည်း အားကိုးတကြီး လာနေကြသည်။ ဘယ်လောက် ရှိသလဲဆိုတော့ ဆေးရုံလူနာ၏ ၅၀ ရာခိုင်နှုန်းမှာ ပြည်တွင်းကတဲ့။ ထမင်းသုံးနပ်တောင် အလကား ကျွေးနိုင်တဲ့ စေတနာနှင့် အင်အားကလည်း မယ်တော်ဆေးခန်းအပေါ် အားကိုးလိုစိတ်တွေ ဖြစ်လာစေပါသည်။

မဲဆောက်မြို့မှာရှိတဲ့ မြန်မာနိုင်ငံသား တည်းခိုခန်းပိုင်ရှင် တစ်ဦးက အခုလို ပြောပြ သည်။ 'ကျွန်တော့် တည်းခိုခန်းမှာ လာတည်းသမျှ ခရီးသည် အားလုံးနီးပါးဟာ မယ်တော် ဆေးခန်းနဲ့ ပတ်သက်တဲ့ သူတွေချည်းပဲ၊ တာဝန် လာထမ်းဆောင်ကြတဲ့ နိုင်ငံတကာက ဆရာဝန်တွေ ပြီးတော့ လေ့လာသူတွေ၊ သုတေသန လာလုပ် သူတွေ အများဆုံးပဲ၊ ကျွန်တော်လည်း မယ်တော် ဆေးခန်းနှင့် ဆရာမအကြောင်း နယ်ခံ တစ်ယောက်အနေနဲ့

သာသမျှတွေကို ဒိုင်ခံ ရှင်းပြ လမ်းညွှန်နေရတာ မောရမှန်းတောင် မသိပေါင်ဗျာ၊ ဂုဏ်ယူနေတာကိုးဗျာ' တဲ့ ။

ဆေးခန်းသစ်ဖွင့်ပွဲက ခမ်းနားသည် ဆိုတာထက် စိတ်လှုပ်ရှားစရာ ကောင်းလှသည်။ မြန်မာနိုင်ငံမှ ကရင်လူမျိုး အများစု အပါအဝင် တိုင်းရင်းသား ပေါင်းစုံက ရိုးရာ အဝတ်အစားတွေနှင့် တေးသီချင်း အကတွေနှင့်။ ဒီမျှနှင့် ကရိုးလား။ ဟိုးအထက် မြန်မာပြည်မှ ဆင်အက အဖွဲ့များ၊ မန္တလေးမှ ကလျာဏမိတ္တလို လူမှုရေး အသင်းအဖွဲ့ များစွာကလည်း တစ်ခဲနက် ဝန်းရံလျက်။ ပြည်တွင်းမှ နာရေး ကူညီမှု အသင်း (ရန်ကုန်) နှင့် ချိတ်ဆက်သွားမည့် အစီအစဉ်များ။ ထိုင်းနိုင်ငံမှ ဒေသန္တရ အုပ်ချုပ် ရေး အပါအဝင် ဆရာဝန်ကြီးများကလည်း အားပေးထောက်ခံမှု အပြည့်၊ မယ်တော်ဆေးခန်း ဒီထက် ပိုအားကောင်းဖို့ အရေး ဥပဒေအရ ဘောင်ဝင်အောင် ဆောင်ရွက်တာက အစ ကူညီ ဖေးမပေးကြသည်။

•

နံ့တော ရှုံ့တောထဲ
တဝိုင်းဝိုင်း လဲခဲ့သမျှ
တစ်ခါလဲရင် နှစ်ခါပြန်ထတဲ့ စိတ်ဓာတ်နဲ့
မယ်တော်ဆေးခန်း
တည်နေရာက သောင်ရင်းမြစ်
တစ်ဖက်ကမ်း။

ထိုင်းနိုင်ငံဘက်အခြမ်း သောင်ရင်းမြစ် ဆိုတာက အပိုင်းအခြား နယ်နိမိတ်။ ဒီမြစ်ကို ကူးခဲ့လို့ တရားမဝင် နယ်စပ် ဖြတ်ကျော်မှုနဲ့ အရေးယူခံရသူတွေ ဒုနဲ့ဒေး။ ပုဒ်မ ၁၃ နဲ့ ထောင်ဒဏ် သုံးနှစ် ကျခဲ့သူတွေ၊ လူဝင်မှု အက်ဥပဒေတဲ့၊ ကုန်သွယ်ရေး နိုင်ငံရေး အရေးမျိုးစုံအတွက် နိုင်ငံကူး လက်မှတ် ပတ်စ်ပို့ဗီဇာ လိုပါသတဲ့၊ ကျွန်တော် မြန်မာပြည် ဘက်အခြမ်းကို လှမ်းမျှော်ကြည့်သည်။

ဟိုမှာ ဒီမှာ ညှို့အားပြင်း အလှများနှင့် တောစိမ်းတောင်ယာ ဒေါနတောင်တန်းက နတ်ပန်းချီလို ဆွဲချလိုက်သမျှ ရစ်ခွေစီးပြတဲ့ သံလွင်ရဲ့အကွေ့အဝိုက် ရေစီးထဲ ကြားလိုက် ရတဲ့ ဂီတ။



ဒီနယ်တစ်ကြောဟာဖြင့် ဟိုနေရာက ဟိုအဖွဲ့အစည်းပိုင်၊ ဒီနယ်က ဒီအဖွဲ့အစည်းပိုင် အပိုင်စားများနှင့် သူတို့၏ နယ်ခြားဂိတ်များ...။

•

မယ်တော်ဆေးခန်းဘက် ကျွန်တော် ပြန်လှည့် ကြည့်သည်။

'မေတ္တာတရားနှင့် လူသားချင်းစာနာမှု အတွက်တော့ ပတ်စ်ပို့ ဗီဇာမလို ဘယ်နေရာ မဆို ဖြတ်ကျော် ရောက်နိုင်သည်' မဟုတ် ပါလား...။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၈



> အဲဒီ ဘဝနဲ့
> (အဲဒီ အသက်မွေးဝမ်း ကျောင်းမှုနဲ့)
> တကယ့် အလုပ်ခွင်ထဲ
> လူမှု ဆက်ဆံရေးနယ်ပယ်ထဲ
> ရောက်သွားတဲ့အခါမှာ
> ကျောင်းစာ တစ်ခုတည်း မရ၊
> လူတွေနဲ့ ဆက်ဆံနည်း၊
> ရင်ဆိုင်နည်းတွေအတွက်
> ကြိုတင် ပြင်ဆင်ထားမှုတွေ
> (သိုင်းလောက စကားနဲ့ ပြောရရင်တော့
> အတွင်းအားတွေ ခုခံနည်းတွေ တိုက်ကွက်တွေ)
> လိုပါသေးလားလို့ နားလည်လိုက်ကြောင်း

## သိုင်းသမားနှင့် အတွင်းအား

ကျွန်တော်တို့ ငယ်စဉ် ပြေးလွှားရင်း ချော်လဲရင် ပတ်ဝန်းကျင်ကို လှည့်ကြည့်မိတာ သတိပြုမိ ကြပါသလား။ ကျွန်တော်ကတော့ အခုထိလည်း ကလေးတွေကို သတိထားကြည့်မိပါတယ်။ အဓိက ကတော့ ငိုရကောင်းမလား။ မငိုရ ကောင်းမလား ဘာလုပ်ရမှန်း မသိလို့ပါပဲ။

ပတ်ဝန်းကျင်က ဒါကို အထိတ်တလန့် အော်မယ်၊ ပျာပျာသလဲ (ကြောက်စရာကြီးကို အဓိပ္ပာယ်ရတဲ့ မျက်နှာကြီးနဲ့) ပြေးလာမယ် ဆိုရင်တော့ ကလေးက ဒါ ငိုရမယ်လို့ ဘာသာပြန်ပြီး ဖြဲခနဲ ငိုတော့တာပါပဲ။ လူကြီးတွေကသာ ဒါဟာ ဘာမှမဆန်းဘူး မနာဘူးကွ ပြန်ထလိုက်စမ်းကွလို့ အားပေးရင်း ကိုယ့်ဘာသာ ကျုံးထ ရပ်မိတတ်ကြပါတယ်။

သူငယ်ချင်းအိမ် ဆော့ကစားဖို့ သွားတဲ့ ကလေးတစ်ယောက် အိမ်လည်သွားရင်း ခလုတ်တိုက် လဲပါတယ်။ ဒီလောက်တော့ အပျော့ပေါ့ဆိုပေမယ့် မေးရိုးပါကွဲသွားတော့ ဆေးရုံ ရောက်တာပေါ့။ အိမ်ရှင် မိဘတွေက ဆေးရုံ ချက်ချင်း ခေါ်လာ၊ ကာယကံရှင် မိဘတွေ ရောက်လာတော့လည်း ဘယ်သူ့ကိုမှ ဆူပူကြိမ်းမောင်းတာ ဩဇာ အပြစ်တင်တာလည်း မရှိပါ။

အိမ်ရှင် မိသားစုက သူတို့အိမ် အလည် လာတုန်း ဖြစ်ရတဲ့အပေါ် အားနာနေသလို သူငယ်ချင်းကလည်း သူတို့ နှစ်ယောက်ပေါင်း မဆော့ရတော့မှာ စိုးရိမ်နေခဲ့ပါ။ ဟို မိဘ နှစ်ပါးကတော့ သူတို့ သမီး မေးရိုးကွဲချုပ်နေတာ ကြည့်ရင်း ရယ်တာမောတာပါပဲ။ အနာကျက်ရင် ပြန်ဆော့ကြတဲ့။

အဲဒီ ဆေးရုံမှာက အရေးပေါ်လာသမျှ ကလေးတွေအတွက် အရုပ်မျိုးစုံ **Sticker** ရောင်စုံတွေ အပြည့်ချပေးထားမြဲပါ။ ရောက်လာသမျှ ကလေးတွေဟာ ဆေးရုံဆေးခန်း

ဆိုတဲ့ အသိထက် ကစားစရာ ဆိုင်ခန်းလို့ မြင်သွားအောင်ပါတဲ့။ တကယ်လည်း ကြိုက်တဲ့ဟာ ယူဆော့ခွင့် ပေးပါတယ်။

မေးရိုး ကွဲထားတဲ့ ကလေးကို ကလေး တစ်ယောက်က လာပြီး မိတ်ဆက်ပါတယ်။ ဘာမှ မကြောက်နဲ့ သိပ်လည်း မနာဘူး။ မုန့်တွေလည်း စားလို့ရတယ်ဆိုပြီး အားပေးပါတယ်။ သူက ဘာသိ ဘာတတ်လို့တုံး ဆိုတော့၊ သူကိုယ်တိုင် အရင်တစ်ပတ်က မေးရိုးမှာ ဒီထက်ကြီးတဲ့ ဒဏ်ရာကြီးရပြီး လာကုဖူးတာကို။ အခုက အနာကျက်ခါနီး ပြန်လာပြတာလေ။ ပြီးတော့ ဆရာဝန်ဘက်ကို လှည့်ပြီး သူ့ကို ရေခဲချောင်း ကျွေးလိုက်လေလို့ တိုက်တွန်းပါတယ်။ ဟုတ်ပါတယ်၊ သူတို့ ဆေးရုံတွေမှာ ကလေးတွေအတွက် ရေခဲချောင်း အကောင်းစားတွေ အသင့်ရှိစမြဲပါ။ ရေခဲနဲ့ မတည့်တဲ့ ရောဂါကလွဲရင် ကလေးတွေ စိတ်ပျော်ရွှင်အောင် ကျွေးနေကျပါ။

ထိခိုက်ဒဏ်ရာကို ဆေးထည့် ပတ်တီး စည်းနေစဉ်မှာ ကလေးကို ဘယ်လောက် သတ္တိ ရှိကြောင်း တတွတ်တွတ် အားပေးသလို ကုသမှုပြီးတဲ့အခါမှာလည်း ဒီကလေးဟာဖြင့်ရင် အလွန် သတ္တိကောင်းသူဖြစ်လို့ ဟောဒီ ထောက်ခံ ဂုဏ်ပြုလွှာ ပေးပါတယ် ဆိုပြီး မှတ်တမ်းလွှာမှာ ကလေးရဲ့နာမည်ကို ထည့်ရေးပြီး ပေးလိုက်ပါတယ်။ ပြီးတော့ အရုပ် မျိုးစုံတွေထဲက ကြိုက်ရာ အရုပ် ရွေးခိုင်း ဥပမာ၊ ဘာဘီရုပ်လေး ဆိုပါတော့၊ အဲဒီ အရုပ်မှာ ကလေးလိုပဲ (ဥပမာ-လက်ကျိုးတဲ့ ကလေးကို ကျောက်ပတ်တီးစည်းရတယ်ဆိုရင်) ပတ်တီး စည်းပေးလိုက်တယ်။ ဒါ မင်း သူငယ်ချင်းပဲ။ ဒဏ်ရာရတာချင်းလည်း တူတယ်၊ သူလည်း မင်းလိုပဲ သတ္တိကောင်းတယ်နော်၊ လုံးဝ မအော်ဘူး မငိုဘူး။ သူ့ကို အိမ်ခေါ်သွားပေါ့ဆိုပြီး ပေးလိုက်ပါတယ်။ ကလေးဟာ အားငယ် ဝမ်းနည်းရမယ့်အစား သူ သတ္တိရှင်ဆု ရပြီ ဆိုပြီး ကျောင်းမှာတောင် လိုက်ကြွားနေသေး။

●

သူတို့ ကျောင်းတွေမှာ စာတော်တာ တစ်ခုတည်းကို ထူးချွန်သူလို့ သတ်မှတ် ချီးကျူးတာမျိုး မဟုတ်ပါဘူး။ အဆင့် တစ် နှစ် သုံး မရလို့ စိတ်ပျက်အားငယ်ရမှာမျိုး၊ ခွဲခြား ဆက်ဆံခံရမှာမျိုး မိဘတွေက ဖိအားပေးမှာမျိုး ပြဿနာ မရှိပါ။ ကြယ်ပွင့် ကလေးတွေ ပေးတဲ့ စနစ် ရှိသေးတာကိုး။ ဆိုပါတော့၊ အများနှင့် ပေါင်းသင်း ဆက်ဆံ ကောင်းရင် ကြယ်တစ်ပွင့်၊ စာလုံးပေါင်း သတ်ပုံ မှန်ရင် ကြယ်တစ်ပွင့်၊ အချင်းချင်း ရိုင်းပင်း ကူညီတတ်သူဆိုရင် ကြယ်တစ်ပွင့် စသဖြင့် ကြယ်ပွင့် အမျိုးအစားတွေ သတ်မှတ်ထားပါတယ်။ ကြယ်ပွင့် ဘယ်နှပွင့် ပြည့်ရင် ရင်ဘတ်မှာ ထိုးတဲ့ ဆုတံဆိပ်တစ်မျိုးကို တပ်ခွင့်ရမယ်ပေါ့၊ အဲဒီ ဆုတံဆိပ်ကို ကလေးတွေဟာ မြတ်နိုးဂုဏ်ယူစွာ ချိတ်ဆွဲကြတယ်။ လေးတန်းကျောင်းသူက သူငယ်တန်း ကျောင်းသူကို ထိန်းကျောင်းရတဲ့ တာဝန်



ယူမှုတွေကလည်း ကြယ်တစ်ပွင့် ရပါတယ်။ ပြောချင်တာကတော့ ကျောင်းတွေမှာ စာတော်တာ တစ်ခုတည်းကို လူရာသွင်းတာမျိုး မဟုတ်ဘူး ဆိုတာပါပဲ။

ကျောင်းသားမိဘတွေထံ ကျောင်းက အစီရင်ခံစာ ပို့ရာမှာလည်း ကလေးရဲ့ အရည်အချင်း အားလုံးကို အသေးစိတ် သုံးသပ် တင်ပြတာမျိုးပါ။ ဒါနဲ့ သူတို့ကလေးတွေဟာ ရိုက်ပုတ် ဆူပူကြိမ်းမောင်းစရာ မလိုဘဲ ကျောင်းစာလည်း ရ၊ ဘဝထဲမှာလည်း အဖိုးတန်အောင် နေတတ်သွားကြတာပေါ့။ နာကျင်ပင်ပန်းပြီးမှ စာရတာမျိုး မဟုတ်ဘဲ အများနဲ့ ပူးပေါင်း ဆောင်ရွက်ရင်း ဘက်စုံ ကောင်းမွန်တဲ့ မျိုးဆက်တွေကို မွေးထုတ်တယ်လို့လည်း ပြောနိုင်မယ် ထင်ပါတယ်။

●

ကလေးတစ်ယောက်ကို သားကြီးလာရင် ဘာလုပ်မလဲလို့ လူတွေကြားထဲမှာ မေးတယ်။ ကလေးက မဆိုင်းမတွ ငါးဖမ်းမယ် (တံငါသည်) လုပ်မယ်လို့ ဖြေလိုက်ပါရော။ သူ့မိဘတွေဟာ ပညာထူးချွန်မှုနဲ့ အသက်မွေးနေကြတဲ့ အဆင့်မြင့် အရာရှိကြီးတွေပါ။ ကလေးရဲ့အဖြေအတွက် နည်းနည်းလေးမှ စိတ်မကွက် ကြပါဘူး။ မနေ့ကပဲ အားလပ်ရက် သားအဖတွေ ငါးမျှားထွက်ကြတာကို စွဲလမ်းပြီး တံငါ လုပ်ချင်နေတာလို့ ဖခင်က ရယ်မောမပျက် ရှင်းပြပါတယ်။ သူတို့ ကလေးကို ကြီးလာရင် ဘာဖြစ်ရမယ် ဆိုတာမျိုး အမိန့်ပေးထားတာမျိုး သူ့စိမ်းတစ်ရံတွေက မေးရင် ဘာလုပ်မယ်လို့ ဖြေ သင်ထားပေးတာမျိုး မရှိဘူးလေ။

ဒီနေရာမှာ ကျွန်တော် စဉ်းစားမိတာက ကလေးတွေအတွက် အရေးကြီးဆုံး ဖြစ်တဲ့ ရိုးသားမှုကို လွတ်လပ်စွာ ခွင့်ပြုထားတာပါပဲ။ ကလေးဆိုတာ သူ မြင်သိနေသမျှ လူကြီးတွေ ဘဝ၊ အသက်မွေးမှုတွေကို အားကျတာ မကြာခဏ ပြောင်းလဲတတ်တာပဲ။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြန်သတိရတယ်။ ငယ်ငယ်က ကျိုက္ကဆံကွင်း ပြည်ထောင်စုပွဲက ညဘက် အပြန် အဝါ အနီ ရောင်ခြယ် မီးတိုင် လက်က ကိုင်ပြီး ကားလမ်းရှင်းပေးနေတဲ့ ယာဉ်ထိန်း ရဲကြီးကို ကြည့်ပြီး ကြီးလာရင် အဲသလိုမျိုး လုပ်မယ်လို့ ကျွန်တော့်စိတ်ထဲ ဖြစ်ဖူးတာပဲ။ နောက်ထပ် အားကျစရာ အသက်မွေးဝမ်းကျောင်းတွေ တွေ့တော့လည်း ကိုယ်ဖြစ်ချင်တဲ့ ဘဝတွေ စိတ်ကူးထဲ ထပ်ပြောင်းကြတာပဲ မဟုတ်လား။ ခုနက မိဘတွေဟာ လူရှေ့မှာ အရှက်ကွဲတယ်လို့ မမြင်၊ လူတွေရဲ့ အထင်ကြီး ချီးကျူးမှုအစား ကလေးရဲ့ ရိုးသားမှုကို ပိုတန်ဖိုးထားကြောင်း ပြလိုက်တာပဲလို့ မြင်ပါတယ်။

နိုင်ငံခြားမှာ အလုပ်သွားလုပ်တဲ့ မြန်မာ ပညာတတ် လူငယ်တစ်ယောက်ရဲ့ ဖွင့်ဟချက် ကိုလည်း ကြည့်ပါဦး။ သူ အလုပ်ခွင်ထဲဝင်ခါစက ကြီးကြပ်သူရဲ့ အပြစ်တင် ကြိမ်းမောင်းမှုကို ခံရပါတယ်။ သူ့အမှားလည်း မဟုတ်ပေမယ့် ဘာပြန်ပြောရမှန်း မသိဘူး။ ဘာသာစကား အားနည်းချက်ကြောင့်လား ဆိုတော့လည်း သူဟာ

အတန်အသင့်တော့ ပြောတတ်သူပါ။ သူနဲ့ အတူ ဆုကြိမ်းမောင်းခံရသူ နောက် တစ်ဦးက သူနဲ့ ပညာတူ၊ အဆင့်တူ အိန္ဒိယနိုင်ငံသူကတော့ သေးသေးတင်မှ မခံ အချက်အလက်နဲ့ ခုခံ ချေပ အစွမ်းပြပါတယ်။ ဒီတော့မှ ကျွန်တော်တို့ နိုင်ငံက သွားတဲ့ လူငယ်လေးဟာ သြော်၊ ဒီလိုလည်း ပြောလို့ ရပါလား။ သူ သိသလို ငါလည်း သိပေမယ့် သူပြောသလိုတော့ ငါ မပြောတတ်ဘူးလို့ စိတ်ထဲက ဝန်ခံရပါသတဲ့။

ဇာတ်ပေါင်းရမယ်ဆိုရင်တော့ အဲဒီမြန်မာ လူငယ်ဟာ သူကြီးလာရင် ဘာလုပ်မယ်ဆိုတဲ့ အတိုင်း ဖြစ်အောင်တော့ လုပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ အဲဒီ ဘဝနဲ့ (အဲဒီ အသက်မွေးဝမ်းကျောင်းမှုနဲ့) တကယ့် အလုပ်ခွင်ထဲ လူမှု ဆက်ဆံရေးနယ်ပယ်ထဲ ရောက်သွားတဲ့အခါမှာ ကျောင်းစာ တစ်ခုတည်း မရ၊ လူတွေနဲ့ ဆက်ဆံနည်း၊ ရင်ဆိုင်နည်းတွေအတွက် ကြိုတင်ပြင်ဆင်ထားမှုတွေ (သိုင်းလောက စကားနဲ့ ပြောရရင်တော့ အတွင်းအားတွေ ခုခံနည်းတွေ တိုက်ကွက်တွေ) လိုပါသေးလားလို့ နားလည်လိုက်ကြောင်း ရင်ဖွင့်ပါတယ်။ ကျွန်တော်တို့ ကလေးတွေ ဘဝဆိုတဲ့ သိုင်းလောကထဲ အတွင်းအားတွေ ကောင်း၊ ခုခံမှုတွေ ထက်မြက်၊ တိုက်ကွက်တွေ ပြောင်မြောက်ကြပါစေကြောင်း…။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၈၇



‘ဒီလူကတော့
ငါးရှူနဲ့ တူတယ်၊ အရိုးလည်းမများ၊
အသားလည်း ချိုတယ်။
ဟိုတစ်ယောက်ဟာဖြင့်
ငါးပဲဖြူလိုပဲ အရိုးကလည်းများ၊
ဒီတိုင်းလည်းမကောင်း၊
ပင်စိမ်းနိုင်နိုင်နဲ့ အိုးကပ်ချက် လိုက်မှဖြစ်မှာ
စသဖြင့် . . . ’

# အရိုးနှင့် ငါး၊ အမှားနှင့် လူ

‘ပုထုဇဉ်ပဲကွာ အမှားတော့ ဘယ်ကင်းပါ့မလဲ’

‘လူဆိုတာ မှားတတ်တဲ့ အမျိုးလေ’

‘မှားပါစေ၊ လူပဲ အမှားကိုပြင်မှ’ စသဖြင့် နေ့စဉ် ကြားကြပါလိမ့်မည်။

‘အမှားဟာ ဘာနဲ့ တူသလဲ’ လူမမာ ဓာတ်စာအဖြစ် ငါးရိုးထွင်ရင်း ကျွန်တော် ခဥ်းစားမိပါသည်။

အမှားဆိုတာ လူ့ဘဝ အရသာဆိုတဲ့ ငါးအသားတွေနဲ့ တွဲကပ်နေတဲ့ အရိုးပဲ ဟုမှတ်မှန်တာပေါ့။ အရိုးမပါဘဲ ငါး မဖြစ်သလို အမှားမရှိဘဲ လူမဖြစ်နိုင်။ ငါးမှန်ရင် အရိုးနည်းတာနဲ့ များတာပဲ ကွာသလို လူတွေ ဟာလည်း အမှားနည်းတာနဲ့ များတာပဲ ကွာကြတယ်။ ငါးမှာ အရိုးနည်းရင် စားကောင်း သလို လူမှာလည်း အမှားနည်းရင် ပေါင်းသင်းဖို့ အကောင်းဆုံးပေါ့ဟု ကိုယ့်ဘာသာ ထောက်ခံ မိပါသည်။ ယေဘုယျတော့ အရိုးနည်းတဲ့ ငါး၊ အမှားနည်းတဲ့လူ ဆိုတာတွေကို လူကြိုက်များ ကြသည်ဟု ကျွန်တော် မှတ်ချက်ချမိသည်။ ပြီးမှ ဒုတိယ အတွေးက ကန့်ကွက်သည်။ သေချာရဲ့လား။ အရိုးနည်း အမှားနည်းတာ ကြိုက်ပေမယ့် တကယ်တမ်း အရသာ ထူးတဲ့ ငါးသလောက်လို ငါးမျိုးကျတော့ကော ဝယ်ကြ စားကြ အားပေးကြတာပဲ မဟုတ်လားဟု သတိပြုမိသည်။ အရိုးများတာ သလောက်တော့ ပေါင်းစားလိုက်တာပေါ့ဟုပင် နည်းလမ်းသစ်တွေ ရခဲ့ကြသေး။

ငါးသလောက်နှင့်တူသော လူအချို့ကို လူတွေ ဘယ်လို သဘောထားပါလိမ့်။ ဒီနေရာမှာ ငါးမှာတော့ အသား အရသာ၊ လူမှာတော့ အကျိုးစီးပွားဟု ကျွန်တော် ဆင်ခြင် မိပါသည်။ စိတ်ထဲကလည်း ဝန်ခံချင်သည်။ လူ့အဖွဲ့အစည်းထဲမှာ လူတစ်ဦး အမှားများစွာ လုပ်မိပြီ ဆိုပါတော့၊ သူ့ထံတွင် ထိုအမှား များနှင့်တွဲလျက် ကျွန်တော်တို့အတွက်

ကိုယ်ကျိုးစီးပွားတွေက ဆူဆူဖြိုးဖြိုး ရှိနေသည်ဆိုတာ သိနေသည် ဆိုပါတော့၊ ငါးသလောက်ကို ကျွန်တော်တို့ ဈေးကြီးပေး ဝယ်စားချင်ကြသလို ငါးသလောက်နှင့်တူသည့် လူကိုလည်း ပေါင်းသင်း ဆက်ဆံ မိတတ်ကြ ပါသည်။

ကိုယ်ကြိုက်ရာ ကိုယ်ရွေးကြသည့် အခွင့်အရေးတော့ ရှိသည်။ တစ်ခုပဲ သတိပြုစေချင်သည်။ ငါးသလောက်တွင် ကဝက်ကင်း ငါးသလောက်က အကောင်းဆုံးဟု နာမည်ကြီး သည်။ 'ဝယ်တုန်းက ကဝက်ကင်း ဟင်းချက် တော့မှ ငါးသလောက်ယောက်ဖ' ဖြစ်နေတာ မျိုးလည်း ရှိတတ်သည်။

အမှားနည်းတဲ့ လူကို လူကြိုက်များတာကော တကယ် ဟုတ်ရဲ့လား။ ဒါကတော့ အရိုးနည်းတဲ့ ငါးတွေကို လူတွေ ဘယ်လို သဘောထားလဲ ကြည့်လိုက်ရုံသာ။ ငါးပုတ်သင်လို ငါးမျိုး ကြည့်ပြန်တော့ အလယ်ရိုး 'ကျောရိုး' ပဲ ရှိပြီး အသားပေါပေမယ့် သူ့အရသာ မဖွယ်မရာမို့ အိမ်ရှင်မများ၊ စားဖိုမှူးများ အတွက် ဘယ်တော့မှ ဦးစားပေး မခံရပါ။ မတွေ့တ်သာ သည့်အဆုံး 'ရွေးစရာ မရှိသည့် အဆုံး' ဝယ်ကြရတာပဲ များပါသည်။

*'အရိုး အနည်းအများက အဓိကလား။*
*အသား အရသာက ပဓာနလား။*
*အမှား အနည်းအများက အဓိကလား။*
*အကျိုး စီးပွားက ပဓာနလား'*

ကျွန်တော် ခေါင်းရှုပ်လာပါသည်။ အကျိုး စီးပွား ဆိုရာမှာတော့ အရည်အချင်း တစ်မျိုးမျိုး ကို ဆိုလိုသည်ပေါ့။ အမှားနည်းရေးကို ကြွေးကြော် နေရင်းက အမှားများပြီး အရသာ ကောင်းသည့်တက် ကျွန်တော်တို့လက်တွေက အလိုလို ရွေးရန် ရောက်နေပါလား။

သို့နှင့် ကျွန်တော်သည် လူတွေကို ကြည့်တိုင်း လူစားသည့် ငါးတွေထဲက ဘယ်ငါးနှင့်တူပါလိမ့်ဟု စိတ်ထဲ တစ်ကိုယ်ရေ ကြိတ်တွေးနေပါသည်။ ဒီလူကတော့ ငါးခူနဲ့ တူတယ်၊ အရိုးလည်းမများ၊ အသားလည်း ချိုတယ်။ ဟိုတစ်ယောက်ဟာဖြင့် ငါးပဲဖြူလိုပဲ အရိုးကလည်းများ၊ ဒီတိုင်းလည်းမကောင်း။ ပင်စိမ်းနိုင်နိုင်နဲ့ အိုးကပ်ချက် လိုက်မှဖြစ်မှာ စသဖြင့် တွေးမိပြန်သည်။

ဈေးကြီးလည်းပေးရ ရှားပါးပြီး ခွန်အားလည်းဖြစ် အရသာလည်း ထူးကဲကောင်းမွန်သည့် ဆယ်လမွန်ငါးလို လူစားမျိုး အတွက်တော့ အငြင်းပွားဖွယ် ရှိမည် မထင်ပါ။ ကမ္ဘာကျော် အာဏာရှင်တစ်ဦး ပွဲတော်တည်တိုင်း မပါမဖြစ်သည့် ကာဘီယံငါးဥမှာ ဈေးအမြင့်ဆုံး စားဖွယ်အဖြစ် ထင်ရှားပါသည်။ အာနိသင်ကို အတိအကျ မသိသော်လည်း လူတိုင်း



လက်လှမ်း မမီသည့် ငါးတစ်မျိုး တစ်နည်းဆိုရလျှင် အများစုအတွက် တန်ဖိုး ... မေးရမည့် အမျိုးအစားဟု ထင်ပါသည်။

ဝေလငါးလို လူစားမျိုးလည်း ရှိသေးသည်။ နော်ဝေးနှင့် ဂျပန် အပါအဝင် အ... လူမျိုး များသာ သူ့အသားကို စားတတ်သည်။ မစား တတ်သော ကမ်းရိုးတန်း တစ်... သူ့ကို အသေရခဲ့ကြဖူးသည်။ ဘာလုပ်ရမှန်း မသိခဲ့ကြ၊ စားဖို့အပြင် ပိုသီ သူတို့က... ငါးကြီး အန်ဖတ်ဟုခေါ်သော ထိုငါးမှထွက်သည့် အဖိုးတန် ရတနာကို တန်ဖိုး... ကမ္ဘာကျော် အကောင်းစား ရေမွှေးဖော်ရာတွင် အသုံးပြု ရကောင်းမှန်း သိခဲ့ကြပါသည် (တကယ်တော့ ထိုအရာမှာ အန်ဖတ် မဟုတ်ပါ) ဝေလငါးလို အကောင်လည်းကြ... အသုံးချ တန်ဖိုးလည်း မြင့်သော ငါး သို့မဟုတ် ဝေလငါးလို လူစားများ အတွက် အသုံးချ... အန္တရာယ် များပုံကိုလည်း သတိပြုမိပါသည်။ အကောင်လည်းကြီး တန်ဖိုးလည်... များရင်တော့ သတိသာ ထားပေတော့။

ခြွင်းချက်တော့ ရှိသေးသည်။ ငါးမန်း ဆိုပါတော့ အရိုးနှင့် ဖွဲ့စည်းထားသည... ငါးမန်းတောင်က လူတွေအတွက် မက်မောစရာအတိ။ ပင်လယ်ကူး ငါးဖမ်းသင်္ဘောများတွ... ငါးမန်းကို မိပါက ဆူးတောင်ကိုသာ ခုတ်ယူပြီး သွေးစိမ်းရှင်ရှင်ဖြင့် ပင်လယ်ထဲ ပြန်ပစ်... ခံရမြဲ ဖြစ်သည်။ ငါးမန်းမှာ သူ့ဆူးတောင် ရိုးကပင် သူ့ဘဝကို ပျက်စေခဲ့ပါပြီ။ ငါးမန်း... ဆူးတောင်များကြားမှ ထွက်သည့် အချိုဓာတ်ကို လူတွေက ငါးမန်းတောင် ဟင်းချိုအဖြ... သောက်ရန် တောင်ပံကို ခုတ်ဖြတ် ရက်စက် ဝံ့ကြသလို လူတစ်ယောက် (အထူးသဖြ... ထက်မြက်ထူးချွန်သူ ထင်ရှားသူ တစ်ယောက်) ၏ အမှား တစ်စုံတစ်ရာအင... ငါးမန်းတောင်လို မညှာမတာ ခုတ်ယူရန် လူလူချင်း ချောင်းမြောင်း နေသူတွေလည် ရှိသေးသည်ဟု ကျွန်တော် ခံစားရပါသည်။

•

*ခုတော့ လူတွေကို တွေ့တိုင်း ဘယ်ငါးနဲ့ တူသလဲဟု တိုက်ဆိုင်ကြည့်ရင်း ဟိုလူကတော့ ငါးပုတင်းနှင့်တူတယ်၊ ဟိုဒင်းကတော့ ငါး၏ ခေါင်းတို့လိုပဲ သုံးစားမရ စသဖြင့် ကောက်ချက် ချရင်း ကိုယ့်ကိုယ်ကိုယ် ဘာငါးနှင့် တူသတုံး ဟု ပြန်ကြည့်မိပါသည်။*

*ငါးဖောင်ရိုး တစ်ကောင်ကို ကျွန်တော် မြင်ရပါသည် ခင်ဗျာ။*

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ...



❛ ကလေးတွေကို
အချိန်ပိုင်းအလိုက် စာသင်ခန်းထဲ
ပို့ခဲ့ကြပါ သေးသည်။
ဖွက်အိုင်ကျယ်ကြီးထဲက ရေတွေကို
ဖွန်းကလေးတွေနဲ့ ခပ်သယ်ထုတ်ရသလို
ရှိလှပါတယ်လို့
သူတို့ကိုယ်တိုင်
ညည်းတွားဖူးပါသည် ❜

## အောင်စာရင်းထွက်ပြီး နောက်တစ်နေ့

ညတုန်းက တစ်မြို့လုံး မအိပ်နိုင်အောင် ဖြစ်နေကြ။ လမ်းပေါ် စုန်ဆန်သွားနေကြ ရှင်မြူးသံတွေ ပေါက်ကွဲသံတွေနဲ့။ မနက် ရောက်မှ ဆယ်တန်းအောင်စာရင်း ထွက်မှန်း သိသည်။

ကလေးတစ်ယောက်ကို မိဘများက ပြင်းပြင်းထန်ထန် စိတ်ဆိုးမာန်ဆိုး ဆူကြိမ်း နေသည်။ အမှုက ငါးဘာသာပဲ ဂုဏ်ထူးပါ လို့တဲ့၊ အမှတ်ပေါင်းကတော့ လိုချင်သည့် တက္ကသိုလ်မီပါရဲ့ မှတ်တမ်း အနေနဲ့ ဆယ်တန်းမှာ ဘာသာစုံ ဂုဏ်ထူးလို့ ကမ္ပည်း မတင်နိုင်တော့ဘူး ဟူ၏။ ကလေးမှာ နေစရာ မရှိပြီ။ ပြဿနာက အောင်တာ ကျတာ မဟုတ်၊ အောင်ပါလျက် မကျေမချမ်း ဖြစ်နေ ကြတာတွေ အများသား။ လိုချင်သည့် မျှော်မှန်းထားသည့် တက္ကသိုလ် မမီနိုင်သည့် ကိစ္စ ဆယ်တန်းအောင်မှတ်က ဘဝကို အဆုံး အဖြတ် ပေးတာပဲဟု တထစ်ချ မှတ်ယူထား သလို ဖြစ်နေသူတွေ။ ဒါသည် ရာနှုန်းပြည့် မမှန်ကြောင်း ပညာရှင်ပေါင်းစုံ အောင်မြင်သူ မျိုးစုံက ပြောကြ ရေးသားကြပေါင်းလည်း များပါပြီ။ သို့တိုင် ဆယ်တန်းအောင်စာရင်း ထွက်တိုင်း ပြဿနာကြီး တစ်ခုအဖြစ် ခံစားနေကြသူတွေ ရှိစမြဲ။

ကျောင်းအိပ်ကျောင်းစားနေ ပုဂ္ဂလိက အထက်တန်း ကျောင်းများမှာလည်း အောင်ချက်ရာနှုန်း ဘယ်လောက်၊ ဘာသာစုံ ဂုဏ်ထူးရှင် ဘယ်လောက် ဆိုတာ ဆိုင်းဘုတ်တင် ရေးဖို့ ရင်ခုန်နေကြသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဒါတွေက ပညာကို သင်ယူခွင့် စိတ်ကြိုက်ပုံစံ ရွေးချယ် သင်နိုင်ခဲ့ကြသည့် လက်လှမ်းမီသူတွေရဲ့ ကိစ္စ ဘတ်နိုင်သူများ ဆိုပါတော့။ ရလဒ်အပေါ် ခံစားနေကြခြင်း မျှသာ။

●

မနှစ်က စာမေးပွဲ မဖြေမီ ရောက်ခဲ့ဖူးသည့် စစ်ရှောင်စခန်းများက ကျောင်းသားတွေ (အထူးသဖြင့် ဆယ်တန်းတွေ) ကို ပြေးမြင်မိ ပါသည်။ ဘယ့်နှယ်များ နေကြပါ့မလဲဟု

ဆော့ရမ်းမိပါ၏။ ရှမ်းမြောက်ဒေသ ဝမ်ဟိုင်း စခန်း ပြီးတော့ ကျောက်မဲ မြို့ဘက် ပြေးလာကြသော စစ်ရှောင် ကလေးတွေ တော့စန် ကျေးရွာ အ.ထ.က ကျောင်းက ကျောင်းသား ကျောင်းသူတွေ။ သူတို့ ရွာတွေမှ ပြေးလာကြတုန်းကဆိုရင် အဝတ်အထည်က အစ မပြည့်စုံ အသက်လုပြေးလာသည့်ကြားက စာမေးပွဲဟူသည် စစ်မြေပြင်မှာ ဝင်ဖို့ မရှိမဖြစ် ကျောင်းစာအုပ် လွယ်အိတ်တွေကို ပွေ့ဖက် ပြေးလာကြသူတွေ ညဘက် ကားမီးမှိတ်ပြီး ပြေးလာကြတာ ဆိုတော့ ကားတစ်စီး ချောက်ထဲ ကျခဲ့သေးသည်။

ကျောက်မဲမြို့က ဘုရားကုန်းရင်ပြင် ပေါ်မှာ သူတို့ ဟိုနားတစ်စု၊ ဒီနားတစ်စု ထိုင်စာကျက်နေကြပုံများကို ပြန်မြင်ယောင် လာမိပါသည်။ စာကောင်းစွာ ကျက်နိုင် လောက်အောင် သမာဓိ ရပုံမပေါ်။ လတ်တလော အသက်လုပြေးခဲ့ရသည့် အာရုံကြောင့် ချောက်ချားနေကြဟန် ရှိသည်။ သူတို့သတင်း လှမ်းမေးကြည့်တော့ သုံးဆယ် ဖြေတာ သုံးယောက် အောင်တယ်။ အလွတ်ဖြေ နှစ်ဆယ်မှာ နှစ်ယောက် အောင်တယ်တဲ့။ ကျောက်မဲဆိုတာ မန္တလေးမှ သွားလျှင် ပြင်ဦးလွင်၊ နောင်ချို၊ ဂုတ်ထိပ် ကျော်လျှင် ရောက်ပြီ။ မိုင် ၁၀၀ ခန့်သာ ဝေး၏။ သူ့ထက်ဝေးတဲ့ နယ်စပ်နယ်ခြားတွေ ဘယ်လိုနေပါလိမ့်။

●

ကချင်ပြည်နယ် တရုတ်နယ်စပ် ကပ်လျက် မိုင်ဂျာယန်မြို့ကလေးကို ကြည့်ပါ။ ၁၇ နှစ်နီးပါး ရပ်စဲခဲ့သည့် စစ်ပွဲက ၂၀၁၁ ခုနှစ်တွင် ပြန်စတော့ ပူးတွဲ ပညာသင်ကြားခွင့်တွေ ရပ်စဲကုန်သည်။ မိုင်ဂျာယန်မြို့ ဆိုတာက ကချင် လွတ်မြောက်ရေး နယ်မြေထဲ ရှိတဲ့ မြို့ကလေးကို။

ကချင်ပြည်နယ်မှာ ကလေး လေးသောင်း ကျော် ပညာရေးအတွက် စိုးရိမ်ဖွယ်ရှိကြောင်း လူမှု အဖွဲ့အစည်းတစ်ခု၏ ပြောကြားချက်ကို ဖတ်ဖူးပါသည်။ စစ်ပွဲများ နှစ်နဲ့ချီ လာတော့ ကလေးတွေ စိတ် အနာတရ ဖြစ်ရုံမက ကျောင်းပျက်ရက်တွေကြောင့် စာတွေနဲ့ ဝေးကြတော့ လိုက်မမီ၊ စာသင်ချင်စိတ် ပျောက်ဆုံး ကုန်ကြကြောင်းလည်း တွေ့ရှိဖူးပါသည်။

စစ်ဖြစ်တဲ့ နေရာမို့ပါ။ ရိုးရိုး ဝေးလံခေါင်းတဲ့ နေရာ ဆိုရင်ကော။

ကယားပြည်နယ်ဘက်သို့ မျှော်ကြည့်မိသည်။

●

ဖရူဆိုမြို့ အနောက်ဘက်ခြမ်း မိုင် ၈၀ လောက် ဝေးတဲ့ သိုးသိဖိုးရွာကလေးကို မြင်မိပါသည်။ တစ်နှစ်လုံးတွင်မှ ဆရာလာတာ နှစ်လလောက်ပဲ ရှိတယ်တဲ့။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ နေရာ၊ ကျောင်းစစ်ဆေးရေး လက်လှမ်းမမီနိုင်တဲ့ နေရာဆိုတော့။ ဒီလို ဖြစ်နေတာ ၁၅ နှစ်လောက် ရှိပြီ။ အဝေးမှာ ရှိတဲ့ ကျောင်းကို ပြောင်းထား တော့လည်း သူငယ်တန်းကပဲ ပြန်တက်နေ ရကြောင်း။

မြို့ကြီးတွေရဲ့ ညမြင်ကွင်းတွေဘက် ပြန်ကြည့်မိပါသည်။



●

မီးပွိုင့်မှာ စံပယ်ပန်းရောင်းတဲ့ ကလေးတွေ စာမသင်နိုင်ဘူးဆိုလို့ တက္ကသိုလ် ကျောင်း... ကျောင်းသူ လူငယ်တွေက သူတို့ကိုယ်စား စံပယ်ပန်းရောင်း တချို့က ... ညမီးရောင် အောက်မှာ စာသင်ပေးနေတဲ့မြင်ကွင်းတွေ ကြုံဖူးကြပါမည်။ နောက်ပိုင်း... သိပ်မမြင်ရတော့ပြန်။

လက်ဖက်ရည်ဆိုင် စားပွဲထိုးကလေးတွေ ကို စာသင်ရမယ့်အရွယ် အခုလို ဆိုင်... ဆိုင်ရှင်ကို တောင်းဆိုသည့်အခါ ဆိုင်ရှင်က အသာစီးရထားသည့် မျက်နှာ... 'ခေါ်သွားလေ၊ ကျွန်တော် မတားပါဘူး။ မေးကြည့်လိုက် ကျွန်တော် ခေါ်တာလား သူ... မိဘတွေ လာပို့တာလားလို့'တဲ့။ ဒါနဲ့ စာနာစိတ်ကြီးသူ လူငယ်တွေက သူတို့ကိုယ်တိုင် ကလေးတွေ ကိုယ်စား စားပွဲဝင်ထိုးကြ။ ကလေးတွေကို အချိန်ပိုင်းအလိုက် စာသင်ခန်း... ပို့ခဲ့ကြပါ သေးသည်။ ဖွက်အိုင်ကျယ်ကြီးထဲက ရေတွေကို ဇွန်းကလေးတွေ... ခပ်သယ်ထုတ်ရသလို ရှိလှပါတယ်လို့ သူတို့ကိုယ်တိုင် ညည်းတွားဖူး ပါသည်။ ဇွဲတော့ မလျှော့ကြသေးပါ။

●

လူမှုကွန်ရက်များတွင် စာနာစိတ်ဖြင့် မျှဝေ ပေးနေတာ တွေ့ရသည်။ ဘယ်အရပ်က ဘယ်ကလေးဟာဖြင့် ဘယ်နဘာသာ ဂုဏ်ထူးပါ၊ ကျောင်း ဆက်မတက်နိုင်ရှာ စေတနာရှင်အပေါင်း ကူညီ မိုင်းမ ပါစေ ကြောင်း။ ဖတ်မိပြီး မတတ်နိုင်သူတွေမှာ လည်း ထိုကလေးများအတွက် မချင့်မရဲ ဖြစ်။ ထိုသတင်းကို ထပ်ဆင့် မျှဝေရင်း ပညာဒါနရှင် ပေါ်လာစေကြောင်း ပူပန် ဆုတောင်းကြရုံ။

အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး တစ်ယောက် ဆေးရုံခွဲခန်းထဲမှာ သူမ... နလုံးကို ဖွင့်၍ ခွဲစိတ်တော့မည်။ ဘဝရဲ့ နောက်ဆုံး အချိန်ရောက်နိုင်သည်ဟု သူ့ကိုယ်သူ ခန့်မှန်း လိုက်သည်။ သူက လက်လှမ်းမီသမျှ ချို့တဲ့သည့် ကလေးတွေကို နှစ်စဉ် ပညာရေးစရိတ် တတ်နိုင်သမျှ ထောက်ပံ့နေသူ၊ ထောက်ပံ့ရုံ အားမရ ထိုကလေးတွေကို အိမ်ရောက်အောင် ခေါ် ပညာရေး တိုးတက်မှုကို ကိုယ်တိုင် စစ်ဆေးပေးလေ့ရှိသူ။ အိမ်မှာ ကျွေးမွေးပြီး ခြေသည်း လက်သည်းပါ ကိုယ်တိုင် ညှပ်ပေးလေ့ ရှိသူ၊ တစ်ဦးချင်းကို ဂရုတစိုက် အခက်အခဲ မှန်သမျှမေးပြီး ဖြေရှင်းပေးနေသူ၊ လိုအပ်လျှင် ကိုယ်တိုင် စာသင်ပေး အခြား လိုအပ်ချက်များကိုလည်း ဖြည့်ဆည်း ထောက်ပံ့ပေးနေသူ၊ ကျန်းမာရေးအတွက် လိုအပ်လျှင် ခင်ပွန်းဖြစ်သူ အထူးကု ဆရာဝန်ကြီးကိုယ်တိုင် ကုသ ပေးစေသူ၊ ယခု သူမ ဘဝ နောက်ဆုံးအချိန်ဟု ခံစားနေရချိန်တွင် ကျွန်တော့်ထံ ဖုန်းဆက်သည်။ ကျွန်တော်က သူမ အခြေအနေကို လှမ်းမေး သတင်းမေး။ အားပေးမယ် ကြံရှိသေး သူမက ဦးအောင် မေးသည်။

'ကလေးတွေ ပညာရေး'...တဲ့။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၈၉



“ အသက်မွေးမှု ကိုယ်စီဟာ
သူ့အတိုင်းအတာနဲ့ သူ
တင့်တယ်တယ်လို့ အတွေးကျယ်ပြန့်လာရင်
ငယ်သူတွေအတွက် ရွေးစရာများလာမယ်။
တစ်ပေါက်တည်း
စုပြုံတွန်းထိုး မတိုးရတော့ဘူး ”

## မိသားစု သီချင်း

အနောက်တိုင်းက မိသားတစ်စုဟာ အားလပ် ရက်မှာ မိသားစုလိုက် ဥရောပတစ်ခွင် ခရီးထွက် ကြပါတယ်။ ကားနဲ့ တတ်နိုင်ပေမယ့် စက်ဘီး ကိုယ်စီ စီးပြီး ထွက်ကြတာပါတဲ့။ ဘာကြောင့် ဒီလို ရွေးသလဲမေးတော့ မိသားစု လှုပ်ရှားမှုတွေ လိုချင်လို့ ဖန်တီးယူတာပါတဲ့။ (မူရင်း သူ့စကားကတော့ Family Activites လို့ သုံးပါတယ်)။ ကြုံလာမည့် စိန်ခေါ်ချက်တွေကိုလည်း မိသား တစ်စုလုံး အတူရင်ဆိုင် ဖြေရှင်းချင်လို့ပါတဲ့။ အိမ်မှာပဲ ပုံမှန်နေရင် ဒီလို စွန့်စားခန်းတွေ ကြုံမှာ မဟုတ်ဘူးတဲ့။ မိုးရွာရင်လည်း မိုးကာ ဝတ်ပြီး သွားကြတယ်။ ကြုံသမျှဟာ ဘဝမှာ အမှတ်တရတွေ အဖြစ် ကျန်တာမျိုး လိုချင်လို့ ပါသတဲ့။

ဒါကို ကြားတဲ့ ကျွန်တော်တို့ နိုင်ငံက မိခင်တစ်ဦးကတော့ ဒီလို မှတ်ချက် ချပါတယ်။ ပြဿနာများ စက်ဘီးစီးပြီး လိုက်ရှာနေရ သေးတယ်။ ငါတို့များ မိုးလင်း မျက်စိနှစ်လုံး ဖွင့်တာနဲ့ သောကပေါင်းစုံက အိပ်ရာဘေး လာနိုးတာ ညအိပ်ရာဝင်တဲ့ အထိပဲတဲ့။

ခုနက မိသားစု ခရီးမှာ ရှစ်နှစ်၊ ဆယ်နှစ် ကလေးနှစ်ယောက်ကို တစ်နေ့ ဆယ်နာရီ လောက် စက်ဘီးနင်းခိုင်းတာ အန္တရာယ်များ တယ်လို့ မှတ်ချက်ပေးတော့၊ ဟိုက ပြန်ဖြေရှင်း ပါတယ်။ ဒီလို လေ့ကျင့်ပေးမှ အခက်အခဲကို ဖြေရှင်းတတ်မယ်၊ အတွေ့အကြုံ များမယ်တဲ့။ သူတို့ကလေးတွေဟာ ဘာပဲလာလာ မလုပ် တတ် မလုပ်ရဲဘူး ဆိုတာမျိုး မရှိစေရဘူး။ လုပ်ကြည့်မယ်လေ ဆိုတာမျိုးပဲ ဖြစ်နေစေရ မယ်တဲ့။

အဲဒီ ခရီးဟာ ရက်သတ္တပတ် ဆယ့်သုံး ပတ်မျှ ကြာခဲ့ပါတယ်။ မိသားစု စွန့်စားခန်းတွေကို အလုအယက် ပြန်ပြောနေတဲ့ သူတို့ မျက်လုံးတွေဟာ နောက်ထပ် စိန်ခေါ်မှုတွေကို ပြန်ထူးဖို့ အမြဲ အသင့်ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်တွေနဲ့ လက်ပလို့ပါ။

ကျွန်တော်တို့ဆီက အမေကြီးကတော့ အေးလေ၊ သူတို့က ပြည့်စုံနေတော့ ခရီးထွက်နိုင်သေးတာကိုး။ တို့များတော့ စားဝတ်နေရေး ပညာသင်ရေးနဲ့ပဲ အသက်လုရုန်းနေရတာလို့ ညည်းညူပါတယ်။

ဒီအကြောင်းကို ကျွန်တော်တို့ဆီက အခြား ပြည့်စုံတဲ့ မိသားစုတစ်စုကို ပြောပြတဲ့အခါ အားကျတာ တွေ့ရပါတယ်။ အတန်အသင့် ကြွယ်ဝလာတဲ့ မိသားစုတွေမှာ ခင်ပွန်းသည်တွေ အပြင်မှာ အပျော်ရှာတာ၊ ခြေလှမ်းပျက်တာ စတဲ့ ပြဿနာတွေကို ကြိုကာကွယ်နိုင်မယ် လို့ တွေးမိပါသတဲ့။ ခင်ပွန်းခေါင်းထဲမှာ မိသားစု ဘဝ မထိခိုက်ဘဲ ပျော်စရာ ရှိတယ်လို့ နားလည်စေမယ်တဲ့။ တကယ်တော့ ပျော်စရာ တင်မကပါဘူး။ အိမ်ထောင်ဦးစီး တစ်ယောက်ရဲ့ မိသားစုအပေါ် ပံ့ကိုင် ထိန်းကျောင်းရတဲ့ အဓိပ္ပာယ်၊ တာဝန်ယူမှုတွေဟာ ပင်ပန်းတယ်လို့ မခံစားဘဲ၊ မိသားစုဆိုတာ ဘာမဆို အတူဆိုတဲ့ ခံစားယုံကြည်မှုမျိုး ရစေမယ်လို့ ကျွန်တော် ယူဆကြောင်း ပြောမိပါတယ်။

မပြည့်စုံ မတတ်နိုင်သူများကတော့ ဘဝဆိုတာ စားဝတ်နေရေး အတွက်ပဲ ရုန်းကန်ရင်း ပြီးသွားရမယ်။ မိသားစု အပျော်ခရီးတွေ ဖန်တီးယူတဲ့ စွန့်စားခန်း ရင်ခုန်စရာဆိုတာ တွေဟာ တို့တွေ ဘဝနဲ့ ဘာမှမဆိုင်ဘူးလို့ ခံစားကောင်း ခံစားကြမှာပါ။ ခရီးထွက်မှ ဖန်တီးယူမှုလို့ မဆိုလိုပါဘူး။ အနှစ်သာရအားဖြင့် အောင်မြင်တဲ့ မိသားစု၊ အောင်မြင်တဲ့ ဘဝ ဆိုတာကို ရှာဖွေကြည့်ရုံပါ။

ခရီးထွက်ပြီး စွန့်စားဖို့ မပြောသေးပါဘူး။ ကျွန်တော်တို့ဆီမှာ အတန်အသင့် သုံးစွဲနိုင်တဲ့ အလတ်တန်းစား မိသားစုကိုပဲ ကြည့်ကြ ရအောင်ပါ။ ညဘက် သို့မဟုတ် အိမ်မှာ လူစုံ ရှိနေပါလျက် လူကြီးတွေက တစ်ခုခုကို တောင့်တနေမယ်၊ ငယ်သူတွေက ဖုန်းကိုယ်စီ ထိုင်ပွတ်နေမယ်ဆိုတာ အိမ်အတော်များများရဲ့ မြင်ကွင်းပါ။ အဖေ အမေ တို့မှာ ပြည့်စုံအောင် ထားပေးထားတာပဲလို့ မမှတ်ယူစေချင်ပါဘူး။ လူကြီးတွေမှာ စကားလုံးနဲ့ ပြောပြဖို့ ခက်တဲ့ 'မိသားစု ဘဝတန်ဖိုး' ကို မျှော်လင့်နေတာ ရှိတတ်ပါတယ်။ ငယ်သူတွေ အပြစ်ချည်းပဲ မဟုတ်ပါဘူး။ ဖုန်းပွတ်နေတဲ့ ကလေးတွေက ပြန်ပြောတယ်၊ လူကြီးတွေ ကိုရီးယားကားပဲ ထိုင်ကြည့်နေတာကိုလည်း ပြောပါဦးတဲ့။ တချို့ မိသားစုတွေ



ကျတော့ ပြောင်းပြန်၊ ကလေးကို လူ့အသုံးအဆောင်တွေ စုံအောင် ဝယ်ပေး ထားပြီး တာဝန်ကျေပြီထင်နေတဲ့ မပြည့်စုံသော အတွေးအခေါ်တွေ ရှိနေပါသေးတယ်။

ပညာသင်ပေးတယ်၊ ပညာရေးစရိတ် လုံလောက်အောင် ရှာပေးတယ်၊ ငါတို့လိုချင်တဲ့ လိုင်းရအောင် မင်းတို့ စာကျက်၊ ဖြေကြ ဆိုရုံနဲ့ ဂိတ်ဆုံးနေတတ်ကြလို့ မပြေလည်မှုတွေ များစွာ ဖန်တီးမိသလိုလည်း ရှိနေပါတယ်။

မိဘလိုချင်တဲ့လိုင်း (အသက်မွေးမှု အတတ်ပညာ တက္ကသိုလ်တွဲ) နဲ့ ကျောင်းပြီးခဲ့တဲ့ လူလိမ္မာကလေး တစ်ယောက်ကို ကြည့်ပါ။ အိမ်မှာ မနေဘဲ အမြဲ အပြင်ထွက်ပေးဝိုင် နေတယ်။ သူ့စကားက အိမ်ဆိုတာ နေစရာမှ မကောင်းတာတဲ့။

ဘွဲ့လွန်တွေ ဆက်ယူ၊ အလုပ်ခွင်ထဲ ရာထူးကြီး၊ ဝင်ငွေကောင်းနေတဲ့ သားသမီးတွေနဲ့ ဖွဲ့စည်းထားတဲ့ အဲဒီ မိသားစုဟာ ကိုယ့်အကြောင်းပြချက်နဲ့ကိုယ် အိမ်နဲ့ အကြာကြီး ခွဲနေကြ၊ မတွေ့တာကြာလို့ ခဏတွေ့လိုက်တာနဲ့ ပြဿနာတစ်ခုခု အကြောင်းကစလိုက်မိပြီး ရှင်းမရ၊ နောက်ကို မလာရဲတော့ဘူး။ မလာ ပြန်ရင်လည်း ဖုန်းဆက်ပြီး ပြဿနာတွေကို ပြောနေပြန်တော့ မိသားစုဝင်တွေ အချင်းချင်း အပြန်အလှန် ကြောက်တဲ့ ရောဂါကြီး ဖြစ်နေတာပါတဲ့။ အဲဒီ မိသားစုဝင် တစ်ယောက်က စဉ်းစားမိသမျှ ခုလို ပြောတယ်။ အိမ်မှာက လက်ရှိ ပြဿနာကို မရှင်းဘဲ နောက်ကြောင်းတွေ ပြန်ပြန်ကောက်ပြီး ချာလပတ်လုပ်နေတာ၊ လက်ရှိ ပြဿနာကိုရှင်းတဲ့ အဆင့် ဘယ်တော့မှ မရောက်ဘူးတဲ့။ မိသားစု အရေးတင် မကပါဘူးကွာ၊ ဒီထက် ပိုကျယ်ပြန့်တဲ့ အရေးတွေမှာလည်း ဒီလိုပါပဲလို့ ကျွန်တော်လည်း ရောယောင် ညည်းညူမိပါတယ်။

မိဘတွေကလည်း ဒီလောက်ကောင်းခဲ့တဲ့ မိဘတွေကို ပစ်ထားတယ် ဆိုတဲ့ ခံစားချက် ရှိသလို သားသမီးတွေဖက်ကလည်း ပြောစရာ တွေ အများကြီးလို့ ဆိုပါတယ်။ မိဘတွေ လိုချင်တဲ့လိုင်း။ ဘွဲ့ရအောင် ယူခဲ့ပြီး ဘဝကို ဘဝင်မကျ ဖြစ်နေတဲ့ သားသမီးတွေမှာ ဘူညီတဲ့ ခံစားချက် စိတ်အနာတရတွေ ရှိတတ်ပါတယ်။ သူတို့ဟာ ကျောင်းစာ ဘစ်ခုတည်းကို အချိန်ပြည့်နီးပါး ပေးခဲ့ရတော့ သူတို့ရဲ့ ငယ်ဘဝ ဒိုင်ယာရီတွေဟာ စာကျက် ကျူရှင်တက် ဆိုတာတွေနဲ့ချည်း ပြည့်နေခဲ့တာပါ။ မိသားစု ပျော်ပွဲစား ခရီးတွေအပြင် (Childhood ခေါ်တဲ့) ကလေးဘဝ ပျောက်ဆုံးခြင်း ဆိုတာ အထိအနာ ဆုံးပါတဲ့။ ကြီးခါမှ သူများ ငယ်ဘဝတွေ နားထောင်ရင်း ငါတို့ ဆုံးရှုံးခဲ့လေခြင်းလို့ တွေးမိပြီး နာကျင်သူတွေလည်း ရှိနေသလို ဘာမှန်းမသိသော်လည်း ဘဝကို မကျေမနပ် ဖြစ်နေတဲ့ ပညာတတ် ဝင်ငွေကောင်းတွေလည်း များစွာပါ။

'အောင်မြင်မှုဆိုတာ ဘာလဲ၊ အောင်မြင်တဲ့ဘဝဆိုတာ ဘာလဲ' လို့မေးခွန်းထုတ်လာတဲ့ ဘွဲ့လွန်ရ ဝင်ငွေကောင်းတွေရဲ့ ညည်းညူသံဟာ နားထောင်ရ အခက်ဆုံးပါ။ ဂုဏ်ရှိ ဝင်ငွေကောင်းသူတွေကို မိတ္တူကူးခဲ့တော့ နောင်တနဲ့ ပြုလုပ်ထားတဲ့ သရုဖ္ဖကြီး ဆောင်း ရခက် ချွတ်ရခက်တွေလည်း တွေ့ရပါတယ်။

လောကတစ်ခု စနစ်တစ်ခုမှာ ဂုဏ်ရှိ ဝင်ငွေကောင်း အလုပ်ဟာ တစ်မျိုး နှစ်မျိုးပဲ ရှိတယ်လို့ မှတ်ယူချင် အဲဒီ တစ်ပေါက် နှစ်ပေါက်ကိုပဲ စုပြုတိုးကြရင်း အနာဂတ်ရတွေ ဖြစ်ကြ ရတယ်လို့ တွေးမိပါတယ်။

စာစု အစမှာ ဖော်ပြခဲ့တဲ့ မိသားစု (စိန်ခေါ်ချက်တွေ မှန်သမျှ အတူ ဖြေရှင်းဖို့ လေ့ကျင့်ခဲ့တဲ့ မိသားစု) မှာ ဖခင်ဖြစ်သူဟာ အထူးကုဆရာဝန်ကြီးပါ။ သူ့သမီး အထက်တန်း ကျောင်းပြီးတော့ သူနာပြုပညာ သင်မယ်ဆိုတဲ့ အခါ ကြည်ဖြူကြပါတယ်။ ဘယ်အလုပ် ဘယ်အသက်မွေးမှုဟာ နိမ့်တယ် မြင့်တယ်လို့ မခံယူကြပါဘူး။

အသက်မွေးမှု ကိုယ်စီဟာ သူ့အတိုင်း အတာနဲ့သူတင့်တယ်တယ်လို့အတွေးကျယ်ပြန့် လာရင် ငယ်သူတွေအတွက် ရွေးစရာ များလာမယ်။ တစ်ပေါက်တည်း စုပြုတွန်းထိုး မတိုးရတော့ဘူး။

ကိုယ့်ဘဝ ကိုယ် ကျေနပ်ပြီးသားပါ ဆိုသူများအတွက် အထူး ဆိုစရာ မရှိပါ။ ကိုယ့်ဘဝကို ကိုယ့်စိတ်အနာဂတ်ရနဲ့ သုံးသပ် မိနေတဲ့ သူတွေ အတွက်ပါ။ သူတို့နဲ့ ဖွဲ့စည်း ထားတဲ့ မိသားစုတွေ အတွက်ပါ။

ဘယ်အရာကတော့ မဖြစ်မနေ ဘဝတိုင်း အတွက် လိုအပ်တဲ့ ဖြည့်ဆည်းမှု ဘယ်အရာ ကတော့ မတန်မဆ စတေးခဲ့ရတာ စသဖြင့် ကြိုတင် ကွဲပြားနိုင်ကြရင် သက်သာဖွယ် ရှိပါတယ်။

ဝါးတူကလေးတွေနဲ့ အိမ်အလုတွေ လက်ဖျားခါအောင် ဆောက်ပြနေတဲ့ ဆယ်ကျော် သက်ကလေးရဲ့ လက်စွမ်းကိုကြည့်ရင်း တွေးစရာတွေ ရပါတယ်။ ကိုယ့် မိသားစုဝင်ဆိုရင် ချီးကျူး မလား။ တားမြစ်ပြီး ကျောင်းစာပဲ လုပ်ခိုင်းမလား။ ဂုဏ်ရှိတဲ့ အသက်မွေးမှုဆိုတာ အဓိပ္ပာယ် တူကြရဲ့လား။


မိသားစုဝင်တွေထဲ နားလည်မှု စံနှုန်း တန်ဖိုးတွေအပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက် တူ မတူ။

အားလပ်ရက် အပျော်ခရီးဖြစ်ဖြစ်၊ ဘဝ ခရီးဖြစ်ဖြစ် ဘယ်လိုအတူသွားမလဲ ဘယ်လို သဘောထားမလဲ။



တကယ်တော့ 'မိသားစု သီချင်း' ဟာ တစ်ဦးတည်း ဆိုရတဲ့ တေးမျိုး မဟုတ်ပါ Choir လို စုဖွဲ့သီဆိုရတဲ့ တေးမျိုးလို့ ခံယူပါတယ်။ ထိုတေးမျိုးဟာ Bass (အနိမ့်ဆုံး Alto ဆိုတဲ့ (အမြင့်သံ) တစ်မျိုး Tenor ဆိုတဲ့ ယောကျ်ားကြီး အမြင့်သံ Bariton ခေါ်တဲ့ ကြားသံတွေနဲ့ ဖွဲ့စည်းရပါတယ်။ ဒါတောင် အမျိုးသားများ စုဖွဲ့ ဆိုတဲ့ Choir ရှိပါ သေးတယ်။ အမျိုးသမီးတွေပါ ပါလာရင် Soprano? Mezzo-soprano? Contralto စတဲ့ အမျိုးအစားတွေတောင် ရှိသေးဆိုပဲ။ မတူညီတဲ့ အသံတွေကို ပြေပြစ်အောင် ညှိနှိုင်း စုဖွဲ့ဆိုရတဲ့ အမျိုးအစားပါလား။ မိသားစုသီချင်း ဆိုတာလည်း ဒီလိုပဲ ဖြစ်သင့်တယ် ခံစားမိပါတယ်။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂ အမှတ် ၉



> သမိုင်းရဲ့ သဘောကိုက
> သင်ခန်းစာယူရမယ့် ကိစ္စဆိုတော့
> အမှန်တရားကို လက်ခံရဲတဲ့ သတ္တိမျိုးလည်း
> လိုသေးတာပေါ့။
> အမျိုးဂုဏ်မောက်ဖို့ အကြောင်းတွေပဲ ရေးပြီး
> သင်မယ် ဆိုလို့လည်း မရတဲ့ . . .

## သမိုင်းကို ငြင်းဆန်ကြသူများ

ရန်ကုန်မြို့က ဒီနှစ် ၁၀ တန်းအောင် လူငယ် တစ်ယောက်ဟာ ၁၉၈၈ သမိုင်းဖြစ်ရပ်တွေ
စာတမ်းပြုစုဖို့အတွက် အဲဒီ အရေးတော်ပုံ ဆင်နွှဲပါဝင် တာဝန်ယူခဲ့တဲ့ ကျောင်းသားဟော
တွေထဲက သူသိမီသမျှ လူတွေကို လိုက်တွေ့ မေးပါသတဲ့။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာ
အတူ ဒီသမိုင်း ပြုစုချက်ကိုလည်း ရေးတင်မှာ ပါတဲ့။

ဘယ့်နှယ် ... ဒီနှစ် ရန်ကုန်တက္ကသိုလ်မှာ သမိုင်းဘာသာ အထူးပြုယူမယ့် ကျော
သား မရှိဘူးလည်း ပြောတယ်။ ဒါက ဘယ်လိုပါလိမ့်။ ဒီကျောင်းသားလေး သမိုး
ဘာသာ သင်ယူမှာက အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ် တက္ကသိုလ်မှာပါတဲ့။ ကျော
ဝင်ခွင့်အတွက် စာတမ်းပြုစုနေတာမို့ အခုလို လိုက်လံ မေးမြန်းပြုစုနေတာပါ။ သူ
၈၈ အရေးတော်ပုံ အကြောင်း ပြုစုရာမှာ တော်လှန် ပြောင်းလဲခဲ့သူ တွေဘက်က အမြ
အတွေး ပြောဆိုချက်တွေ တင်မက အဲဒီတုန်းက ငြင်းဆန် နှိပ်ကွပ်ခဲ့သူ တွေ
အာဘော်အမြင်တွေကိုလည်း လိုက်မေး ဦးမှာပါတဲ့။ ပြီးတော့ အဲဒီခေတ်ကို ဖြတ်သ
သိမီလိုက်တဲ့ သာမန် အရပ်သား ပြည်သူတွေ၊ ဝန်ထမ်းတွေကိုလည်း မေးမယ
အဲဒီအချိန်က မှတ်တမ်းတင်ခဲ့တဲ့ မီဒီယာပေါင်းစုံရဲ့ အထောက် အထားတွေကိုလည
ရှာဖွေဖို့ တက်ကြွနေပါတယ်။

ရန်ကုန်တက္ကသိုလ်မှာ ဒီနှစ် သမိုင်းမေဂျာ ယူလိုသူမရှိ ဆိုတဲ့ သတင်းက ပညာရေး
ဘန်ဖိုးထားသူတွေ အသိုင်းအဝိုင်းနဲ့ အနာဂတ် ရေးကို တွေးမျှော်သူတွေကြား လှုပ်ခါသွာ
ခဲ့ပါတယ်။ သမိုင်း အထူးပြု မယူလိုကြတာ ဘာကြောင့်လဲ မေးကြည့်တဲ့အခါ 'အဲ

(သမိုင်း) ဘွဲ့နဲ့ ဘာလုပ်စားလို့ရမှာလဲ' လို့ သူတို့က ပြန်မေးကြတာ များပါတယ်။ ကုမ္ပဏီက ကြိုက်တဲ့ ဘွဲ့မျိုး မဟုတ်ဘူး။ စာရင်းအင်း ပညာတို့၊ စီမံခန့်ခွဲမှုတို့ ဒါမှမဟုတ် Language ခေါ်တဲ့ ဘာသာစကားနဲ့ ဆိုင်တဲ့ ဘွဲ့လက်မှတ်၊ ဒီပလိုမာတွေကမှ လက်တွေ့ကျဦးမယ်တဲ့။ ဘဝ အသက်မွေးမှုအတွက် အာမခံချက် မရှိဘူးဘဲ ပြောပါတော့။

တချို့ကတော့ ဒီလို ရှင်းပြကြပါတယ်။ တက္ကသိုလ် ပညာဆိုတာ အလုပ် လုပ်စားဖို့ ဖြစ်ချင်မှ ဖြစ်မယ်၊ ဒါ ပြဿနာ မဟုတ်ပါဘူးတဲ့။ ခက်တာက သမိုင်းမေဂျာယူတော့ကော တကယ့်သမိုင်းကို အမှန်ကို သင်မှာလား ဆိုတာပါပဲ။ ဒါတောင် သင်နည်းကို မဆွေးနွေး သေးပါဘူး။

သူတို့ ဖြတ်သန်းခဲ့တဲ့ ကျောင်းစာတွေမှာ သင်တဲ့ သမိုင်းဆိုတာ အင်အားကြီး အနိုင်ရ သူတွေကပဲ အလွတ်ကျက်ခိုင်းထားတဲ့ သင်္ကြာရာဇ်ပါ ဖြစ်စဉ်တွေသာ မဖြစ်မနေ ပါဝင် ကြီးစိုးထားတာပဲ မဟုတ်ပါလား။ အဲဒါတွေဟာ မမှုတာဘူး၊ မပြည့်စုံဘူး ဆိုတာလောက်တော့ သူတို့ သိတယ်။ သမိုင်းဆိုတာ ကိုယ်ပြောချင်တာပဲ ရွေးပြော ရွေးသင်လို့ မလုံလောက်ဘူး ဆိုတာလည်း သူတို့သိတယ်။ အဲဒီလို သင်လာ ရတဲ့ အခြေခံ ပညာရေးကို မယုံတော့ အဆင့်မြင့်ပညာ (တက္ကသိုလ်) မှာ သင်မယ့် သမိုင်းဆိုတာကိုလည်း မယုံတော့ပါဘူး။

သင်နည်းဆိုပြန်တော့လည်း သူတို့ တစ်သက်လုံးက ပြဋ္ဌာန်းစာကို အလွတ်ကျက် ရတာပဲဆိုတော့ အတွေးတွေက ဒီမှာတင် လမ်းဆုံးတော့တာပါပဲ။ ကြိမ်ဖန်များစွာ ကျွန်တော်တို့ ဆွေးနွေးဖူးပါတယ်။ မြန်မာ့ သမိုင်းမှာဆိုရင်လည်း ၁၉၆၂၊ ၁၉၈၈ အာဏာ သိမ်းမှုများဟာ တိုင်းပြည်ချောက်ထဲကျရန် လက်တစ်လုံး အလို ကယ်တင်ခဲ့ရတယ် ဆိုတာချည်းပါပဲ။ ဒီအာဘော်ကနေ ဆံချည် တစ်ထောက်မျှ သွေဖည်လို့ မရပါဘူး။ ၁၉၅၈ အိမ်စောင့်အစိုးရလည်း ဒီတိုင်းပါပဲ။ သုံးကြိမ်လုံး ကယ်တင်ခဲ့ရတယ်လို့ သူတို့ ဆိုလိုချင်တာပါ။

ကျောင်းသားတစ်ယောက်က အခုလို ပြောပါတယ်။ ကိုလိုနီခေတ် မြန်မာ့သမိုင်းမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး ခေါင်းစဉ်အောက်မှာ ကျောင်းသား လှုပ်ရှားမှု သမိုင်းကို သူ အလွန်စိတ်ဝင်စား ပါတယ်တဲ့။ အထူးသဖြင့် ကျောင်းသား သပိတ်များ။ ပထမ ကျောင်းသားသပိတ်နှင့် အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ၊ အမျိုးသား ပညာရေး။ ဒုတိယ ကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့် အရေးတော်ပုံ ဆက်စပ်မှုတွေကို



စိတ်အားထက်သန် ကျက်မှတ်ပေးမယ့် စာမေးပွဲကြီးတွေကျရင် ဒါတွေကို [illegible] မမေးပါတဲ့။ နိုင်ငံရေးသမားတွေရဲ့ အားနည်းချက်များ ဥပမာ၊ ဂျီစီဘီအေ [illegible] ဒိုင်အာခီ အုပ်ချုပ်ရေးနှင့် ၉၁ ဌာန အုပ်ချုပ်ရေးတွေမှာ ရာထူးယူ [illegible] စသဖြင့် စိတ်ပျက် စရာတွေကိုသာ ပြဋ္ဌာန်း။ စာမေးပွဲမှာလည်း မေးလေ့ရှိတာမို့ [illegible] သမိုင်းဘာသာကို စိတ်အချဉ်ပေါက်လာတယ်လို့ ဆိုပါတယ်။

အဲဒီ ကျောင်းသားကို သမိုင်း ဆရာ တစ်ယောက်က အခုလို ပြောဖူးပါသတဲ့။ မင်း မြန်မာ့သမိုင်းကို တကယ်သိချင် တတ်ချင်တာလား။ ၁၀ တန်း စာမေးပွဲမှာ သမိုင်းအမှတ် ကောင်းကောင်း ရချင်တာလား။ အဲဒီ နှစ်ခု သေချာရွေးပါတဲ့။ ဆရာ ဆက်ပြောတာကတော့ သမိုင်းသိချင်ရင် အပြင်စာတွေ အပါအဝင် ရှားပါးစာအုပ်များ၊ ရှာဖွေဖတ်၊ ပါးစပ်နဲ့ ပြန်ပြောနိုင်သူများထံ ချဉ်းကပ်၊ စာနယ်ဇင်း အဟောင်းများနဲ့ စာကြည့်တိုက်ကောင်းကောင်း မှာ ဝင်မွှေပေါ့တဲ့။ ဒီလိုမှမဟုတ် စာမေးပွဲ အမှတ်ကောင်းရုံဆိုရင်တော့ ၁၉၅၈ အိမ်စောင့် အစိုးရ၊ ၁၉၆၂ အာဏာသိမ်းတာ မှန်ကန်ကြောင်း။ ဒီမိုကရေစီခေတ် မြန်မာနိုင်ငံဟာ အရပ်သား အစိုးရ အပါအဝင် နိုင်ငံရေးသမား။ နိုင်ငံရေး ပါတီများ အားနည်းမှုများကြောင့် ယိုယွင်း ပျက်စီး မကယ်မဖြစ် အခြေအနေ အဲဒါတွေကို ကျက်ဖြေရုံပဲလို့ ညွှန်ပါတယ်။

တိုင်းရင်းသားတွေဘက်က ထောက်ပြ စရာကောင်းတဲ့ သမိုင်းဆိုင်ရာ ပြဋ္ဌာန်း သင်ကြားမှုတွေ ရှိပါသေးတယ်။ ကျယ်ပြန့်လှတဲ့ ကိစ္စတွေမို့ သုတေသန အခြေခံတဲ့ ချဉ်းကပ်မှုမျိုးနဲ့ပဲ ကျောင်းသားတွေ လေ့လာခွင့် ရသင့် ပါတယ်။

သမိုင်းပညာကို တန်ဖိုးထားကြတဲ့ နိုင်ငံတိုင်းမှာ သုတေသန ပညာရေးပဲ အခြေခံတာပါ။ အခုန ဖြစ်စဉ်မှာပဲ ကြည့်ရင် အာဏာသိမ်း အဖွဲ့အစည်းကလည်း သူ့အာဘော်ကို ပြောခွင့်ရှိသလို၊ အသိမ်းခံရတဲ့ အစိုးရ ဖဆပလ၊ ပထစ စသဖြင့် အဖွဲ့အစည်းတွေရဲ့ တုံ့ပြန် ရှင်းလင်းချက်တွေကိုလည်း လေ့လာရပါမယ်။ တစ်ခါ ဒီမိုကရေစီခေတ်က အတိုက်အခံတွေ ဖြစ်တဲ့ ပမညတလို ပုဂ္ဂိုလ် အဖွဲ့အစည်းတွေရဲ့ ဝေဖန်သုံးသပ်ချက်တွေလည်း မဖြစ်မနေ ပါရဦးမှာပါ။ နောက်ထပ် ထိုစဉ်က ခေတ်ပြိုင် တိုင်းရင်းသား ခေါင်းဆောင်များ။ သတင်းစာ ဆရာများ။ သမိုင်းပညာရှင်များ သာမက သိမီလိုက်သူ အရပ်သား ပြည်သူများရဲ့ သဘောထား အာဘော်တွေကိုလည်း စုဆောင်း ရပါတယ်။ ပြီးတော့မှ လေ့လာတွေ့ရှိသမျှကို သုတေသနပြု သင်ယူကြရတာပါ။ ဒါပဲအမှန်

ဒါပဲမေးမယ်၊ ဒါပဲ ကျက်၊ ဒီအတိုင်းပဲဖြေ ဆိုတဲ့ စနစ်ကြီး ဖြတ်သန်းလာရတော့ သမိုင်းဆိုတဲ့ ပညာရပ်အပေါ် သဘောထားတွေ မကောင်း ကြတော့တာ မဆန်းပါဘူး။

နောက်တစ်ချက်က သမိုင်းပညာရှင် တစ်ယောက်ကို အဲဒီ လူ့အဖွဲ့အစည်းက ဘယ်လောက် တန်ဖိုးထားသလဲ ဆိုတာလည်း အရေးပါ ပါတယ်။ သမိုင်းပညာရှင်တင် မကပါဘူး။ ဥပဒေ၊ အတွေးအခေါ်၊ နိုင်ငံရေး သိပ္ပံ၊ ပထဝီ စတဲ့ ပညာရှင်တွေကိုလည်း ဘယ်လောက် တန်ဖိုးကြသလဲ။ ထင်ရှားတဲ့ ပညာရှင်တွေ ဒေါက်တာသန်းထွန်း၊ ဒေါက်တာ တိုးလှ၊ ဗိုလ်မှူးဘရှင် စသဖြင့် ကျွန်တော်တို့ ဂုဏ်ယူခဲ့ကြတာ မြန်တမ်းတမိပါတယ်။ ဒါပေမဲ့ လက်ချိုးရေရတဲ့ ပညာရှင် အရေအတွက်လောက်ကို ပြနေရုံနဲ့ မလုံလောက်ပါ။

ကိုယ့်မိသားစုဝင် တစ်ယောက်လောက်က သမိုင်း အဓိက မေဂျာယူမယ်ဆိုရင် ကိုယ်တွေ ဘယ်လို သဘောထားကြမလဲ။ မတတ်သာလို့ ယူလိုက်ရတဲ့ ဘွဲ့အပေါ် နှစ်သိမ့်ကျေနပ် လိုက်ရတာမျိုးကို မဆိုလိုပါ။ ပြီးခဲ့တဲ့ ခေတ် တစ်လျှောက်မှာ သမိုင်းဘာသာ ယူတယ်ဆိုရင် ရယ်သွမ်းသွေးကာ သမိုင်းဝင် ပုဂ္ဂိုလ်ဖြစ်ပြီ ဆိုပြီး နောက်ပြောင်ခံကြရတာ နာကျင်စရာပါ။

တကယ်တော့ သမိုင်းပညာရှင်ဆိုတာ ခေါ်းမိုးထားလည်း အမှန်ကို ပြောရဲသူ၊ မခိုင်လုံ မတိကျရင် ဘယ်လို ဖိအားပေးပေး မမှန်တာကို မရေးသူတွေအဖြစ် ကျွန်တော်တို့ တန်ဖိုးထားရ သူတွေ မဟုတ်ပါလား။ ရာထူးဝင်ငွေတွေနဲ့ တိုင်းတာတဲ့ တန်ဖိုးမျိုး မဟုတ်လို့လည်း ပိုလေးစား ယုံကြည်ရတာပါ။

သမိုင်းဟာ အစွဲတွေနဲ့ ချဉ်းကပ်ပြုစု လို့လည်း မရကောင်းတဲ့ အရာဆိုတော့ ကိုယ့်လူမျိုး ညံ့လို့ နိမ့်ပါးရတဲ့ ကိစ္စတွေ ဖြစ်စဉ်တွေအပေါ် ဝန်မခံချင်လို့လည်း မရပါဘူး။ သမိုင်းရဲ့သဘောကိုက သင်ခန်းစာယူရမယ့် ကိစ္စဆိုတော့ အမှန်တရားကို လက်ခံရဲတဲ့ သတ္တိမျိုးလည်း လိုသေးတာပေါ့။ အမျိုးဂုဏ် မောက်ဖို့ အကြောင်းတွေပဲ ရေးပြီး သင်မယ် ဆိုလို့လည်း မရတဲ့ အမျိုးအစားပါ။

သမိုင်းဘာသာရပ်ဆိုတာ အမှတ် နည်းသူတွေ မတတ်သာလို့ ယူရတာမျိုး ဘယ်နည်းနဲ့မှ မဖြစ်သင့်ပါ။ ကျွန်တော်တို့ နိုင်ငံရဲ့ အမျိုးသား ခေါင်းဆောင်ကိုယ်တိုင်ဟာ တက္ကသိုလ် ကျောင်းသားဘဝက ဘီအေ ကျောင်းသားဖြစ်ခဲ့ပြီး သမိုင်းဘာသာရပ်ကို သင်ချင်လို့ကို ရွေးသင်ခဲ့တဲ့ စိတ်ကြိုက် ဘာသာရပ် (Optional Subject) အဖြစ် တန်ဖိုးထားခဲ့တာကို လွမ်းဆွတ် ဂုဏ်ယူ အမှတ်ရမိပါတယ်။



လူ့သမိုင်းနဲ့ ယှဉ်လိုက်ရင် ဘာမှမကြာတဲ့ အသက်မွေးဝမ်းကျောင်း အ[illegible] ရေပန်းစားမှုတွေအောက် ဝင်ငွေ၊ ရာထူး ပေတံလောက်နဲ့ တိုင်းတာလို့ သမိုင်း[illegible] ဟာ နိမ့်ပါးရရိုးလား။

တစ်နေ့တော့ မြန်မာပြည် တက္ကသိုလ်များရဲ့ သမိုင်းဘာသာ စာသင်ခန်း[illegible] သုတေသန စာတမ်း ရင်ဝယ်ပိုက်ပြီး ကျောင်းသားတွေ ခေါင်းမော့ ဝင်လာမယ့် ခေတ်[illegible] ရောက်ရဦး မှာပေါ့။

■ ပြည်သူ့အရေးကျွန်ုပ်၊ အတွဲ ၂ အမှတ်[illegible]




> အနောက်နိုင်ငံ တက္ကသိုလ်တွေမှာ
> လှည့်ပတ် ကြည့်ရှုပြီးတဲ့အခါ
> မိမိ သင်ယူချင်တဲ့ ဘာသာရပ်အကြောင်း
> အသေးစိတ် လေ့လာဖို့ သတင်းလွှာ
> သိမှတ်စရာတွေကို ဝေငှပေးပါတယ်။
> ဘယ်ဟာကို ရွေးချယ်မလဲ ဆိုတာလည်း
> အတိုင်ပင်ခံများက
> ဆွေးနွေး အကြံပေးပါတယ်

## ပြိုင်ဘက် အစစ်က ...

၁၀ တန်းအောင်ပြီး တက္ကသိုလ်ရွေးမယ့် ကျောင်းသားတွေ စကားဝိုင်းကို နားထောင်မိပါတယ်။ ထုံးစံအတိုင်း အမှတ်မြင့်သူတွေ အတွက် အိမ်တွေက သတ်မှတ်ပြီးသားဖြစ်တဲ့ တက္ကသိုလ်ကိုယ်စီ ရွေးပြီးသား။ အလယ်အလတ် အမှတ်ပိုင်ရှင်များက ဒီနှစ် ဘယ်တက္ကသိုလ်ကဖြင့် အမှတ် ဘယ်လောက်။ သာမန် အောင်မှတ်တွေနဲ့ အောင်သူတွေကတော့ 'မီတဲ့ အမှတ်နဲ့ပေါ့ကွာ' စသဖြင့် နှစ်စဉ် တွေ့နေကျ မြင်ကွင်းတွေပါ။

များသောအားဖြင့် သာမန်အောင်သူတွေဟာ 'ဘာတက်ရမှန်း မသိဘူး' လို့သာ ငေးကြောင်ကြောင် ဖြေတတ်ကြပါတယ်။ပြီးတော့ ဘာတက်ရင် ကောင်းမလဲ အားကိုးတကြီး မေးကြပါတယ်။ အထူးသဖြင့် B.S.c , B.A တက်ကြမယ့် သူတွေဟာ မေဂျာခေါ်တဲ့ အဓိက ဘာသာရပ်တွေအကြောင်း ဘာတွေ သင်ရမယ်၊ ဘာတွေ တတ်လာမယ်။ သိလာမယ် ဆိုတာ မသဲကွဲကြသူများပါတယ်။

အဲဒီအတွက် ပညာရေးနဲ့ ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ တက္ကသိုလ် ဘယ်လို ရွေးကြသလဲ ဆိုတာ နှိုင်းယှဉ်ကြည့်ပါတယ်။ အဲဒီ နိုင်ငံတွေက တက္ကသိုလ်တွေဟာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အမှတ်ပေါ် မူတည်ပြီး ရွေးတာ မဟုတ်တော့ ကျောင်းသားတွေ အတွက် ရွေးချယ်ခွင့် ရှိတယ်ပဲ ပြောပါတော့။ တက္ကသိုလ်ကြီးများမှာ ယူနီအိုးပင်းဒေး (Uni Open Day) ဆိုတာ ရှိပါသတဲ့။ အပြင်က လူတွေ လာလေ့လာလို့ရအောင် ဖွင့်ပေးထားတဲ့နေ့ပါ။ သူတို့နိုင်ငံတွေမှာက Year 11 -12 စတဲ့ အထက်တန်း နောက်ဆုံးနှစ်တွေမှာကတည်းက ကိုယ် ဆက်တက်ချင်တဲ့ အသက်မွေးဝမ်းကျောင်း၊ Institute တွေ၊ တက္ကသိုလ်တွေကို စိတ်ထဲက ရွေးပြီးသား များပါတယ်။ အခု ယူနီအိုးပင်းဒေးမှာက ကျောင်းတစ်ခွင်လုံး လှည့်ပြတာကို ကျောင်းသားတွေက လေ့လာတဲ့ သဘောပါပဲ။

တက္ကသိုလ်တစ်ခုရဲ့အောက်မှာပဲ ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ ဝိဇ္ဇာ သိပ္ပံ ဘာသာရပ်များ၊ ဥပဒေ၊ ဘောဂဗေဒ ဘာသာရပ်များ စသဖြင့် ရှိပြီးသား ဆိုတော့ အဲဒီ ဘာသာများအတွက် စာသင်ခန်း၊ လက်တွေ့စမ်းသပ်ခန်း၊ စာကြည့်တိုက်များကို တခမ်းတနား ရှိတယ်ဆိုတာ ကျောင်းက လိုက်ပြပါတယ်။

တက္ကသိုလ်ကြီးများဟာ တစ်ခုနှင့်တစ်ခု ဗိသုကာပညာအရ ဖွဲ့စည်း တည်ဆောက်ပုံ၊ ခန်းကျင် အစိုပ် အာဝါသ ဟန်ပန်များ မတူကြပါ။ အချို့က ခေတ်မီ သစ်လွင် ဒီဇိုင်းများဖြင့် တက်ကြွ ရှင်လန်းဖွယ်၊ အချို့က တည်ငြိမ် ခန့်ထည် ဗိသုကာ လက်ရာများနဲ့ အစဉ်အလာ သမိုင်းကြီးမားမှု စသဖြင့် ရင်ခုန်စရာ ရွေးချယ်ခွင့် တွေ များပါတယ်။

ဂျပန်နိုင်ငံ အိုဆာကာ တက္ကသိုလ်ဆိုရင် နိုင်ငံတစ်ဝန်းမှာ ရှိသမျှ တက္ကသိုလ်တွေထဲ ထိပ်တန်းလည်းဖြစ်၊ ဝင်ခွင့်လည်း လွန်စွာ ခက်ခဲတဲ့ကျောင်းဖြစ်ပါသတဲ့။ ဘာကြောင့်ပါလဲ ကမ္ဘာကျော် နိုဘယ်ဆုရှင်များ အပါအဝင် သိပ္ပံပညာရှင်များစွာ၊ အသိပညာရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့တဲ့ အစွမ်းတွေကြောင့်ပါပဲ။ ကျွန်တော်တို့ ဂုဏ်ယူစရာ အနေနဲ့ မြန်မာနိုင်ငံက သွားတက်တဲ့ ကျောင်းသားတစ်ယောက် နာမည်ကိုလည်း သိပ္ပံပညာရှင် တစ်ယောက် အနေနဲ့ မွေးထုတ်ခဲ့တယ်ဆိုတာ မှတ်တမ်း တင်ခံထားရလို့ပါပဲ။ သူ့နာမည်ဟာ ကမ္ဘာကျော် ရူပဗေဒနိုဘယ်ဆုရ ပုဂ္ဂိုလ် Hideki Yukawa၊ ဆိုနီကော်ပိုရေးရှင်းရဲ့ တည်ထောင်သူ Akio Morita၊ ဆေးပညာထူးချွန်ဆု (Wolf Prize) ရ Osamu Hayaishi၊ ယနေ့ ခေတ်စားနေတဲ့ လက်(ပ်)တော့ (Laptop) နဲ့ စမတ်ဖုန်းများမှာ မရှိမဖြစ် အသုံးပြုရတဲ့ လီသီယမ် ဘက်ထရီ တီထွင်သူ Akira Yoshino တို့နှင့်အတူ မှတ်တမ်းတင်ခံရလို့ပါပဲ။

ဆိုဖီယာ တက္ကသိုလ်ဆိုရင် ဂျပန်နိုင်ငံထဲက ပုဂ္ဂလိက တက္ကသိုလ်တွေထဲမှာ ကျောင်းသား အများဆုံး ရွေးချယ်ကြတဲ့ တက္ကသိုလ်တွေထဲက တစ်ခု ဖြစ်ပါတယ်။ သူကတော့ နိုင်ငံ့ဝန်ကြီးချုပ် အပါအဝင်၊ နိုင်ငံရေး ခေါင်းဆောင် အများအပြား မွေးထုတ်ခဲ့သလို ဥပဒေ ပညာရှင်များ၊ လွှတ်တော် အမတ်များ၊ ကုလသမဂ္ဂလို အဖွဲ့အစည်းမျိုးမှာ မဟာမင်းကြီး ရာထူးနဲ့ ထမ်းဆောင်ခဲ့ကြတဲ့ အသိပညာများကိုလည်း မွေးထုတ်ခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။

အဲဒီလို ကျောင်းမျိုးတွေ ဖြစ်တဲ့ အနောက်နိုင်ငံ တက္ကသိုလ်တွေမှာ လှည့်ပတ်ကြည့်ရှုပြီးတဲ့အခါ မိမိ သင်ယူချင်တဲ့ ဘာသာရပ် အကြောင်း အသေးစိတ် လေ့လာဖို့ သတင်းလွှာ သိမှတ်စရာတွေကို ဝေငှပေးပါတယ်။ ဘယ်ဟာကို ရွေးချယ်မလဲ ဆိုတာလည်း အတိုင်ပင်ခံ များက ဆွေးနွေး အကြံပေးပါတယ်။ ဥပမာ၊ ကျောင်းပြီးတဲ့အခါ အလုပ်အကိုင် အခွင့်အလမ်း အပါအဝင် ဒီဘာသာရပ် သင်ယူပြီး သူများ ရလဒ်ဟာ ကမ္ဘာပေါ်မှာ



နံပါတ် ဘယ်လောက် ရှိတယ်၊ တက္ကသိုလ်ကြီး တစ်ခုလုံးကလည်း ကမ္ဘာ့အဆင့် ဘယ်လောက် ရှိတယ် ဆိုတာကိုပါ သိခွင့်ရမှာပါ။

ယူနီအိုးပင်းဒေး ပြီးတဲ့အခါ သင်ယူလိုတဲ့ ကျောင်းသားတွေနဲ့ သီးခြား ချိန်းဆိုကြပြီး အတိုင်ပင်ခံများနဲ့ ဆွေးနွေးခွင့် ရကြစမြဲပါ။ မြို့လယ်က ရှော့ပင်းစင်တာတွေထဲ အဲဒီ တက္ကသိုလ် လက်ကမ်းကြော်ငြာများ ဝေတဲ့အခါ ကျောင်းသား လူငယ်တွေရဲ့ မျက်လုံးများ ချက်ချင်း တောက်ပလာကြပြီး စိတ်အား ထက်သန်မှုတွေ အတိုင်းသား တွေ့ရပါတယ်။ ထိုနိုင်ငံများက ကျောင်းသားတွေဟာ တက္ကသိုလ်နဲ့ အသက်မွေးမှု ရွေးချယ်ရာမှာ ယောင်နန ဖြစ်နေတာမျိုး မရှိ။ ကိုယ်ပိုင် စဉ်းစားပြီးသားအပေါ် တက္ကသိုလ်ကြီးတွေက အချက်အလက်ပေး အကြံဉာဏ်ပေးမှုကို ယူပြီး ကိုယ်တိုင် ဆုံးဖြတ်ကြတာပါ။ တက္ကသိုလ်ဝင်တန်း အမှတ်နဲ့ စဉ်းစားရတဲ့ စနစ်မျိုး မဟုတ်ပါဘူး။

အဲဒီလို နိုင်ငံတစ်ခုမှာ ရောက်နေတဲ့ မြန်မာ ကျောင်းသား တစ်ယောက်ကို မိဘ အသိုင်းအဝိုင်းတွေက ကျွန်တော်တို့ နိုင်ငံမှာ ခေတ်စားမြဲဖြစ်တဲ့ အသက်မွေးမှု ပညာရပ်အချို့ ရွေးချယ်ခိုင်းတဲ့အခါ ခေါင်းရမ်းပါတယ်။ သူ့ရဲ့ပင်ကိုစိတ် သဘာဝနဲ့ အဲဒီ အသက်မွေးမှုတွေ မကိုက်ညီကြောင်း အချက်ကျကျ ရှင်းပြသလို လုပ်ငန်းခွင်ထဲက စိတ်ဖိစီးမှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါ အခက်အခဲ ရှိနိုင်ကြောင်း ပြောပါတယ်။ ဒါဖြင့် ဘာလုပ်ချင်လဲ၊ ဘာရွေးမှာလဲဆိုတော့ ကျောင်းဆရာမပဲ လုပ်ချင်တယ်တဲ့။ သူ့စိတ်ထဲ ကလေးတွေဆိုတာ ပျိုးပင်လေးတွေလိုပဲ။ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတွေ တဖြည်း ဖြည်း ကြီးထွားလာတာ မြင်ရတာ စိတ်ချမ်းသာ တယ် ဆိုပဲ။ ထိုနိုင်ငံများမှာ Year 12 ပြီးရင် တက္ကသိုလ်ရွေးဖို့၊ ဥပမာ အင်္ဂလန်မှာဆိုရင် အောက်စဖို့ဒ် တက္ကသိုလ်၊ အမေရိကန် ပြည်ထောင်စုမှာဆိုရင် ဟားဗဒ် တက္ကသိုလ်၊ ဩစတြေးလျမှာ ဆစ်ဒနီတက္ကသိုလ် စသဖြင့် သွားလေ့လာကြစမြဲပါ။ အချို့က ဖွံ့ဖြိုးဆဲနိုင်ငံတွေ သွားပြီး NGO တွေမှာ အလုပ်ဝင်၊ ကမ္ဘာကြီးရဲ့ လိုအပ်ချက်၊ တောင်းဆိုချက်တွေ ဘာများပါလိမ့်ဆိုတာ သဲကွဲအောင်ကြည့်ပြီး ကမ္ဘာကြီးအတွက် ကွက်လပ်ဖြည့်ဖို့ အထိ စဉ်းစားကြပါတယ်။ တချို့များ တက္ကသိုလ် ရွေးချယ်ဖို့ အချိန်ယူ လေ့လာကြတာ နှစ်ပတ် လည်အောင် ကြာတာမျိုး တွေ့ရပါတယ်။ ကျွန်တော်တို့ဆီက မိဘများ သဘောတူနိုင်ပါ့ မလား။ ဟဲ့-ဟိုဘက်အိမ်က ကောင်မလေးက နင်နဲ့ပြိုင်ဘက်လေ အလကား နေရင်း သူ တစ်တန်း ကျော်သွားမှာပေါ့ စသဖြင့် အထိတ်တလန့် တုံ့ပြန်ချက်များသာ ကြားရပါတယ်။

၁၉၇၀ လွန်နှစ်များလောက်က ထင်ပါ တယ်။ ဆရာသိန်းဖေမြင့်ရဲ့တက္ကသိုလ်မိတ်ဆက် စာအုပ်ထဲ ရန်ကုန် ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်က ရွေးချယ်စရာ ဘာသာရပ်တွေရဲ့ အကြောင်းကို သူပြိန်း နားလည်အောင်၊ နားလည်ရုံမက စိတ်ဝင်စား နှစ်ခြိုက်အောင် မိတ်ဆက် ပေးထားတဲ့ စာအုပ်ပါ။ အဲဒီထဲက ရက္ခဗေဒ ဆိုရင် ကျွန်တော်တို့ အထက်တန်း

မြန်မာစာမှာ သင်ရိုးအဖြစ် ပြဌာန်းခံရလို့ ကောင်းကောင်း မှတ်မိနေပါသေးတယ်။ ဇာတ်လိုက်လည်းကောင်း ဘာသာရပ်တွေရဲ့တန်ဖိုးတွေကိုလည်း သိခွင့်ရ လေးစားစိတ်တွေ ပေါ်ခဲ့ဖူးပါတယ်။

ကျွန်တော် ဒုတိယနှစ် သတ္တဗေဒ သင်တုန်းက သင်ခန်းစာ တစ်ခုကို အမှတ် ရပါတယ်။ မွေးလာတဲ့ ကလေးမျက်လုံး အရောင်ဟာ မိဘနှစ်ပါးရဲ့ မျက်လုံးအရောင်နဲ့ မတူလို့ ဖခင်က သံသယဝင် စွပ်စွဲချက်အပေါ် ဒီကလေးဟာ မျိုးရိုးဗီဇအရ ဒီမိဘနှစ်ပါးက မွေးတာ ဖြစ်နိုင် မဖြစ်နိုင် ဆိုတာကို ဆန်းစစ် အဖြေရှာရတဲ့ လက်တွေ့ သင်ခန်းစာပါ။ ဖြေရှင်းပုံတွေ မမှတ်မိတော့ပေမယ့် ဒီဖခင်ရဲ့ကလေး ဖြစ်နိုင်တယ်ဆိုတာ အဖြေထုတ်ခဲ့ပြီး ကျွန်တော်တို့ ကျောင်းသားတွေ ပျော်ရွှင်ခဲ့ ရကြောင်းတော့ ကောင်းကောင်း မှတ်မိ နေပါတယ်။

ဘဝမှာ ကိုယ့်အတွက် ပြိုင်ဘက်ဆိုတာ အိမ်နားက အတန်းထဲက သူငယ်ချင်းမဟုတ်။ ကမ္ဘာကြီးကို စိန်ခေါ်ခြိမ်းခြောက်နေတဲ့ အရာများသာ ကိုယ့်ပြိုင်ဘက် ဖြစ်တယ်လို့ ခံယူတဲ့ မျိုးဆက်သစ်များအတွက် တက္ကသိုလ် မိတ်ဆက် စာအုပ်ကောင်းကောင်း များများရှိရင် 'ရော့ - အင့်' ဆိုကာ ညွှန်းချင်စမ်းပါဘိ။

■ ပြည်သူ့အရေးဂျာနယ်၊ အတွဲ ၂၊ အမှတ် ၉၂



> ပြည်သူတို့အတွက် နေ့စဉ် ကြေးမုံပြင်တွင်
> ဝိုစတာဆန်သော ကြေးကြော်သံတွေ
> နေရာဝိုယူလာသည်။
> ပြည်သူကလေး ကြေးမုံခင် နောက်ဆုတ်ရပြန်ပြီ။
> အာဏာသိမ်းအစိုးရ ဘုန်းတော်ဘွဲ့ တီးလုံးတွေ
> ကျယ်လောင်လာသည်။
> အရပ်သူကလေး ကြေးမုံခင်၏
> စပ်စု မှတ်ချက်သံတွေ တိုးတိတ်ရပြန်ပြီ

## ကြေးမုံခင် ပျောက်ဆုံးခြင်း

ကြေးမုံခင်ဟု ဆိုသည်နှင့် သူ့ကို မြင်ဖူး၊ သိမီဖူး သူတိုင်း မျက်လုံးထဲ တန်းပေါ်လာမည်။ မိန်းမလှတစ်ယောက် ဆံပင် ဒီဇိုင်းက နဖူးပေါ်ချလျက် အဆန်း။ ထိုခေတ်က မိန်းမပျိုများ ကြေးမုံခင် ဆံပင်ပုံတောင် လိုက်ညှပ်ကြသေး။ အံ့သြစရာ တွေ့တိုင်း သူ ပြောနေကျ 'နမူနာပါပဲ ရှင်' ဟူသော စကားကိုလည်း အရပ်ထဲမှာ အတုယူ ပြောလိုက်ကြသေး။

သူက ရုပ်ရှင်မင်းသမီးလားဆိုတော့လည်း မဟုတ်။ အဆိုတော် စသဖြင့် ကျော်ကြားသည့် အနုပညာရှင်လည်း မဟုတ်။ အရပ်ထဲက သာမန်သူလို ကိုယ်လို အရပ်သူ တစ်ယောက်မျှသာ။ ဒါဖြင့် ဘာလို့ သူ့ကို ထိုခေတ်က လူတိုင်း သိရပါသလဲ။ နှစ်သက်ခင်မင်ကြရပါသလဲ။

●

ကျွန်တော်တို့ စာဖတ်တတ်စ၊ ကျောင်းနေစမှာပင် သူ့ကို ရင်းနှီးနေပြီ။ မနက်ခင်း သတင်းစာ အိမ်ရောက်လာသည်နှင့် တစ်ပတ်တစ်ခါမျှတော့ အတူ တွေ့နေရပြီ။ ကြေးမုံသတင်းစာထဲ သူက တစ်နေရာပါနေကျ။ ကြေးမုံသတင်းစာဖြစ်၍ ကာတွန်း ဦးအောင်ရှိန်က ဖန်တီး မွေးထုတ်လိုက်သည့် ဇာတ်ကောင်ဖြစ်လင့်ကစား အနုပညာ မှော်အစွမ်းကြောင့် တကယ့် သက်ရှိ လူတစ်ယောက်လို စာဖတ်သူတွေ စိတ်ထဲ ထင်နေပြီ။ ဆိုခဲ့သည့်အတိုင်း ကြေးမုံခင်မှာ အရပ်ထဲက သာမန် မိန်းမပျို ဖြစ်သည့်အလျောက် အရပ်စကားပဲပြော၊ အရပ်သူလေးတစ်ယောက်လို တွေးကြံခဲ့ရသူ ဖြစ်ပါသည်။

နိုင်ငံရေးတရားတစ်ပိုင်းတစ်စမျှ ဟောခဲ့သူ မဟုတ်ပါ။ ဟောဖို့ နေနေသာသာ သူ၏ ခွတီးခွကျ အတွေး။ အမေးတွေက ရံဖန်ရံခါ ရယ်စရာပင် ဖြစ်နေသေး။ ဒါကိုပဲ သာမန်ပြည်သူတွေက ချစ်ရ၊ သဘောတွေ့ရ ဖြစ်နေခဲ့သည်ထင့်။

သူက နေ့စဉ် ဘဝစားဝတ်နေရေး အကြောင်းတွေလည်း ပြောသည်၊ မေးသည်၊ ဖြေကြည့်သည်။ ခေတ်အလျောက်ပေါ်ပင် အကြောင်းအရာတွေကိုလည်း သာမန်အရပ်သူ တစ်ယောက် ဉာဏ်ဖြင့် ဝင်စဉ်းစား၊ ဝေဖန်သည့်အခါ ဝေဖန်သည်။ ခေတ်ကြီးထဲက အလွဲအချော်များ၊ ကိုးယိုးကားရား ဖြစ်ရပ်များ တွေ့လျှင် သူ့လက်သုံးစကား ဖြစ်သည့် 'နမူနာပါပဲ ရှင်' ဟု ရေရွတ်လျက် ဩဘာပေးမြဲ။

ထိုခေတ်၏ အားနည်းချက်တစ်ခု ဖြစ်သော ကုန်ပစ္စည်း ရှားပါးမှုကို သူက မကြာခဏ ခပ်ငေါ့ငေါ့ သော့လေ့ရှိသလို၊ ကာလပေါ် ဖြစ်ပျက်ခြင်းရာတွေကိုလည်း စပ်စု မှတ်ချက်ပေးသေးသည်။ အကြောင်းအရာတွေက ကြီးကျယ်လှချည့် မဆိုနိုင်သော်လည်း နေ့စဉ် သူ့စကားတွေကို လူတွေ အမှတ်ထင်ထင် ရှိကြမြဲ။

ဘာကြောင့် လူတွေ သူ့ကို ဖွဲ့လမ်းအားပေးကြသလဲဟု ကျွန်တော် တွေးမိသည်။ သတင်းစာကြီးတစ်စောင်ပေါ် သူက သာမန်ပြည်သူတွေ ကိုယ်စား စပ်စုပေး၊ မေးခွန်းထုတ်ပေး၊ ဘဝင်မကျစရာတွေလည်း မသက်မသာ ရေရွတ်ပေးနေသကို။

မနက်ဈေးသွားတိုင်း အိမ်ရှင်မတိုင်း ကြုံနေရသည့် ကုန်ဈေးနှုန်းကြီးမှု၊ အခြေခံစားကုန် ရှားပါးမှု ပြဿနာများကို ပြည်သူ့ကိုယ်စား ညည်းတွားပေးနေသကို။ တစ်နည်းပြောရလျှင် မီးဖိုချောင်ထဲက အသံသတင်းစာပေါ် ထုတ်ပေးနေသည်ကို။

နေ့စဉ် လူမှုဘဝတွေထဲ အဆန်းတစ်ခု၊ အငြင်းပွားဖယ် တစ်မျိုး ပေါ်လာပြီဆိုလျှင် ထိုခေတ်က လူတွေမှာ ယခုခေတ်လို လူမှုကွန်ရက် ဖေ့စ်ဘုတ် (facebook) တွေထဲ ငြင်းခုံ မှတ်ချက်ပြုခွင့်ရသည် မဟုတ်ပါ။ နီးစပ်ရာချင်းပြောလျက် ကြေးမုံခင် ဘယ်လို ဝေဖန်မည် သို့မဟုတ် ဘယ်လို ခွတီးခွကျ တုံ့ပြန်မည်ဆိုတာ စောင့်ဖတ်ကြရသည်။ ကြေးမုံခင်ထံမှလည်း အများစု ပြောချင်သည့် စကားသာ ထွက်လာကြစမြဲမို့ ဘဝင်ကျမဆုံးကြ။ ကျေနပ်ကြပေမပေါ့... ကြေးမုံခင်က အားလုံးကိုယ်စား၊ အားလုံး ကြားအောင် ပြောပေးနိုင်သည်ကို။ ရာနှုန်းပြည့် မကိုက်ညီသည့်တိုင် အတော် နီးစပ်သည့် ခံစားချက်ကို ဖော်ပြပေးနိုင်သည်မို့ လူတွေ သူ့ကို ခင်မင်အားကိုးကြသည်ဟုလည်း ကျွန်တော် ယူဆပါသည်။ ဧည့်ခန်းထဲ၊ အိမ်ခန်းထဲက အသံများကို အထိုက်အလျောက် ကိုယ်စားပြုခဲ့သည်ဟု ဆိုချင်ပါသည်။

သူ့စကားတွေက မိန့်ကြားချက် မဟုတ်သလို၊ မိန့်ခွန်းလေတွေ မပါပါ။ ကြိုက်တာ တွေ့ခိုက် ထောက်ခံလိုက်၊ မနှစ်မြို့လျှင် ကန့်ကွက်ချင်သည့် ရိုးရိုး ပြည်သူတစ်ယောက်၏ ပွင့်လင်းမှုမျှသာ။ ဒါသည်ကပင် အစိုးရအာဘော်တွေ ပြွတ်သိပ်လျက် မွန်းကျပ်နေသော သတင်းစာစောင်အတွက် အသက်ရှူပေါက် ဖြစ်ခဲ့ပါသည်။

ထိုအချိန်က သတင်းစာများတွင် လူထုအော်သံကဏ္ဍ ရှိပါသေးသည်။ မကျေနပ်မှုများအတွက် တာဝန်ခံ တိုင်ကြားသည့် စာမျက်နှာဖြစ်ပါသည်။ တိုင်စာတွေ တန်းစီပါ



တတ်သော်လည်း ကြေးမုံခင် တစ်ခွန်း လေအေးအေးဖြင့် မေးခွန်းဝင်ထုတ်တာ လောက် အရသာ မတွေ့ပါ။ ကဏ္ဍနှစ်ခု သဘာဝချင်းလည်း မတူတာ ပါပါလိမ့်မည်။

သူသည် စံပြဇာတ်ကောင် မဟုတ်သည့်အလျောက် သဘာဝကျကျ အားနည်းချက် ရှိသော ဇာတ်ကောင်လည်း ဖြစ်ပါသည်။ ဟင်းကောင်းကျွေးသည့် အလှူကို ရွေးချင်သော မလေ့၊ ထင်ရှားပေါ်လွင်ချင်သော လူသားဉာဉ်၊ ငှက်စာလည်း ကျွေး ငှက်ကြော်လည်း ကြိုက်တတ်သည့် လူ့သဘာဝမျိုး သူ့မှာ အပြည့်ရှိကြောင်း ကြေးမုံခင်ကလေးက မကြာခဏ ပြသ ဝန်ခံလေ့ ရှိပါသည်။ လူတွေကလည်း ဒါကိုပင် သဘာဝကျကျ ငါတို့လို လူထဲက လူဟု မှတ်ယူ ချစ်ခင်ကြသလား တွေးမိပါသည်။

●


နောက်ပိုင်းတွင်တော့ တစ်ပါတီစနစ် ထုံးစံအတိုင်း သတင်းစာထဲတွင် အစိုးရ အာဘော်တွေချည်း ဖြစ်လာ၊ အာဏာရှင်ဘုန်းတော်ဘွဲ့နှင့် အစည်းအဝေးဓာတ်ပုံတွေချည်း ပြည့်လာတော့ ကြေးမုံခင်တစ်ယောက် အိမ်ဧည့်ခန်းတွေ အလည်လာကျဲသွားသည်။

ပြည်သူတို့အတွက် နေ့စဉ် ကြေးမုံပြင်တွင် ပိုစတာဆန်သော ကြွေးကြော်သံတွေ နေရာပိုယူလာသည်။ ပြည်သူ့ကလေး ကြေးမုံခင် နောက်ဆုတ်ရပြန်ပြီ။

အာဏာသိမ်းအစိုးရ ဘုန်းတော်ဘွဲ့ တီးလုံးတွေ ကျယ်လောင်လာသည်။ အရပ်သူကလေး ကြေးမုံခင်၏ စပ်စု မှတ်ချက်သံတွေ တိုးတိတ်ရပြန်ပြီ။ သို့နှင့် အဆုံးတစ်နေ့တွင်ကား ပြည်သူချစ်သော ကြေးမုံခင်လေးတစ်ယောက် ဝမ်းနည်းဖွယ် ပျောက်ချင်းမလှ ပျောက်ခဲ့ရတော့သည်။

■

**တကြွင်း–[ကျွန်တော်ကလေးဘဝက အိမ်နီးချင်း ကာတွန်း(ဦး)အောင်ရှိန်အိမ်မှာ မျောက်ရှုံးအောင်ဆော့ခဲ့သမျှသည်းခံရုံမက ကာတွန်းရုပ်တွေဆွဲပြပြီး ကျွန်တော်တို့ကို ချော့မြူခဲ့တဲ့ ကျေးဇူးများကို သတိတရ]**



❛ လူထု၏ နစ်နာမှု တောင်းဆိုချက်များ ဖော်ကျူးခဲ့ကြသည်တွင် စင်ပေါ်မှ ဆင်းသည်နှင့် လက်ထိပ်ခတ် ခေါ်ဆောင်သွားရာ လိုက်ခဲ့ရသော သံချပ်အသင်း များစွာရှိခဲ့ပါသည်။ မင်္ဂလာဒုံရေကြည်အိုင် စစ်ကြောရေးစခန်း အချုပ်ခန်းနံရံများတွင် သံချပ်အသင်းများ၏ နာမည်များစွာကို တန်းစီရေးထိုး ကမ္ပည်းတင်ခဲ့သည်မှာ သက်သေအခိုင်အမာ။ ၁၉၈၈ အထိ ရှိခဲ့ပါသည် ❜

## ငယ်ချစ်ဆွေနှင့် နွေညများ

ငယ်စဉ်က ချစ်ခင်စွဲလန်းရဖူးသူကို ယခုအချိန်တွင် ညှိုးငယ်သော ဘဝအဖြစ် ပြန်မြင်ရသည်မှာ မချိတင်ဘဲ ရှိလှပါသည်။

သူ၏ တစ်ချိန်က တင့်တယ်သောအလှ၊ ဝင့်ထယ်သော ဘဝကို ပြန်မြင်ချင်သေးသည်။ ဖြတ်သန်းမှုအရ ရင့်ကျက် တည်ငြိမ်သော ရုပ်သွင်ကို ကျက်သရေရှိရှိ တွေ့ချင်စမ်းပါဘိ။ လွှန်ဆွဲပွဲတစ်ခု၊ အဖြူရောင်ဘက်က ပိန်ညောင်ညောင် တစ်ဦးတည်း။ အမည်းရောင်ဘက်ကမူ ဝလ တောင်းတင်း လူများစွာ။ ဒိုင်လူကြီး လုပ်သူက လက်မှာ ကြက်ကြောက်အိတ်ကိုဆွဲလျက်။ (ကြက်ကြောက်အိတ် ဆိုသည်မှာ ထိုခေတ်အပေါ် လူကြီးများ ကိုင်သည့်အိတ်။ မြို့မှ လူကြီးများ ကိုင်သည့်အိတ်။ မြို့မှ လူကြီးများ ရပ်ရွာထဲ ထိုအိတ်ဆွဲဝင်လာပြီဆိုလျှင် ရိုက်သတ် ချက်ကျွေးခံရတော့မှာမို့ ကြက်တွေ ကြောက်လန့် ပြေးလွှား ပုန်းအောင်းရတာ သရော်ရင်း ကြက်ကြောက်အိတ် ဖြစ်လာ။)

ဒိုင်လူကြီးက ဝစီမှုတ် ပွဲစပြီ။ အမည်းရောင်ဘက်က သိသိသာသာ အနိုင်ရမည့်ပုံ ပေါ်သည်နှင့် ဒိုင်လူကြီးက ပွဲကိုရပ် ပြန်စခိုင်း။ နောက်တစ်ကြိမ် လည်း အမည်းဘက်ကပဲ အားသာနေ။ ပြန်ရပ်ခိုင်း။ ပြန်စခိုင်း။ အဖြူဘက်က ဘယ်လိုနည်းနဲ့မှ မနိုင် ရှုံးမယ်ဆိုတာ သေချာမှန်းသိလျှင် ဒိုင်လူကြီး ကိုယ်တိုင်က အဖြူဘက်မှဝင်ဆွဲ အမည်းတွေကို ကန်ချလိုက်ပြီး အနိုင်ယူလိုက်တော့၏။

မဆလခေါ် တစ်ပါတီအာဏာရှင်ခေတ်က သကြီနံသံချပ် သရုပ်ဖော်မြင်ကွင်းတစ်ခု ဖြစ်ပါသည်။ တစ်ပါတီ အာဏာရှင် စနစ်ပီပီ ရွေးကောက်ပွဲ ဆိုသည်မှာ သူတို့ ချပေးသော ကိုယ်စားလှယ်လောင်းကို ကြိုက်လျှင် ထောက်ခံ အဖြူရောင်ပုံး၊ မကြိုက်လျှင် ကန့်ကွက် အမည်းရောင်ပုံး ဆိုသည့်တိုင် လက်တွေ့တွင် အခက်အခဲ ရှိပါသည်။

ထောက်ခံဝင်ပေမယ့် အမည်းရောင် ကန့်ကွက်ပုံးကျတော့ လက်လှမ်းမမှီရာမှာ သွားပြီး မရမက ကန့်ကွက်မဲထည့်မည်ဆိုပြန်တော့လည်း အမည်းရောင်ပုံး အဝက

မဲတစ်ပြားမဝင်နိုင်အောင် မည်သို့မည်ပုံ အထူး စီမံပြုလုပ်ထားသည်မသိ။ မဲဆန္ဒရှင် ပြည်သူများခမျာ ဒိုင်ကိုယ်တိုင် ညစ်နေမှန်းသိလျက် မသက်မသာ ခံစားနေရသော ရွေးကောက်ပွဲများအကြောင်း၊ သကြိန်သံချပ် သရုပ်ဖော် ကကွက်၊ ပြကွက်အဖြစ် အထက်ပါ သရုပ်ပြကွက် တင်ဆက်ခဲ့ခြင်း ဖြစ်ပါသည်။

●

နောက်ထပ် သကြိန်သံချပ် အသင်းသားတစ်ခု၏ သရုပ်ပြကွက်တစ်ခုကိုလည်း ကြည့်ပါဦး။ အကဲဖြတ် ဒိုင်များနှင့် အထူးဧည့်သည်များ နေရာမှ ကြည့်လျှင် ဇာတ်စင်အနောက်ဘက်မှ တက်လာသော ရင်ဖုံးအကျီ ပိုးတောင်ရှည်ပုဆိုး၊ မောင့်ကျက်သရေ ခေါင်းပေါင်းနှင့် အကျအန လူတစ်ယောက်ကို တွေ့ရမည်။ သူက လက်အုပ်ချီလျက် မျက်နှာထားတည်တည်။ ဇာတ်စင်နောက်ဘက်မှ ပရိသတ်များက တဝေါဝေါရယ်နေကြသည်။ ဘေးဝဲယာ နှစ်ဖက်နှင့် စင်ရှေ့မှ လူများက နားမလည်နိုင်ကြ။ မောင့်ကျက်သရေကြီး စင်ရှေ့တိုးလာသည်နှင့်အမျှ ဝဲယာနှစ်ဖက်မှ ဝေါခနဲ ရယ်မောကြ။ ကာယကံရှင် ကိုယ်တိုင် ဘာကြောင့် ရယ်နေကြမှန်း နားမလည်သည့်ဟန်ဖြင့် ဘေးနှစ်ဖက်သို့ မျက်နှာ လှည့်ကြည့် ဘာရယ်ကြတာလဲ အဓိပ္ပာယ်ဖြင့် အသံတိတ် မျက်နှာအမူအရာဖြင့်သာ ပြန်မေး။

ပရိသတ်ကား တသောသောရယ်ဆဲ။ ရှေ့တည့်တည့်မှ အကဲဖြတ် အထူးဧည့်သည်များ နားမလည်နိုင်။ စင်ပေါ်မှ ဝတ်ကောင်းစားလှ လူကြီးမင်း သည်းမခံနိုင်တော့သည့်အဆုံး သူ့မျက်နှာက ခင်ဗျားတို့ ဒီလောက်တောင် လှောင်ပြောင်နေကြရင် မကတော့ဘူး ပြန်တော့မယ်ဟု အမူအရာဖြင့် ပြန်လှည့်ဆင်းကာမှ သူ့နောက်ကြောတစ်ပြင်လုံး အဝတ်ဗလာခါးတောင် မြှောင်အောင်ကျိုက် တင်ပါး ကျောပြင် အိုးမည်း သုတ်ထားတာ မြင်ကြရသည်။ ဆိုရှယ်လစ် လူ့ဘောင်သို့ မြန်မာ့နည်း မြန်မာဟန်ဖြင့် အောင်မြင်စွာ ချီတက်နေသည်ဆိုသော ထိုခေတ်စနစ်ကြီး တစ်ခုလုံး၏ သရုပ်တစ်ခုလုံးကို စကားတစ်လုံးမျှ မသုံးဘဲ ထိုသို့ တင်ဆက်နိုင်ခဲ့ပါသည်။

၁၉၆၂ မတိုင်မီ ဒီမိုကရေစီ ခေတ်တုန်းက လွတ်လပ်ခွင့်နှင့်အတူ သံချပ်သရုပ်ပြများမှာ လူထုဘဝ သောကမပြေလည်မှုများကို အပီအပြင် သရုပ်ဖော်နိုင်ခဲ့သည်။ ပြည်သူ့ဟာစ်တိုင် တစ်မျိုးဟုလည်း ယုံကြည်ခဲ့ကြသည်။ ၁၉၆၂ အာဏာသိမ်းပြီးနောက် ၁၉၇၀ နှောင်းပိုင်း သံချပ်များအပေါ် တင်းကျပ်လာပြီး အထူးသဖြင့် ပြည်တွင်း ငြိမ်းချမ်းရေး တောင်းဆိုသော သံချပ်စာသား သရုပ်ပြ ဂီတများကို အနိုင်အထက် နှိပ်ကွပ်လာသည်မှာ ရန်ကုန်တောင်ကြီး မဖျက်သိမ်းခင်ထိ သံချပ်သမားများ၏ သကြိန်အတွင်း ဖမ်းဆီးချုပ်နှောင်ထားရာ ဖြစ်ခဲ့သေးသည်။ ကျွန်တော်တို့ ကောင်းစွာ သိမှီလိုက်သော ၁၉၇၄ နောက်ပိုင်း မဆလခေတ်တွင်မူ ပိုမို တင်းကျပ်သည့်အနေဖြင့် သံချပ်များကို စိစစ်ရေး ခွင့်ပြုမှ ထွက်ရသည့်ဘဝ ရောက်လာသည်။ သံချပ်သမားများအား အရှုံးမပေး။ မင်းနီတွေ ရဲပတောင်းထနေသော သံချပ်များကို တိုင်ရင်းဖောက်ရင်း ပထမ ခေါင်းဆောင်ကို ဆွဲသွား။ ဒုတိယ ခေါင်းဆောင်ကဆက်တိုင်။ ဒုတိယ ခေါင်းဆောင်ကို ထပ်ဖမ်းပြန်တော့



တတိယ ခေါင်းဆောင်က သံချပ်ဆက်ထိုး။ တစ်သင်းလုံး မျိုးပြုတ်မှသာ ရပ်တော့သည့် သံချပ်စာသားများကို တင်းကျပ်လွန်းသည့်အဆုံး ကြိုတင် ဆင်ဆာဖြတ်ထားသော သရုပ်ပြကွက်များဖြင့် တရားမျှတမှု တောင်းဆိုတိုက်ပွဲများ ဆက်ခဲ့ကြသည်။ ဒီ ဆောင်းပါး အစတွင် ဖော်ပြခဲ့သော သရုပ်ပြနမူနာများ အပါအဝင် လူထု၏ နစ်နာမှု တောင်းဆိုချက်များ ဖော်ကျူးခဲ့ကြသည်တွင် စင်ပေါ်မှ ဆင်းသည်နှင့် လက်ထိပ်ခတ် ခေါ်ဆောင်သွားရာ လိုက်ခဲ့ရသော သံချပ်အသင်း များစွာ ရှိခဲ့ပါသည်။ မင်္ဂလာဒုံစေကြည်အိုင် စစ်ကြောရေးစခန်း အချုပ်ခန်းနံရံများတွင် သံချပ်အသင်းများ၏ နာမည်များစွာကို တန်းစီရေးထိုး ကမ္ပည်းတင်ခဲ့သည်မှာ သက်သေအခိုင်အမာ။ ၁၉၈၈ အထိ ရှိခဲ့ပါသည်။

၁၉၈၈ အာဏာသိမ်းပြီး ၁၉၈၉ သကြိန်တွင်လည်း အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရုံးရှေ့တွင် ပြည်သူ့ဟာစ်တိုင် ခေါ်ဆိုနိုင်သည့် ရင်ဖွင့်သံများ သကြိန်ဒိုးသံ သံချပ်သံများ ဝေစီခဲ့ပါသည်။ မတရားဖိနှိပ်မှုကို ခြောက်လုံးပြူး ဗုံသံများ၊ ယကွင်းသံများဖြင့် အန်တုခဲ့ကြသေးသည်။ ဖြစ်လာသည့် အကျိုးဆက်အဖြစ် နှိပ်ကွပ်မှုများ ကိုလည်း ရဲရဲ ရင်ဆိုင်ပြခဲ့ကြသည်။


●

၂၀၁၂ နိုင်ငံရေး အကျဉ်းသားများ ပြန်လွတ်လာပြီး သံချပ်ယဉ်ကျေးမှု တစ်ခေတ်ဆန်းရန် ပြည်သူ့အသံ ဟာစ်တိုင်များ စိုက်ထူရန် အားထုတ်ခဲ့ပါသေးသည်။ ဇွဲသတ္တိကောင်းကောင်း ဖြင့် လက်ခံကျင်းပပေးမည့် မဏ္ဍပ်ရှားပါဘိ။ သံချပ်အသင်း ကားများအား ထောက်ပံ့ ပေးမည့်သူများလည်း ခဲယဉ်းပါသည်။ နွမ်းပါးသော ဆင်ယင်မှုဖြင့် မပြည့်မစုံ ထွက်ခဲ့ကြ သံချပ်ထိုးခဲ့ကြသည်။ မဏ္ဍပ်မရှိသည့်အဆုံး လမ်းဘေးမြေပိုင်းအသွင် လူထုရင်ခွင်ထဲ အရောက် ကိုယ်စားအသံ ရင်ဖွင့်သံများ ထုတ်ခဲ့ကြသည်မှာ ကျွန်တော်တို့ ငယ်ဘဝက ခွဲလန်းခဲ့ဖူးသည့် ချစ်မြတ်နိုးသူအား ညှိုးငယ်သော အသွင်ဖြင့် မြင်ရသည့်နယ် မချိတင်ကဲ ခံစားရပါသည်။

တစ်ချိန်က တင့်တယ်သောအလှ၊ ဝင့်ထည်သော ဘဝကို ပြန်မြင်ချင်သေးသည်။ ယခု ပြည်သူ့အစိုးရက သံချပ်များကို အားပေးမည်၊ စိစစ်ရေး မရှိ တင်ဆက်နိုင်ကြပြီဟု ပြည်သူ၏ မူလအခွင့်အရေးကို တလေးတစား အသိအမှတ်ပြုနေပြီ။ စိစစ်ရေး ဆင်ဆာဆိုသည်မှာ ကိုယ်စီဉာဏ်ပညာ အမြော်အမြင်ပဲဟု နားလည်ပါသည်။ အားလုံး၏ စုပေါင်းအားကို မျှော်လင့်တောင့်တ မိပါသည်။

ငယ်ချစ်ဆွေနှင့် နွေညများ အလှသစ်ဖြင့် တင့်ပါစေ။ ■

**(တစ်ချိန်က ကျယ်ပြောတဲ့ ဇာတ်ခုံ၊ ပရိသတ်ကလည်း ထိုင်ခုံနဲ့ မဏ္ဍပ်မှ အကျအနခင်းကျင်း၊ သကြိန်သံချပ်ပွဲခင်းများ၏ ခမ်းနားသော မြင်ကွင်းများနှင့် ယခုမှ နလန်ထအားယူ အများပြည်သူနှင့် သက်ဆိုင်သော မြေကွက်တွေ မရှိတော့ မြေပိုင်းကနေရတဲ့ဘဝ နှိုင်းယှဉ်ကြည့်ရင်း အတွေးစများပါ)**



❝ အိပ်မက်ထဲမှာ အဖေ ကြိုးညှိပြီး
ဘိုးတံ တင်ထိုးရမယ့် တယောကြိုးလား။
မဟုတ်ပါဘူး၊ ဖော်ကွာဝေးရ
လောကရဲ့ ထောင့်ကွေး တစ်နေရာက
အဖော်မဲ့ သားအတွက်
ဖခင်တစ်ယောက်ရဲ့
မေတ္တာတယောကြိုး ညှိတာပေါ့ ❞

## တယောကြိုးညှိခြင်း

အဖေ့အသက် ၈၇ နှစ်။ မနေ့က ကောက်ကာငင်ကာ ဖျားပါတယ်။ ကိုယ်အပူချိန် ၁၀၅။ အိပ်ရာပေါ်က မနိုင်မနင်း တွဲထူရ၊ ဆရာဝန် ပြေးပင့်ရ သောကတွေကြား ဆေးထိုးမှားဖူးတဲ့ အဖေက ဆေးထိုးဖို့ငြင်း။ ဆရာဝန်မလေးက ဖျောင်းဖျနေတုန်း ဒီမတိုင်ခင် တစ်ရက် အဖေပြောတဲ့ စကား ကျွန်တော့်ရင်ကို အရှိန်နဲ့ ဝင်ဆောင့်ပါတယ်။

'သား အထဲမှာတုန်းက ရေးခဲ့တဲ့ သီချင်း ရှိသေးလား' တဲ့။ ကျွန်တော် ချက်ချင်း မှတ်မိပါရဲ့။ အဘိုးရယ်၊ အဖေရယ်၊ ကျွန်တော်ရယ် သုံးယောက်အကြောင်းပါ။

အဖေ ဆေးကုခံနေတာကြည့် ရင်း ...

•

နေစောင်းရင် ရွှေမောင်းသံနဲ့အတူ ဝင်ဒါမီယာ အသံလွှင့်ရုံက သတင်း ကြေညာတဲ့ ခေတ်တုန်းကပါ။ ရန်ကုန်မှာ ကျွန်တော့် အဖေက အပျော်တမ်း တယောဆရာ။ တောမြို့လေးနေ ကျွန်တော့် အဘိုးထံ ကြေးနန်းစာ ပို့ပါတယ်။

အကြောင်းအရာကတော့ သား မောင်တို့အဖွဲ့ အသံလွှင့် ဖျော်ဖြေရန် ရှိတဲ့အတွက် အဖေ စောင့်နားထောင်ရန်ပါတဲ့။ ကြေးနန်းစာ (အဲဒီခေတ် အခေါ် သံကြိုးစာ) ဖတ်ပြီး

တာနဲ့ အဘိုးဟာ နေမစောင်းခင် ရွှေမောင်းသံနဲ့ သတင်းကြေညာသလို အိမ်တကာကို လှည့်ပြီးတော့ အသိပေးပါတော့တယ်။

အဲဒီအချိန်ကလည်း လူတွေ အတွက် ဖျော်ဖြေရေးဆိုတာ ရေဒီယို တစ်မျိုးပဲ ရှိတာမို့ ဒီကိစ္စဟာ အဖေတို့ တောမြို့လေးအတွက်တော့ သူတို့ မြို့သား တစ်ယောက်ရဲ့ အစွမ်းအစ၊ သူတို့အတွက် ရင်ခုန် စရာလို့ မှတ်ယူလိုဟန် ရှိပါတယ်။ အဲဒီတုန်းက အသံသွင်းထားပြီး လွှင့်ရတာ မဟုတ်ဘဲ တိုက်ရိုက် ထုတ်လွှင့်ရတာ ဆိုတော့ အမှား အယွင်း အတိမ်းအစောင်းမခံ၊ စွန့်စားခန်းလည်း ဆန်တာပေါ့။ အဘိုးဟာ သူ့အိမ်က ရေဒီယိုဂရမ်ကြီးကို အကျအနပြင်သလို ပရိသတ်တွေအတွက် ဝဝလင်လင် ကျွေးချင် ပါသတဲ့။

ရေဒီယို ရှားတဲ့ ခေတ်မဟုတ်လား။ ဘိုးဘိုးကို အားနာကြလို့လား။ ဒါမှ မဟုတ် ကောက်ညှင်းပေါင်းနဲ့ ငါး ကြော်နံ့ကပဲ မွှေးလို့လား။ တစ်ရပ် လုံးမှာ ရှိသမျှ ဘုစုခရုမကျန် အရွယ် သုံးပါးလုံး ဘိုးဘိုးရဲ့အိမ် ရုံတော် မဂ်လာမှာ နေရာဦးထားကြပါပြီ။

အသံလွှင့်ရုံထဲ ရောက်နေတဲ့ အဖေဟာ ရင်ထဲမှာ သူ့ရှေ့က ပတ်စာ စမ်းနေတဲ့ ဖုံတွေရဲ့မျက်နှာပြင်လို တတုံတုံ ခုန်နေပါသတဲ့။ အဲဒီအချိန် မှာ ဘိုးဘိုးဟာလည်း အရေး အကြောင်းဆို အသံဝင်လွယ်တဲ့ သူ့ ရေဒီယို ဂရမ်ကြီး လူစုံရှေ့ အရှက် မကွဲရအောင် တယုတယနဲ့ ဖုန်သုတ် ပေးနေပါသတဲ့။ (အမှန်က စက်ကို စစ်ဆေးပြင်ဆင်ရမှာ သူ့ခမျာ မြင်မှ မပြင်တတ်တာ)

ဆန်းစသော်တာလေးက ထွက် ပြူစ အိမ်ပေါ်မှာ ဆက်ရက်အုပ် အိပ်တန်းတက်သလို ဆူနေတဲ့အသံတွေ ကို ဘိုးဘိုးက ဟောသလို တားပါ တယ်။

'တိတ်ကြဟေ့ တိတ်ကြဟ၊ ကြေညာပြီ၊ ငါ့သားတို့ အသံလွှင့်တော့မယ်ကွ'



တစ်ခါမှ အသံ မလွှင့်ဖူးတဲ့ အဖေ့ လက်တွေဟာလည်း ရေဒီယို လိုင်း ညှိနေတဲ့ ဘိုးဘိုးလက်တွေလိုပဲ တုန်နေခဲ့တာပေါ့။ အဲဒီခေတ်ရဲ့နည်း ပညာ အားနည်းမှု၊ ရေဒီယို တေရှင်တွေရဲ့ ခရီးဝေး ထုတ်လွှင့်နိုင်စွမ်း ချို့ငဲ့မှုတွေကြောင့် အသံက တိုး တစ်ခါ ကျယ်တစ်လှည့်။

'တိတ်ကြဟေ့ လာပြီတဲ့'

မြို့ကလေးရဲ့ ခေါင်မိုးပေါ် တရွေ့ရွေ့ ကုတ်တွယ်တက်လာတဲ့ လဝန်းနဲ့အတူ အဖေ့ ဘေးသံဟာ ရေဒီယို ဂရမ်ထဲက ထွက်လာပါပြီ။ ဘိုးဘိုးမျက်နှာမှာလည်း လရောင် တစ်ခြမ်းဟပ်လို့ ကြည်နူးခြင်းက တစ်ဝက်၊ အမှောင်တစ်ခြမ်းဘက် မျက်နှာမှာတော့ အသံပျောက်သွားမှာကို စိုးရိမ်ခြင်းက တစ်ဖက်။

အဘွားကတော့ ဘိုးဘိုးကို 'ပိုရန်ကော' လို့ မေးငေါ့လျက်။

အားနာပါးနာ စိတ်ဝင်စားရတဲ့ သောတရှင် အပေါင်းဟာ သီချင်းကို အမိဖမ်းနေ တုန်းမှာ အသံဟာ တိုးဝင်နိမ့်ကျသွားပါရော။ ဘိုးဘိုးခမျာ ရေဒီယို မျက်နှာစာကို နားရွက် ကပ်ကာ မျက်လုံးလေး မှေးလျက် မရမက မချင့်မရဲ နားထောင်ရှာပါတယ်။ ဘိုးဘိုးရဲ့ အဖြစ်သည်းပုံကို ဘေးက လူတွေ လက်ကုတ်ပြီး သနားရမလို၊ လှောင်ရမလို။

•

အဲဒီလို ဘိုးဘိုးတို့ သားအဖနှစ်ယောက်ရဲ့ ချစ်ခြင်းဖွဲ့ အကြောင်း လသာတစ်ညမှာ ဇာဂနာကိုကျွန်တော် ပြန်ပြောပြတဲ့အခါ သူလည်း သူ့ အဖေ့ကို သတိရ သက်ပြင်း ချပါတယ်။ ကျွန်တော်က အဲဒီ အကြောင်းကို သီချင်းစပ်ချင်တယ်။ ဘယ်လို စပ်ရမှန်းလည်း မသိ။ ကိုဇာဂနာက ကျွန်တော့်ကို ငါးပိကြော်ဘူးကို တူရိယာလုပ်နည်း သင်ပေးပါရော။

ဘယ်နေရာမှာ အပေါက်ဖောက်၊ သားရေကွင်း ရှစ်ကွင်းကို ဘယ်လိုတပ်၊ ကြိုး ဘယ်လိုညှိစသည်ဖြင့်ပေါ့။ ပြီးတော့ ကျွန်တော် စပ်တဲ့ သီချင်းရဲ့နုတ် (Notes) ဘယ်လို ရေးရမယ် ဆိုတာကိုပါ အခန်းနံရံတွေ ကျော်အောင်ပြီး သင်ပြ ပေးတယ်။

ကျွန်တော်က စကားလုံး သံစဉ် ရွေး။ ပြီးတော့ အင်္ဂတေကြမ်းပေါ် အုတ်ခဲကျိုးနဲ့ ချရေး။ တဖြည်းဖြည်း ရုပ်လုံးပေါ်လာပါတယ်။ ပြီးတော့ နံရံမှာ ဆူးချွန်နဲ့ ခြစ်ပြီး တေးမှတ်ထားရတယ်။

●

ကိုဇာဂနာ အချိန်တန်လို့ အိမ်ပြန်ရတဲ့ အခါ ကျွန်တော့် သီချင်းလည်း အဖေ့ လက် ရောက်ပါတယ်။ ဒါပေမဲ့ကျွန်တော် Note ရေးတာ Bar ခွဲတာ မကျွမ်းတော့ အတီး သမားတွေ အတော် အခက်တွေ့တယ်။ အဲဒီမှာ အဖေက သူ့ညီ ကိုတင်အောင်သန်း ('မိုးယံမှသည် ချစ်သူဆီသို့' သီချင်းရေးသူ) ကို ခေါ်ပြီး 'မင်းတူလက်ရာကို မင်း ကြည့် လုပ်ပါဦး' ဆိုပြီး အကူအညီ တောင်းရပါတယ်။ ဒီလိုနဲ့ ကျွန်တော့် သီချင်းကို ကျွန်တော် မရှိချိန် အိမ်မှာ အခွေကြမ်းတော့ ဆိုဖြစ်ကြတာပေါ့။

လူမစုံတဲ့ မိသားစု ထမင်းပွဲ အကြောင်း အပါအဝင် ကျွန်တော့် သီချင်းတွေအတွက် အဖေဟာ နှစ် ပေါင်းများစွာ သံယောဇဉ်ဖြတ် စွန့်ပယ်ခဲ့ရတဲ့ တယောနဲ့ ဘိုးတံကို လက်တုန်တုန်နဲ့ လှမ်းဆွဲယူလိုက် ရပါသတဲ့။

●

ကိုဇာဂနာက ပြန်ပြောပြတယ်။

ကျွန်တော့်အိမ် သူ သွားအားပေးတော့ အဖေဟာ လာသမျှ ဧည့်သည်တွေကို မှန်ပဲ၊ သရေစာအစား ကျွန်တော့် သီချင်းခွေ ဖွင့်ပြ ဧည့်ခံပါသတဲ့။



သူကိုယ်တိုင် အတွက်လည်း ကျွန်တော့် သီချင်းဖွင့်ပြီးမှ အိပ်ရာ ဝင်တယ်တဲ့။

ကျွန်တော် သီချင်းနဲ့ အဖေ အိပ်ပျော်တယ်။

အိပ်မက်ထဲမှာ အဖေ ကြိုးညှိပြီး ဘိုးတံ တင်ထိုးရမယ့် တယောကြီးလား မဟုတ်ပါဘူး။ ဖော်ကွာဝေးရ လောကရဲ့ထောင့်ကွေး တစ်နေရာက အဖော်မဲ့ သားအတွက် ဖခင်တစ်ယောက်ရဲ့ မေတ္တာတယောကြီး ညှိတာပေါ့။

■ သရဖူ မဂ္ဂဇင်း။ ဇွန်လ၊ ၂၀၁၆



ရှေ့က စေတနာရှင်ကို မမြင်မသိဖူးသလို
နောက်က နောက်ခံမည့် ခရီးသည်ကိုလည်း
အသွေးအရောင် အယူတူမတူ
မှန်းဆရနိုင်သည့်အရာ မဟုတ်ပါ။
သို့ပါလျက်
သူတို့ ကြည်ဖြူ စွာနှန်၍ လှူခဲ့ကြပါသည်

# တို့ဘိုးဘွားတွေရဲ့ပုံတူ

ယောမြို့က ပြန်ခဲ့တယ်။ 'ယောပြန်ဆရာ ဘယ်သူဘယ်ဝါ'တဲ့။ 'ဧည့်သည်ကို ချစ်ခင်လျှင် ဖျာနှင့်ခွာမရ အထခက်အောင် ကျိုးစယ်တတ်တယ်'တဲ့။ ကြားဖူးနားဝတွေက ခရီးသွားအတွက်တော့ ကျိုးလန့်သလို ရှိနိုင်ပါသည်။

ယောနယ်သည် ထင်သလောက် ဂမ္ဘီရမဆန်ပါ။ ခေတ်အလျောက် ပြောင်းနေသော ဖက်ရှင်ရေစီးကြောင်းနောက် ယောနယ်က လိုက်ပါမသွား။ အားလုံးနီးပါးသော မိန်းမပျို ငယ်ရွယ်လတ်ကြီးတို့မှာ ရိုးရာအတိုင်းသာ ဝတ်ဆင်လျက် အလုပ်ခွင် စာသင်မပျက်။ နေ့စဉ်ဘဝထဲ ရှိနေပါသည်။ ဒီလိုဆိုလို့ ခေတ်ကို မျက်ခြည်ပြတ် ကျန်ခဲ့ပြီဟုတော့ မမှတ်စေလိုပါ။ သူတို့က ဉာဏ်ပညာကို တန်ဖိုးထား။ စာပေကို နှစ်လိုသူများ။

ဂန့်ဂေါ်ဆိုလျှင် နိုင်ငံ့ဝန်ထမ်းများအတွက် ရှားပါးစရိတ်၊ လမ်းပန်းဝေးလံ၍ အပိုဆောင်း ပေးရသော ဒေသဖြစ်သည့်တိုင် အင်တာနက်တော့ မိပါသည်။ အင်တာနက် ဆိုသော ပြတင်းမှ အလင်းရောင်ဖြင့် ပြင်ပကမ္ဘာကို သူတို့ ရှုမြင်သုံးသပ်သည်။ ပြတင်းမှ ဝင်လာသော အဆိပ်အတောက်ဆန်သည့် အရာများကိုတော့ သန့်စင် ဖယ်ရှားနိုင်စွမ်းသူများ ဖြစ်နေဆဲပါ။

စာပေဟောပြောပွဲစချိန်မှာ မိုးသဲကြီးမဲကြီး ရွာသည်။ ပွဲပျက်ပြီဟု စိတ်ဒုန်းဒုန်းချပြီးကာမှ မိုးတိတ်ရာတွင် ပွဲခင်းအလယ် ငုတ်တုတ်ကြီးတွေ ထိုင်နေသော ပရိသတ်ကို တွေ့ရပါတော့သည်။

ပွဲစီစဉ်သူများက နောက်တစ်နေ့ ပြန်ချိန်းမယ်။ ဘုန်းကြီးကျောင်း။ ဓမ္မာရုံ၊ အမိုးအကာရှိတဲ့ နေရာ နေ့ဘက် ပြန်လုပ်ပေးမယ်ဆိုတာလည်း မရ။ 'နေ့ဘက်ဆို မအားဘူး။ အခုလိုလည်း မသေချာဘူး။ အခုသာပွဲစ တစ်ညလုံး နားထောင်မယ်'တဲ့။

ဒါနှင့်ပင် နားထောင်ရဲရင် ပောာရဲရမယ် မှတ်ယူကာ သန်းခေါင်တိုင်သည်အထိ အချီအချ ညီခဲ့ကြပါသည်။

ဒုတိယအကြိမ်မှာတော့ ယောနယ် ဆောမြို့သို့ရောက်ခဲ့ပြန်သည်။ ထိုဒေသတစ်လျှောက် ကျွန်တော် စွဲလမ်းမိသော အချက်မှာ အနေရိုး၊ အစားရိုးခြင်း ဟူသော အလုပေါ်တွင် ရှေးမြန်မာတို့၏ စိတ်ထားသင်္ကေတတစ်ခုကို ဒီနေ့အထိ ထိန်းသိမ်းထားနိုင်ခြင်းဟူသည့် တစ်ပွင့်ပန်းဖြင့် အယဉ်ဆင့်ပြခြင်းပင် ဖြစ်ပါသည်။ ရှေးက ကျွန်တော်တို့ ဘိုးဘေးများသည် ခရီးသွားများထံမှ တည်းခိုစရာ အခကြေးငွေယူသည့် စီးပွား မလုပ်သလို ရေလည်း ရောင်းမစားခဲ့ကြပါ။ စာပေများတွင် ဖတ်ဖူးသည့် ဘေးပတ်ဝန်းကျင်က သမိုင်းကြောင်းကြီးသော နိုင်ငံများတွင် ထမင်းဆိုင်၊ ဟင်းဆိုင်နှင့် တွဲလျက်ဖြစ်စေ၊ သီးခြားဖြစ်စေ Inn ဟု ခေါ်နိုင်မည့် နားနေ ကွန်းခိုရာများလို အခကြေးငွေဖြင့် ငှားရမ်းခြင်းမျိုး မြန်မာ့သမိုင်းတွင် မရှိခဲ့ပါ။

ယောနယ်အနှံ့ ဇရပ်အိုတွေက ခရီးသွားများအပေါ် မြန်မာတို့၏ စိတ်ရင်းကို ပြခဲ့သလို ဇရပ်သစ်တွေဖြင့်လည်း ပြနေဆဲ။ မည်ကာမတ္တမဟုတ်။ အခုချိန်အထိ ခရီးသွားများ။ ဧည့် သည်များ တည်းခိုခွင့် အခမဲ့ရနေဆဲ။ ရေအိုးစင်တွေကလည်း ဇရပ်တိုင်းတွင်သာမက အရိပ်ကောင်းရှိရာ သစ်ပင်အခြေများတွင် ရေကြည်အေးနှင့် ဧည့်ခံမြဲ။ ကမ္ဘာတစ်လွှားမှာ မိုတယ်၊ အင်း၊ ဧည့်ရိပ်သာစီးပွားရှာမှုတွေ တွင်ကျယ်လာပေမယ့် ယောနယ်ကတော့ မြန်မာ့ စိတ်ရင်းကိုဇရပ်၊ ရေအိုးစင်တွေဖြင့် သက်သေထူဆဲ။......... လောင်းရှည်တဲ့။

ကုန်းဘောင်ခေတ်နှောင်းမှာ ဘုရင့်မယ်တော်စားတဲ့မြို့၊ မြင်ကွန်း၊ မြင်းခုန်တိုင်အရေးမှာ ဘုရင့်သစ္စာရှိ ဘက်တော်သားအဖြစ် ဓားချက်များ ထင်ကျန်ခဲ့သူစားတဲ့မြို့။

ပြီးတော့ ရာဇဝင်ထဲ အစိမ်းသက်သက်၊ ပေကပ်နေခဲ့တဲ့မြို့။ ကုန်းဘောင်ပဲလား မေးတော့ ပုဂံခေတ် လက်ရာ အုတ်ဂူစေတီတွေ။ ဒေဒီ ၁၁ ရာစု အုတ်ခွက်ဆင်းတုတွေ ထုတ်ပြတဲ့မြို့။ ပုဂံခေတ်က စစ်သားထောင်ချီစုပေးရတဲ့ ထောင်ပြုမြို့။ လောင်းလှေတွေ ရှေ့တဲ့ အရပ်မို့ လောင်းရှေ့။ အဲဒီကနေ ရွေ့တော့ လောင်းရှည်လို့ ခေါ်တဲ့မြို့။ ငှက်ခါးတောင်လိုက်ကာကို တွန်းအဖွင့်မှာ ပန်းချီပြခန်းလို တခမ်းတနားကြီး သွေးဆောင်ပုံက ရောင်စုံကားချပ်တွေ တန်းစီ ချိတ်ဆက်ထားသလို တချို့နေရာတွေမှာ ပုဂံမြို့ဟောင်း ပြန်ရောက်သလား ထင်ရ။

ပန်းချီ ...တစ်ချပ် ဆွဲချင်လျက်။
ကဗျာ...တစ်ပိုဒ် စပ်ချင်လျက်။
အက်ဆေး...တစ်ပုဒ် ရေးချင်လျက်။
လေ့ကားရင်း ဖိနပ်ချွတ်မှာတင် ရပ်ငေးမဝတဲ့မြို့။



မှတ်စုကြမ်းကို ချရေးလျက်မှ ကျွန်တော် ရောက်နေရာမြို့ကလေးကို ငေးမောမိသည်။ သီပေါမင်းရဲ့ မယ်တော် လောင်းရှည်မိဖုရား။ နန်းတွင်း အရေးတော်ပုံက ရခဲ့တဲ့ ဓားချက်နဲ့ ထင်ရှားတဲ့ လောင်းရှည်စားမင်းကြီး စသဖြင့် ကျွန်တော်တို့ မှတ်မိရဲ့လောင်းရှည်။ အခု ပြန်တွေ့ရတော့ ရာဇဝင်ခေတ်ဟောင်းထဲ ပြန်ရောက်သွားသည့်နှယ်။

●

တောတောင်တွေကို မှီပြီး စပါးကြီးသည်းခြေ ဝံသည်းခြေ ကျားစွယ်ကျားရေ ပျားရည်တွေ ထွက်ခဲ့တဲ့မြို့။ အခုတော့ တောတွေ ပြုန်းချိန်မှာ မီရိုးဖလာတောင်ယာနှင့် လယ်လုပ် အသက်ဆက်နေရတဲ့မြို့။ ရှေးဟောင်းဘုရားတွေဆီ စိန်ပန်းနီတွေက ထီးမိုးလို့၊ အနီးဆုံး ဆောမြို့နှင့် ၁၂ မိုင်အကွာ ကားလမ်းပေါက်တာ မကြာသေး။ စိုက်ပျိုးရေး အခြေခံကို သစ်ဝါးအလုပ်နှင့် ရုံထားရသည့် သူတို့အတွက် သဘာဝက မျက်နှာသာပေးသည်တော့ မဟုတ်ပါ။

တောင်ကျချောင်းရေဒဏ်စိုက်ခင်းတွေ နစ်စဉ်ခံရ ဒီတာတမံ၊ ဒီချောင်းတွေကို ဒီလက်ချောင်း။ ဒီလက်မောင်း တွေနဲ့ပဲ ခြေကန်ဆယ်ရဦးမှာပေါ့။ ချောင်းရေထဲ နေကုန်စိမ်တော့ အကြောတွေဆိုင်း ခါးတွေကိုင်းလည်း ခဲခဲကိုက်ကိုက် ထရုန်းလိုက်ပဲ ငိုက်လဲမခံတဲ့ ယောနယ်အလဲ။ လမ်းတစ်လျှောက် ဇရပ်နှင့် ရေအိုးစင်တွေ မကြာခဏ တွေ့နေ၍ မစိပ်လွန်းဘူးလားဟုမေးရာ ဒေသခံတစ်ဦးက

'ဒါတော့ ကျွန်တော်တို့က ကားနဲ့သွားလို့ ဒီလိုမြင်တွေးမိတာကိုး။ ဟိုတုန်းကလှည်းနဲ့သွားကြ၊ လမ်းလျှောက်သွား ကြရတာ အထုပ်အပိုးတွေနဲ့ဆိုတော့ မောတိုင်းနားဖို့ လိုတာကိုး' တဲ့။ ထိုဇရပ်ရေချမ်းစင်များမှာ အခုထိလည်း အသက်ဝင် အဖိုးတန်နေမြဲပါ။ ခရီးပန်းလူသားတွေရဲ့ အားကိုးတကြီး ခြေလှမ်းတွေကို လက်ကမ်းကြိုနေမြဲ။

'အရင်ဒီနယ်တစ်ကြောက ဇရပ်တွေမှာ လူတွေနားခိုရင်း ချက်ပြုတ်စားဖို့ အိုးခွက်ပန်းကန်တွေပါ ထားပေးခဲ့ ကြတယ်' ဟု ဒေသခံရှေ့မီနောက်မီတစ်ဦးက အတိတ်ကို လွမ်းရင်းပြောပြသည်။ ကျွန်တော့်မျက်စိထဲ မန်ကျည်းရိပ်၊ ထနောင်းရိပ်များတွင် လှည်းတံပိုးတွေချွတ်ကြ၊ နွားတွေကို အနားပေး အစာကျွေး၊ ရေတိုက်ရင်း မီးခိုးတလူလူ ချက်ပြုတ်စားနားနေခဲ့ကြသည့် ရှေးကဘိုးဘွားခရီးသွားများကို မြင်ကြည့်မိပါသည်။

'ခရီးသည်တွေကလည်း အဲဒီစိတ်စေတနာကို အားကျမခံ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ငါးခြောက်ငါးခြမ်း အစ ကိုယ့်မှာပိုနေရင် နောက်လူတွေအတွက် ထားခဲ့ကြပြန်တယ်' ဟူ၍ သူက ဆက်ရှင်းပြပါသေးသည်။

ရှေ့လူထားခဲ့သော အိုးခွက်များဖြင့် ချက်ပြုတ်စားကြသူများက ဒါတွေတွေဟာ ရုပ်ဝတ္ထု အိုးခွက်တွေသာ မကပါလား စိတ်စေတနာ အစဉ်အလာကောင်းတွေပဲဟု ခံစားကာ 'ငါ့မှာပိုတဲ့ ရိက္ခာကိုလည်း သူ့လို သဒ္ဓါနဲ့ ထားခဲ့မယ်' ဟု တွေးမိကြဟန်တူပါသည်။

ရှေ့က စေတနာရှင်ကို မမြင်မသိဖူးသလို နောက်က နောက်ခံမည့် ခရီးသည်ကိုလည်း အသွေးအရောင် အယူတူမတူ မှန်းဆရနိုင်သည့်အရ မဟုတ်ပါ။ သို့ပါလျက် သူတို့ ကြည်ဖြူစွာနဲ့ ထားခဲ့မယ်' ဟု တွေးမိကြဟန်တူပါသည်။

ရှေ့က စေတနာရှင်ကို မမြင်မသိဖူးသလို နောက်က နောက်ခံမည့် ခရီးသည်ကိုလည်း အသွေးအရောင် အယူတူမတူ မှန်းဆရနိုင်သည့်အရ မဟုတ်ပါ။ သို့ပါလျက် သူတို့ ကြည်ဖြူ စွန့်၍ လှူခဲ့ကြပါသည်။

ထိုခေတ်က ခရီးသွားများမှာ ကုန်ရောင်းသူ အများစုပင် ဖြစ်သည့် အလျောက် နောက်လူမှာ ရောင်းကုန်တူ ပြိုင်ဘက်လည်း ဖြစ်နိုင်သည်ကို မစဉ်းစားမိဘဲနေမည်မဟုတ်။ စီးပွားပြိုင်ဘက်ဖြစ်ကာမှ ဖြစ်စေ ခရီးသွားချင်းအတူ ချမ်းသာပါစေဟူသော မေတ္တာသာ အရင်းခံခဲ့ကြပါသည်။

ဩော် ... ကျွန်တော်တို့ ဘိုးဘေးများ။ ရင်အုပ်ကြီးတွေ ကျယ်ပုံပါပေ့။

●

ရှေးလူကြီးများအပေါ် စက်မှုနှင့် နည်းပညာ ချို့ငဲ့ရန်ကောဟု ကျွန်တော်တို့ ပြီးမြင်ခဲ့ကြ ရဖူးပါသည်။ အခုတော့ ဒီလိုတွေးမိပါသည်။ ခုနေခါများ ကမ္ဘာလှည့်ခရီးသွားတွေက မင်းတို့ ဘိုးဘေးတွေအကြောင်း ပြောစမ်းပါဆိုလျှင် ဖုန်ထူ နေမပူ လမ်းအိုထက်မှာ ရေချမ်းစင်ကို ပခုံးထမ်းနေသည့် ဇရပ်ထိုထိုဟာ တို့ဘိုးဘွားတွေပါပဲကွယ်ဟု ညွှန်ပြ လိုက်ချင်စမ်းပါဘိ။

■ ၂၂-၅-၂၀၁၆ ကြေးမုံသတင်းစာ



" ထူပေ့ ထူပေ့၊
တို့အလံတော် လာပြီပေ့၊ အားလုံးထွက်ကြပေ့"
အသံချဲ့စက်များထက် စွမ်းအား ပိုသော
ရင်ခေါင်းသံကြီးဖြင့် ရပ်မိရပ်ဖတစ်ဦးက
ဟစ်အော် နှိုးဆော်လျက်။
ကျောင်းသူလေး တစ်ဦးလက်သို့
အလံကို နှင်းဆက်သည်။ ထွက်ကြပြီ။ ချီကြပြီ။
သူတို့ အားလုံးကိုယ်စီ ကြောက်စိတ်ကို
လိုက်ရှာသည်။ ရှီးတွင်းခြင်ဆီ
သွေးတစ်စက် စီမှာတောင် မရှိတော့ "

## အလံတစ်လက် ထူလွှင့်ခြင်း

ညလုံးပေါက် ဆွဲခဲ့သည့် ပိုစတာပုံတွေကြား သူအညောင်း ဆန့်လိုက်သည်။ အေးစက်နေသော လက်ဖက်ရည်ခွက်ကိုမော့ရင်း ဝန်းကျင်ကို စူးစမ်းလိုက်၏။ လှိုဏ်ဂူကဲ့အလုပ်ရုံမှန်းသိရောထင့်။ ခွေးကလေး။ ကြောင်ကလေးတွေကအစ ငြိမ်ကုပ်လျက်၊ ကလေးတွေကလည်း အသံမထွက်ဝံ့၊ မဟာစွန့်စားခန်းကို မလွတ်တမ်းအားပေးရန် ဇည့်ခန်းထဲ ချောင်းကြည့်နေကြသည်။ သူ ... တစ်စုံတစ်ရာကို သတိရပြီး အထိတ်တလန့် ရေရွတ်လိုက်၏။

'အရေးကြီးတာ ရပြီလား'

'ဘာလဲ'

'အလံလေ၊ မရှိမဖြစ် အလံပေါ့'

သူ့စကားကြောင့် အိမ်ရှင်လူကြီး မျက်မှောင်ကြုတ်သွားသည်။ ထမင်းကြော်ပန်းကန်ယူလာလျက် တီးတိုးမေး၏။

'ဘာအလံလဲ၊ မြို့ထဲက အလံဆိုင်မှာ ဝယ်လိုက်လေ'

'ဟင့်အင်း၊ လိုနေတာက ဆိုင်မှာမရှိတဲ့ အလံမျိုး'

'ဘာအလံမို့လို့လဲ'

•

လွန်ခဲ့သော ရက်ပိုင်းက ရပ်ကွက်ထဲ သစ်ပင်ကြီးတွေ၊ ဂိုဒေါင်နံရံတွေမှာ လှုံ့ဆော်စာတွေ၊ ပိုစတာတွေ ညဘက် လူအလစ်မှာ ကပ်ခဲ့ကြသေးသည်။

မနက်လင်းလို့ လူတွေအုံ၊ တစ်ယောက်တစ်ပေါက် ဖတ်နေတုန်းရှိသေး လူတစ်စုရောက်လာ ပိုစတာတွေကို ဆွဲဖြုတ်ပြီး ကြည့်နေသူတွေကို မာန်မဲတော့ အားလုံးထိ ခဲ့

သွားကြ။ ထိုသူက စကားပြောစက်ထုတ် 'အဘ ... အဘနဲ့ သတင်းပို့တော့ အားလုံး ထွက်ပြေး' သူတွေးရင်း ရင်လေးလာသည်။

ဒီတစ်ခါ အကြံမအောင်မီတော့ အဲဒီလို တပ်ဦးအပြုံမခံနိုင်။ ဘာလုပ်ရပဲ့။ ကင်းတွေ ချထားဖို့ တောင်းပန်ခဲ့သည်။ အရပ်သားတွေက ဆန္ဒအလျောက် စာရင်းပေး စောင့်ရှောက်ကြမည်လို့ ကတိပေးကြသည်။ မိုးရေရွှဲရွှဲ ဗိုက်ကလည်းဆာ၊ သူတို့အတွက် တော်တော်မတော်တော် ရှိသမျှအဝတ်တွ ထုတ်လဲပေး။ ထမင်းဟင်းအိုးတွေ ချကျွေး။ ခွဲမှပေးရုံ တမယ်။

'အိမ်ကို လွှမ်းလိုက်တာ အမေ့ကို သတိရတယ်' ဟု လွှတ်ခနဲ တမ်းတမိတော့ 'အိမ်မပြန်ဖြစ်တာ ဘယ်လောက်ကြာပြီလဲ' ဟု မေးကြသည်။

'ဒါလည်း မင်းအိမ်ပေါ့ကွာ၊ တစ်ပြည်လုံးက မင်းတို့အိမ်ပေါ့၊ မင်းတို့ မိသားစုတွေပဲပေါ့၊ ငါတို့ သားသမီး အရင်းလို စောင့်ရှောက်နေတာ မလုံလောက်လို့လား' ဟု မေးရင်း လက်ဖဝါးကြမ်းကြမ်း ကြီးများဖြင့် သူတို့ ကျောပြင်များကို ညင်သာပုတ်ရင်း မေးသည်တွင် မငိုမိအောင် ထိန်းခဲ့ ရ၏။

တစ်အိမ် ဟင်းတစ်ခွက် ပုန်းဝှက်သယ်လာရင်း ညအိပ်ဖို့ စောင်၊ ခေါင်းအုံးတွေ လောက်ရဲ့လား ဝိုင်းမေးကြ၊ မောင်နှမတွေပဲ မိန်းကလေး ယောကျ်ားလေး ခွဲခြားမနေအား ဘူးဆိုကာ အိမ်ရှေ့ကြမ်းမှာ လဲလျောင်းလိုက် ထပြီး ပိုစတာတွေ ဆွဲလိုက်။ လွန်ခဲ့သော ညများက ဒီမနက်ခင်းကို ပြန်အားပေးနေသည်သို့။

●

ဒီရက်မှာ ချီတက်မယ်ဆိုကတည်းက သတိရပေမယ့် လက်ဝယ်ပိုင်ပိုင် မရှိသေး။ ဘယ်သူမှလည်း အသင့်ချုပ်ပြီးသား လာပေးမှာမဟုတ်။

'ကိုယ့်ဟာကိုယ် ချုပ်ရုံပဲပေါ့' တစ်ဖက်ခြံမှ လူကြီးတစ်ဦး တံခါးကို တွန်းဖွင့်လာရင်း ပြောသည်။

'တွေးပူမနေပါနဲ့ကွာ၊ ငါတို့ရအောင် လုပ်ပေးပါ့မယ်၊ မင်းတို့ ကျောင်းသားတွေထဲက ခေါင်းအရုပ်ဆွဲတတ်သူသာ လာပြစမ်းပါ'

ခေါင်းနည်းနည်းမော့ အမြီးကော့ဦး။ စက်ဝိုင်းကို ခြေနဲ့ နင်းချိုးလိုက်တာကွ စသဖြင့် တယောက် တခွန်းပြောရင်း ပြင်ရင်း ခွပ်ခေါင်းအရုပ်က လည်ဆံတဖွားဖွားဖြင့် ပေါ်လာပြီ။ အရုပ်ထဲမှာလည်း ကင်းအထပ်ထပ် ချထားသည့်ကြားက မအောင်မြင်မီ ပေါက်ကြားမှာ စိုးနေကြ။

ဟို အိမ်ကူး ဒီအိမ်ဝင် ခန်းဆီလိုက်ကာတွေ ဖြုတ်ပါဟ။ တစ်ယောက်ဈေးထဲသွား ဆိုးဆေးဝယ်။ အနီရဲရဲတဲ့။ 'ခေါင်းအရုပ်ခြယ်မှာက ရွှေဝါရောင်နော်၊ မတွေ့လည်း



ဘုန်းကြီးကျောင်း သွားကွာ၊ သင်္ကန်းဝါဝါ တောင်းခဲ့' စသဖြင့် မှာကြားသူ ပြေးလွှားသူ တွေဖြင့် အသက်ဝင်လျက်။

မန်ကျည်းပင်ထက်မှာ မန်ကျည်းရွက်ခူးဟန်ဆောင် ကင်းစောင့်သူက အချက်ပြသည်။

'ဘာတဲ့လဲ၊ ဟိုမှာပြနေတာ'

'ဟိုဘက်ရပ်ကွက်က ထွက်တော့မယ်'တဲ့ အသင့် ပြင်နေပြီ။ အားလုံးမျှာယာ ခတ်သွားကြပြန်သည်။

'အမြန်လုပ်ကြဟေ့၊ အတူထွက်မှ အားလုံးအတူ ထွက်မှ ဖြစ်မှာ'

'မေးလိုက်စမ်းပါ သူတို့ရော အလံ ရပြီလားလို့'

ဆေးနီ ဆိုးပြီးပေမယ့် ပိတ်စက မခြောက်သေး။

ပန်ကာနဲ့ မှုတ်သူမှုတ်၊ ယက်တောင်ဖြင့် ခတ်သူခတ်။

အပ်ချုပ်စက်ရှိရာ အိမ်သို့ မလွယ်ပေါက်မှ နှစ်ယောက်ဝင်လာသည်။

'အသင့်ဖြစ်ပြီလား။ ဒီမှာ ခေါင်းအရုပ်ရပြီ၊ ကော်ကပ်ပြီး အပ်ချုပ်ပေးဖို့'

စကားမဆုံးခင် အချက်ပေးသံ တစ်ခုကြားလိုက်ရ။ သူထိတ်ပျာသွားပြီး အိမ်ရှင်မျက်နှာ မော့ကြည့်။ ဘေးအိမ်က လူတွေ ရောက်လာ၊ အမောတကော သတင်းပေးသည်။

'သူတို့ မသင်္ကာတော့ဘူးထင်တယ်၊ လိုက်စစ်နေတာ ဟိုဘက်လမ်းထဲ ရောက်နေပြီ' တဲ့။ အမေအို အဘွားအိုတွေက ဘုရားစာဆိုနေ။ ယောကျ်ားများကဖြင့် မေးရိုးကြီးများ တင်းအောင် အံကြိတ်ရင်း လက်ဖျံအကြောတွေ ထင်းခနဲ ပေါ်အောင် လက်သီးဆုပ်လိုက်သည်။

'ခြံဝဆင်းပြီး ငါတို့ အာရုံပြောင်းထားမယ်၊ မရလည်း ဘဝချင်း။ အသက်ချင်း လဲရုံသာ ရှိတာပေါ့၊ ငါတို့ရှင်လျက်နဲ့တော့ မင်းတို့လည်း အန္တရာယ်မကျစေရဘူး။ ခေါင်းအလံလည်း မြေမခစေရဘူး။ စိတ်ချ'

ပိတ်စနီနီပေါ်တင်ထားရုံ တွန့်လိမ်နေသည့် ခွပ်ခေါင်းလည်တိုင်ကို တစ်ယောက်က ဆန့်မော့ပေး လိုက်သည်။

'အခုအချိန်အထိတော့ ပိတ်စပေါ့၊ လွှင့်ထူ လိုက်ရင် အလံပဲ၊ ငါတို့ ရအောင် ထူခဲ့မယ်'

သူတို့မျက်လုံးတွေ ပြန်လင်းတောက်လာ ပြန်ပြီ။ အပ်ချုပ်စက် နင်းနေသည့် အစ်မကြီး၏ မျက်နှာက သူတို့ထက် ဣန္ဒြေရနေသေး။

'မောင်လေးတွေ ညီမလေးတွေ လက်မတုန်စေနဲ့၊ ခေါင်းအလံ မတွန့်သွားအောင် သေချာ ဖိကိုင်ပေးထား။ မကြီးတောင် မကြောက်ဘဲ ရဲရဲနင်းချုပ်နေသေးတာ' ဟု ပြောနေသယောင်။

●

ခွပ်ဒေါင်းပျိုက စက်ချုပ်ခုံပေါ်မှ လွှားခနဲ ပျံတက်လာပြီ။

တို့အရေးသံတွေ ခြေသံပြင်းပြင်းတွေ တစ်ခဲနက် ထွက်လာရာ လမ်းဆီ သူတို့ ထွက်မျှော်ကြည့်မိကြ၏။

'ဟိုဘက်ရပ်ကွက်က ချီတက်လာပြီဟေ့ ထွက်ကြ၊ ပေါင်းကြ' ဟု ဟစ်ကြွေး နိုးဆော်သံများက ဒီဘက်ရပ်ကွက်ကို လှုပ်နိုးလိုက်သည်။ အိပ်ချင်ယောင် ဆောင်ခဲ့သူတွေ မဟုတ်တော့ အားလုံး ဝုန်းခနဲ ရပ်ပြီးသား။ ကိုယ့်စိတ်ထဲကို ပြန်စစ်ကြည့်မိကြ။ ကြောက်စိတ်ရှိသေးလား။

'အလံတိုင်ဟေ့ အလံတိုင် ဘယ်မလဲ' မေးကာမှ မလုပ်ရသေးတာ သတိရ။ ထိတ်ပျာ သွားကြပြန်သည်။ တစ်ယောက်က လွှားခနဲ ပြေးသွား။ ဘွားခနဲ ပြန်ရောက်လာ။ လက်ထဲမှာ ဝါးတံချူတစ်လက်။

'ရပြီဟေ့၊ အလံတိုင်ပေါ့ကွာ' ဟု ဆိုကာ ကိုင်စွဲ မြဲမြံအောင် ချည်နှောင်လိုက်ပြီ။

'ထူဟေ့ ထူဟေ့၊ တို့အလံတော် လာပြီဟေ့၊ အားလုံးထွက်ကြဟေ့' အသံချဲ့စက် များထက် စွမ်းအား ပိုသော ရင်ခေါင်းသံကြီးဖြင့် ရပ်မိရပ်ဖတစ်ဦးက ဟစ်အော် နိုးဆော် လျက်။ ကျောင်းသူလေး တစ်ဦးလက်သို့ အလံကို နှင်းဆက်သည်။ ထွက်ကြပြီ၊ ချီကြပြီ။ သူတို့ အားလုံးကိုယ်စီ ကြောက်စိတ်ကို လိုက်ရှာသည်။ ရှိုးတွင်းခြင်ဆီ သွေးတစ်စက် စီမှာတောင် မရှိတော့။

ကောင်းကင်ပြာ နှင့် မိုးစက်မှုန်များထဲ ခွပ်ဒေါင်း အလံ ထိုးခွဲထွက်လာပြီ။

အလံတော်အောက်ဆီ ခြေလှမ်းတွေ .... ညီပါ့။

လူတန်းတစ်လျှောက် နောက်ပြန်ကြည့်ရာ မျက်စိတဆုံး အဆုံးမရှိ။

သူကျောပေါ်နင်းလျက် သမိုင်းသစ်ရေးမည့် ခြေလှမ်းများအတွက် လမ်းမများက ကျေကျေနပ်နပ် ဆန့်ခင်းလျက်။

**■ ၈.၈. ၂၀၁၆၊ ကြေးမုံသတင်းစာ**



❝ အလှူငွေ လှဲလောက်ပြီဆိုပါစို့
ဘယ်လို ပြန်တည်ကြမည်နည်း။
ဝိုက်ဆံ ရှိတယ်၊ ပန်းရံဆရာနဲ့ အုတ်စီသမားခေါ်ပြီး
တိုက်တစ်လုံး ဆောက်ပြလိုက်ဦးမည် ဟူသည့်
ပေါ့တီးပေါ့ဆ အတွေးမျိုးမဟုတ်။
မြန်မာ ဆိုတာ ရှေးဟောင်းအမွေကို ထိန်းရာမှာ
ကမ္ဘာ့စံညွှန်းတွေမီတဲ့ ပညာရှင်တွေရဲ့
အကြံဉာဏ် လုပ်အားတွေနဲ့ ပူးပေါင်းပြီး
စနစ်တကျ ပြန်တည်မယ့် လူမျိုးဆိုတာ . . . ❞

## ပုဂံလက်ရုံးများ၊ ပုဂံနှလုံးသား

မြန်မာဟု ဆိုသည်နှင့် ရွှေတိဂုံ၊ ပုဂံ၊ ကျိုက်ထီးရိုး၊ အင်းလေး စသဖြင့် စိတ်ထဲမြင်လာရစမြဲဟု ရောက်ဖူးသည့် နိုင်ငံခြားသားများက ဆိုလေ့ရှိသည်။

ပုဂံဟု ဆိုသည်နှင့် ခမ်းနားကြီးမြတ်ခြင်း ဟူသော စကားလုံးက ကျွန်တော်တို့ရင်ထဲ ထည်ထည်ဝါဝါကြီး ဝင်လာရစမြဲ ဖြစ်ပါသည်။ ပုဂံ၏ သမိုင်းနှင့် မင်းဆက်တို့အကြား ငြင်းခုန်စရာများ ရှိကောင်းပေမည်။ ပုဂံ ဘုရားပုထိုးစေတီများ၏ ခမ်းနားကြီးမြတ်မှုကိုတော့ အငြင်းပွားစရာ မမြင်ပါ။

ယခု လျှင်ကြောင့် ပုဂံ၊ စေတီ ၊ ပုထိုးတွေ ပြိုပြီတဲ့။

•

မြန်မာတို့ နှလုံးသားများပေါ် ပြိုကျသလိုခံစားကြရသည်။ ပုဂံ စေတီပုထိုးများသည် ဘာသာတစ်ခု၏ သာသနိက အဆောက်အအုံမျှမက၊ ကမ္ဘာကြီးအတွက် အစားမထိုးနိုင်သော ရှေးဟောင်း အမွေအနှစ်လည်း ဖြစ်သည်ဟု အမြင်ကျယ်သူများစွာက လက်ခံထားကြသည်။ သမိုင်းတစ်ခေတ်၏ မြင့်မားသော ဗိသုကာပညာ၊ လုပ်အားရှင်တို့၏ စွမ်းဆောင်မှုတို့ဖြင့် ဖြစ်တည်ခဲ့သော ပုဂံ။ မည်သည့် ကမ္ဘာကျော် ပန်းချီကားနှင့်မဆို ယှဉ်ဝံ့သည့် ပုဂံ၏ အလှ၊ မည်သည့်သမိုင်းဝင် အဆောက်အအုံများနှင့်မဆို အပြိုင်ခံထည်နိုင်သည့် ပုဂံ၏ ဗိသုကာလက်ရာ။

ထိုပုဂံသည် ယခုတစ်ဖန် လျှင်ဒဏ်ခံရပြန်ပြီ။

လွန်ခဲ့သော ၄၁ နှစ်အကြာ ၁၉၇၅ ခုနှစ်ကလည်း ယခုလိုပင် ရစ်ချက်စကေး ၆.၈ ပြင်းအားရှိ လျှင်က ပုဂံကို မျိုချဖို့ ကြိုးစားခဲ့သေးသည်။

ရနိုင်ရိုးလား...။

•

ရှေးမြန်မာတို့သည် သဘာဝဂူများ မရှိသည့် လွင်ပြင်ဆံသော ပုဂံအရပ်မှာ စေတီဘုရားများ တည်ရာ၌ ဂူကျောင်းများကိုပါ တည်ခဲ့ကြသည်။ ဘုရားဖူးတို့ အရိပ်ရ အေးချမ်းစွာ ဘာဝနာပွားနိုင်ရန် ရည်ရွယ်ခဲ့ဟန်လည်း တူပါသည်။

ယခု ငလျင်အပြီးမှာ ဗိသုကာပညာရှင် တစ်ဦးက အခုလို နမြောတသ ပြောသည်။ 'စုဋ္ဌာမဏိ ဆိုပါတော့ဗျာ ... ကွမ်းတောင်ရဲ့ အထက်ကို အသစ်ပြန်ဆက်တာ အသစ်နဲ့ အဟောင်း တစ်သားတည်း ဆက်ဖို့ဆိုတာ တော်ရုံနည်းပညာနဲ့ မရဘူး။ အသစ်ရဲ့လေးလံတဲ့ ဝန်ကို အုတ်ဟောင်းတွေက ဘယ်လို ထမ်းထားနိုင်မလဲဆိုတာပါ ထည့်စဉ်းစားရတာမျိုးဗျ။ အခု ငလျင်ကြောင့် ကွမ်းတောင်အထက်က အသစ်ပိုင်းပြိုကျတော့ မူရင်းပစ္စယ် အဆင့်ဆင့် အင်္ဂတေ၊ ပန်းဆွဲတွေ၊ စေတီရံတွေ အပါအဝင်ပေါ့ဗျာ၊ ရှေးဟောင်း ဗိသုကာ တန်ဖိုးတွေ ပွတ်တိုက် ဖိမိပြီး ပျက်စီးကုန်ကြတယ်' ဟု မချင့်မရဲ ပြောသည်။

အတွင်းရှိ နံရံဆေးရေး ပန်းချီတွေကိုလည်း ကြည့်ပါဦး။ အာနန္ဒာ အုတ်ကျောင်း အပါအဝင် အချို့ဂူဘုရားများအတွင်း နံရံဆေးရေးပန်းချီများမှာ ကြွေပန်းကန် အချပ်လိုက် ကျကွဲသလို ကွာကျပြီး အစိတ်စိတ် ကွဲခဲ့ရသည်။ စေတီဂူဘုရားများကို ရှေးမူမပျက် စနစ်ကျစွာ ပြန်တည်ဆောက်နိုင်သည် ဆိုပါဦးတော့ ကျကွဲခဲ့သည့် နံရံဆေးပန်းချီ များကိုတော့ အစားထိုးနိုင်တော့မည် မထင်။

•

ယခု ပုဂံငလျင် သတင်းဓာတ်ပုံ ဗီဒီယိုများ တက်လာသည်နှင့် တစ်ကမ္ဘာလုံးမှ ပုဂံချစ်သူများ တုန်လှုပ်ချောက်ချား ရှေ့ရှုတ်ကြသည်။

'ကျွန်တော် မြန်မာနိုင်ငံသား မဟုတ်ပါဘူး။ ဒါပေမဲ့ အာရှသားတစ်ယောက်အနေနဲ့ ပုဂံကို ဂုဏ်ယူမဆုံး အခြား တိုက်သားတွေနဲ့တွေ့တိုင်း ဝံ့ကြွားနေခဲ့ရတာဗျ။ အခုတော့ အတော်ဆုံးရှုံးတယ်လို့ ခံစားရတယ်၊ စနစ်တကျ ပညာရှင်တွေခေါ်ပြီး ပြန်ပြင်မယ်ဆိုရင် ပြောစမ်းပါ၊ ကျွန်တော့်ချွေးနဲ့စာလည်း ပါစမ်းပါရစေ' ဟု အာရှသား တစ်ယောက်က သတင်းပေးသည်။

'ကျွန်တော် ပုဂံကို အလျင်းသင့်တိုင်းလာတယ်၊ လာတိုင်းလည်း ခံစားလို့ မဝသလို ဂုဏ်ယူလို့မဆုံးဘူး။ ကျွန်တော်က ဥရောပသားပေမယ့် ဒါက ကမ္ဘာကြီးရဲ့ ရှေးဟောင်း အမွေအနှစ်တခုပဲလေ၊ လူသားတယောက်အနေနဲ့ ဂုဏ်ယူတာပေါ့။ ယခုလိုဖြစ်သွားတာ သိပ်စိတ်ထိခိုက်တယ်၊ ဒါပေမယ့် စိတ်မပျက်ဘူး။ ခင်ဗျားတို့ (မြန်မာတွေ) ပြန်လုပ်နိုင်မယ်လို့ ယုံပါတယ်' ဟု ဆိုသည်။

မြန်မာတွေ လုပ်ပြနိုင်ပါ့မလား။ ဒီမေးခွန်းထွက်လာပြီ။

လုပ်ပြခဲ့ပြီးပြီ ။



လုပ်နိုင်စွမ်းရှိကြောင်းလည်း ပုဂံစေတီဘုရားများကို တည်ထားသက်သေပြခဲ့ပြီ။ ယခုငလျင်ကရော မြန်မာတွေရဲ့ အစွမ်းကို စမ်းပြန်ပြီတဲ့လား။

•

တကယ်တော့ ယခုငလျင်ကရော ၁၉၇၅ ငလျင်ထက်များ ပိုပြင်းထန်လို့လား။ ယခုခေတ်လူအများ၏ သဒ္ဓါတရားနှင့် ပုဂံဘုရားများ အပေါ် မြတ်နိုးကြည်ညိုစိတ်များက ၁၉၇၅ တုန်းကထက် လျော့ပါးမှာမို့လို့လား။ သတင်းနည်းပညာ ဒီလောက်တောင် ထွန်းကားတဲ့ ခေတ်ကြီးမှာ အရင်ကထက်သာဖို့ပဲ ရှိသည်ဟု ကျွန်တော်တို့ ယုံသည်။ တကယ်တော့ ၁၉၇၅ တစ်ခုတည်းသာမဟုတ် ပုဂံကား ငလျင်ဒဏ်ကို အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ပြီးပြီ။ လဲပြိုရသမျှ အကြိမ်ကြိမ် ပြန်ထ ရပ်ပြခဲ့ဖူးပြီ။

•

၁၉၇၅ ကို မီလိုက်သူများ ကောင်းစွာမှတ်မိကြပါလိမ့်မည်။ ပုဂံ ငလျင်ကြောင့် ပျက်စီးသွားရသော ဘုရားပုထိုး စေတီများပြန်လည် ပြုပြင်ရေး ခေါင်းစဉ်တက်လာသည်နှင့် တစ်ပြည်လုံးက လက်တွေ အိပ်ကပ်ထဲ နှိုက်ပြီးသား။ ဖလားထဲ ထည့်ပြီးသား။ တနေ့တနေ့ သတင်းစာထဲ အလှူစာရင်းတွေက မဆုံးနိုင်ခဲ့။

•

ပုဂံသူ၊ ပုဂံသားများ၏ ပုဂံကိုချစ်ပုံကိုလည်း ကြည့်ပါဦး။ ဘုရားပြိုပျက်ရာမှာ ထွက်လာကျလာသော ကျောက်ရတနာအပါအဝင် ရွှေငွေနှင့်တကွ ဌာပနာတော်များကို မသမာသူတို့လက် မကျရောက်စေရန် နေ့ရော၊ ညပါ ကင်းအထပ်ထပ် စောင့်ခဲ့ကြ။ သူတို့၏ လုပ်ရပ်နှင့်စေတနာကို သိရှိသွားပြီး အလေးအမြတ်ပြုသူတို့က ထမင်းထုပ်တွေ ရပ်ကွက်အလိုက် အလှည့်ကျ ပို့ကြ။ မည်သူမျှ တိုက်တွန်းစရာမလို နတ်လူသာခု ခေါ်စေခဲ့ကြသည်။

•

၁၉၉၀ လွန်နှစ်များက ပြုလုပ်ခဲ့သော ပုဂံဒေသထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများ အပေါ် ကမ္ဘာ့သမိုင်း ပညာရှင်များ၊ ရှေးဟောင်းအမွေ အနှစ်ထိန်းသိမ်းရေးပညာရှင်များက ဝေဖန် ထောက်ပြခဲ့ကြသည်။ ထိုအချက်များကို လျစ်လျူရှုလျက် အဆင်ခြင်မဲ့ပြုပြင်မှုများကြောင့် ယူနက်စ်ကို (UNESCO) အပါအဝင် ကမ္ဘာကြီး၏ ပစ်ပယ်မှုကို ခံခဲ့ရဖူးသည်။ ၆၀ မီတာ အမြင့်ရှိ ခေတ်ပေါ်မျှော်စင်သစ် ဆောက်ခြင်း၊ ဂေါက်ကွင်း တည်ခြင်း၊ ကတ္တရာလမ်းသစ် ခင်းခြင်းတို့မှာ ရှေးဟောင်း ပုဂံ၏ တန်ဖိုးကို ပျက်စီးစေခြင်းပင် ဖြစ်ကြောင်း ထင်သာမြင်သာ အချက်များအဖြစ် ထောက်ပြခဲ့ကြသည်။

•

'ရှေးဟောင်းအမွေအနှစ် ဆိုပြီး ကမ္ဘာကို ပြမယ်ဆိုကာမှ အသစ်တွေ ဆောက်ထည့်လိုက်တော့ ဘယ်သူက လက်ခံမှာလဲ ' ဟု အမြင်အသိရှိသူ လူငယ်တစ်ဦးက စိတ်ပျက်လက်ပျက်ခေါင်းယမ်းလျက် ညည်းတွားဖူးသည်။

ယခုပုဂံကိုရော ဘယ်မှုတွေနှင့် ပြန်ပြင်ကြမှာတုန်းဟု မေးကြပြီ။

●

နှစ်သန်းလေးငါးဆယ် ကြာပြီလို့ သတ်မှတ်ထားတဲ့ ပရိုင်းမိတ်ခေတ်ကို ထားလိုက်ပါဦး။ လွန်ခဲ့တဲ့ နှစ် သုံးသန်းခန့်ကတည်းက ကျောက်ခေတ် လူသားများအဖြစ် သဘာဝဘေးဒုက္ခအပေါင်းရဲ့ စမ်းသပ် တိုက်ခိုက် မှုတွေကို ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး ရှင်သန်အောင် ရပ်တည်ခဲ့တဲ့ လူသားတွေပဲ။ လျှင် တစ်မျိုးမျိုး အတွက်တော့ လူသားရဲ့မာန် အလျှော့မခံခဲ့ကြပါ။

မြန်မာဆိုတာ ဆုံးရှုံးမှုများအတွက် စုပ်တသပ်သပ် ကြေကွဲညည်းညူရုံ လောက်သာတတ်တဲ့ လူမျိုးမဟုတ်ကြောင်း သက်သေပြကြရပေဦးမည်။

ယခုငလျင်ဘေးမှ ပုဂံကို မြန်မာတို့ ပြန်ထူ ရပ်ပြကြဦးမှာလည်း သေချာပါသည်။ ပုဂံဘုရားများ ပြုပြင်ရေးဆိုသည်နှင့် ခွေးနဲ့စာများကို တွန့်ဆုတ်နေမည် မဟုတ်။ ထမင်းအိုးထဲ ထည့်မည့်ဆန်ကိုလျှော့ပြီး အလှူခံဖလားထဲ ပိုထည့်ကြပေဦးမည်။

အလှူငွေ လုံလောက်ပြီဆိုပါစို့ ဘယ်လို ပြန်တည်ကြမည်နည်း။ ပိုက်ဆံ ရှိတယ်၊ ပန်းရံဆရာနဲ့ အုတ်စီသမားခေါ်ပြီး တိုက်တစ်လုံး ဆောက်ပြလိုက်ဦးမည် ဟူသည့် ပေါ့တီးပေါ့ဆ အတွေးမျိုးမဟုတ်။ မြန်မာ ဆိုတာ ရှေးဟောင်းအမွေကို ထိန်းရာမှာ ကမ္ဘာ့စံညွှန်းတွေမှီတဲ့ ပညာရှင်တွေရဲ့ အကြံဉာဏ် လုပ်အားတွေနဲ့ ပူးပေါင်းပြီး စနစ်တကျ ပြန်တည်မယ့် လူမျိုးဆိုတာ ပြကြလိမ့်မည်။

ဆိုလိုသည်ကား သဒ္ဓါတရားသာ ထက်သန်သည်မဟုတ်။ ဇွဲသတ္တိသာ နိုင်မာသည် မဟုတ် ဉာဏ်အမြော်အမြင်ပါ ယှဉ်လျက် လဲရာက ထရပ်ပြမည့် လူမျိုးဖြစ်ကြောင်း ပုဂံမြေမှာ သက်သေထူကြပေဦးမည်။

■ ၂၆.၈.၂၀၁၆၊ ကြေးမုံသတင်းစာ